
www.burmeseclassic.com



စဝ်ရန်နိုင် နှင့် ပန်းရိုင်းတောစပွင့်

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ အေးကောင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ အေးကောင်းသည်။

---

နိုင်ငံတော်မှ စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ မဲမှုနကျသော
တာဝန်ဖြစ်သည်။

---

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသောဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဥုံမဏိပါဒေဝဟုံ
ဗိုနွဲ့အိ မိစဉ်သည်

# ဇော်ယက်အောင်

## ခင်ရနံ့ဆိုင်နှင့်ပန်းရိုင်းတစ်ပွင့်

စာမူခွင့်ပြုချက်အမှတ် ၃၁၅/၂၀၀၃ (၅)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၉၆/၂၀၀၃ (၄)၊ ပထမအကြိမ်၊ ၂၀၀၃-ခုနှစ်မေလ၊ အုပ်ရေ ၅၀၀အုပ်၊ တန်ဖိုး ၄၅၀/- ကျပ်၊ မျက်နှာဖုံးပန်းချီ ချစ်ဆန့်ဝင်း၊ ကာလာခွဲ မာစတာ၊ ထုတ်ဝေသူ၊ ဦးခင်မောင်သိန်း(၀၄၄၇) သစ္စာတော်ထပေ၊ တိုက်-၂၄၀၊ အခန်း-၃၊ ဓမ္မသုခလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့၊ အတွင်းနှင့်အဖုံးပုံနှိပ်သူ ဒေါ်ခင်စီ(၀၂၅၀၇)၊ ပြည်ဦးအော့ပုံနှိပ်တိုက်၊ ၁၅၈-၃၁လမ်း၊ ရန်ကုန်မြို့။ အတွင်းဖလင်ရိုက်တော်၊ စာအုပ်ချုပ် (မောင်မောင်)၊ ဆိပ်ကမ်းသာ ၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ တပြည်လုံး ဖြန့်ချိပါသည်။

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

[illegible]

...တော်ခြင့်ခြေမြို့ကလေး၏ ဈေးဝန်းကျင်မှာ လူတွေ၊ ကားတွေ၊ ကုန်တင်ပြဲလက်တွန်းလှည်းတွေနှင့် ရှုပ်ထွေးစည်ကား နေသည်။ [illegible]

စည်ကားရှုပ်ထွေးနေသော ဈေးအနောက်ဖက် ပွဲရုံတန်း တွင်ရပ်ထားသော ကားများအနက် ဆီသော်တာကြီးတစ်လုံးကို နောက်တွင်တွဲထားသည့် မှင့်တူသော ထော်လော်ဂျီတစ်စီးရှိနေ သည်။ ထော်လော်ဂျီထားတွင် အသက်လေးဆယ်ဝန်းကျင်အရွယ် ရှိလူတစ်ယောက်ရပ်နေပြီး စီးကရက်တစ်လိပ်ကို မကိုက်မော



www.burmeseclassic.com

www.burmeseclassic.com



မောသောက်နေသည်။ သူ့မျက်လုံးအစုံက အငြိမ်မနေဘဲပတ်ဝန်းကျင်တစ်ခုလုံးကို ဝေ့ကြည့်နေသည်။ ဈေးတွင်းမှထွက်လာသော လူငါးယောက်ကို တွေ့မြင်လိုက်စဉ် သူ့၏မျက်လုံးအစုံ အရောင်တဖျပ်ဖျပ် လက်သွားသည်။

လူငါးယောက်အနက် တစ်ယောက်မှာ သူ့ကိုသူမဟန်နိုင်လောက်အောင် ခြေလှမ်းတွေယိမ်းယိုင်နေသည်။ အားမှတစ်ယောက်က ထိုသူ့အား လဲမသွားစေရန် ထိန်းမတ်ပြီးခေါ်လာ၏။

"ညီလေးတို့ နောက်ကျတယ်နော်. . ကျုပ်စောင့်နေတာ ဆယ့်ငါးမိနစ် ရှိသွားပြီ"

ထော်လာဂျီဘေးတွင် ရပ်နေသူက လူငါးယောက်အနက် ဦးဆောင်လာသူအား လှမ်းကြည့်ပြီးပြောသည်။ ထိုသူမှာ အသက်သုံးဆယ်အရွယ်ရှိပြီး အစိမ်းရောင်ဂျာကင်ဖားဖားကြီး ကို ဝတ်ဆင်ထားသည်။

"ကျွန်တော်တို့လူကို စောင့်ခေါ်နေရလို့ပါ ကိုအိုက်ပီး ဒီကောင်က သံသေတ္တာကားနဲ့ သွားရမှာကို သိပ်သဘောမကျဘူး၊ ကျွန်တော်တို့သွားမယ့်နေရာကို ကိုအိုက်ပီးရဲ့ထော်လာဂျီ ကလွဲလို့ တစ်ခြားဘယ်ကားမှ မလိုက်ဘူးဆိုတာ သိရဲ့သား





သက်သက်ဂျီကျနေတာ"

ထော်လာဂျီဘေးတွင် ရပ်နေသော အိုက်ပီးက ရယ်သည်။

"ကျုပ်ထော်လာဂျီနဲ့ ခရီးကြုံလိုက်တဲ့လူတွေက ဒီလိုပါပဲ၊ နောက်တွဲကို သံသေတ္တာနဲ့တူတယ်လို့ ပြောရုံမဟုတ်ဘူးအခေါင်းကြီးနဲ့တူတယ်လို့ ပြောပြီး မစီးချင်ကြဘူး။ အခုညီလေးတို့က အကူအညီတောင်းလွန်းအားကြီးလို့ မဖြစ်မနေလိုက်ပို့မှာ"

"ကျေးဇူးတင်ပါတယ် ကိုအိုက်ပီး. . ကျွန်တော်တို့လဲမဖြစ်မနေသွားရမှာမို့ အတင်းအကျပ်အကူအညီတောင်းရတာ ကိုအိုက်ပီး ပင်ပန်းမယ်ဆိုတာကို သိပါတယ်။ အဲဒါကြောင့် အစအပြောထားတာထက် တစ်ဆောင်ပိုပေးပါ့မယ်။ ဟောကောင်တွေ.. နောက်တွဲပေါ်တက်ကြ"

ဂျာကင်ဖားဖားကြီးနှင့်လူက အိုက်ပီးအားပြောရင်း သူ့လူများဘက်သို့ လှည့်အော်သည်။ လူသုံးယောက်က အမူးသမားဆိုတွဲပြီး ထော်လာဂျီနောက်တွဲပေါ်သို့ တက်ကြသည်။ အိုက်ပီးက နောက်ဘက်သို့လျှောက်ပြီး သံသေတ္တာကြီးတစ်လုံးနှင့်တူသော နောက်တွဲတံခါးကို ထက်ဝက်ပိတ်လိုက်သည်။

www.burmeseclassic.com



"ကားထဲကို ဖုန်သိပ်ဝင်ရင် အပေါ်တံခါးကို ဆွဲချထားဖို့ရတယ်နော်"

"ရပါတယ်ကွာ. . ဖုန်ဝင်တာကမှ သက်သာဦးမယ်၊ အပေါ်တံခါးမချလိုက်ရင် မွန်းကျပ်ပြီး ရှောသွားနိုင်တယ်"

အိုက်ပီးရယ်လိုက်သည်။

"ညီလေးတို့ အခုမြင်ပြီးသလိုနေကြလေ၊ လမ်းကြမ်းတော့ ဆောင့်တဲ့ဒဏ်ခံနိုင်အောင် ကျုပ် တောက်ရိုးရွှေ့ ခင်းထားပေးရပါတယ်။ ခရီးကိုးမိုင်မှာ ခြောက်မိုင်တော့ အေးအေး ဆေးဆေး အိပ်လို့ရမှာပါ"

"ကျေးဇူးတင် အစ်ကိုကြီးရေ.. ခရီးတွင်အောင်သာ မောင်းနော်.. ကျုပ်တော်တို့ကို ငဲ့မနေနဲ့"

အိုက်ပီးက ဇော်လာဂျီနောက်မှနေ၍ ရှေ့သို့ထွက် သည်။ ဂျာကင်ဖားဖားနှင့်လူကို ခေါင်းညိတ်ပြပြီး ဇော်လာဂျီ ပေါ်သို့တက်ကာမောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။ ဂျာ ကင်ဖားဖားနှင့်လူက အိုက်ပီး၏ဘယ်ဘက်ဘေးတွင် ဝင်ထိုင် သည်။

"ကိုအိုက်ပီး.. စီးကရက်သောက်ပါလား"





ဇော်လာဂျီကို စက်နှိုးလိုက်စဉ် ဂျာကင်ဖားဖားနှင့်လူ အင်္ကျီထဲမှ ဂါးသီးလုံးဘူးကိုထုတ်ပြီး အိုက်ပီးအားလှမ်းပေး သည်။ အိုက်ပီးက စီးကရက်တစ်လိပ်ထုတ်ယူပြီး မီးညှိလိုက် သည်။ ပြီးနောက် ဘူးကို ဂျာကင်နှင့်လူအား ပြန်ပေးသည်။

"ဒီတွင်းမှာ အလုပ်လုပ်တာကြာပြီလား"

အိုက်ပီးကဇော်လာဂျီကိုမောင်းထွက်ရင်းမှ မေးသည်။ ဂျာကင်နှင့်လူက စီးကရက်တစ်လိပ်ထုတ်ယူပြီး မီးညှိရင်းမှ အိုက်ပီးဘက်သို့လှည့်ဖြေသည်။

"သိပ်မကြာသေးဘူး ရဲလကုန်မှာ နှစ်လပြည့်မှာ နမ့်တူတောင်တွင်းကနေ ပြောင်းလာတာလေ"

"အဲဒါကြောင့် ဒီဘက်မှာ သိပ်မတွေ့ဖူးတာကိုး"

"နောက်ဆိုရင် အမြဲတွေ့ရမှာပါ၊ မှတ်ထားပါဦး ကျွန်တော့်နာမည်က ဂျာကင်ဖားဖားလို့ ခေါ်တယ်"

"မှတ်ထားမယ်၊ မှတ်ထားမယ်၊ သတ္တုတွင်းမှာ ကျောက် မျက်ရွေ့ရွေ့ အိုးများကြီးရှိတယ်၊ တစ်ပတ်တစ်ခါလောက်ရှိ ရင် သူ့ကို ရောက်အောင်ရလို့ မြို့ထဲကတောင် ပြန်မကျပါနဲ့ ခေါ်ကြွက်ကြီးတွေကြောက်စရာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကိုလည်း မိတ်ဆွေရင်းလိုပဲ သဘောထားပါ။ ဒီတစ်ခါ ရက်အအေးရမှ မြို့တက်လာပြီး ကိုအိုက်ပီးနဲ့တစ်ဝိုင်းလောက်ဝိုင်းဦးမယ် .. ဈေးအနောက်ဘက်ဂိတ်မှာအမြဲရှိတယ် မဟုတ်လား"

"အော်ဒါရှိရင်ထွက် .. အော်ဒါစောင့်ရင်းဂိတ်မှာထိုင်ပေါ့၊ ညနေပိုင်းကျရင်တော့ မေးဝါမှာ အမြဲရှိပါတယ်။ လာခဲ့ပါ တစ်ခွက်တစ်ဖလားမော့ကြတာပေါ့"

ဖေဝင်းက ပြုံးပြီးခေါင်းညိတ်ပြသည်။ မြို့မှထွက်ပြီး အိုက်ပီးက တောင်ပေါ်လမ်းအတိုင်း ထော်လာဂျီကိုမောင်းတက်သည်။

"လမ်းခွဲကိုရောက်တဲ့အထိ ကတ္တရာလမ်းအတိုင်းသွားရမှာနော်"

"ဟုတ်တယ် ညီလေး .. ကတ္တရာလမ်းအတိုင်း သုံးမိုင်လောက်သွားပြီးမှ လမ်းခွဲကိုရောက်မယ်။ လမ်းခွဲကတော့မြေလမ်းပဲ .. မိုးတွင်းဆို ဗွက်အားကြီးထူတာ အခုလိုအချိန်မှာတော့ ဖုန်ထူတယ်။ လမ်းခွဲကနေ အထဲကိုဝင်တဲ့ သုံးမိုင်က လမ်းနည်းနည်းဆိုးတယ်။ မြေလမ်းက မညီတော့ဘူး၊ ကျင်းတွေ၊ ချိုင့်တွေဖြစ်





နေပြီ"

အိုက်ပီးက ထော်လာဂျီမောင်းရင်း စီးကရက်ဖွာရင်းမှ ဖေဝင်းအား ရှင်းပြသည်။ ဖေဝင်းက ခေါင်းတညိတ်ညိတ်နှင့်နားထောင်သည်။

"ညီလေးတို့ အပြင်ကို သိပ်မထွက်ဖြစ်ဘူးထင်တယ်"

ဖေဝင်းက ခေါင်းညိတ်ပြသည်။

"စရောက်ကတည်းက ဒီတစ်ကြိမ်ပဲ အပြင်ထွက်ဖြစ်တော့ အလုပ်ဝင်တုံးက တစ်ခါ၊ ခုတစ်ခါ ဒီလမ်းကို တာလပတ်အုပ်ထားတဲ့ ရုံးကားနဲ့ဖြတ်ရတော့ လမ်းကိုသေသေချာချာမသိဘူး။ အခုမှပဲ လမ်းကိုသေသေချာချာ မြင်ရတော့တယ်"

"နောက်ကျရင် ဒီလမ်းကို မျက်စိမှိတ်ပြီး သွားရင်တောင်ရမှာပါ။ အလုပ်သမားတော်တော်များများက မြို့ကို ဖြတ်လမ်းကနေ လမ်းလျှောက်ပြီး သွားကြတယ်။ ညီလေးတို့က လူသစ်လဲဖြစ်၊ အခြေအနေလဲ မသိသေးလို့ ကျုပ် ထော်လာဂျီကို ဈေးကြီးပေးပြီး ငှားစီးကြတာ"

"အဲဒါကြောင့် ကျွန်တော်က လမ်းအခြေအနေကိုကြည့်နေတာ၊ နောက်တစ်ခါ မြို့ကိုဆင်းရင် လူကြုံနဲ့လိုက်မယ်။ အဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဖြတ်လမ်းကို သေသေချာချာ သိသွားမယ်"

လမ်းခွဲဆီ ရောက်သည်နှင့် မြေနီလမ်းကြောင်းကို စပြီး ဝင်သည်။ ချောင်းရေစီးကြောင်းတွေကို ဖြတ်ကျော်လာရင်း ထော်လာဂျီ မြောက်ကနေဖြစ်သွား၏။ နောက်တွဲမှ ငယ်သံပါ အော်ပြီး အော်လိုက်သံတစ်သံ ပေါ်လာသည်။

"နောက်က ဘာဖြစ်တာလဲ မသိဘူး"

အိုက်ပီးက ထော်လာဂျီကိုရပ်လိုက်ပြီး မေးသည်။ ဖေဝင်းက ခေါင်းခါပြ၏။

"ဆက်မောင်းပါ။ ဟိုင်မူးရောက် လမ်းကြမ်းတဲ့ဒဏ်ကို စခံရတာနဲ့ လန့်ဖျပ်ပြီး အော်တာဖြစ်မှာပေါ့"

"လမ်းကြမ်းလို့ ဆောင့်တာနဲ့ ဒါလောက်တောင် အော် ရသလား၊ ကျုပ်တော့ သဘောမကျဘူး"

"နောက်မှာ မေးကြည့်မယ်၊ လူသုံးယောက် ရှောင်ရှိတယ်၊ အရေးဆို သူတို့ အော်ပြောမှာပေါ့"

အိုက်ပီး ကျေနပ်ပုံမရ။ ခေါင်းတစ်ချက်ဆတ်ခါပြီး ထော်လာဂျီကို ဆက်မောင်းသည်။ ဖေဝင်းက အိုက်ပီးအား မျက်မှောင်ကြုံ့ကာ ကြည့်သည်။





"ဒီနယ်မြေက အေးချမ်းပါတယ်။ တစ်ခါတစ်လေ ဝက်တို့ မျက်စိလည်လမ်းမှားလာတဲ့ ကောင်တွေရဲ့ ရန်းဖို့တော့ ဘာတို့ တော့ ရှိတာပေါ့"

"အဲဒါမျိုးနဲ့ ခရီးသွားကြုံဖူးသလားဗျ"

"တစ်ခါနှစ်ခါတော့ ကြုံဖူးပါတယ်။ ဒီတစ်ခါမှာတော့ ဘာမှ မရှိပါဘူး"

အနောက်ဖက်မှ ရူးရူးဝါးဝါး အော်လိုက်သံ ပေါ်လာ သည်။ အိုက်ပီးက ထော်လာဂျီကို အရှိန်လျှော့လိုက်သည်။

"ဘာဖြစ်တာလဲ မသိဘူး"

"လမ်းကြမ်းတဲ့အဖြစ်ကို မခံနိုင်လို့ အော်တာနေမှာပေါ့ ဗျာ"

"ဒီနေရာဝေးကြာ လမ်းခြေပါတော့သို့။ ကိုယ်ပိုင်လက်တွေနဲ့ ဆောင်ထိမ် မကြောသည့်ပါ ကိုယ့်တာဖြစ်လို့"

"ဒီတစ်ခမ်းမှာ ထော်လာဂျီကို ရပ်နိုင်ပါးစေမဲ့ ထိုက်ပြီး တော့နေကြပါလိမ့်မည်"

ဖေဝင်း၏ လေအသံထဲသို့ လှုပ်ရှားပြတ်ထွက်လိုက်ခြင်း ဆွဲနှုတ်၍ တာကြိုးယက်ကာ ကြောင့် အိုက်ပီးနှင့် ထော်လာဂျီ ရိုက်ကို ဘာနဲ့ခနဲ

www.burmeseclassic.com



ရုပ်လိုက်လေသည်။

"ခင်ဗျား အောက်ဆင်းပါ"

"ကျွပ် ... ကျွပ်"

"ဆင်းဗျာ ... ကျွန်တော် သိပ်စိတ်မရှည်ဘူးနော် ... ပစ်ထွဲလိုက်ရင် တစ်ချက်ထဲ ကိစ္စပြီးသွားမယ်"

အိုက်ဝီး ထော်လာဂျီပေါ်မှ ဆင်းသည်။ ဖေဝင်းကအိုက်ဝီးနောက်မှ ကပ်လိုက်လာ၏။

"အနောက်ဖက်ကိုသွား"

"ကျွပ် ..."

"သွားဗျာ ... စကားတစ်ခွန်းမှ ထပ်မပြောနဲ့"

အိုက်ဝီး စကားမပြောတော့။ တုန့်ခနဲရပ်ပြီး သူ့နောက်သို့ကပ်လိုက်လာသည့် ဖေဝင်းအား ခြေထောက်ထိုးခံသည်။ သတိရှိနေပုံရသော ဖေဝင်းက ဖျပ်ခနဲခုန်ကျော်သည်။ ပြီးနောက် ပြန်လှည့်ကာ အိုက်ဝီး၏နဖူးတည့်တည့်သို့ သေနတ်ဖြင့် ချိန်ရွယ်လိုက်သည်။ အိုက်ဝီးမှာ ပစ္စတိုပြောင်းဝမဲမဲကိုကြည့်ကာ လှုပ်ရှားခြင်းမပြုတော့ဘဲ ငြိမ်သက်သွား၏။

"မှတ်ထား ... ကျွန်တော်တို့က ဘယ်သစ္စာဖောက်မှာမှ





အလုပ် မလုပ်ဘူး။ ဟိုလူကို စစ်မေးစရာလို့ ခေါ်လာတာ။ ခင်ဗျား ဝင်မရှုပ်ဘဲ အေးအေးဆေးဆေးနေ၊ ဒါဆိုရင် နောက်တစ်နေ့ ထမင်းစားခွင့်ရလိမ့်မယ် ... ကြားလား"

အိုက်ဝီးက ခေါင်းကိုစပ်သွက်သွက် ညိတ်ပြလိုက်၏။ ကြောက်ရွံ့တုန်လှုပ်သွားဟန်တို့ သူ့မျက်နှာတွင် ထင်ထင်ရှားရှား ပေါ်လာ၏

"ဟေ့ ... နောက်က ကောင်တစ်ယောက် ဒီကိုလာစမ်း ... ဒီလူ့ကို ကြည့်ထား"

ဖေဝင်းက နောက်ကိုလှည့်မကြည့်ဘဲ အော်ပြောသည်။ သူ့အော်သံအဆုံးတွင် ထော်လာဂျီနောက်တွဲထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်။

"သူ့ကိုကြည့်ထားစမ်း ... အောင်မင်း၊ နည်းနည်းမှအလစ်မပေးနဲ့နော်"

"စိတ်ချဆရာ ... ဒီကောင်လှုပ်ရင် ကျွန်တော်မြှုပ်ပစ်လိုက်မယ်"

ထော်လာဂျီနောက်တွဲထဲမှ ထွက်လာသည့် အောင်မင်းက အိုက်ဝီးအနားသို့ကပ်ပြီး လက်ကိုနောက်ပြန်လှည့်ကိုင်ကာချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားလိုက်သည်။ မေဖောင်းကဲ အိုက်ပီးကို မျက်နှာထားတည်တည်နှင့် လှမ်းကြည့်ပြီး

"ကျွန်တော်က အကြောင်းမဲ့ လှမ်းသတ်ချင်ဘူး၊ ခင်ဗျား ငြိမ်ငြိမ်နေရင် ခင်ဗျားတို့ဒုက္ခမပေးဘူး၊ ဟိုလူကို မေးစရာရှိတာ မေးပြီးတာနဲ့ ငြိမ်ငြိမ်နေရင် ခင်ဗျားကို ပြန်လွှတ်ပေးမှာပါ"

အိုက်ပီးက တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ ကြောက်ရွံ့တုန်လှုပ်သွားဟန်နှင့် ရပ်နေသည်။ မေဖောင်းက ထော်လာဂျီနောက်တွဲဆီသို့ လျှောက်သွားပြီး အပေါ်တက်လိုက်သည်။ နောက်တွဲပေါ်တွင် အမှုန့်ဘိမ်းအမြစ်နှင့်ပါလာသူ ပက်လက်ကလေးဖြစ်နေသည်။ မေဖောင်းက ထိုသူ့အနီးသို့ ချဉ်းကပ်၏။

"ဆို .. ဘာပြောသလဲ"

"ဘာမှ မပြောဘူး ဆရာ၊ ဘာမေးမေး ခေါင်းခါပြီး နေတယ်။ ကျွန်တော်တို့ အကြမ်းကိုင်တာလဲ မရဘူး"

"မင်းတို့ ဘေးဖယ်နေ .. ငါ မေးမယ်"

မေဖောင်းက ထော်လာဂျီအခန်းထဲပေါ်တွင် လှဲနေသူ အဲ့ဒီ ငုံ့ကြည့်လိုက်သည်။ ထိုသူ၏ မျက်နှာဖုံးပွင့်နေအောင် ညိုမဲနေသည်





ကိုတွေ့ရ၏။

"ဟေ့ကောင်.. ကျော်စွာ မင်းနာမည် ကျော်စွာဆိုတာ ငါတို့သိတယ်၊ မင်းက ငါတို့အကြောင်းကို စုံစမ်းချင်လို့ အိုးလှိုင်ဆီက နေရာယူခဲ့တယ်၊ ငါတို့အထဲကို ပိပိရိရိဝင်လာတယ်၊ မင်းဘာဖြစ်လို့ ငါတို့အထဲထိရောက်အောင် ဝင်လာတာလဲ။ မင်းရဲ့ ရည်ရွယ်ချက်ကို ငါသိချင်တယ်။ ပြီးတော့ မင်းဘာယ်လောက်သိထားပြီးပြီးလဲ"

ကျော်စွာ ရှိုးအခင်းပေါ်တွင် လှဲအိပ်နေသူ တုံ့ပြန်ထုတ်မှု မလှုပ်။ မေဖောင်း၏ မျက်လုံးအစုံမှာ ဒေါသအရောင်ကြောင့် တဖျပ်ဖျပ် တောက်လာသည်။

"မင်း သိပ်သိချင်နေသလား မေဖောင်း"

မေဖောင်း ခေါင်းညိတ်ပြလိုက်သည်။

"သိချင်ရင် ဒီအနားကိုတိုး .. ငါ မင်းတစ်ယောက်ကိုဘဲ ပြောပြမယ်"

မေဖောင်း ရှေ့တိုးသည်။ သူ့မျက်နှာကို ကျော်စွာမျက်နှာအနီးသို့ ကိုင်းညွှတ်လိုက်၏။

"ကဲ .. ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ထွီ"

ရွံ့ပျစ်ပူနွေးသည့် တံတွေးတွေ မျက်နှာကိုထိစဉ်သည်။ ရွံရှာစိတ်နှင့်အတူ မေဝင်း ဒေါသဖြစ်သွား၏။ သူကကျော်စွာ၏ရင်ဘတ်ကို လက်မနောင့်ဖြင့် ခပ်ဆတ်ဆတ်ရိုက်ချလိုက်၏။

အွတ်ခနဲမြည်သံနှင့်အတူ ကျော်စွာကိုယ် ကော့လန်သွားသည်။ ပြီး ငြိမ်ကျသွား၏။

"ဟေ့ကောင် .. ကျော်စွာ ငါ မင်းကိုမေးတော့မယ်၊ မင်း မှန်မှန်ဖြေ .. မဖြေလို့ကတော့ မင်းကို မသေမရှင်လုပ်ထားမယ်"

မေဝင်းက အံကြိတ်ပြီးပြောသည်။ သို့သော် သူ့စကားကို ကျော်စွာက တုံ့ပြန်ခြင်းမရှိ။ မေဝင်းက ဒေါသကိုမနည်းထိန်းချုပ်ထားရဟန်နှင့် တောက်ခေါက်လိုက်၏။

"ဟေ့ကောင် .. ငါပြောနေတယ်လေ"

မေဝင်းက ကျော်စွာ့ပခုံးကို ခပ်ကြမ်းကြမ်းကိုင်လှုပ်လိုက်သည်။ ကျော်စွာခေါင်း ဘေးတစ်ဖက်သို့လည်ကျသွားသည့်အခါ သူအထိတ်တလန့်နှင့် ထရပ်လိုက်သည်။

"ဟာ .. ဒီကောင်"





"ဘာဖြစ်လို့လဲ ဆရာ"

"သွားပြီ ဒီကောင် တစ်ချက်ထဲနဲ့ ကိစ္စချောသွားပြီ"

"ဟာ .. ဆရာကတော့ တကယ်လက်သံပြောင်တယ် ဒီကောင်မျိုး ကိစ္စချောသွားတော့လဲ ပြီးတာပဲပေါ့"

မေဝင်းက သူ့လူနှစ်ယောက်ကို ဖြည်းညှင်းစွာလှည့်ကြည့်သည်။

"ဒီကောင် အခုလိုဖြစ်သွားတာ ငါ့အတွက် ဘယ်လောက်နာတယ်ထင်သလဲ .. အခုကိစ္စကို ဆရာကြီးသိသွားရင် ငါ့အတွက် မလွယ်ဘူး"

"ဆရာကြီး ဒီတောထဲထိအောင် လိုက်မသိနိုင်ပါဘူး၊ ဆရာကြီးက မကျေနပ်လို့စစ်မေးရင် ဆရာ့လက်ချက်နဲ့ အခုလိုဖြစ်သွားတယ်ဆိုတာ မသိစေရပါဘူး"

မေဝင်း၏မျက်လုံးအစုံတွင် ကျေနပ်ဟန်များထင်လာသည်။

"အေးကွ .. ငါလဲ သူ့ဆီက သိချင်တာတွေ သိရလိမ့်မယ်လို့ မျှော်လင့်ထားတာ၊ ဒီကောင် တစ်ချက်ထဲနဲ့ကိစ္စပြီးသွားလိမ့်မယ်လို့ ငါမထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဝင်းသည် ထော်လာဂျီနောက်တွဲအပြင်သို့ ထွက်လိုက်သည်။

"ဒါတို့ ဒီကနေ မြန်မြန်လစ်ထွက်မှ ဖြစ်မယ်"

"ကားသမားကို ဘာလုပ်ခဲ့မလဲဆရာ၊ ရှင်းပစ်ရမလား"

"အစအစဥ်ထဲမှာ သူ့ကို သတိလစ်သွားအောင် ရိုက်ပြီးထားခဲ့၊ သွား .. အောင်မင်းကို သွားပြောလိုက်"

ဖေဝင်း၏နောက်လိုက်တစ်ယောက် အိုက်ပီးနှင့် အောင်မင်းတို့ရှိနေရာသို့ ထွက်သွားသည်။ သူက အောင်မင်း၏နားနားသို့ကပ်ပြီး တစ်စုံတစ်ရာ တီးတိုးပြောသည်။ အောင်မင်းကခေါင်းညိတ်ပြပြီး အိုက်ပီးကို ပြေးရိုက်သည်။ ဒုတ်ခနဲမြည်သံနှင့်အတူ အိုက်ပီး မှောက်ကျသွား၏။ အိုက်ပီး၏အခြေအနေကိုစောင့်ကြည့်ရင်းမှ အောင်မင်း ပြုံးသည်။

"မင်း .. ဒီမှာစောင့်နေနော်"

အောင်မင်းက ထော်လာဂျီနောက်တွဲရှိရာသို့ ထွက်ခဲ့သည်။

"အိုက်ပီးကို သိပ်ခဲ့ပြီလား အောင်မင်း"

ဖေဝင်းက အောင်မင်း ရောက်လာလာခြင်း မေးသည်။





အောင်မင်းခေါင်းညိတ်လိုက်၏။

"ပြီးပြီ ဆရာ"

"ဒါဆိုရင် ဒီအထဲကကောင်ရဲ့ နဖူးမှာ စာတန်း ထိုးလိုက်"

"ဟုတ်ကဲ့ ဆရာ"

အောင်မင်း သံစုတ်တစ်ချောင်းဖြင့် ကျော်စွာနဖူးတွင် စာတန်းထိုးသည်။ ဖေဝင်းက နေရာမှခွာပြီး ထော်လာဂျီရှေ့သို့ လျှောက်ခဲ့သည်။ ထော်လာဂျီအနီးမှာ သတိလစ်ပြီးလဲကျနေသော အိုက်ပီးအား ငုံကြည့်သည်။ ပြီး အိုက်ပီး၏အိတ်ထဲမှပိုက်ဆံအိတ်ဆွဲထုတ်သည်။ အိတ်ထဲမှ ငွေစက္ကူထပ်ကိုယူလိုက်သည်။

"ကဲ .. ပြီးရင် သွားကြမယ်ဟေ့၊ သူတို့ကို ထားခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မြစ်ပြင်ကိုမိုးနေသော တောင်ကုန်းထက်တွင် တိုက်အို
ကြီးတစ်လုံးရှိသည်။ တိုက်နံရံမှာ ရေညှိများတက်ကာမဲနေ
သည်။ အချို့နေရာများတွင် အင်္ဂတေတွေကွာကျကာ အရောင်
အဆင်း မပေါ်တော့။

တောင်ကုန်းအခြေ မြစ်ကမ်းနဖူးတွင် ဆိပ်ခံဟောင်း
တစ်ခုရှိသည်။ ဆိပ်ခံမှနေ၍ တောင်ကုန်းပေါ်သို့တက်သော
အုတ်ရေလှေခါးထစ်လမ်းတစ်လမ်းရှိသည်။ အသုံးမပြုဘဲ ပစ်
ထားသည်မှာ ကြာပြီဖြစ်ဟန်ရှိသော လှေခါးထစ်များမှာ





ရေညှိတက်နေသည့်နေရာတက်၊ အုတ်တွေကွာသည့်နေရာက ကွာထွက်နေသည်။

လူနှစ်ယောက်ထိုင်၍ လှော်ခတ်လာသော လှေတစ်စီး ဆိပ်ခံသို့ညင်သာစွာ တိုးဝင်ဆိုက်ကပ်လာ၏။ လှေဦးတွင်ထိုင်နေသူမှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး လှေကို ပဲ့ကိုင်လာသူမှာ အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိသည်။

"မိုးဇော် . . မြန်မြန်လုပ်"

လှေပဲ့ကိုင်သူက လှေဦးတွင်ထိုင်နေသူအား လှမ်းပြောသည်။ လှေဦးတွင်ထိုင်နေသော မိုးဇော် ဆိပ်ခံပေါ်သို့ဖျတ်ခနဲ ခုန်တက်သည်။ လည်ပင်းတွင်ကြိုးဖြင့်သိုင်းလွယ်ကာ ရင်ဘတ်ပေါ်၌တွဲလောင်းဖြစ်နေသော ကင်မရာ လှုပ်ယမ်းသွားသည်။

မိုးဇော်က ဆိပ်ခံပေါ်သို့ရောက်သည်နှင့် သူ့လက်မှာဆွဲလာသော လှေကြိုးကို ချည်နှောင်လိုက်သည်။ လှေပဲ့ကိုင်က နေရာမှထပြီး ဆိပ်ခံပေါ်သို့တက်လာသည်။ ထိုသူ၏လည်ပင်းတွင် အဝေးကြည့်မှန်ပြောင်းတစ်လက် လွယ်ထားပြီး ခါးတွင် ပစ္စတိုတစ်လက် ထိုးထားသည်။

"ကိုအောင်ဆက် . . ဒီလမ်းအတိုင်း အပေါ်ကိုတက်မှာ

www.burmeseclassic.com



လား"

မိုးဇော်က ပွဲကိုင်ကို မေးသည်။ ပွဲကိုင် အောင်ဆက်က ခေါင်းညိတ်ပြ၏။

"ငါ ရှေ့ကနေတက်မယ်၊ မင်း . . နောက်ကလိုက်"

"ဟုတ်ကဲ့"

အောင်ဆက် လှေခါးထစ်လမ်းအတိုင်း တောင်ကုန်းပေါ်သို့ လျှင်မြန်စွာတက်သည်။ မိုးဇော်က အောင်ဆက်နောက်မှ ထပ်ချပ်မကွာလိုက်သည်။

လှေကားထစ်လမ်းတစ်ဖက်တစ်ချက်တွင် သစ်ပင်မြင့်မြင့်တွေ ခပ်စိပ်စိပ်ပေါက်နေသည်။ သစ်ပင်များအောက်ရှိချုံနွယ်များမှာ အကာအကွယ်ကောင်းများဖြစ်ပြီး အောင်ဆက်တို့၏ လှုပ်ရှားမှုကို ဖုံးကွယ်ထားသကဲ့သို့ ရှိသည်။

လှေကားထစ်လမ်းအဆုံးတွင် လူတစ်ရပ်ခန့်မြင့်သော ပုဏ္ဏားရိပ်ပင်တန်းက ကာဆီးနေသည်။ တစ်ချိန်က အသုံးပြုခဲ့ဟန်ရှိသော ခြံတံခါးမှာ ကျိုးပဲ့ပျက်စီးလျက်ရှိသည်။

"ရှေ့က အပင်ပေါ်တက်ပါ . . မိုးဇော် .. သစ်ကိုင်းခွဆုံကနေဆိုရင် မင်း ဓာတ်ပုံကောင်းကောင်းရိုက်လို့ရမယ်"





"ဟုတ်ကဲ့ .. ကိုအောင်ဆက်"

မိုးဇော်က အောင်ဆက် ညွှန်ပြသောသစ်ပင်ပေါ်သို့ လျှင်မြန်စွာတက်သည်။ သူနှင့် မရှေ့မနှောင်း အောင်ဆက်က ပါ သစ်ပင်ပေါ်သို့ လိုက်တက်သည်။

သစ်ပင်ပေါ်တွင် ခွဆုံနှစ်ခုရှိသည်။ မိုးဇော်က ညာဘက်ခွဆုံတွင် နေရာယူပြီး အောင်ဆက်က ဘယ်ဘက်ခွဆုံတွင် နေရာယူထိုင်လိုက်သည်။

မိုးဇော်က မှန်ဘီလူးအပိုကို ကင်မရာတွင် စနစ်တကျတပ်ဆင်သည်။ ကင်မရာထဲတွင် အမြန်ရိုက်ဖလင်ဖြစ်သော အက်ဖာဆိုက်ဆိုဖလင် ထည့်ထားပြီးဖြစ်သည်။

ဘယ်ဘက်သစ်ပင်ခွဆုံတွင် ထိုင်နေသော အောင်ဆက်က အဝေးကြည့်မှန်ပြောင်းဖြင့် တိုက်အိုကြီးဆီသို့ကြည့်သည်။ တံခါးဖွင့်ထားသော လသာဆောင်တစ်ဆောင်ကို ရှင်းရှင်းလင်းလင်းပြတ်သားစွာမြင်ရ၏။ တံခါးပေါက်အတွင်းဘက်မှ လှုပ်ရှားမှုများကို ရိုးတိုးရိပ်တိတ် တွေ့မြင်ရသည်။

မိုးဇော်က အိမ်ကြီးဆီသို့ ကင်မရာဖြင့်လှမ်းချိန်သည်။ တံခါးအတွင်းဘက်မှ လှုပ်ရှားမှုကိုမြင်ရသည်နှင့် ကင်မရာခ



www.burmeseclassic.com

www.burmeseclassic.com



လုတ်ကိုနှိပ်လိုက်သည်။

ဓာတ်ပုံတစ်ပြီးတစ်ပုံ ရိုက်နေသံကို အောင်ဆက်ကြားရသည်။ သူက မှန်ပြောင်းဖြင့် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်သည်။ ကြည့်နေရင်း အိမ်ညာဖက်ခြမ်းရှိ ပြတင်းပေါက်တစ်ပေါက်မှ အသံထိန်းပြောင်းတပ်ထားသော သေနတ်ပြောင်းတစ်လက် ထိုးထွက်နေသည်ကိုတွေ့ရ၏။ သေနတ်ပြောင်းက သူ့ထံသို့ဦးတည်ချိန်ရွယ်ထားသဖြင့် အောင်ဆက် ရင်ထိတ်သွားသည်။

သေနတ်သမားသည် သေနတ်ပြောင်းထိုးထွက်နေသော ပြတင်းပေါက်ကို သတိထားမိပုံမရ။ သူ့အာရုံက မြင်ကွင်းရှင်းသော ဝရံတာဆီသို့သာ ရောက်နေသည်။ ဝရံတာအတွင်းဘက် အခန်းတွင်းမှ လှုပ်ရှားမှုမှန်သမျှကို ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ယူနေသည်။

"ဒီကောင်လေးဟာ ဓာတ်ပုံသမားကောင်းတစ်ယောက် ဖြစ်ချင်ဖြစ်မယ် .. ဂျေ့ကောင်းတစ်ယောက်တော့ မဟုတ်သေးဘူး၊ ကိုယ်လုပ်ချင်တာကိုပဲ သိတယ် အန္တရာယ်ကိုတော့မမြင်ဘူး"





အောင်ဆက်က မိုးဇော်ကို အကဲခတ်ကြည့်နေရာမှမှတ်ချက်ချမိသည်။ သူသည် မိုးဇော်ကို အကဲခတ်ကြည့်နေရာမှ ထိုးထွက်နေသော သေနတ်ပြောင်းနောက်တွင် လူမရှိသေး။

မှန်ပြောင်းပါသော ရိုင်ဖယ်ကို ပြတင်းပေါက်တွင် …ျအနတပ်ဆင်ထားသော်လည်း သေနတ်ကိုင်မည့်သူ မရှိ …ားခြင်းမှာ တစ်ဘက်လူ၏ပေါ့ဆမှုပင်ဖြစ်၏။ အောင်ဆက် … သူ၏မှန်ပြောင်းကို ဘယ်ဘက်သို့ရွှေ့သည်။ ထိုအခါ ခန်းဆီး …ပြာကာထားသော ပြတင်းပေါက်နောက်မှ လူရိပ်တစ်ရိပ်ကို တွေ့ရ၏။

အောင်ဆက်က ဘယ်ဘက်လက်ကိုထောင်ပြီး လက်ညှိုးနှင့် လက်မကိုထိပြီး ဝိုင်းလိုက်သည်။ ခန်းဆီးအကွယ်မှ ကြည့်နေသူ၏လက်တစ်ဖက် အပြင်သို့ထွက်လာသည်။ ထိုသူ … လက်ကိုလှုပ်ပြသည်။ လက်လှုပ်ပုံကိုကြည့်ပြီး အောင်ဆက် … မိုးဇော်ဖက်သို့ လက်မဖြင့် ညွှန်ပြလိုက်၏။

ခန်းဆီးအကွယ်မှလူ၏ လှုပ်ရှားမှုကို ရိပ်ခနဲတွေ့ရ၏။ သူကြည့်နေသည့် အဝေးကြည့်မှန်ပြောင်းမှ မှန်အရောင် …တ်ကနဲလက်သွားသည်။ ထို့နောက် ခန်းဆီးအကွယ်မှ လူရိပ်

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည်။

"ဒီလူက သူ့နေရာသူ မနေဘဲ ဘာဖြစ်လို့ ဒီဘက်မှာ လာနေနေရတာလဲ၊ အလုပ်ကြီးကြီးလုပ်ချင်တဲ့လူ ဒါလောက် ပေါ့ဆနေရင် ပြဿနာတွေ တစ်ထွေးကြီး တက်သွားတော့မှာပဲ"

အောင်ဆက်က မှန်ပြောင်းကိုပြန်ချပြီး မိုးဇော်က ကင်မရာကိုပင့်ချိန်ထားရင်းမှ အောင်ဆက်ဘက်သို့လှည့်ကြည့်လာသည်နှင့် အကြည့်ချင်းဆုံ၏။

"ကိုအောင်ဆက် "

မိုးဇော်က ခပ်အုပ်အုပ်ခေါ်သည်။ အောင်ဆက်က ထူးဟန်နှင့် မေးဆတ်ပြလိုက်၏။

"အိမ်ထဲကလူတွေရဲ့ လှုပ်ရှားမှုက တစ်မျိုးဘဲဗျ . . တံခါးဖွင့်ထားတဲ့အခန်းထဲမှာ ငြိမ်တယ်လို့ကို မရှိဘူး၊ ဖြတ်သွားဖြတ်လာနဲ့ တော်တော်လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်။ အထဲမှာ ဘာဖြစ်နေကြသလဲ မသိဘူး"

အသံနိမ့်ပြီးပြောသည့် မိုးဇော်၏စကားသံကို ပီသစွာ ကြားရသည်။

"ဒီကောင်လေး ငါထင်သလောက် မဆိုးပါဘူး၊ ကြည့်





တတ်မြင်တတ်သားပဲ .. အတွေ့အကြုံများ အလေ့အကျင့်များ လာရင် လူတော်တစ်ယောက် ဖြစ်လာမှာ သေချာတယ် အင်း"

အောက်ဆက်က သူ့အတွေးနှင့်သူ ခေါင်းတစ်ချက် ဆတ်ခါလိုက်သည်။

"သူတို့ဖြစ်ချင်တာ ဖြစ်ပါစေကွာ .. မင်းတာဝန်က တွေ့သမျှမြင်သမျှကို ဓာတ်ပုံရိုက်ယူဖို့ဘဲ၊ လုပ် . . လုပ် . . ဘာမှ စဉ်းစားမနေနဲ့ ကိုယ့်အလုပ်ကို ကိုယ်ဆက်လုပ်"

မိုးဇော်က ပြောစကားကို ချက်ချင်းလက်ခံပြီး ပင့်ချိန်ထားသော ကင်မရာဖြင့် ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ယူသည်။ ယခု တစ်ကြိမ်တွင် တံခါးဖွင့်ထားသော ဝရံတာနောက်မှ အခန်းတစ်ခုထဲကို မဟုတ်တော့ဘဲ အိမ်ကြီး၏အရှေ့ဘက်၊ အနောက်ဘက်ကိုပါ ရိုက်သည်။

မိုးဇော်၏ လုပ်ကိုင်ပုံပြောင်းလဲလာစဉ် အောင်ဆက်က သေနတ်ပြောင်းထိုးထွက်နေသော ပြတင်းပေါက်ဆီသို့ မှန်ပြောင်းဖြင့်ကြည့်သည်။ သေနတ်နောက်တွင် လူရောက်နေပြီး၊ အရိပ်ကွယ်နေသည့်ကြားက နီကြောင်ကြောင်ဆံပင်ကို ထင်ထင်ရှားရှား မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆက်က လက်ကိုညာဘက်သို့ တိုးရွှေ့ပြသည်။ ပြတင်ပေါက်ဘောင်ပေါ်မှနေ၍ သူရှိရာသို့တန်းတန်းမတ်မတ် ချိန်ရွယ်ထားသော သေနတ်ပြောင်းညာဘက်သို့ရွှေ့သွားသည် ပြီးနောက် သေနတ်ပြောင်း ဆက်ခါဆက်ခါ လှုပ်ရှားသွား၏။

ပါးလှပ်သော လေတိုးသံနှင့်အတူ မိုးဇော်၏ နာကျင်စွာ အော်သံကိုကြားရသည်။ အောင်ဆက်က မိုးဇော်ဘက်သို့ဖျပ်ခနဲ လှည့်ကြည့်လိုက်၏။ မိုးဇော် ကင်မရာတစ်ခြားလူတစ်ခြား သစ်ပင်ပေါ်မှ ကားခနဲကျသည်။ မြေပြင်ပေါ်သို့ ဘုံးခနဲကျသွားပြီး တစ်ချက်မျှတွန့်လိမ်ကာ ငြိမ်သက်သွားသည်။

အောင်ဆက်က သက်ပြင်းချလိုက်သည်။ အဝေးကြည့် မှန်ပြောင်းကိုလွှတ်ချပြီး ချွေးစေးပျံနေသော လက်နှစ်ဖက်ကို ဘောင်းဘီတင်ပါးနှင့်သုတ်သည်။ ပြီး သစ်ကိုင်းခွဆုံမှနေ၍ အောက်သို့ဆင်းသည်။

ခြေထောက်ချမိသည့် အကိုင်းပေါ်ကိုအရောက်မှာ အောက်သို့ခုန်ချသည်။ သူ၏ခြေအစုံ သွေးချင်းချင်း ရဲနေသော မိုးဇော်၏အလောင်းဘေးတွင် ကျသွား၏။

အောင်ဆက်က မိုးဇော်၏အလောင်းကို တစ်ချက်ကြည့်





ပြီး ကျိုးပျက်နေသော တံခါးမှနေ၍ ခြံဝင်းတွင်းသို့ ပြေးဝင်သည်။

တိုက်အိုကြီးမှာ ငြိမ်သက်နေသည်။ အောင်ဆက်က ဟောတာပွင့်နေသော တံခါးကိုတွန်းဖွင့်ပြီး အိမ်တွင်းသို့ဝင်သည်။ အိမ်အတွင်းသို့ရောက်သည်နှင့် အပေါ်တက်သို့တက်သည့်လှေခါးထစ်ကို တွေ့ရသည်။ အောင်ဆက်က အပေါ်ထပ်သို့ခပ်သွက်သွက်တက်လိုက်သည်။ ဟောင်းနွမ်းနေပြီဖြစ်သော လှေခါးထစ်များ သံစုံမြည်သွား၏။

"ကိုအောင်ဆက်လား"

အမျိုးသမီးတစ်ယောက်၏အသံကို ကြားရသည်။ အောင်ဆက်က လှေခါးထစ်အဆုံးတွင် ရပ်လိုက်၏ ဝင်သက်တစ်ကို အားရပါးရရှူသည်။

"ဟုတ်ပါတယ် အောင်ဆက်ပါ"

"ဝင်ခဲ့လေ"

လှေခါးအဆုံးတွင်ရှိသော အပေါ်ထပ်ဧည့်ခန်းသို့ဝင်လိုက်သည်။ အဟောင်းနံ့တွေထွက်နေသော ဧည့်ခန်းတွင်အဲ့ သားထိုင် ခပ်ယိုင်ယိုင်သုံးလုံးနှင့် ကုလားထိုင်တစ်လုံးရှေ့ငင်အိတ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ပါသော အပြာရောင်ရုပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီးတွဲဖက်ဝတ်ဆင်ထားသည့် မိန်းမရွယ်တစ်ယောက် ထိုင်နေသည်။

"ကိုအောင်သူကော ဖူးပွင့်"

"ပစ္စည်းတွေသိမ်းနေတယ် .. ကျွန်မတို့ထဲက တစ်ယောက် သစ္စာဖောက်လို့"

"ဘယ်သူလဲ"

"ကြီးမောင် .. သူ့ကို ရှင်ပဲ ရှင်းပစ်ပါ"

"သူဘယ်မှာလဲ"

"ဟိုဘက်အခန်းမှာ ချုပ်ထားတယ်"

"ဖူးပွင့်တို့ ဒီကနေ မြန်မြန်ထွက်မှဖြစ်မယ် .. ကိုယ်ဒီနေ့ တစ်ချက်ထက်ပိုပြီး အချိန်ဆွဲထားလို့ မရတော့ဘူး"

"ထွက်မှာပါ .. ဒီနေရာရဲ့လုံခြုံမှုကို ဖျက်ဆီးပစ်တာ ကြီးမောင် သိလား .. သူက နတ်သမီးကမ်းပါးဆိုတဲ့စကားကို ဘဲပြောနိုင်ခဲ့လို့ပေါ့ .. နို့မဟုတ်ရင် ဖူးတို့ တစ်ပြုံကြီးအမိခံရမှာ"

"ဟုတ်တယ် .. လူတစ်ယောက်က နတ်သမီးကမ်းပါးဆိုပြီး ဖုံးဆက်တယ်ဆိုလို့ ကိုယ်တို့ဆီမှာ လှုပ်ရှားသွားရတယ်





ကိုယ်က အဓိပ္ပါယ်ချက်ချင်းသိပြီး ဖူးပွင့်တို့နဲ့ ဆက်သွယ်၊ အစီအစဉ်လုပ် .. ပြီးတော့ မိုးဇော်ကို ခေါ်လာခဲ့တာ"

"ကိုအောင်ဆက်ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးကို နောက်ထားလိုက် .. ဖူးပွင့်တို့ ဒီကနေအမြန်ဆုံးရွှေ့သွားဖို့ အရေးကြီးတယ်၊ လုံခြုံတဲ့နေရာတစ်ခုရှာပြီးမှ ကိုယ့်ကိုဆက်သွယ်ပေါ့"

ဖူးပွင့်ဆိုသည့် မိန်းမချောက ခေါင်းညိတ်ပြသည်။

"ကိုအောင်သူက ခြေလှမ်းတွေ တော်တော်များသွားတယ်၊ ဒါကြောင့် ဒီမှာပိတ်မိမလိုဖြစ်တာ .. ဖူးပွင့်တို့နေရာရှာပြီး ပြင်ပကို အမြန်ဆုံးထွက်နိုင်ဖို့ ကြိုးစားမယ်"

အောင်ဆက် ခေါင်းညိတ်သည်။ ဖူးပွင့်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ သူ့မျက်လုံးအစုံမှာ ညှိုးမှိန်ဖျော့တော့နေ၏။

"ကိုအောင်ဆက်"

ဖူးပွင့်က အောင်ဆက်အား စူးစိုက်ကြည့်ရင်း ၁တင် တိုးတိုးခေါ်သည်။ အောင်ဆက်က ထူးဟန်ဖြင့် လှမ်းကြည့်၏။

"ဖူးပွင့် စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .. အောင်သူ့အတွက်ကိုယ် ဂုဏ်ယူပါ တယ် ကိုယ် သူ့ကိုမနာလိုမဖြစ်ပါဘူး .. နာမည်တောင် ညီအစ် ကိုနာမည်မျိုးဖြစ်အောင် မိဘတွေက မှည့်ပေးထားတာ၊ ကိုယ် တို့ရဲ့ ဆက်နွယ်မှုကို ဖူးပွင့် တွေးကြည့်လို့ရပါတယ်"

"ကိုအောင်ကလဲ ကိုအောင်ဆက်နဲ့သူ့ကြားက သံယော ဇဉ်အကြောင်းကို ပြောပြတယ်"

အတွင်းဘက်မှလုပ်ရှားသံများကို ကြားရသည်။ သံ ရေသေတ္တာတစ်လုံးကို လူနှစ်ယောက်က မပြီး ဧည့်ခန်းသို့ဝင်လာ သည်။ ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ဆံပင်နီကြောင် ကြောင်နှင့်ဖြစ်သဖြင့် အသံတိတ်ပြောင်းပိုတပ် ရိုင်ဖယ်ကို ပ ခဲ့သူဟု အောင်ဆက် သိလိုက်သည်။

"မင်းတို့ ဆရာကော"

"ဆရာ လာနေပါပြီ"

လူနှစ်ယောက်က သေတ္တာကိုဆွဲပြီး အောက်သို့ဆင်း သွားသည်။ အောက်ဘက်ဆီမှ ကားတစ်စီးစက်နိုးသံကြားရ၏။

"ဖူးပွင့်တို့ဘာတွေလုပ်နေသလဲဆိုတာ ကိုယ်က မ ပါဘူး၊ ခန့်မှန်းမိတာရှိပေမယ့် အဲ့ဒါကို မပြောတော့ပါဘူး၊





လှမ်းမှားဖို့ ဒုစရိုက်နယ်ထဲကို ခြေမကျဖို့တော့ ကိုယ် သတိပေး ချင်တယ်"

ဖူးပွင့်က တစ်စုံတစ်ရာ ပြောမည်ပြုသည်။ သို့သော် အတွင်းဘက်မှလာသည့် ခြေသံတစ်သံကြောင့် မပြောဖြစ်တော့။ အောင်ဆက်က အတွင်းခန်းမှထွက်လာသူအား လှမ်းကြည့် လိုက်၏။

"အောင်သူ"

"အောင်ဆက်"

အတွင်းခန်းမှထွက်လာသော အသားဖြူဖြူ၊အရပ်မြင့် မြင့် ရုပ်ချောချောလူက အောင်ဆက်၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင် ဖျစ်ညှစ်သည်။ အောင်ဆက်အားကြည့်သည့် မျက်လုံးအစုံမှာ အရောင်လက်နေပြီး သူ့မျက်နှာတွင် အပြုံးတွေထင်နေသည်။

"မင်းဟာ တကယ့်သူငယ်ချင်းကောင်းပဲ အောင်ဆက်"

"မင်းတို့ အန္တရာယ်ဖြစ်မှာစိုးလို့ ငါစွန့်စားလိုက်ရတာ အရင်းအနှီးက သိပ်ကြီးတယ် အောင်သူ"

"ငါသိပါတယ်ကွာ .. မင်း အခုလိုလုပ်တဲ့အတွက် ငါ့ စိတ်ထဲမှာ ဘယ်လောက်ကြည်ကြည်နူးနူး ခံစားရတယ်ဆိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ငါမျက်ရည်တောင်လည်မိတယ် အောင်ဆက်"

"မင်း အမှားအယွင်းတွေ တော်တော်များများလုပ်မိတယ် မဟုတ်လား၊ ငါနဲ့ကွဲကွာနေတဲ့ ဆယ်နှစ်အတွင်း မင်းဘဝ ဘယ်လောက်တောင် ပြောင်းလဲနေပြီလဲ အောင်သူ"

အောင်သူက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"ဒီလိုပေါ့ကွာ . . ချမ်းသာချင်လွန်းလို့ လှုပ်ရှားရင်းခြေလှမ်းတွေ မှားသွားခဲ့တယ် ငါက . . "

အောင်ဆက် လက်ကာပြသည်။ အောင်သူက ဆက်ပြောမည့်စကားကို မပြောပဲ ငြိမ်နေလိုက်သည်။

"မင်း ဘာဖြစ်ခဲ့တယ်ဆိုတာ ငါ့ကိုမပြောနဲ့ .. ငါမသိချင်ဘူး၊ မင်းနောက်ကို ငါတို့အဖွဲ့ကလူတွေ အမဲလိုက်သလိုလိုက်ဖို့ ပြင်ဆင်နေပြီ။ ငါ့တာဝန်မဟုတ်တော့ အဲ့ဒီအကြောင်းတွေ ငါမသိသေးဘူး .. ဘာပဲဖြစ်ဖြစ် မင်းတို့ ရှောင်နေမှဖြစ်မယ်ဆိုတာ ငါစဉ်းစားမိတယ်"

"အေးကွာ .. ဘာမှန်းမသိဘဲနဲ့ မင်းကူညီတာကို ငါဝမ်းသာလို့ မဆုံးဘူး"

"ဒါလောက်တော့ လုပ်ရမှာပေါ့၊ မင်းက ငါ့သူငယ်ချင်း





ဖြစ်သလို ဖူးပွင့်ကလဲ ငါ့ညီမလေးလေကွာ .. "

"မင်းရဲ့သံယောဇဉ်ကို ငါသိပါတယ် .. ဆက်ပြီးတော့ ကြီးမြင့်ကိစ္စကို ရှင်းပေးပါ .. ဒီကောင့်ကို လွှတ်ထားလို့ မဖြစ်ဘူးနော်"

"အေး .. ငါလုပ်လိုက်ပါ့မယ် .. မင်းတို့သွားတော့"

"ဟိုပြတင်းပေါက်မှာဆင်ထားတဲ့ ရိုင်ဖယ်ဘဲဖြုတ်စရာ ကျန်တယ် . . အဲဒါပြီးရင် သွားမယ်"

"အဲဒီရိုင်ဖယ်ကို ထားခဲ့"

"ဘာဖြစ်လို့လဲ အောင်ဆက်"

"ငါ့အတွက် အကာအကွယ်လေ၊ ငါ ကြီးမြင့်ကို ရှင်းတဲ့အခါ ဇာတ်လမ်းဖြစ်အောင်တောင့် လုပ်ရမှာပေါ့၊ ထားခဲ့သို့ ဖြစ်တယ် မဟုတ်လား"

"ရပါတယ်"

"ဒါဆိုလည်း မင်းတို့သွားတော့"

အောင်သူက ခေါင်းညိတ်ပြပြီး ဖူးပွင့်ကို လက်ကမ်းသည်။ ဖူးပွင့်က အောင်သူ့လက်ကိုဆွဲပြီး နေရာမှထသည်။ အခန်းထဲမှမထွက်ခင် အောင်ဆက်ကို ရီဝေသောမျက်လုံးအစုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တစ်ချက်ကြည့်သည်။

"သွားမယ် ကိုအောင်ဆက်"

"ကောင်းပြီ ဖူးပွင့် . . ကောင်းပြီ"

အောင်သူက ဖူးပွင့်ကိုတွဲခေါ်ပြီး ထွက်သွားသည်။

အောင်ဆက် နေရာမှခွာ၏။ တစ်ဖက်ခန်းတွင် အချုပ်အနှောင်ခံထားရသည့် ကြီးမြင့်ကိုခေါ်ပြီး ရိုင်ဖယ်ရှိသည့်အခန်းသို့ ဝင်သည်။ ရိုင်ဖယ်နောက်တွင် ကြိုးဖြင့်ချည်ထားလိုက်သည်။ ပြီးနောက် အိမ်ပေါ်မှဆင်းကာ စောစောပိုင်းက သူနှင့် မိုးဇော်တို့တက်ခဲ့သော အပင်ပေါ်သို့တက်သည်။

သူထိုင်နေသည့် သစ်ကိုင်းခွဆုံမှနေ၍ အိမ်ဘက်သို့ကြည့်သည်။ သူ့ခါးကြားမှ ဘရောင်နင်ပစ္စတိုကိုထုတ်ကာ အသံထိန်းပြောင်းပိုတပ်သည်။

ရိုင်ဖယ်ပြောင်းထွက်နေသော ပြတင်းပေါက်တွင် ကြီးမြင့်၏ကိုယ်တစ်ပိုင်း ထင်းထင်းကြီးပေါ်နေသည်။ အောင်ဆက်က ပစ္စတိုကိုမြှောက်ချိန်ပြီး နှစ်ချက်ဆင့်ပစ်လိုက်သည်။ ကြီးမြင့်၏ကိုယ် ဆတ်ခနဲဖြစ်ပြီး ငြိမ်သွားသည်။

"အင်း . . ကိစ္စပြီးပြီ"





အောင်ဆက်က သစ်ပင်အောက်တွင်ရှိနေသော မိုးဇော်၏အလောင်းကို မကြည့်မိအောင် ကြိုးစားပြီး အောက်သို့ဆင်းသည်။ အိမ်ကြီးဆီသို့ တစ်ခါပြန်ပြေးပြီးမှ သေနတ်ဒဏ်ရာကြောင့်သေဆုံးနေသည့် ကြီးမြင့်၏ကိုယ်မှ ကြိုးများကိုဖြည်သည်။

ကြိုးဖြည်အပြီးတွင် ကြီးမြင့် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ချသည်။ အောင်ဆက်က သူ့ခါးတွင်ချိတ်ထားသည့် အိုင်ကွန်ဆက်သွယ်ရေးစက်ကိုထုတ်ကာ တစ်နေရာသို့ ဆက်သွယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

နှင်းလေပြည်တို့ ဝှေ့ယမ်းတိုက်ခတ်နေသည်။ မုန်းဆန်
မြို့ကွက်ပေါ်တွင် နှင်းငွေ့ဖြူဖြူတွေ ဝေဆိုင်းနေသည်။ ရဲမောင်
က နှင်းလေပြည်တို့ တိုးဝင်နေသည့် ပြတင်းပေါက်ဘေးတွင်
ရပ်ပြီး အပြင်ဘက်လမ်းမပေါ်သို့ ကြည့်သည်။

အပြင်ဘက်လမ်းမပေါ်တွင် ဖြတ်သန်းသွားလာနေသူ
အချို့ရှိသည်။ ဘီးလိမ့်မောင်းလာသော အဝါရောင်ရှမ်းစတား
ဂျစ်တစ်စီး ရဲမောင်ရှိနေသည့် အဆောက်အဦးရှေ့တွင် ရပ်သည်။
ကားပေါ်မှ သားရေဂျာကင်အနက် ဝတ်ဆင်ထားသည် လူဝ





ကြီးတစ်ယောက် ဆင်းလာပြီး နှစ်ထပ်တိုက်အဆောက်အဦး
ကိုမော့ကြည့်သည်။ အဆောက်အဦးမျက်နှာစာတွင် ချိတ်ဆွဲ
ထားသော တောင်ပေါ်သားနို့ဆီပင်ရင်းဆိုသည့် ဆိုင်းဘုတ်
ကိုဖတ်အပြီး ခေါင်းညိတ်လိုက်သည်ကို တွေ့ရသည်။

ရဲမောင်က လူဝကြီးကိုကြည့်ရင်း မျက်မှောင်လေး မသိ
သာကြုံ့လိုက်သည်။ ထိုသူ တိုက်လှေခါးဆီသို့ လှည့်ထွက်
သွားစဉ် သူက ပြတင်းပေါက်ဘေးမှခွာသည်။ သူ၏သီးသန့်
ခန်းမှထွက်ခါ တွဲလျက်ရှိ ရုံးခန်းသို့ဝင်သည်။

စားပွဲကျယ်ကြီးတစ်လုံး၊ တယ်လီဖုန်းနှစ်လုံး၊ ညှိခံဆို
ဘာဆက်တီများဖြင့် မွမ်းမံထားသည့် ရုံးခန်းမှာ သန့်ရှင်းတောက်
ပြောင်နေသည်။ ရဲမောင်က စားပွဲကျယ်ကြီးနောက်ရှိ ဆုံလည်
ကုလားထိုင်တွင် ထိုင်လိုက်စဉ် ရုံးခန်းအတွင်းသို့ ပင်နီရှမ်း
ဘောင်းဘီဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ဝင်လာ
သည်။

"အစ်ကိုကို တွေ့ချင်လို့တဲ့ ဦးဖိုးအောင်ဆိုတဲ့လူကြီး
တစ်ယောက် ရောက်နေတယ်"

"သူ့ကိုလွှတ်လိုက်ပါကွာ . . ပြီးတော့ ကော်ဖီခါး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခွက်ဖျော်ခဲ့ ဟုတ်လား စန်းမောင်"

"ဟုတ်ကဲ့ . . အစ်ကို"

ပင်နီရှမ်းဘောင်းဘီ ဝတ်ဆင်ထားသော စန်းမောင် အခန်းအပြင်သို့ပြန်ထွက်သွားသည်။ တစ်ခဏအကြာတွင် သားရေဂျာကင်ဝတ်ထားသော လူဝကြီး ဦးဖိုးထောင် အခန်းထဲသို့ဝင်လာသည်။ ရဲမောင်က နေရာမှထပြီး ဝမ်းသာအားရ အမူအရာနှင့် ကြိုဆိုလိုက်၏။

"ဦးလေးဖိုးထောင် ကားပေါ်ကဆင်းလာတော့ ကျွန်တော်မြင်တယ်၊ နို့ဆီလာမှာတာထင်လို့ ကိစ္စပြီးရင် ကျွန်တော်ကတွေ့ချင်တဲ့အကြောင်း အောက်ထပ်ကိုလှမ်းပြောမလို့တောင် လုပ်သေးတယ်"

"ငါက နို့ဆီလာမှရအောင် လက်ဖက်ရည်ဆိုင်ဖွင့်ထားတာမှ မဟုတ်တာ၊ မင်းနဲ့ တွေ့ချင်လို့လာတာ၊ ကိုယ်ရေးကိုယ်တာကိစ္စလေး ပြောစရာရှိလို့"

"ကိုယ်ရေးကိုယ်တာကိစ္စ . . ဟုတ်လား ဦးလေး"

"အေး ငါ့ကိုယ်ရေးကိုယ်တာ မဟုတ်ပါဘူး၊ မင်းရဲ့ ကိုယ်တာကိစ္စပါ"





ရဲမောင်၏မျက်နှာတွင် အပြောင်းအလဲတွေ ပေါ်သွားသည်။ သူက စားပွဲကျယ်ကြီးနောက်မှ ထွက်လိုက်၏။ ဧည့်ခံဆိုဖာတွင် ဦးဖိုးထောင်အား နေရာချပြီး သူက မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သည်။

"ထူးထူးဆန်းဆန်းပါလား၊ ကျွန်တော့် ကိုယ်ရေးကိုယ်တာဆိုတာက ဘာကိုပြောတာလဲ"

"အဲဒါ အေးအေးဆေးဆေး ပြောရမယ့်ကိစ္စ၊ နှစ်ယောက်ထဲကိစ္စကွ၊ မင်းကောင်တွေ ငါတို့စကားပြောနေတုန်း အခန်းထဲ ဝင်မလာအောင် လုပ်ထားဦး"

ရဲမောင်က ဦးဖိုးထောင်၏စကားအပေါ်၌ စိတ်ဝင်စားသည်ထက် စဉ်းစားလာသည်။ သူက ပြုံးလျက် ခေါင်းညိတ်ပြသည်။ တစ်ဆက်တည်းပင် စားပွဲပုပုလေးပေါ်ရှိ စီးကရက်ဘူးကို ဦးဖိုးထောင်ဘက်သို့ တိုးပေးလိုက်သည်။

"စီးကရက်သောက်ပါ ဦးလေး"

"ငါ ဆေးလိပ်မသောက်တော့ဘူး၊ ဖြတ်လိုက်ပြီ ဆေးလိပ်ဖြတ်လိုက်လို့ အခုလို ဝလာတာကွ"

ရဲမောင်က ဦးဖိုးထောင်အား ကြည့်ပြီးရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိပ်သောက်တုံးကလည်း မပိန်ပါဘူး ဦးလေး ရယ်"

"မင်းကလဲ အခုလောက်တော့ မဝပါဘူးကွာ"

ရဲမောင် ရယ်လိုက်သည်။

"ဦးလေးဖိုးထောင် ကော်ဖီခါးခါးကော ကြိုက်သေးရဲ့ လား"

"ဟာ . . ကြိုက်တုံးပဲ၊ အဲဒါတော့ ဖြတ်လို့မရသေး ဘူးကွ၊ ဟော . . ပြောရင်းဆိုရင် ငါ့နှာခေါင်းက ကော်ဖီနံ့ တောင်ရလာပြီ"

ဦးဖိုးထောင် ပြောနေဆဲတွင် စန်းမောင်က ကော်ဖီပန်း ကန်ပါသော လင်ဗန်းတစ်ချပ်ကိုကိုင်ပြီး အခန်းထဲသို့ဝင်လာ သည်။

"ဟော . . တွေ့လား ငါ့နှာခေါင်းက ကော်ဖီနံ့ဆိုရင် အဝေးကြီးထဲက ရတယ်၊ ငါ တောင့်တတယ်ဆိုတာနဲ့ ကော်ဖီ ရောက်လာတတ်တယ်၊ မင်း ယုံတယ် မဟုတ်လား ရဲမောင်"

"ယုံပါတယ် . . ယုံပါတယ်"

စန်းမောင်က ကော်ဖီပန်းကန်များကို ရဲမောင်နှင့် ဦး





ဖိုးထောင်တို့ရှေ့တွင် ချပေးသည်။ ဦးဖိုးထောင်က ကော်ဖီပန်း ကန်ကိုဆွဲယူပြီး ငုံ့သောက်သည်။

"ကောင်းတယ်ဟေ့ . . ဒါမှ တကယ့်ကော်ဖီစစ်စစ် အရသာ"

ဦးဖိုးထောင်က တီဗီကြော်ငြာတစ်ခုမှ သရုပ်ဆောင် တစ်ယောက်၏ပုံစံအတိုင်း လုပ်ပြသည်။ ရဲမောင်၏စိတ်ထဲတွင် ထူးထူးခြားခြားခံစားချက်တွေ တိုးဝင်လာသည်။ ဦးဖိုးထောင် က ရယ်စရာလုပ်နေသော်လည်း သူမရယ်မိ။ ဦးဖိုးထောင်အား စူးစူးစိုက်စိုက်နှင့် ကြည့်နေသည်။

"ဦးလေးပြောမယ့်အကြောင်းအရာက တော်တော်ဆိုး သလားဟင်"

"ဖူးပွင့်ကိစ္စပါ"

"ဖူးပွင့် . . ဟုတ်လား သူဘာဖြစ်လို့လဲ"

"သူထွက်ပြေးနေရပြီ၊ အမှန်တော့ သူ့မှာ ဘာအပြစ် မှမရှိဘူး၊ ဘာအမှုအခင်းကိုမှလဲ သူမကျူးလွန်ခဲ့ဘူး၊ ကျူးလွန် တာက သူ့လက်ထပ်မယ် ရည်ရွယ်ထားတဲ့ အောင်သူပဲ၊ အောင် သူ့ကို သက်ဆိုင်ရာက လိုက်နေတာနဲ့ သူပါရောပြီး ပြေးနေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"သူ အခု အခက်အခဲတွေ့နေတယ်၊ ဒါကြောင့် ဦးလေး ကို ဆက်သွယ်လာလို့ ဦးလေးက ကျွန်တော့်ဆီကို ရောက်လာ ခဲ့တယ် ဟုတ်တယ် မဟုတ်လား"

ဦးဖိုးထောင် ခေါင်းညိတ်ပြသည်။

"မင်းက တော်တော်ပါးနပ်တာပဲ၊ အရိပ်ပြတာနဲ့ အကောင်မြင်တယ်"

"ညီမလေးအကြောင်းကို သိနေတဲ့လူပဲဗျာ၊ ဒါလောက် တော့ စဉ်းစားလို့ရတာပေါ့၊ နေပါဦး သူတို့ အခုဘယ်မှာလဲ"

"ငါ့ဆီမှာပေါ့ . . အောင်သူတော့ မပါဘူး၊ သူတစ် ယောက်ထဲ ငါ့အထင်ပြောရရင် သူက အောင်သူ့ကို တစ်နေရာ ရာမှာ ပုန်းခိုင်းထားမယ်၊ သူက မင်းနဲ့ဆက်သွယ်ပြီး အောင်သူ ကို အန္တရာယ်ကင်းတဲ့နေရာရောက်အောင် ကူညီခိုင်းမယ်၊ သူ ငါ့ဆီကို ရောက်လာတာက ငါကနေတစ်ဆင့် မင်းကိုဆက်သွယ် ချင်လို့ပဲ"

"ဟုတ်ပြီ . . ဦးလေး အခုလာတာ အဲဒီအတွက် ပွဲစား လုပ်ဖို့ပေါ့ . . ဟုတ်လား"





"အေး . . ဖူးပွင့် စိတ်ဆင်းရဲနေတာတွေ့တော့ ငါလည်း မနေနိုင်ဘူးလေ၊ မင်း သူနဲ့လာတွေ့လိုက်ပါကွာ"

ဦးဖိုးထောင်က ကော်ဖီကိုဖြည်းညင်းစွာ သောက်သည်။ ရဲမောင်က သူ့ရှေ့ရှိ ကော်ဖီပန်းကန်ကို ဆွဲယူပြီးမော့်သောက် လိုက်သည်။ ကော်ဖီသောက်အပြီးတွင် သူက စီးကရက်ဘူးထဲ မှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်သည်။

"ဖူးပွင့်အကြောင်းကို ကြားရလေ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးပဲ၊ ကျွန်တော်သိထားသလောက်ဆိုရင် သူ စိတ်ညွှတ် နေတာ အောင်သူ မဟုတ်ဘူး၊ တစ်ခြားတစ်ယောက်ရှိသေး တယ်၊ အောင်သူက ဖူးပွင့် အသုံးချသမျှကို ခံနေရတာပဲ ဖြစ် လိမ့်မယ်"

ရဲမောင် ပြောလိုက်သည့်စကားကြောင့် ဦးဖိုးထောင် မျက်လုံးပြူးသွားသည်။

"မင်း ဘာဖြစ်လို့ ဒီလိုပြောရတာလဲ ရဲမောင်"

"ဖူးပွင့်အကြောင်းကို သိနေလို့ပါ၊ သူဟာ ဘယ်တော့ မှ သူများအသုံးချတာကို ခံမယ် မိန်းကလေးမျိုး မဟုတ်ဘူး၊ ဦးလေးက သူ့ကိုချစ်ခင်တဲ့စိတ်နဲ့ အကောင်းမြင်နေတာ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေမေတို့ကို အသုံးချခဲ့တယ်၊ အဲဒီနောက် ကျွန်တော့်ကို အသုံးချခဲ့တယ်၊ ကျွန်တော်က သူ အသုံးချတာကို မခံတော့ အိမ်ကနေ ထွက်သွားခဲ့တယ်”

“မင်း သူ့ကို စိတ်နာနေသလား ရဲမောင်”

ရဲမောင် ခေါင်းဆတ်ခါလိုက်သည်။

“မဟုတ်ပါဘူး . . ကျွန်တော် သူ့ကို ဘယ်တော့မှ စိတ်နာမှာ မဟုတ်ဘူး၊ အဲဒါ သူ့အကျိုးပေးလို့ ပြောရမှာပေါ့”

ဦးဖိုးထောင် ခေါင်းဆတ်ခါသည်။ ရဲမောင်ကို နားမလည်နိုင်ဟန်ဖြင့် ကြည့်သည်။ ရဲမောင်က အသာအယာပြုံးလိုက်၏။

“မင်းဟာ တော်တော်ထူးဆန်းတဲ့ ကောင်ပါလား ရဲမောင်”

“မထူးဆန်းပါဘူး ဦးလေးရယ်၊ တစ်ကယ်တော့ ကျွန်တော်က ရိုးရှင်းတာပါ၊ အရှိကိုအရှိအတိုင်း ကြည့်မြင်တတ်တာပါ”

ဦးဖိုးထောင်က ရဲမောင်အား စူးစူးစိုက်စိုက်ကြည့်သည်။

“နေဦး . . ငါ မင်းကို ရှင်းရှင်းမေးမယ်၊ မင်း ဖူးပွင့်နဲ့





တွေ့ချင်ဘူးလား”

“ဟာ . . ဦးလေးကလဲ မတွေ့ချင်ဘဲ ရှိပါ့မလား၊ တွေ့ချင်တာပေါ့ . . ကျွန်တော် သူ့ကိုလာတွေ့ပါမယ်၊ သူလိုအပ်တာကိုလည်း ကူညီပါ့မယ်”

“ဒါဆိုရင် မင်း ငါနဲ့ အခုလိုက်ခဲ့မလား”

“ကျွန်တော့်ဖာသာ ကျွန်တော် လာခဲ့ပါမယ်၊ လောလောဆယ် ကျွန်တော် ချိန်းထားတာလေးတစ်ခု ရှိလို့ အဲဒီကိစ္စပြီးတာနဲ့ ကျွန်တော် ချက်ချင်း ထွက်လာခဲ့ပါမယ်”

. . .

ဦးဖိုးထောင် ပြန်သွားလျှင်ပြန်သွားချင်း ရဲမောင်က တစ်နေရာသို့ဖုံးဆက်သည်။ ဖုံးဆက်အပြီးတွင် သူ၏စားပွဲမှာ ထိုင်၍ စီးကရက်တစ်လိပ်ကို အရသာခံသောက်သည်။ စီးကရက်တစ်လိပ်အကုန်တွင် တယ်လီဖုံးခေါင်းလောင်းသံ မြည်လာသည်။ ရဲမောင်က ထူးသံပြုပြီး တစ်ဖက်မှပြောသမျှကို နားထောင်သည်။

ဖုံးဆက်ပြီး ဖုံးပြန်အခေါ်ကိုစောင့်၊ ဖုံးခေါ်သည့်အခါ တယ်ဖက်မှပြောစကားကိုနားထောင်၊ ပြီးသည်နှင့် ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဖုံးပြန်ဆက်သည်။

တယ်လီဖုံးတစ်လုံးနှင့် အလုပ်ရှုပ်နေပြီး နာရီဝက်ခန့် အချိန်တွေကုန်ဆုံးသွားသည်။ တတိယအကြိမ် ဖုံးစကားပြော ပြီးနောက် ရဲမောင် နေရာမှထသည်။ သူသည် စီးကရက်ဘူး နှင့် မီးခြစ်ကို အိတ်ထဲထည့်ခါ ကားသော့ကိုကောက်ယူကာ အခန်းထဲမှ ထွက်သည်။

အပြင်ဘက်အခန်းကျယ်ကြီးတွင် ဝန်ထမ်းဆယ် ယောက်ခန့်က ကိုယ့်စားပွဲတွင် ကိုယ်ထိုင်ပြီး အလုပ်လုပ်နေ ကြသည်။ သူတို့က ရဲမောင်ကိုတွေ့သည်နှင့် အလုပ်လုပ်နေရာ မှ ဖျုပ်ခနဲလှမ်းကြည့်ကာ ခေါင်းညိတ်နှုတ်ဆက်ကြသည်။ ရဲ မောင်က အားလုံးကိုနှုတ်ဆက်ဟန် လက်တစ်ဖက်မြှောက်ပြရင်း အခန်းကျယ်ကြီးကိုဖြတ်သည်။ ထွက်ပေါက်အနီးသို့အရောက် တွင် စားပွဲတစ်လုံး၌ထိုင်နေသော မိန်းကလေးတစ်ယောက် ရှေ့တွင် ရပ်လိုက်၏။

"ငါ အပြင်သွားမလို့ . . စန်းမောင်ကိုပြောပြလိုက်"

"ဟုတ်ကဲ့ ဆရာ . . ဟုတ်ကဲ့"

ရဲမောင် အခန်းအပြင်သို့ထွက်သည်။ အပြင်တွင်ရှိ





သော လှေခါးအတိုင်း အောက်ထပ်သို့ဆင်းသည်။ လှေခါးအ ဘက်အဆင်းတွင် အောက်ထပ်အရောင်းခန်းမှနေ၍ ပြန်တက် လာသော စန်းမောင်အား တွေ့ရသည်။

"ငါအပြင်သွားမလို့ စန်းမောင်"

"ဟုတ်ကဲ့ အစ်ကို . . စိတ်ချပြီးသွားပါ"

ရဲမောင်က စန်းမောင်၏ပခုံးကို တစ်ချက်ပုတ်ပြီး လှေခါးအတိုင်း ဆက်ဆင်းသည်။ လှေခါးဆုံးသည်နှင့် သူက ညာဘက်သို့ချိုးကွေ့သည်။ ညာဘက်ကားပတ်ခ်တွင် ရပ်ထား သော ရှမ်းကျားသစ် တောင်တက်ဂျစ်ကားပေါ်သို့တက်ကာ စက်နှိုးမောင်းထွက်ခဲ့သည်။

အေးသာယာစက်မှုဇုံမှထုတ်သော ရှမ်းကျားသစ်ဂျစ် ကားသည် မင်းလမ်းအတိုင်း လျှင်မြန်စွာပြေးသည်။ တစ်ခဏ အတွင်းမှာပင် မြို့ပြင်သို့ရောက်လာပြီး အနည်းငယ်ကျဉ်းမြောင်း သော တောင်တက်လမ်းအတိုင်း လျှင်မြန်စွာပြေးသည်။

စက်အားကောင်းသော ဂျစ်ကားကို ထိန်းသိမ်းမောင်း နှင်ရင်း ရဲမောင်အတွေးတွေ ဟိုရောက်သည်ရောက် ရောက်နေ သည်။ သူက ချက်ချင်းပင် လွင့်ပါးနေသည့်စိတ်ကို ထိန်းသည်။

ဝ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်လမ်းတွင် ကားမောင်းနေသူတစ်ယောက် စိတ်ပျံ့လွင့်နေလျှင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်မည်ဟု ကိုယ့်ကိုကိုယ်သတိပေးဆုံးမကာ ကားကိုအရှိန်မြှင့်ပြီးမောင်းသည်။

အကွေ့အကောက်ပေါသော အတက်အဆင်းများသော တောင်ပေါ်လမ်းအတိုင်း မိုင်နှစ်ဆယ်သွားလျှင် မြို့သစ်ကို ရောက်လိမ့်မည်။ မြို့သစ်တွင် သီးသန့်ကျပြီး အေးချမ်းသာယာသော ဦးဖိုးထောင်၏အိမ်ရှိသည်။ ဖခင်၏သူငယ်ချင်းဖြစ်ပြီး ငယ်စဉ်ကတည်းက လက်ပွန်းတတီးနေထိုင် ခင်မင်ခဲ့သော ဦးဖိုးထောင်ထံသို့ ရဲမောင် အရောက်အပေါက်နည်းသည်။

တစ်နှစ်မှာတစ်ခါပင် မရောက်ဖြစ်။ အကြောင်းကိစ္စကြီးငယ်ရှိမှသာ သွားဖြစ်၏။ ဦးဖိုးထောင်က သူ၏အိမ်မှ ပြင်ပသို့ ထွက်လေ့မရှိ။ ရဲမောင်ထံသို့ တစ်ခါမျှပင် မလာဖူးခဲ့။ တယ်လီဖုန်းဖြင့်သာ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ကြသည်။ အောင်အောင်မွေးမြူရေးခြံနှင့် ရုံးခန်းကို ကူးချည်သန်းချည်လုပ်နေရသဖြင့် ရဲမောင်မှာ အားလပ်ချိန်များများစားစား မရှိ။ မွေးမြူရေးခြံသို့ ကိုယ်တိုင်ဝင်ရမှ ကျေနပ်သည်။ နို့ချက်စက်ရုံတွင်လည်း ကိုယ်တိုင်ကြီးကြပ်ရမှ ကျေနပ်သူဖြစ်၏။





ဖူးပွင့်ကြောင့်သာ မဟုတ်လျှင် ရဲမောင် သည်ခရီးကို လာဖြစ်မည်မထင်။ ကွေ့ချိုးတစ်ခုကို ချိုးကွေ့ပြီးသည်နှင့် တဟာတောင်တက်လမ်းစသည်။ ရဲမောင်၏ဂျစ်ကားသည် သက်သာင့်သက်သာပင် တောင်ပေါ်သို့တက်နေ၏။ တစ်ကွေ့ပြီး တစ်ကွေ့ ပတ်တက်ရင်း နောက်ဆုံးတွင် အမြင့်ဆုံးတောင်ပေါ်ရှိ မြို့သစ်သို့ ရောက်သည်။

မြို့သစ်သည် မြို့ကွက်ကျယ်ပြီး လူနေအိမ်ခြေကျဲသည်။ သစ်ပင်များအုပ်ဆိုင်းနေသော ခြံဝင်းကျယ်ကြီးများဖြင့် တိတ်ဆိတ်အေးချမ်းသော တကယ့်တောင်စခန်းမြို့တစ်မြို့ ဖြစ်၏။

ရဲမောင်က ကားကို မြို့တောင်ဘက်အစွန်ရှိ ခြံဝင်းကျယ်ကြီးအတွင်းသို့ ချိုးကွေ့မောင်းဝင်သည်။ ထိုခြံဝင်းကျယ်ကြီးမှာ ဦးဖိုးထောင်၏ခြံဝင်းပင် ဖြစ်သည်။

တစ်ထပ်တိုက်ပုလေးတစ်လုံးရှိသော ခြံဝင်းကျယ်ကြီးမှာ ပန်းဥယျာဉ်ကြီးတစ်ခုနှင့် ပမာတူနေသည်။ ရဲမောင်က သစ်တံခါးကိုဖြတ်ကျော်ပြီးနောက် တစ်ထပ်တိုက်ပုလေးရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com

မကြားရတာ နှစ်နှင့်ချီ၍ကြာပြီဖြစ်သော ခေါ်သံကို ကြားရသည်။ ရဲမောင် ကားပေါ်မှဖျတ်ခနဲ ဆင်းလိုက်၏။ အသံလာရာသို့ လှမ်းအကြည့်တွင် အိမ်ထဲမှ အပြေးတစ်ပိုင်းထွက်လာသည့် ဖူးပွင့်ကိုတွေ့ရသည်။

"ဖူး"

"ကိုကို လာတယ်နော်"

ဖူးပွင့်က ရဲမောင်၏ရင်ခွင်ထဲသို့ ပြေးဝင်သည်။ ရဲမောင်က ဖူးပွင့်၏ပခုံးကို အလိုက်သင့်ဖက်ထားလိုက်၏။

"ဖူး ဒုက္ခရောက်နေပြီဆိုတော့ ကိုကို မလာလို့ ဖြစ်မလား၊ လာရတာပေါ့"

ဖူးပွင့်က မျက်ရည်တောက်နေသော မျက်လုံးအစုံဖြင့် ရဲမောင်ကို ကြည့်သည်။ ရဲမောင်က ဖူးပွင့်၏နဖူးဝင်းဝင်းလေးကို ညင်သာစွာနမ်းလိုက်၏။

"ဖူး . . ဘာဖြစ်လို့လဲ"

"အိမ်ထဲကို မဝင်တော့ဘူးလား ကိုကို"

"ဟာ . . ဝင်မှာပေါ့၊ ဖူးက အိမ်ထဲရောက်မှ စကားပြောချင်တယ်နဲ့တူတယ် မဟုတ်လား"





ဖူးပွင့်က ကလေးလေးတစ်ယောက်ပမာ ရဲမောင်အား နှုတ်မဲ့ရင်း ခေါင်းညိတ်ပြသည်။ ရဲမောင်သည် ဖူးပွင့်၏ပခုံးကို ဖွဖွသာသာဆုပ်ကိုင်ရင်း တိုက်ပုလေးအတွင်းသို့ ဝင်လိုက်သည်။

"ဦးလေးကော"

"ကိုကိုလာရင် ဖူးပွင့်နဲ့ လွတ်လွတ်လပ်လပ် စကားပြောရအောင်ဆိုပြီး အပြင်ထွက်သွားတယ်၊ ထမင်းစားချိန်အမီ ပြန်လာမယ်၊ စောင့်နေပါလို့ မှာသွားတယ်"

"ဦးလေးက အရင်အတိုင်းပဲနော် .. ဆေးလိပ်မသောက်တော့တာကလွဲပြီး ဘာမှမပြောင်းလဲဘူး"

"သူ တစ်နေ့တစ်နေ့ ပန်းပင်တွေနဲ့ အလုပ်ရှုပ်နေတာပဲ၊ ဒီမှာနေရတာ ငြီးငွေ့ရင် တောပစ်ထွက်တယ်တဲ့၊ ဖူးရောက်တာတည်းကတော့ တစ်ခါမှ တောပစ်မထွက်ဘူး၊ အပြင်ထွက်တယ်ဆိုလို့ ကိုကို့ဆီကို သွားတာရယ်၊ ခုတစ်ခါ အပြင်သွားတာရယ်ပဲ ရှိတယ်"

ဆိုဖာပုပုလေးများ ချခင်းထားသော ဧည့်ခန်းသို့ရောက်သည်။ ရဲမောင်နှင့် ဖူးပွင့်တို့က နှစ်ယောက်ထိုင်ဆိုဖာတစ်လုံးပေါ်တွင် ဘေးချင်းယှဉ်၍ ထိုင်လိုက်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com



"ဖူး အိမ်ကနေထွက်သွားတော့ ကိုကို ဖူးကို မလွမ်းဘူးလား"

"မလွမ်းပါဘူး . . ချွေးမလေး၊ ဘာမှမဟုတ်တာနဲ့ စိတ်ကောက်ပြီး ထွက်သွားတယ်၊ အချိန်တန်တော့ စိတ်ပြေပြီး ပြန်လာမယ်ထင်နေတာ ပြန်မလာဘူး"

ဖူးပွင့်က ပြုံးယောင်သန်းနေသော မျက်နှာနှင့် နှုတ်ခမ်းရှုလိုက်သည်။ ကလေးဆန်သည့် အမူအရာကြောင့် ဖူးပွင့်၏ မျက်နှာမှာ ပိုပြီးနုမျစ်သန့်စင်သွား၏။ ရဲမောင်က ချစ်စရာကောင်းသော ဖူးပွင့်၏မျက်နှာကို ငေးကြည့်မိသည်။

"မမဦးကော . . ဟင်"

"မသိဘူးလေ"

"ကိုကိုနော် . . ဖူး အတည်မေးနေတာ သိလား"

"တကယ်မသိတာ ဖူးအိမ်ကနေ စိတ်ဆိုးပြီးထွက်သွားတော့ သံယောဇဉ်ဦးလည်း ငိုပြီးထွက်သွားတယ်၊ သူ့သတင်းကို မကြားရတာ ကနေ့ထိပဲ"

"ကိုကို လိုက်မရှာဘူးလား"

ရဲမောင် ခေါင်းခါပြသည်။





"ကိုကို့မှာ အပြစ်မှုမရှိတာ၊ ဖူးက ကိုကို့ကို ချစ်လို့နောက်လိုဖြစ်တာ အပြစ်မှာ မဟုတ်ဘဲ၊ အဲဒါကို အပြစ်လို့ယူဆနေရင်တော့ ကိုကို ဘာမှ မတတ်နိုင်ဘူး၊ သူ့ကို လိုက်ရှာဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမယ့် ဘာအပြစ်မှ မရှိဘဲနဲ့ ကိုကို တရားခံဖြစ်တာ အတည်ဖြစ်သွားမှာစိုးလို့ အလုပ်ထဲပဲ စိတ်ကို သွင်းထားလိုက်ရတယ်၊ ဖူးကကော အခု ဘယ်ကလာတာလဲ ဘာပြဿနာတွေ ဖြစ်လာလို့လဲ"

"ပြဿနာ မဟုတ်ပါဘူး ကိုကိုရယ်၊ ဖူးသူငယ်ချင်းတစ်ယောက် ဒီနယ်ထဲကနေ ထွက်ချင်လို့ . . အဲဒါ ကိုကို ကူညီနိုင်ရင် ကူညီပါ၊ သူက လူကောင်းပါ ကိုကို၊ ပြစ်မှုတစ်ခုနဲ့ပတ်သက်လို့ အထင်မှားခံနေရတယ်၊ အဲဒါ ဒီကနေ ရန်ကုန်ရောက်အောင်သွားပြီး သူ ပြစ်မှုကျူးလွန်တာ မဟုတ်ကြောင်း ရှင်းလင်းမလို့"

ရဲမောင် ခေါင်းခါသည်။ ဖူးပွင့်က သူမ ဖြစ်စေချင်တာ တစ်ခုကို ယုတ္တိရှိရှိလှည့်ပတ်ကာ ပြောဆိုနေခြင်းဟု နားလည်လိုက်သည်။ ဖူးပွင့်အား နွံနစ်သောအဖြစ်မျိုးမှ ကယ်တင်နိုင်ဖို့ ကြိုးစားမည်ဟု ရဲမောင် ဆုံးဖြတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

သစ်ရွက်သက်ခက်များပေါ်မှ နှင်းစက်တွေကျသံ
ဖျောက်ဖျောက်နှင့် ပေါ်ထွက်နေသည်။ ချမ်းချမ်းစီးစီးထဲတွင်
အိပ်တန်းမှထလာသော ကျေးငှက်သာရကာတို့၏အသံ
လောက၏ဂီတသံအဖြစ် ကြားနေရသည်။

ပုံဖျက်ဝတ်စုံဝတ်ထားသော လူငါးယောက် တောအုပ်
ထဲသို့ဝင်လာသည်။ ငါးယောက်စလုံး အရပ်အမောင်းကောင်း
ကောင်းနှင့် ကြံ့ခိုင်တောင့်တင်းသူများ ဖြစ်ကြပြီး ကျောပိုးအိတ်
ကိုယ်စီလွယ်ကာ လက်နက်ကိုယ်စီ ကိုင်ထားကြသည်။





လူငါးယောက်အနက် ခေါင်းဆောင်လုပ်သူ၏ နဖူးတွင်
ကြိုးနီလေးစည်းထားသည်။ သူ့လက်ထဲ၌ လမ်းလျှောက်စကား
ပြောစက်တစ်လုံးကို ကိုင်ထားသည်။

လူငါးယောက်က သစ်ပင်တွေ စေ့စေ့သိပ်သိပ်ပေါက်
နေသော တောအုပ်ကိုဖြတ်သည်။ တောအုပ်လွန်သည်နှင့် သစ်
များစည်းရိုးခတ်ထားသည့် ခြံဝင်းတစ်ဝင်းကို တွေ့ရသည်။ ခြံ
ဝင်းအတွင်း၌ သစ်သားအိမ်တစ်အိမ်ကို တွေ့ရသည်။

နဖူးတွင် ဖဲပြားအနီစည်းထားသောသူက သစ်သားအိမ်
ကို မြင်သည်နှင့် လက်တစ်ဖက်မြှောက်ပြလိုက်သည်။ သူ့နောက်
မှ ပါလာသူလေးယောက် တုန့်ခနဲရပ်သွား၏။ နဖူးစည်းအနီ
နှင့်လူက စကားပြောစက်ခလုတ်ကို ဖွင့်လိုက်သည်။

"ကျားသစ်မှ လင်းယုန် . . ကျားသစ်မှ လင်းယုန်
အသံကြားရဲ့လား"

"လင်းယုန်မှ ကျားသစ် ကောင်းကောင်းကြားတယ်"

"ကျားသစ်တို့အဖွဲ့ သစ်သားအိမ်အနားကို ရောက်နေ
ပြီ"

"ကျားသစ် ဆက်လုပ်ပါ၊ အိမ်ထဲမှာ လူသုံးယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် . . ပစ်မှတ်ကို အဓိကထားပါ"

"နားလည်ပြီ လင်းယုန်"

"အခြေအနေကို ကြည့်ပေးနေမယ်၊ အမြန်ဆုံးလှုပ်ရှားပါ"

နံဖူးတွင် အနီရောင်ဖဲပြားစည်းထားသူက စကားပြောစက်ကိုကိုင်ရင်း သူ့လူများအား ဘယ်ညာခွဲဝင်ရန် လက်ရိပ်ပြသည်။ လူနှစ်ယောက် ခြေသံလုံလုံနင်းပြီး ညာဘက်သို့ပြေးထွက်သွား၏။ ကျန်နှစ်ယောက်က အူဇီသေနတ်များကို အသင့်ကိုင်ပြီး ကိုယ့်ကိုကိုင်းညွတ်ကာ ဘယ်ဘက်သို့ပြေးထွက်သည်။ နံဖူးစည်းနှင့်လူက သစ်လုံးစည်းရိုးအနီးသို့ ပြေးကပ်၏။

သစ်လုံးကာခြံဝင်းရှေ့တည့်တည့်တွင် သစ်ပင်မြင့်မြင့်ကြီးတစ်ပင်ရှိသည်။ ထိုသစ်ပင်အနီးသို့ ပုံဖျက်ဝတ်စုံဝတ်ထားသည့် အောင်ဆက် ပြေးကပ်သည်။ သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး သစ်ပင်ပေါ်သို့ လျင်မြန်စွာတက်သည်။

သစ်ကိုင်းသစ်ရွက်တွေ အုပ်မိုးနေသော သစ်ပင်ခွဆုံသို့အရောက်တွင် အကျအနနေရာယူကာ ထိုင်သည်။ သူ့ကျောထက်၌ လွယ်ထားသော မောင်းပြန်ရိုင်ဖယ်ကို ဖြုတ်ယူသည်။





ချိန်ပြောင်းတပ်ထားသော မောင်းပြန်ရိုင်ဖယ်ဖြင့် ခြံဝင်းအတွင်းရှိ သစ်သားအိမ်လေးဆီသို့ ချိန်ရွယ်လိုက်သည်။

သစ်သားအိမ်လေးဆီမှ လှုပ်ရှားမှုကို မတွေ့ရ။ အောင်ဆက်က အိမ်လေးဆီသို့ စူးရှအရောင်လက်နေသော မျက်လုံးအစုံဖြင့်ကြည့်သည်။ တစ်ခဏအကြာတွင် သူ့မြင်ကွင်းထဲသို့ ပုံဖျက်ဝတ်စုံဝတ်ထားသူများ ဝင်လာသည်။

"ကျားသစ် . . ကျားသစ်၊ လင်းယုန် ပြောနေတယ်"

အောင်ဆက်က စကားပြောစက်ကို ထုတ်ပြောသည်။ လေတိုးသံသဲ့သဲ့နှင့်အတူ စကားပြောသံ ပေါ်လာသည်။

"လင်းယုန် . . ကျားသစ်ကြားတယ်"

အိမ်အနောက်ဘက်ကို လူတစ်ယောက်ထွက်လာနေပြီ အသံတိတ်ရှင်းနိုင်အောင် ကြိုးစားပါ"

သစ်သားအိမ်လေး၏ နောက်တံခါးမှလူတစ်ယောက်ထွက်လာသည်။ ပုံဖျက်ဝတ်စုံဝတ်ထားသူတစ်ယောက်က ထိုသူ့အနားသို့ ပြေးကပ်သည်။ လျှောက်လာသော ထိုသူ၏ပခုံးကို ဆတ်ခနဲလှမ်းပုတ်ပြီး လှည့်အကြည့်မှာ လက်သီးဖြင့် လှမ်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ ရှောင်လိုက်၏။ ပထမလက်သီးချက် လွဲချော်သွားသည်နှင့် ပုံဖျက်ဝတ်စုံဝတ်ထားသူက ဒုတိယအကြိမ်လက်သီးဖြင့်ထိုးသည်။ အိမ်ထဲမှထွက်လာသူ မရှောင်နိုင်တော့ဘဲ အထိုးခံလိုက်ရ၏။ ထိုသူ နောက်သို့လှည့်သွားစဉ် ခါးကြားမှ ပစ္စတိုကို လျှပ်တစ်ပြက်ဆွဲထုတ်ပစ်ခတ်သည်။ သေနတ်သံတစ်ချက် ကျယ်လောင်စွာ ပေါ်လာ၏။

ပုံဖျက်ဝတ်စုံဝတ်ထားသောသူက တစ်ဖက်လူ၏ လက်ထဲမှသေနတ်ကို ခြေဖြင့်ပတ်ကန်သည်။ တစ်ပြိုင်နက်တည်းပင် သူ့လက်ထဲမှ စက်သေနတ်မောင်းကို ဆွဲညှစ်လိုက်၏။

စက်သေနတ်သံက ပတ်ဝန်းကျင်တစ်ခုလုံးကို လှုပ်ရှားသွားစေသည်။ အိမ်ထဲမှထွက်လာသူ နောက်ကိုလှန်ကျသွား၏။ ပုံဖျက်ဝတ်စုံဝတ်ထားသူတို့ သစ်သားအိမ်တစ်ဖက်တစ်ချက်မှနေ၍ အိမ်အတွင်းသို့ စက်သေနတ်များဖြင့် ပစ်ခတ်သည်။ စက်သေနတ်သံများ အဆက်မပြတ်ပေါ်ထွက်လာချိန်မှာပင် လူတစ်ယောက် အိမ်ထဲမှနေ၍ လေးဖက်ထောက်ပြီး ထွက်လာသည်။

သစ်ပင်ပေါ်တွင်ထိုင်နေသော အောင်ဆက်က အိမ်ထဲ





မှ လေးဖက်ထောက်ထွက်လာသူအား လှမ်းမြင်သည်။ သူက ရိုင်ဖယ်ကိုပင့်ချိန်လိုက်၏။ အိမ်ထဲမှထွက်လာသူက မလွယ်ပေါက်တံခါးရှိသည့် ခြံဘေးတစ်ဖက်သို့ လျင်မြန်စွာ တိုးထွက်သည်။ မလွယ်ပေါက်တံခါးအနီးသို့ ရောက်ခါနီးတွင် အောင်ဆက်က ထိုသူ့ထံသို့ ချိန်ရွယ်ထားသည့် သေနတ်မောင်းကို ဆွဲညှစ်လိုက်သည်။

ကျယ်လောင်သော ပေါက်ကွဲသံကို ကြားရသည်။ မလွယ်ပေါက်တံခါးသို့ သွားနေသူ ဆတ်ခနဲဖြစ်ပြီး ငြိမ်ကျသွား၏။ အောင်ဆက်က သေနတ်ပြောင်းကို အိမ်ဘက်သို့ပြန်လှည့်သည်။ ထိုအချိန်မှာပင် အိမ်ထဲမှ အောင်သူပြေးထွက်လာပြီး အောင်ဆက်အား သေနတ်ဖြင့် လှမ်းပစ်သည်။

အောင်ဆက်က သေနတ်မောင်းကို ဖြည်းညှင်းစွာဆွဲညှစ်လိုက်သည်။ သေနတ်သံကျယ်လောင်စွာ ပေါ်လာပြီး အိမ်ထဲမှထွက်လာသော အောင်သူ့အား တုံးခနဲလဲကျသွားစေသည်။

အောင်ဆက်က အားရပါးရပြုံးသည်။ စကားပြောစက်ကိုသိမ်း ရိုင်ဖယ်ကိုလွယ်ပြီး သစ်ပင်ပေါ်မှဆင်းသည်။ သူက လျင်မြန်သော ခြေလှမ်းဖြင့် သစ်လုံးခြံစည်းရိုးကာထားသော



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းအတွင်းသို့ ပြေးဝင်သည်။ တစ်ခဏအတွင်းမှာပင် သူသည် မြေပြင်ပေါ်သို့လဲကျနေသော အောင်သူ့အနားသို့ ရောက်လာသည်။

သေနတ်တစ်ချက်ထိထားသော်လည်း အောင်သူ တစ်စက်မှလှုပ်ပုံမရ။ သူ့ဘေးတွင်ကျနေသော ပစ္စတိုကို ကောက်ကိုင်သည်။ သေနတ်ကို မြဲမြဲမဆုပ်နိုင်ခင် အောင်ဆက်က အောင်သူ၏လက်ကို တောစီးဖိနပ်ဖြင့် နင်းလိုက်သည်။

"အား"

"မင်းအတွက် နောက်ဆုံးအချိန်ရောက်နေပြီ အောင်သူ မကြိုးစားနဲ့လေ"

အောင်သူ ဖြည်းညင်းစွာကြည့်လာသည်။ အောင်ဆက်အား တစ်စုံတစ်ရာပြောမည်အပြုတွင် သွေးတွေပွက်ခနဲ အန်လိုက်သည်။

"မင်း . . မင်း လူယုတ်မာ"

အောင်ဆက်က အောင်သူ ဝေဒနာခံစားရနေရပုံကို စိမ်ပြေနပြေကြည့်နေသည်။ အောင်သူ နောက်တစ်ကြိမ် ခေါင်းထူရန်ကြိုးစားသည်။ မြေပြင်ပေါ်သို့ မျက်နှာအပ်လျက် ကျသွား





ား သစ်သားအိမ်ကို ဝင်စီးသူများအနက် နှစ်ယောက်က အိမ်အတွင်းဘက်သို့ ပြေးဝင်သွားသည်။ အောင်ဆက်မှာ နေရာတွင်ရပ်ပြီး အောင်သူ့ကိုကြည့်နေ၏။ အောင်သူ မလှုပ်တော့။ အောင်ဆက်က ဒူးထောက်ပြီး စစ်ဆေးကြည့်သည်။ အောင်သူ အသက်မရှိတော့ကြောင်း သေချာမှ ဒူးထောက်နေရာက ထလိုက်သည်။

"ငါ စိတ်မကောင်းပါဘူး အောင်သူ . . မင်းက ငါ့လမ်းကြောင်းပေါ်ကို ရောက်လာလို့ မတတ်သာဘဲ လုပ်လိုက်တယ်"

စိတ်မကောင်းစရာ စကားတွေပြောနေသော အောင်ဆက်၏မျက်နှာမှာ ကျေနပ်ဟန်တွေထင်နေသည်။ သူက အောင်သူ့ကိုကြည့်ရင်းမှ အားရပါးရပြုံးလိုက်လေသည်။

. . . .

ဦးဖိုးထောင်က ဖူးပွင့်ကို ချစ်ခင်ကြင်နာရိပ်တွေ ထင်နေသော အကြည့်ဖြင့်ကြည့်ရင်းမှ အသားဟင်းပန်းကန်ကို ပေးလိုက်သည်။

"ကြက်သားဟင်းက ကောင်းတယ် ထည့်စား"



www.burmeseclassic.com

www.burmeseclassic.com



"စားပါတယ် ဦးရဲ့ . . ဒီမှာ ဟင်းဖတ်တွေများနေပြီ"

"ဘာများတာလဲ သူများနိုင်ငံမှာ လူတစ်ယောက်ကို ကြက်တစ်ခြမ်းလောက်စားတာ၊ သမီးက ကြက်သားလေးနှစ်တုံးလောက် စားတာနဲ့ များပြီထင်နေသလား၊ စားသာစား . . သူများတွေစားသလို ငါတို့လည်း စားနိုင်ပါတယ်၊ ကောင်းကောင်းစားမှ အာဟာရဖြစ်မှာ၊ အာဟာရဖြစ်မှ သန်မာမှာ"

ရဲမောင်က ဖူးပွင့်အား ဂရုတစိုက် ဟင်းထည့်ပေးနေသော ဦးဖိုးထောင်ကိုကြည့်ပြီး ပြုံးသည်။

"ဦးက ကျွန်တော်ကိုတော့ စားပါလို့ မပြောဘူး၊ ဖူးပွင့်ကိုပဲ စေတနာတွေ ပိုနေတယ်"

ဦးဖိုးထောင်က ရဲမောင်အား မျက်လုံးကြီးပြူးပြီး ကြည့်သည်။ ပြီးနောက် အားရပါးရ ရယ်လိုက်သည်။

"တစ်ယောက်ထဲ ဒိုင်ခံစားနေတဲ့ကောင်ကများ စားပါ ဦးလို့ အပြောခံချင်သေးတယ်၊ ကျလည်း ကျတဲ့ကောင်ကွာ"

ဦးဖိုးထောင်၏စကားကြောင့် ရဲမောင်နှင့် ဖူးပွင့်တို့ လိုက်ရယ်သည်။ ရယ်သံတွေ စီစီညံညံနှင့် ထမင်းဝိုင်းမှာ စိုစို ပြေပြေ ရှိသွား၏။





"စားကြ . . စားကြ . . ဦးကောလိက သူ့လက်ရာ ဟင်းများများစားပြီး ကောင်းတယ်ပြောရင် သိပ်သဘောကျတာ၊ အဲဒီလိုပြောတဲ့လူ အစားချောင်ပြီတာမှတ်တော့၊ ဦးကောလိက သာတိုင်းကျွေးချင်နေတာ ခက်တယ်"

"ဦးကောလိက ဦးလေးနဲ့ တစ်သက်လုံး အတူနေတာ နော်"

"မွေးဗုံကတည်းက အတူမွေးလာတာကွ၊ ငါက နေ့ပိုင်း သူက ညပိုင်းအချိန်ပဲကွာတယ်။ ကစားတတ်တဲ့အရွယ်ရောက်တော့ အတူတူကစားတယ်၊ ငါ ရန်ကုန်မှာ ကျောင်းသွားတက်မှ ခွဲနေကြရတာ၊ ကျောင်းကပြန်လာပြီဆိုရင် ငါတို့ အိပ်ချိန်ကျမှ လူချင်းခွာတယ်"

"အဲဒါကြောင့် ဦးကောလိက ဦးလေးအပေါ် သံယောဇဉ်တွေပိုတာကို . . ဦးလေးအကြိုက်ကိုလည်း ဦးလေးကိုယ်တိုင်ထက်တောင် ပိုပြီးသိသေးတယ်"

"ဟား . . ဟား . . ပြောတတ်လိုက်တဲ့ကောင်ကွာ . . ရှက်ကယ်ထိအောင် ပြောတတ်တယ်"

စကားပြောရင်း ရယ်မောရင်း ထမင်းဝိုင်းမှာ စိုစိုပြေ



www.burmeseclassic.com

www.burmeseclassic.com



ပြေပင် ပြီးဆုံးသွားသည်။ ဦးကောလိက ပန်းကန်တွေသိမ်းပြီး ရေနွေးကြမ်းခတ်ဘူး လာချပေးသည်။

"သမီးကိုပြောစရာတစ်ခုရှိတယ် . . ထမင်းစားနေတုံးမို့ ထမင်းစားပျက်မှာစိုးလို့ မပြောတာ"

ရေနွေးကြမ်းတစ်ခွက်စီသောက်အပြီးမှာ ဦးဖိုးထောင်က စကားစသည်။ ဖူးပွင့်က ဦးဖိုးထောင်အား မျက်လွှာတစ်ချက်ပင့်ကြည့်၏။

"ဘာလဲ ဦး . . ဘာပြောစရာရှိလဲ"

"သမီးရဲ့သူငယ်ချင်းအကြောင်းပါ"

"သမီးရဲ့သူငယ်ချင်း . . ဟုတ်လား ဘယ်သူလဲ ဟင်"

"အောင်သူ"

ဖူးပွင့် မျက်မှောင်ကြုံ့သွားသည်။

"ကိုအောင်သူ ဘာဖြစ်လို့လဲ"

"အောင်သူနဲ့သူ့လူတွေကို သက်ဆိုင်ရာက ဝင်ဖမ်းတာ သူက ခုခံတယ်၊ အဲဒါ အပြင်အလှန်ပစ်ခတ်ရင်း အောင်သူ သေသွားတယ်တဲ့၊ ဈေးပိုင်းက လက်ဖက်ရည်ဆိုင်မှာ ပြောနေတာကြားခဲ့တယ်"





"အဲဒါ တကယ်လားဟင် ဦး"

"ဟ . . တကယ်ပေါ့ . . ငါက နင့်ကိုညာပြောရဦးမလား"

ဖူးပွင့် တစ်ချက်ငိုင်ကျသွားသည်။ ပြီးမှ ခေါင်းတစ်ချက်ဆတ်ခနဲ ခါလိုက်၏။

"သူရှိနေတဲ့နေရာက သိပ်လုံခြုံတာ၊ ဘယ်လိုလုပ်ပြီး သိသွားကြသလဲ မသိဘူး"

ရဲမောင်က ဖူးပွင့်၏မျက်နှာကို အကဲခတ်ဟန်ဖြင့် ကြည့်သည်။ ဖူးပွင့်မျက်နှာတစ်ချက် ပျက်အသွားတွင် ရဲမောင် လက်တစ်ဖက် ဖူးပွင့်ပခုံးပေါ်သို့ ရောက်လာသည်။

"ညီမလေး စိတ်မကောင်း ဖြစ်သွားသလား"

"ဖြစ်တာပေါ့ . . သူက ဖူး သူငယ်ချင်းလေ"

"ဒါပေမယ့် သူက ဒုစရိုက်သမားတစ်ယောက် မဟုတ်လား၊ ရာဇဝတ်မှုကျူးလွန်တဲ့လူဟာ အခုလိုပဲ ဖြစ်မှာပေါ့၊ ဥဒေလက်တံက ရှည်တယ်"

"ကိုကိုက သူ အခုလိုဖြစ်သွားတာကို သဘောကျနေတယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရဲမောင် ဖင့်သက်ရှိက်သည်။ ဖူးပွင့်၏မျက်နှာကို ငေးစွာကြည့်ရင်း ခေါင်းခါလိုက်သည်။

"ကိုကို ဝမ်းမသာပါဘူး၊ ဒီလူက ရိုးသားတဲ့လူ၊ ကောင်းရာမွန်ရာ လုပ်ကိုင်စားသောက်တဲ့လူဆိုရင် ဘယ်လောက်ကောင်းမလဲ . . ကိုကို မနာလို မဖြစ်တတ်ပါဘူး"

ဖူးပွင့် မဲ့ပြုံးပြုံးသည်။ သူမ၏မျက်လုံးအစုံမှာ ရီဝေနေခြင်းမရှိဘဲ အရောင်တဖျပ်ဖျပ် လက်နေ၏။

"ဖူးကတော့ မနာလိုဖြတ်တတ်တယ်၊ ဖူးကိုကို့ကို သူစိမ်းမိန်းမတစ်ယောက် ပိုင်စိုးပိုင်နင်း ပြောဆိုနေတာ၊ ထိကိုင်နေတာတွေကို မကြည့်ချင်ဘူး"

ဦးဖိုးထောင်က ဖူးပွင့်၏ခေါင်းကို ညင်သာစွာပွတ်သပ်သည်။ ဖူးပွင့်၏ဆံပင်ကို အသာအယာသပ်ပေးသည်။

"အဲဒါက သဘာဝလေ . . သမီးရဲ့၊ ဒါကို သွားပြောနေလို့ ဘယ်ဖြစ်မလဲ၊ တစ်ကယ်တော့ သမီးက လိမ္မာပါတယ်၊ ငယ်သေးလို့ စိတ်မထိန်းနိုင်တာ အချိန်ကျတော့လည်း စိတ်ထိန်းနိုင်လာ သိတတ်လာပါလိမ့်မယ်"

ဖူးပွင့် နှုတ်ခမ်းလေးစူလိုက်သည်။





"ဟင့်အင်း . . ဖူးတော့ မသိတတ်ချင်ဘူး၊ ကိုကိုနဲ့ တော်သက်ရင် အမြဲမနာလို ဖြစ်မှာပဲ"

ရဲမောင်က ဖူးပွင့်၏ပခုံးကို ခပ်သာသာညှစ်လိုက်၏။

"ကဲ . . ဖြစ်ဗျာ . . ဖြစ်၊ ကိုကိုအနားမှာ ဘယ်သူမှ ရှိမှာမဟုတ်တော့ မနာလိုဖြစ်တယ်ဆိုတာ မရှိနိုင်တော့ပါဘူး"

ရဲမောင်က ပြေရာပြေကြောင်း စကားတွေပြောရင်း ဖူးပွင့်ကို အကဲခတ်ကြည့်သည်။ ဖူးပွင့်တစ်ယောက် သူ့တွဲဖော်တွဲဖက်အတွက် ထိခိုက်ခံစားရခြင်း မရှိသည်ကို စိတ်ထဲက အံ့သြနေမိသည်။

"နေဦး . . သမီးကို မေးရဦးမယ်၊ သမီး အဲဒီကောင်လေးနဲ့ လက်ထပ်ဖို့ စဉ်းစားထားသလား"

ဖူးပွင့် တွေခနဲဖြစ်သွားသည်။ တစ်ခဏကြာမျှ ငြိမ်နေပြီးနောက် ခေါင်းဆတ်ခါလိုက်၏။

"သူက ဖူးရဲ့လက်တွဲဖော် မဖြစ်နိုင်ပါဘူး"

"ဒါ သမီး တစ်ကယ်ပြောတာနော်"

"တစ်ကယ်ပေါ့ ဦးရဲ့"

"ကောင်းတယ် . . ကောင်းတယ်၊ အဲဒါဆိုရင် သမီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်သက်သာရာ ရတာပေါ့၊ ဒီကောင်လေး မရှိတော့တဲ့အတွက် သမီးမှာ အန္တရာယ်မရှိတော့ဘူး လွတ်လွတ်လပ်လပ် နေလို့ရပြီ"

"ဖူးလည်း အဲဒါပဲ စဉ်းစားနေတာ၊ ဖူး ဒီမှာနေလို့ ရမလားဟင်"

"ဟ . . ရတာပေါ့၊ ရပေမယ့် ငါက သမီးကို ရဲမောင်နဲ့လိုက်သွားစေချင်တယ်"

"အကြောင်းပြချက်တစ်ခုနဲ့ နှင်ထုတ်မလို့လား ဦးရဲ့"

"တော်စမ်း ခွေးမလေး . . နေ . . နေ၊ ဒီမှာပဲနေ တစ်သက်လုံးနေမယ်ဆို ပိုကောင်းတယ်"

"နေမယ် . . ကိုကိုလည်း ဒီကို မကြာခဏ လာရမယ်နော်"

ရဲမောင် ခေါင်းညိတ်ပြလိုက်လေသည်။ ဖူးပွင့်၏မျက်နှာတွင် ကျေနပ်ရိပ်တွေ ထင်သွား၏။



## အခန်း(၅)

အဆက်မပြတ်မြည်နေသော တယ်လီဖုန်းခေါင်းလောင်းသံက ရဲမောင်အား နိုးကြားသွားစေသည်။ သူက ဝရံတာမှခွာပြီး ရုံးခန်းအတွင်းသို့ဝင်သည်။ စားပွဲကျယ်ကြီးနောက်ရှိ ဆုံလည်ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဖုန်းခွက်ကိုမယူကာ နားထောင်လိုက်သည်။

"အမိန့်ရှိပါ ရဲမောင် စကားပြောနေပါတယ်"

"ဦးရဲမောင် မြို့သစ်ကို အမြန်လာခဲ့ပါ၊ ဦးဖိုးထောင်ရဲ့အိမ်မှာ ပြဿနာပေါ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြဿနာလဲ . . နေဦး၊ ခင်ဗျားက ဘယ်သူလဲ"

"ကျွန်တော် မြင့်ဝေပါ၊ မြို့သစ်စခန်းမှူးပါ . . ဒီရောက်ရင် အကျိုးအကြောင်း သိရပါလိမ့်မယ် ခင်ဗျား အမြန်လာခဲ့ပါ"

ရဲမောင်က တစ်စုံတစ်ရာ ပြောမည်ပြုသည်။ သို့သော် ပြောခွင့်မရလိုက်၊ တစ်ဖက်မှ ဖုန်းချသွား၏။

ရဲမောင် ဖုန်းခွက်ကိုကိုင်ပြီး အတန်ကြာအောင် ငိုင်နေသည်။ ပြီးမှ သူက သက်ပြင်းတစ်ချက်နှင့်အတူ ဖုန်းခွက်ကိုပြန်ချလိုက်၏။

ဖူးပွင့်တစ်ယောက် အန္တရာယ်နှင့် တွေ့နေပြီလားဆိုသည့်အတွေး ရဲမောင်၏ခေါင်းထဲသို့ ဖျပ်ခနဲရောက်လာသည်။ သူက ကားသော့ကိုယူပြီး စားပွဲကျယ်ကြီးနောက်မှ ထွက်သည်။ အပြင်ဘက်အခန်းတွင်ရှိသော သူ၏လက်ထောက်အား မှာကြားစရာရှိတာမှာပြီး အောက်ထပ်သို့ဆင်းသည်။ တိုက်ဘယ်ဘက် မြေကွက်လပ်တွင် ရပ်ထားသော သူ့ကားပေါ်သို့တက်ပြီး ကားကိုမောင်းထွက်သည်။

သူ ကားမောင်းထွက်လာသည်နှင့် မရှေးမနှောင်း





နောက်မှပါလာသော ဆိုင်ကယ်တစ်စီးကို ရဲမောင် သတိပြုမိသည်။ သူက မြို့ပြင်သို့မထွက်ဘဲ ဆိုင်ကယ်ကို မတွေ့ရတော့သည့်အခါ ဓာတ်ဆီဆိုင်သို့ဝင်ပြီး ဓာတ်ဆီထည့်ရန် တန်းစီသည်။

ဓာတ်ဆီထည့်နေသော ကားဆယ်စီးခန့်ကို ငြီးငွေ့စွာ စောင့်ဆိုင်းနေစဉ် ဝေါခနဲဖြတ်မောင်းသွားသော ဆိုင်ကယ်ကို တွေ့ရ၏။ ဆိုင်ကယ်က ခပ်ဝေးဝေးသို့ မောင်းထွက်သွားပြီး နောက်ပြန်လှည့်လာသည်။ သူ့ကားအနီးမှဖြတ်ပြီး တောင်ဘက်များသို့ ထွက်သွားသည်။

"ငါမျက်ခြည်ပြတ်ခဲ့တာတောင် ဒီဆိုင်ကယ် ငါ့နောက်ကိုလိုက်လာနိုင်တယ်၊ ငါ့ကားကိုတွေ့ပြီးတာနဲ့ တစ်ခြားကို မောင်းထွက်သွားတယ်။ ဒါက ဘာသဘောလဲ၊ ငါ့ကားရှိနေတဲ့နေရာကို ခြေရာခံနိုင်တယ်ဆိုတဲ့ သဘောလား"

အတွေးတစ်ခု ရဲမောင်၏ခေါင်းထဲသို့ ဖျပ်ခနဲဝင်လာသည်။ သူက သူ့ရှေ့တွင် ဓာတ်ဆီထည့်ရန် တန်းစီနေသော ကားများကိုကြည့်လိုက်၏။ ကားလေးစီးကျန်နေသေးသည်။ ကားလေးစီး ဓာတ်ဆီထည့်ပြီးအောင် စောင့်ရသည့်အချိန်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



၌ လုပ်စရာရှိတာကို လုပ်နိုင်လိမ့်မည်ဟု သူတွေးမိသည်။

လေးလံနောက်ကျိနေသော သူ၏စိတ်အစဉ် နိုးကြ
သွက်လက်လာသည်။ သူက ကားပေါ်မှဆင်းပြီး ကားစက်ဖုံး
ကိုဖွင့်သည်။ စက်ထဲသို့ ဟိုနှိုက်သည်နှိုက်ရင်း အပ်ရှာသ
ရှာသည်။

စက်ထဲတွင် သူရှာနေသည့် အရာကိုတွေ့ရသည်။ စ
ဖုံးကိုပြန်ပိတ်လိုက်၏။ ကားတစ်စီး ဓာတ်ဆီထည့်ပြီးသွား
ဖြင့် မောင်းထွက်သွားသည်။ ကျန်သည့်ကားတွေ ရှေ့ကိုတ
သွား၏။ ရဲမောင်ကလည်း သူ့ကားပေါ်သို့တက်ပြီး စက်နှိုးထ
ရှေ့ကိုတိုးလိုက်၏။

"ငါကလည်း တော်တော်တုံးသေးတာပဲ၊ စက်ထဲသွ
ရှာနေလို့ ဘာတွေ့မှာလဲ၊ ငါ့ကားက အလုပ်တိုင်ဘေး
ရပ်ထားတာ၊ ကားထဲကို တစ်ခုခုထည့်ချင်ရင် လူအလစ်မှာ
မြန်ထည့်မှရမယ်၊ လူတစ်ယောက် ကားဘေးမှာရပ်ပြီး က
ထဲကို တစ်ခုခုထည့်ရင် ဘယ်နေရာက အလွယ်ကူဆုံးဖြစ်မလဲ

ရဲမောင်က ဒက်ရှ်ဘုတ်အောက်ကို နှိုက်ကြည့်သည်
ကားဘေးဘော်ဒီကို စစ်ကြည့်သည်။ ဟိုရှာသည်ရှာ ရှာ





ဘားလက်ကိုင်ဘီးခွေအောက်သို့ စမ်းလိုက်၏။

ဘီးခွေအောက်ဘက် တိုင်နှင့်ဆက်နေသည့် နေရာတွင်
ခပ်ဖုဖုအရာလေးတစ်ခုကို စမ်းမိသည်။ ရဲမောင်က ငုံ့ကြည့်ပြီး
လက်သည်းနဲ့ကောင်ပြီး ထိုအရာလေးကိုခွာသည်။ တစ်ခဏ
အတွင်းမှာပင် တိပ်ဖြင့်ကပ်ထားသော အသံဖမ်းကိရိယာလေး
ကို ကော်ထုတ်လိုက်နိုင်သည်။

လက်သည်းခွံထက်ဝက်ခန့်ရှိသော ကိရိယာလေးကို
ကြည့်ပြီး ရဲမောင်မျက်မှောင်ကြုံ့သွားသည်။ တစ်စုံတစ်ယောက်
သ သူ့နောက်သို့လိုက်နေပြီဆိုသည့်အသိက ရဲမောင်၏ကိုယ်
တွင်းရှိ သွေးများကို ဆူဝေသွားစေသည်။

သူက အသံဖမ်းကိရိယာလေးကိုကိုင်ပြီး ကားပေါ်မှ
ဆင်းသည်။ ဓာတ်ဆီထည့်ရန် အလှည့်စောင့်နေသော ရှေ့ကား
ဆီသို့လျှောက်၏။ ကားဘေးမှကပ်လျှောက်ရင်း အခြေအနေ
ကြည့်သည့်ဟန်မျိုးဖြင့် ကားခေါင်းနားတွင် ကပ်ရပ်သည်။
ကားစက်ဖုံးပေါ်လက်တင်ပြီး ဓာတ်ဆီထည့်နေသော ရှေ့ကား
ဆီကြည့်သည်။

ကိုယ့်အလှည့်ရောက်ရန် ဓာတ်ဆီထည့်နေသော ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကားကို စိတ်မရှည်နိုင်စွာ ကြည့်နေပုံမျိုးပေါ်အောင် သက်ပြင်းတချချ ခေါင်းတခါခါနှင့်လုပ်ရင်း ရဲမောင်က အသံဖမ်းကိရိယာပါသော တိပ်ကို သူလက်တင်ထားသည့် ကားစက်ဖုံးပေါ်တွင် ကပ်လိုက်သည်။

ပြီး ရှေ့ကိုကျော်လျှောက်ကာ ဓာတ်ဆီထည့်နေသည့်ကားကိုကြည့်သည်။ ထိုကား ဓာတ်ဆီထည့်ပြီးသွားသည့်အခါ သူ့ကားရှိရာသို့ပြန်လျှောက်ခဲ့ပြီး ကားပေါ်သို့တက်လိုက်သည်။

“ကားပေါ်မှာ မိုက်ခရိုအသံဖမ်းစက်လေး လာတပ်ပြီး နောက်ယောင်ခံလိုက်ဖို့ စီစဉ်ထားတယ်ဆိုတော့ ဒီအဖွဲ့ဟာ သာမန်အဖွဲ့ မဟုတ်နိုင်ဘူး၊ ခေတ်မီစက်ကိရိယာတွေ အသုံးပြုနိုင်တယ်ဆိုတဲ့နောက် ဒီလူတွေဟာ အင်အားတောင့်တဲ့ ဒုစရိုက်သမားတွေပဲ ဖြစ်လိမ့်မယ်”

ရှေ့ကားတွေ ဓာတ်ဆီထည့်ပြီးသွားသဖြင့် ရဲမောင်က သူ့ကားကို ဆီပန့်ဘေးတွင်ရပ်သည်။ လိုအပ်သည့်ကိစ္စများကို လုပ်ကိုင်ရင်း အသံဖမ်းစက်ကလေးနှင့် ပတ်သက်ပြီး စဉ်းစားသည်။

သူက အသံဖမ်းစက်ကလေး ကပ်ပေးလိုက်သည့်ကား





ဓာတ်ဆီဆိုင်မှ ထွက်သွားပြီဖြစ်သည်။ အသံဖမ်းစက်ကလေးအကူအညီဖြင့် နောက်ယောင်ခံမည့်သူတွေ ထိုကားနောက်သို့ လိုက်သွားကြလိမ့်မည်။ နောက်ဆုံးတွင် အချိန်ကုန်လူပန်းဖြစ်ရသည့်ကြောင့် ဒေါသတွေဖြစ်ကြလိမ့်မည်ဟု တွေးရင်း ရဲမောင်ပြုံးသည်။

“ငါက နွားတွေမွေးပြီး နို့ဆီထုတ်နေတဲ့ကောင်၊ ဒီနယ်မှာ ငါ့ပြိုင်ဘက်လည်း မရှိဘူး၊ ရန်သူလည်း မရှိဘူး၊ အခုလူတွေက ငါ့နောက်ကို ရှဒိုးလိုက်ဖို့လုပ်တာပဲ၊ ဖူးပွင့်တို့နဲ့ ပတ်သက်နေလို့ဖြစ်မယ်၊ အခုလည်း ဦးလေးဖိုးထောင်ရဲ့အိမ်မှာပြဿနာဖြစ်နေတယ်လို့ တာဝန်ရှိတဲ့လူက အကြောင်းကြားတယ်၊ အဲဒါလည်း ဖူးပွင့်နဲ့ပတ်သက်နေမလား မသိဘူး၊ ငါမြို့သစ်ကို မြန်မြန်ရောက်အောင် သွားမှပဲ၊ ဒါမှလည်း အကြောင်းစုံသိရမယ်”

ရဲမောင်က ကားကို မိုင်းနားရွာဘက်သို့ မောင်းထွက်သည်။ မြို့နှင့်တစ်မိုင်ခွဲသာ ဝေးသောရွာကို ရောက်အောင် ကျောက်ခင်းလမ်းအတိုင်း သွားရသည်။ ရွာကိုရောက်သည့်အခါ သူက လှည်းလမ်းသာသာမျှသာရှိသော လမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်လမ်းမကြီးသို့ ရောက်အောင်မောင်းသည်။

တစ်မိုင်ခန့်ဝေးသော လမ်းကြမ်းကိုဖြတ်သန်းပြီးနောက် တောင်ပေါ်သွားလမ်းမကြီးပေါ်သို့ ရောက်သည်။ သူက စောင့်ကြည့်နေသူ ရှိမရှိ အကဲခတ်ပြီးနောက် ကားကို မြို့သစ်သို့ဦးတည်ပြီးမောင်းသည်။

မြို့သစ်တွင် ယခုလို လူမသိ ဝင်နိုင်ထွက်နိုင်သော ဖြတ်လမ်းမရှိ။ မြို့သစ်ကိုဝင်ရမည့်လမ်းက တစ်လမ်းထဲရှိသည်။

"ငါ့ကားမှာ အသံဖမ်းစက်တပ်ထားတဲ့ လူတွေက ဖူးပွင့်ရဲ့ ဆန့်ကျင်ဘက်အုပ်စုက လူတွေဆိုရင် သူတို့ မြို့သစ်အဝင်မှာလည်း စောင့်နေနိုင်တာပဲ၊ တကယ်လို့ စောင့်နေခဲ့ရင်တော့ ငါ သူတို့လူတွေကို လှည့်ပတ်ပြီး ထွက်လာတာ သိသွားမှာ သေချာတယ်၊ သိရင်လည်း သိပါစေတော့ . . သူတို့ ငါ့ကိုစောင့်ကြည့်ရုံထက်ပိုပြီး ဘာမှမလုပ်နိုင်ပါဘူး"

ရဲမောင်က တောင်ပေါ်လမ်းအတိုင်း ကားကိုအရှိန်မြှင့်ပြီးမောင်းသည်။ ကားက တောင်တက်ခရီးကို တရိပ်ရိပ်နှင့် ဖြတ်သန်းနေ၏။ ရဲမောင်က ကားမောင်းရင်း မြို့သစ်တွင် စောင့်ကြိုနေမည့် ပြဿနာနှင့် ပတ်သက်ပြီး ခေါင်းခဲမတတ်





ဉ်းစားလာသည်။ စဉ်းစား၍မရသည့်အဆုံးတွင် သူက အတွေးန်သမျှကို ဖြတ်တောက်ပစ်လိုက်သည်။ စီးကရက်တစ်လိပ်ညှိဖွာ ရှိုက်ရင်း ကားကို ဂရုတစိုက်နှင့် မောင်းသည်။

မြို့သစ်သို့ဝင်ခါနီး တော်တက်လမ်းတွင် မျက်နှာချင်းဆိုင်မှ အပြင်းမောင်းလာသော ကားတစ်စီးကို သတိပြုမိ၏။ ဆိုကားကိုကြည့်ရင်း ရဲမောင်၏စိတ်ထဲတွင် သင်္ကာမကင်းဖြစ်လာသည်။ ထို့ကြောင့် သူက ကားအရှိန်ကိုလျှော့သည်။

အနိမ့်ပိုင်းမှနေ၍ တောင်ပတ်လမ်းအတိုင်း ပိတ်တက်လာသည့်ကား မျက်နှာချင်းဆိုင်အနေအထားသို့ ရောက်လာသည်။ ကားနှစ်စင်း ခေါင်းချင်းဆိုင်တည်မိမလိုဖြစ်မှ ရဲမောင်က ကားကို ဘယ်ဘက်သို့ဆွဲပြီး ပွတ်ကပ်ရှောင်သည်။ ထိုသို့ ရှောင်တိမ်းစဉ် တစ်ဖက်ကားပေါ်၌ လူတစ်ယောက်ထဲပါသွားသည်ကို သတိပြုမိ၏။

"ငါက ကားကို အရှိန်လျှော့လိုက်လို့ ပုံမှန်အတိုင်း ခင်းခဲ့ရင် ရှေ့ကကွေ့မှာ ကားနှစ်စင်းတွေ့မှာ၊ အဲဒါဆို ရှောင်မိမ်းတာနဲ့ ငါ့ကား ချောက်ထဲကျအောင် တစ်ဖက်ကလုပ်လို့ တယ်။ ပေတစ်ရာလောက်ရှိတဲ့ ချောက်ထဲကိုကျရင် ငါမလွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

ရဲမောင်က ပန်းနှစ်ဖက်ကိုတွန်းရင်း အဆင်းလမ်းအ တိုင်း အရှိန်လျှော့ပြီးဆင်းသည်။ ယခုမှပင် ထိုင်းမှိုင်းလေးလ နေသလိုရှိသော သူ၏အတွေးအသိတွေ ဖျတ်လတ်တက်ကြ လာသည်။ အန္တရာယ်ရှိနေပြီဆိုသည့်အသိက သူ့စိတ်ကိုလှုပ်ရှား တက်ကြွလာစေသည်။

. . .

အမြဲအေးချမ်းနေတတ်သော ဦးဖိုးထောင်၏အိမ်တွင် ဆူဆူပူပူပြဿနာတွေ ရှိနေပြီဖြစ်ကြောင်း တိုက်ပုလေးရှေ့တွင် ရပ်ထားသည့် ရဲကားက သက်သေခံနေ၏။

ရဲမောင်က ကားကို ခြံဝင်းထဲသို့ မောင်းဝင်ပြီး ရဲကား ၏နောက်နားတွင် ကပ်ရပ်လိုက်သည်။ အိမ်တံခါးအနီးတွင် ရဲအစောင့်တစ်ယောက် ရှိနေသည်ကို သတိထားကြည့်ရင်း ကားပေါ်မှဆင်းသည်။ ထိုအချိန်မှာပင် လူနာတင်ကားတစ် ခြံဝင်းထဲသို့ မောင်းစင်လာသည်ကို တွေ့ရ၏။

ရဲမောင်က လူနာတင်ကားကို တစ်ချက်ကြည့်ပြီး အိမ် ထဲသို့ဝင်လိုက်သည်။ အိမ်ရှေ့ဆိုဖာပေါ်တွင် ရဲအရာရှိ





ယောက်နှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ဖူးပွင့်ကိုတွေ့ရ၏။

"ကိုကို"

ဖူးပွင့်က ထိုင်နေရာမှ ထမလိုပြုရင်းမှခေါ်သည်။ သို့သော် သူမ နေရာမှထမလာ။ မျက်နှာချင်းဆိုင်တွင် ထိုင်နေသော အရာရှိကို တစ်ချက်လှမ်းကြည့်၏။ ရဲအရာရှိက ရဲမောင်အား လှည့်ကြည့်လာသည်။

"ကိုရဲမောင်နဲ့တူတယ်"

"ဟုတ်ပါတယ် ကျွန်တော် ရဲမောင်ပါ"

"နာမည်တော့ ကြားဖူးနေပါတယ်၊ လူချင်းမဆုံဖြစ်ဘူး ကျွန်တော်က မြင့်ဝေပါ"

"အော် . . ဟုတ်ကဲ့ ဦးမြင့်ဝေ ဒီမှာ ဘာတွေဖြစ်နေ လို့လဲ . . ကျွန်တော်က မြင့်ဝေပါ"

"အော် . . ဟုတ်ကဲ့၊ ဦးမြင့်ဝေ ဒီမှာ ဘာတွေဖြစ်နေ လို့လဲ ဦးလေးဦးဖိုးထောင်ကော"

"ဦးလေးပျောက်နေတယ် ကိုကို . . အပြင်ထွက်သွား တာ ပြန်မလာဘူး"

"သူ ဘယ်သွားမယ်ဆိုတာ ပြောမသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ပစ်သွားမယ်ဆိုပြီး ထွက်သွားတာ၊ အောင့်ချိုင် ထဲ သွားရှာကြတာလည်း မတွေ့ဘူး . . ဒီမှာက"

"ဒီမှာ ဘာဖြစ်လို့လဲ"

"ဦးကောလိ သေသွားပြီ"

"ဘာ"

"မနက်ကပဲ အကောင်းကြီး ကိုကိုရယ် . . ဖူး အိ ပျော်နေတုံး ဝုန်းခနဲအသံကြားလို့ ကြည့်တော့ ဦးကောလိ မီး ခန်းမှာ လဲကျနေတာတွေ့ရတယ်၊ သူ . . သူ့နံကြားထဲမှာ"

ဖူးပွင့်က စကားဆုံးအောင် မပြောနိုင်။ စကားပြော နေရင်း သူ့အသံ တိမ်ဝင်ပျောက်ကွယ်သွား၏။

"ဦးကောလိက တစ်ယောက်ယောက်က လုပ်ကြံသွား တာ၊ သူ့နံရိုးကြားထဲ ဓာတိုးအပ်တစ်ချောင်း ထိုးသွင်းပြီးသ သွားတယ်။ အဲဒါ မဖူးပွင့်က စခန်းကိုဖုံးဆက်အကြောင်းကြ လို့ ကျွန်တော်တို့ရောက်လာတာပဲ၊ မဖူးပွင့်က ခင်ဗျားကို ဆက်ပြီးခေါ်ပေးပါလို့ ပြောတာကြောင့် ကျွန်တော် လှမ်းခေ လိုက်တာ"

ရဲမောင် ရင်ခုန်သံမြန်သွားသည်။ ရဲအရာရှိက ဖူး





တရားခံအဖြစ် သတ်မှတ်နေပြီလားဟု တွေးရင်း စိုးရိမ်စိတ် လှုပ်ရှားလာသည်။

"လတ်တလော စစ်ဆေးကြည့်ရှုတာအရဆိုရင် ဦး ကောလိကို အားကောင်းတဲ့လူတစ်ယောက်က လုပ်ကြံသွားလို့ပဲ ကောက်ချက်ချရမယ်"

"ဦးကောလိ အသတ်ခံရတာ ဖူးပွင့်နဲ့မဆိုင်ဘူး ထင်ပါ ယ်၊ သူက ဒါလောက်ထိ လုပ်နိုင်မယ် မထင်ပါဘူး"

ဦးမြင့်ဝေ ခေါင်းညိတ်သည်။

"ကျွန်တော်တို့လည်း မထင်ပါဘူး၊ ဒါပေမယ့် ဒီအိမ် မှာ သူနဲ့ ဦးကောလိနှစ်ယောက်ထဲ ရှိနေတာဆိုတော့ မလွဲမ င်းသာ အစစ်ဆေးခံရမှာပဲ။ ကျွန်တော်တို့ အလောင်းသယ် း ဖူးပွင့်ကိုပါ ခေါ်သွားမယ်"

"သူ့ကို ဒီမှာပဲ စစ်ဆေးလို့ မရဘူးလား ဦးမြင့်ဝေ"

ဦးမြင့်ဝေက ခေါင်းခါပြသည်။

"ကျွန်တော်တို့ တာဝန်ရှိတဲ့အတိုင်း လုပ်ရတာပါ၊ သူ့ တရားခံအဖြစ် မယိုးစွပ်ပါဘူး၊ တရားဝင်စစ်ဆေးပြီးရင် လွှတ်ပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် ကျွန်တော်လည်း လိုက်ခဲ့ပါမယ်။ အိမ်ကိုတော့ ပိတ်ခဲ့ရမယ် ထင်တယ်"

ဦးမြင့်ဝေ ခေါင်းညိတ်ပြသည်။

"ပိတ်ခဲ့ပါ . . ကျွန်တော်တို့ ဒီမှာ ရဲအစောင့်တစ်ယောက် ထားခဲ့မှာပါ၊ ဒီကြားထဲ ဦးဖိုးထောင်က ရောက်ချင် ရောက်လာနိုင်တယ်လေ"

ရဲမောင်က ခေါင်းညိတ်လိုက်သည်။ အပြင်ဘက်မှ အမျိုးသားသူနာပြုနှစ်ယောက် လူနာတင်ကတ်တစ်ခုကို သယ်ပြီးဝင်လာကြသည်။

"အလောင်းကို သယ်သွားတော့မှာလား"

ဦးမြင့်ဝေ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . ခင်ဗျား ကြည့်ချင်တယ်ဆိုရင် ကျွန်တော်နဲ့လိုက်ခဲ့ပါ"

ရဲမောင်က ဦးကောလိအား လိုက်ကြည့်မည်ပြုပြီးမှ ခေါင်းခါလိုက်သည်။

"နေပါစေ . . ကျွန်တော် မကြည့်တော့ပါဘူး"

လူနာတင်ကတ်သယ်လာသူနှစ်ယောက် အိမ်အတွင်း





ဘက်သို့ဝင်သွားသည်။ ဦးမြင့်ဝေက နေရာမှထလိုက်၏။

"ခဏနော် . . ကျွန်တော် အစီအစဉ်လေး လုပ်လိုက်ချင်လို့"

ရဲမောင် ခေါင်းညိတ်ပြလိုက်၏။ ဦးမြင့်ဝေက ရဲတပ်ကြပ်တစ်ယောက်ကိုခေါ်ပြီး အသံတိုးတိုးနှင့် တစ်စုံတစ်ရာ ပြောသည်။ ရဲတပ်ကြပ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။ ရဲမောင်က စိတ်အနှောင့်အယှက် ဖြစ်နေဟန်ရှိသော ဖူးပွင့်အား တစ်ချက်လှမ်းကြည့်သည်။

ကြည့်နေရင်း စိတ်ကူးတစ်ခု သူ့ခေါင်းထဲသို့ ဖျပ်ခနဲ ဝင်လာသည်။ သူက အခြေအနေအရပ်ရပ်ကို တွက်ဆစဉ်းစားပြီးနောက် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ ဦးမြင့်ဝေ အနားသို့ ရောက်လာသည်နှင့် ဖျပ်ခနဲလှမ်းကြည့်လိုက်သည်။

"ကျွန်တော် ဒီမှာ ခဏနေခဲ့မယ် ဦးမြင့်ဝေ၊ ပြီးတော့ ရဲစခန်းကိုလိုက်လာခဲ့ပါမယ်။ ဦးကောလိရဲ့အလောင်းထားခဲ့တဲ့ မီးဖိုခန်းကို သန့်ရှင်းရေးလုပ်ချင်တယ်၊ ဦးဖိုးထောင်ကိုလည်း စောင့်ကြည့်ချင်တယ်"

ရဲမောင်က အလိုက်သင့်ပြုံးပြီး ဖူးပွင့်ကိုလှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဲမောင်၏အကြည့်က လေးနက်တည်ကြည်နေသဖြင့် ဖူးပွင့်၏ရင်မှာ အေးချမ်းသွားသလို အင်အားတွေ တိုးပွားလာ သလို ခံစားရသည်။

"ခဏနေရင် ကိုကိုလိုက်ခဲ့မယ်နော် ညီမလေး၊ ရဲဘက်က လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်တာ မင်းကို တရားခံအဖြစ် သတ်မှတ်တာ မဟုတ်ဘူး၊ စိတ်ဓာတ်ကျမနေနဲ့နော်"

ဖူးပွင့်က မျက်တောင်ကော့များကို တဖျပ်ဖျပ်ပုတ်ခတ်ရင်းပြုံးသည်။ ထို့နောက် ခေါင်းကို အသာညိတ်လိုက်၏။ နှုတ်မှ တစ်စုံတစ်ရာပြောဆိုခြင်း မပြုသော်လည်း သူမ၏အမူအရာက ရဲမောင်အား ယုံကြည်အားကိုးဟန် သိသိသာသာ ပေါ်နေသည်။

"ကျွန်တော်တို့သွားမယ် . . အိမ်ရှေ့မှာတော့ အစောင့် တစ်ယောက်ထားခဲ့မယ်"

"ဟုတ်ကဲ့ . . သူ့အတွက် အဆင်ပြေအောင် ကျွန်တော် နေရာစီစဉ်ပေးပါ့မယ်"

ဦးမြင့်ဝေတို့က ဖူးပွင့်အား ခေါ်ပြီး ထွက်သွားသည်။ ရဲမောင်က အစောင့်အဖြစ် နေခဲ့မည့် ရဲတပ်သားအတွက် ထိုင်





တစ်လုံးထုတ်ပေးသည်။ ရေနွေးကြမ်းခွက်ဘူးနှင့် ပန်းကန် ချပေးသည်။ ပြီး သူက အလောင်းရှိခဲ့ရာ မီးဖိုခန်းကိုဆေးကြော သည်။

မီးဖိုခန်းကိုသန့်ရှင်းရေး ပြုလုပ်နေစဉ် သူက ဦးကော အသတ်ခံရခြင်းနှင့် ဦးဖိုးထောင် ပျောက်ဆုံးနေခြင်းတို့နှင့် ပတ်သက်ပြီး စဉ်းစားသည်။

သူ့ထံသို့ ဦးဖိုးထောင် ရောက်လာခဲ့ပုံ၊ ဖူးပွင့်ကို သံ ယောဇဉ်နှင့် လက်ခံထားပုံတို့ကို ပြန်စဉ်းစားမိသည်။

"ဒီပြဿနာဟာ ဖူးပွင့်ကြောင့် ဖြစ်လာတဲ့ ပြဿနာ း မသိဘူး၊ ဖူးပွင့်မှာ လျှို့ဝှက်ချက်တစ်ခု ရှိချင်ရှိနေလိမ့် ယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး နှစ်ယောက်ချင်းတွေ့မှပဲ သူ့ မေးရတော့မယ်။ လောလောဆယ် ဒီအခန်းကို ဆေးကြော တာနဲ့ ငါ အောင့်ချိုင့်ထဲဆင်းပြီး ဦးလေးဦးဖိုးထောင်ကို မယ်၊ ဦးလေးက အခုလို ပေါ့ပေါ့လျော့လျော့ နေတတ်တဲ့ မဟုတ်ဘူး၊ ဒီကိစ္စရဲ့နောက်ကွယ်မှာ အကြောင်းအရာ ကြီးမားမားတစ်ခု ရှိနေမှာသေချာတယ်"

ရဲမောင်က ဆေးကြောပြီးသွားသည့် မီးဖိုခန်းကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ကို ရေခြောက်အောင် အဝတ်ဟောင်းဖြင့်သုတ်သည်။ ကိုရွ ပြီးသည်နှင့် အိမ်ကိုပိတ်၍ ခြံဝင်းအနောက်ဖက် မလှယ်ပေါက် တံခါးမှနေ၍ အောင့်ချိုင့်သို့ဆင်းခဲ့သည်။

ဦးဖိုးထောင်၏ ခြံဝင်းအနောက်ဘက်တွင် လျှိုကြီးတစ် ခုလို ဖြစ်နေသည်။ သစ်ပင်တွေ ထူထူထပ်ထပ် ပေါက်ရောက် နေသော ထိုနေရာမှာ ငှက်အပေါင်းတို့ ပျော်စံရာဖြစ်၏။

တောတန်းထဲသို့ မရောက်ခင်မှာပင် ကျေးငှက်သာ ကာတို့၏အော်မြည်သံက ဆီးကြိုနေသည်။ ရဲမောင်က သူဖြ သန်းခဲ့သည့် လမ်းတစ်လျှောက်လုံးကို စေ့စေ့စပ်စပ်အကဲခတ် ကြည့်ရှုသည်။

အောက်ခြေသို့မရောက်ခင် လမ်းခုလတ်တွင် သစ်ပ ပုပုနိမ့်နိမ့်တစ်ပင်မှ ကျိုးပြတ်နေသော သစ်ကိုင်းကိုတွေ့ရသည် လတ်လတ်ဆတ်ဆတ် ကျိုးပြတ်နေသော သစ်ကိုင်းကျနေသည့် မြေပြင်ပေါ်ရှိမြက်တို့မှာ ပိပြားနေသည်။

ရဲမောင်၏မျက်လုံးအစုံ အရောင်တဖျပ်ဖျပ်လက်လ သည်။ သူက စူးရှသောမျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်တစ် လုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ မြက်ပင်တွေ ပိပြားနေ





နောက်သို့လိုက်ရင်း သစ်ပင်တစ်ပင်အောက်တွင် လဲကျနေသော ဦးဖိုးထောင်ကို တွေ့ရသည်။

"ဟင် . . ဦးဖိုးထောင်ပါလား၊ ဦးဖိုးထောင် . . ဦး ဖိုးထောင်"

ရဲမောင်က အနားကပ်ပြီးခေါ်သည်။ ဦးဖိုးထောင်က ခေါ်သံမကြားမသိ။ ရဲမောင်သည် သတိမေ့မြောနေသော ဦးဖိုးထောင်အား ဆွဲထူပွေ့ချီကာ နောက်ကြောင်းပြန်လှည့်ခဲ့ လေ၏။

★



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

အိမ်ကိုရောက်လာပြီး အနည်းငယ်ပြုစုလိုက်သည်နှင့် ဦးဖိုးထောင် သတိရလာသည်။ သူက အုံအားတသင့်နှင့် ပတ်ဝန်းကျင်ကိုကြည့်ရင်း အနားတွင်ရပ်နေသော ရဲမောင်အား မြင်သွားသည်။

"ငါ ဘာဖြစ်လို့လဲ မင်းကကော ဘယ်တုံးက ရောက်နေတာလဲ"

"ကျွန်တော် စောစောကပဲ ရောက်တာ၊ စခန်းမှူးက ဖုံးဆက်ခေါ်လိုက်လို့ လာခဲ့တာ၊ ဒီရောက်တော့ ဦးကောလီ





အသတ်ခံထားရတာကို တွေ့ရတယ်"

"ဘာပြောတယ် . . ကောလီ အသတ်ခံထားရတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဦးကောလီ အသတ်ခံရပြီး ဦးဖိုးထောင် မျောက်နေတာနဲ့ ဖူးပွင့်က ရဲတပ်ဖွဲ့စခန်းကို အကြောင်းကြားအဲဒီကမှ ကျွန်တော့်ကို အကြောင်းကြားခဲ့လို့ ကျွန်တော် ဒီကို ရောက်လာတာ"

"ကောလီရဲ့အလောင်းကော"

"လူနာတင်ကားနဲ့ သယ်သွားပြီ၊ ဖူးပွင့်ကိုလည်း စခန်းခေါ်သွားတယ်၊ စစ်ဆေးစရာ မေးမြန်းစရာရှိတာတွေကို စစ်ဆေးမေးမြန်းမှာပေါ့"

ဦးဖိုးထောင် ခေါင်းညိတ်သည်။ ရဲမောင်က ဦးဖိုးထောင်အတွက် ကော်ဖီပြင်းပြင်းတစ်ခွက် ဖျော်ပေး၏။ ဦးဖိုးထောင်က ဘုကြီးထနေသော သူ့နောက်စေ့ကို လက်ဖြင့်စမ်းရင်း ကော်ဖီသောက်သည်။ ကော်ဖီတစ်ခွက်သောက်အပြီးတွင် လန်းလန်းဆန်းဆန်းဖြစ်လာသည်။

"တို့လည်း ရဲစခန်းကို လိုက်သွားကြရအောင် ရဲမောင်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"အိမ်ကိုပိတ်ပြီး သွားကြမယ်ကွာ"

ရဲမောင် ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ . . သွားတာပေါ့၊ မသွားခင် ဦးလေး ဘယ်လိုဖြစ်ပြီး လှိုဏ်ထဲမှာ လဲကျနေတာလဲဆိုတာ ပြောပါဦး"

"ငုက်ပစ်နေတုံး နောက်ကနေ အရိုက်ခံလိုက်ရတာပဲ တစ်ချက်ထဲနဲ့ မှောက်သွားအောင်ရိုက်တာ"

"ဦးလေး . . သူ့ကို မမြင်ဘူးလား"

"အေး . . ဦးလေး သူ့ကိုမမြင်ဘူး၊ ရိုက်သွားတဲ့လူက ဘယ်သူဘယ်ဝါဆိုတာတောင် မသိလိုက်ဘူး၊ ကိုယ့်ကိုကိုယ် ထိန်းနေတဲ့ကြားက အနက်ရောင်ဝတ်ထားတဲ့လူကို ရိပ်ခနဲ တွေ့လိုက်ရတယ်၊ အဲဒါ နောက်ဆုံးသိလိုက်တာပဲ"

"ဦးလေး ဒီကနေ ထွက်သွားတဲ့အချိန်ကို မှတ်မိသလား"

"ဟာ . . မှတ်မိတာပေါ့၊ အိမ်ကနေထွက်တော့ ဆယ့်နှစ်နာရီရှိနေပြီ၊ လှိုဏ်ထဲကိုရောက်တော့ ဆယ့်ငါးမိနစ်လောက်မှာ အရိုက်ခံရပြီး သတိလစ်သွားတာ၊ အခု လေးနာရီထိုးတော့





မှာဆိုတော့ သုံးနာရီခွဲလောက်ကို သတိလစ်နေတာပေါ့"

"သုံးနာရီကျော်ကျော် သတိလစ်နေရုံမကဘူး၊ ရှာလို့မတွေ့အောင်လည်း ပျောက်နေသေးတယ်။ လွန်ခဲ့တဲ့ တစ်နာရီလောက်က ရဲတွေ လှိုဏ်ထဲဆင်းပြီး ရှာကြသေးတယ်။ ဦးလေးကို မတွေ့ဘူး . . အခု ကျွန်တော် ဆင်းရှာမှ တွေ့တာ"

ဦးဖိုးထောင် မျက်လုံးဝိုင်းသွားသည်။

"ဒါဆိုရင် သတိမေ့နေတာက သုံးနာရီကျော်၊ ပျောက်နေတာက နှစ်နာရီလောက် တစ်ယောက်ယောက်က ငါ့ကိုရိုက်ပြီး ဖွက်ထားခဲ့မယ်။ ပြီးတော့မှ အပြင်ကိုပြန်ထုတ်မယ်၊ ရိုက်ရုံသက်သက်မဟုတ်ဘဲ ကြာကြာသတိလစ်နေအောင် ဆေးသုံးတာရှိရင်ရှိမယ်၊ အဖြစ်အပျက်က ဒါပဲ . . ဘယ်သူက ဒီလိုလုပ်တာလဲ၊ ဘာကြောင့်လုပ်တာလဲဆိုတာကို စဉ်းစားရမယ်"

ဦးဖိုးထောင်၏မျက်နှာတွင် စိတ်ရှုပ်ထွေးနေဟန်တို့ သိသိသာသာပေါ်လွင်နေသည်။ ရဲမောင်က သက်ပြင်းတစ်ချက်ကို အသာအယာချလိုက်၏။

"ဒါတွေအားလုံး ဖူးပွင့်နဲ့ပတ်သက်နေတယ်လို့ ကျွန်တော်ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထောင် ဆတ်ခနဲဖြစ်သွား၏။ သူက ရဲမောင်အား မျက်မှောင်ကြုံ့ပြီးကြည့်သည်။

"ဒီကိစ္စတွေကို ဖူးပွင့်သိတယ်လို့ မင်းပြောတာလား"

ရဲမောင် ခေါင်းခါလိုက်၏။

"မဟုတ်ပါဘူး သူက အခုကိစ္စတွေဟာ သူနဲ့ပတ်သက်တဲ့အကြောင်းတစ်ခုခုကြောင့် ဖြစ်တယ်ဆိုတာ စဉ်းတောင်းစဉ်းစားမိမှာ မဟုတ်ပါဘူး။ သူ ဆက်ဆံခဲ့၊ ပတ်သက်ခဲ့တဲ့လူတွေကြောင့် ဖူးပွင့်ဟာ သူကိုယ်တိုင် ဘာမှန်းမသိတဲ့ကိစ္စတစ်ခုမှာ ဝင်ပါခဲ့လိမ့်မယ်"

"ဟုတ်ပြီ . . ငါသဘောပေါက်ပြီ၊ တစ်ခုတော့ရှိတယ်နော် . . မင်းစဉ်းစားမိတာတွေ လူရှေ့မှာတော့ ထုတ်မပြောနဲ့ ဖူးပွင့်ကို တိုးတိုးတိတ်တိတ် မေးကြည့်တာ ပိုကောင်းမယ်"

"ကျွန်တော် အဲသလိုပဲ စဉ်းစားထားပါတယ်၊ ကျွန်တော်တို့ အခု ရဲစခန်းကိုသွားမယ်၊ ဖူးပွင့်ကို ပြန်ခေါ်လို့ရရင် ပြန်ခေါ်လာရမယ်"

"ဒါဆိုရင်လည်း သွားကြမယ်ကွာ၊ ခုလောက်ဆိုရင် ကောင်မလေး တော်တော်စိတ်ဆင်းရဲနေတော့မယ်"





"ဦးလေးလည်း ဆရာဝန်နဲ့ပြဖို့တော့ လိုမယ်နော်"

"ပြရမှာပေါ့ . . ခေါင်းက တော်တော်နာတယ်ကွ၊ နေဦး ငါ အဝတ်အစားလဲလိုက်မယ် ပြီးတာနဲ့ သွားတာပေါ့"

ဦးဖိုးထောင် နေရာမှထပြီး အခန်းထဲသို့ဝင်သွားသည်။ ခဏအကြာတွင် သူက အဝတ်အစားလဲလှယ်ဝတ်ဆင်ပြီး ပြန်ထွက်လာသည်။

"မင်းကားနဲ့ သွားမယ်နော် ရဲမောင်"

"ဟုတ်ကဲ့"

နှစ်ယောက်အတူ အိမ်အပြင်ဘက်သို့ထွက်သည်။ ဦးဖိုးထောင် အိမ်တံခါးပိတ်နေစဉ် ရဲမောင်က အစောင့်အဖြစ်နေရစ်ခဲ့သည့် ရဲအနီးသို့ ချဉ်းကပ်သည်။ သူတို့ ရဲစခန်းကိုသွားမည့်အကြောင်း တိုတိုတုတ်တုတ် ပြောသည်။

ရဲမောင်တို့ကားဖြင့် ထွက်လာသည်။ နေရောင်မှာ အားနည်းဖျော့တော့နေပြီ ဖြစ်သည်။ အနောက်ဘက်မြေနိမ့်လွင်ပြင်သို့ ရောက်နေသော နေလုံးက မြို့ပေါ်သို့အားလျော့စ မီးဆောင်းတစ်ခုဖြင့် ထိုးထားသကဲ့သို့ ရှိနေ၏။

ရဲမောင်က ကားကို မနှေးမမြန်မောင်းသည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေရင်း သူ့ကားတွင် အသံဖမ်းစက်ကို လျှို့ဝှက်တပ်ဆင်ထားခြင်းခံရသည့်အဖြစ်ကို ပြန်စဉ်းစားမိ၏။ ထိုအကြောင်းနှင့် ပတ်သက်ပြီး ဦးဖိုးထောင်အား ဖွင့်ပြောရင် သင့်မသင့် စဉ်းစားရင်းမပြောဘဲ နေရန်ဆုံးဖြတ်လိုက်သည်။

ဦးဖိုးထောင်က ကားပြတင်းမှတဆင့် အပြင်ဘက်သို့ လှည့်ငေးနေသည်။ ငေးနေရင်းမှ တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့် သူ့နဖူးသူ လက်ဝါးဖြင့်ရိုက်သည်။

"ငါ့စိတ်တွေလည်း ဘယ်လိုဖြစ်နေတယ် မသိတော့ပါဘူး၊ မင်းကို မေးမလို့ . . အင်း . . ငါ့ကို လျှိုထဲမှာတွေ့ပြီး အိမ်အရောက် ဘယ်လိုသယ်လာတာလဲ"

"ကျွန်တော့်ပခုံးပေါ်တင်ပြီး ထမ်းလာတာပေါ့"

"ဟေ . . မင်း အခုလို ပင်ပင်ပန်းပန် လုပ်နိုင်ပြီလား"

"လုပ်နိုင်ပါပြီ . . ကျွန်တော်ကလည်း ဇောနဲ့ ဦးလေးကို ထမ်းခေါ်လာတာ၊ အိမ်ပေါ်ကိုရောက်မှ ကိုယ့်ကိုကိုယ် သတိထားမိတယ်။ ကျွန်တော် ဘာမှမဖြစ်ဘူး . . တစ်ချက်ကလေးတောင် မမောဘူး"

"ဒါဆို မင်းရဲ့အဆုတ် ပြန်ကောင်းသွားပြီဆိုတဲ့





သဘောပေါ့ ဟုတ်လား ရဲမောင်"

"ဟုတ်တယ် ဦးလေး ခုတလော ကျွန်တော်နေရထိုင်ရတာ တော်တော်ကောင်းတယ်၊ သုံးနှစ်လောက် အနားယူထားတာပဲ . . ဒါလောက်တော့ ကောင်းရမှာပေါ့၊ တိုက်ပွဲမှာ ဒဏ်ရာရပြီး ဆေးအဆင့်မမီတော့လို့ အငြိမ်းစားယူလိုက်ရတာကိုတောင် နှမြောလာတယ်"

"အမြဲတိုက်နေခိုက်နေရမှ ကျေနပ်တဲ့လူဆိုတော့ ဒီစကားပြောမှာပေါ့၊ ကိုယ် တတ်နိုင်သလောက် လုပ်ခဲ့ပြီးပြီပဲ ကျေနပ်လိုက်ပါတော့"

ရဲမောင် ရယ်လိုက်သည်။

"ကျေနပ်ပါတယ် . . ကျွန်တော်လုပ်နိုင်တုန်းက အစွမ်းကုန်လုပ်ခဲ့တာပဲ၊ လူကြီးတွေက နားမှဖြစ်မယ်ဆိုပြီး အနားပေးလိုက်လို့ အခုလို ကျန်းမာရေးပြန်ကောင်းလာတာ"

ရဲမောင်က ရယ်ရယ်မောမောပြောရင်း အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်သည်။ ဦးဖိုးထောင်က ရဲမောင်အား မျက်မှောင်ကြုတ်ပြီးကြည့်သည်။

"ဒါလည်း မကောင်းဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

"စီးကရက်သောက်တာကို ပြောတာပါ၊ မင်းက အဆုတ် အား သိပ်မကောင်းတဲ့ကောင်၊ စီးကရက်ရှောင်ရမှာ အခုတော့ မင်းက"

ရဲမောင်ရယ်သည်။ ရယ်ရင်း စီးကရက်ကို မီးညှိလိုက် ၏။

"ကျွန်တော် တရားလွန် မသောက်ပါဘူး၊ စည်းနဲ့ကမ်း နဲ့ပဲ သောက်ပါတယ်"

"ငါ့သဘောကတော့ကွာ . . မင်း အရှင်းမသောက်ဘဲ နေရင် ပိုကောင်းမယ်၊ ငါက မင်းထက် စီးကရက်သောက်သက် ပိုများပါတယ်။ ကြိုက်တာမှ သူ့ထက်ကြိုက်တာဆိုလို့ ရှိကို မရှိဘူး၊ ဒါပေမယ့် အသက်အန္တရာယ်ရှိလာတော့လည်း ဖြတ် ပစ်နေတာပဲ၊ ကိုယ့်အသက် ကိုယ့်ကျန်းမာရေးထက် ဝသ်ခြား ဘာကမှ အရေးမကြီးဘူးလေကွာ"

ရဲမောင်က နာယူလက်ခံဟန်ဖြင့် ခေါင်းညိတ်ပြသည်။

"ကျွန်တော် ဖြတ်နိုင်အောင်ကြိုးစားပါ့မယ် ဦးလေး"

သူ့စကားကို အလေးထားခြင်းခံရသဖြင့် ဦးဖိုးထောင်





ကျေနပ်သွားသည်။ သူက ပြုံးပြီးခေါင်းညိတ်သည်။

ရဲမောင်က သောက်လက်စ စီးကရက်ကို လွှင့်ပစ်လိုက် သည်။ ရဲစခန်းရှေ့သို့ ရောက်လာသဖြင့် ကားကို အရှိန်လျှော့ လိုက်လေ၏။

. . .

"သူ ဆာလို့ အပြင်ထွက်ပြီး တစ်ခုခုစားမယ်ပြော သွားတာပဲ၊ ခင်ဗျားရောက်လာရင် ခဏစောင့်ပါမှာသွားတယ်"

ဖူးပွင့်ကို မတွေ့သဖြင့် ဟိုဟိုသည်သည်ကြည့်ပြီး ရှာ နေစဉ် ဦးမြင့်ဝေက ရဲမောင်၏စိတ်ကို သိမြင်ဟန်ဖြင့်ပြော သည်။

"ဒါဆိုရင် သူသိပ်ဝေးဝေးကို သွားမှာ မဟုတ်ပါဘူး၊ ဦးမြင့်ဝေတို့ ဦးလေးဖိုးထောင်ကို မေးစရာရှိတာ မေးကြပါ၊ ကျွန်တော် အပြင်ထွက်ပြီး သူ့ကိုရှာလိုက်ပါ့မယ်"

ဦးမြင့်ဝေက ခေါင်းညိတ်ပြသည်။ ရဲမောင်သည် ဦးဖိုး ထောင်အားထားခဲ့ပြီး အပြင်ထွက်သည်။ လမ်းမကြီးတစ် လျှောက်ရှိ စားသောက်ဆိုင်များကို သတိထားပြီးကြည့်သည်။ ဆိုင်သုံးလေးဆိုင်ကို ဖြတ်ကျော်မိသည့်တိုင် ဖူးပွင့်ကို မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ဆိုင်တစ်ဆိုင်ပဲ ရှိတော့တယ်၊ အဲဒီဆိုင်က မုန့်ဟင်းခါးတို့ လက်သုပ်တို့ရတာ ဖူးပွင့် အဲဒီကိုသွားတာပဲ ဖြစ်ရမယ်"

ဖူးပွင့်သည် မိန်းကလေးအများစု နှစ်သက်သော အစား အသောက်ကို သွားရောက်စားသောက်ခြင်းသာ ဖြစ်ရမည်ဟု ရဲမောင်တွေးသည်။ ထို့ကြောင့် သူက မုန့်ဟင်းခါးဆိုင်သို့ တန်းတန်းမတ်မတ်လျှောက်ခဲ့၏။

ဆိုင်တွင် မိန်းကလေးငါးယောက်ခန့် ရှိနေသည်။ ရဲမောင်က မိန်းကလေးတစ်ယောက်စီကို ကြည့်၏။ ထိုအထဲတွင် ဖူးပွင့်ကို မတွေ့ရ။ သူက သက်ပြင်းတစ်ချက်ချပြီး ရှေ့ကို ကျော်လျှောက်သည်။

မြို့သစ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်၍ ရှေ့တွင် စားသောက်ဆိုင် မရှိတော့ကြောင်း သူသိနေသည်။ ယခုပင် ရဲစခန်းနှင့် အတော်ဝေးဝေးသို့ ရောက်နေပြီ။ ဖူးပွင့်သည် ယခုထက် ပို၍ ဝေးအောင်သွားမှာ မဟုတ်ဟု သူစဉ်းစားသည်။

"သူက မြင်းလှည်းနဲ့သွားချင်သွားမှာ၊ ဈေးဖက်ကို သွားတာဆိုရင် သူ့ကို ရှာလို့လွယ်မှာ မဟုတ်ဘူး၊ စခန်းကနေ စောင့်တာပဲ ကောင်းလိမ့်မယ်"





ရဲမောင် နောက်ကြောင်းပြန်လှည့်သည်။ ရဲစခန်းရှေ့ အရောက်တွင် လက်ဖက်ရည်သောက်ဦးမှပဲဟု စဉ်းစားပြီး ကန့်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်သို့ဝင်သည်။ ဆိုင်မျက်နှာစားပွဲတွင်ထိုင်ကာ လက်ဖက်ရည်မှာသည်။ သူ့မျက်လုံးအစုံက စခန်းဝင်ပေါက်ဆီသို့ ကြည့်နေသည်။

စခန်းအတွင်း ဝင်ထွက်နေသူတို့ကို မျက်ခြည်မပြတ်ကြည့်ရင်း လက်ဖက်ရည်သောက်သည်။ လက်ဖက်ရည်တစ်ခွက်၊ ရေနွေးကြမ်းနှစ်ပန်းကန်နှင့် စီးကရက်တစ်လိပ်ကုန်သည် အထိ ထိုင်ပြီးနောက် ကျသင့်ငွေကိုရှင်းကာ နေရာမှထသည်။

ယခုအချိန်ထိ ဖူးပွင့်၏အရိပ်အယောင်ကို မတွေ့ရသေး။ ယခုလိုအချိန်မျိုးတွင် စိတ်ထင်ရာသွားနေသော ဖူးပွင့်အား စိတ်ဆိုးချင်ချင် ဖြစ်လာ၏။ မကျေနပ်စိပ်နှင့် ခေါင်းဆတ်ခါရင်း ရဲမောင် လက်ဖက်ရည်ဆိုင်မှ ထွက်သည်။ ရှေ့ရှိ ရဲစခန်းအတွင်းသို့ဝင်ခဲ့၏။

ဦးဖိုးထောင်ကို စစ်ဆေးမေးမြန်း၍ ပြီးသွားပြီ။ ဖူးပွင့်ပြီ ဆက်စောင့်ရကောင်းနိုး ထသွားရကောင်းနိုးနှင့် ရဲမောင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆုံးဖြတ်၍မရ ဖြစ်လာ၏။

"မင်း သူ့ကို လိုက်ရှာတာ မတွေ့ဘူးလား ရဲမောင်"

"မတွေ့ဘူး ဦးလေး"

"ဒီကောင်မလေး အိမ်ပြန်သွားပြီလား မသိဘူး"

"ကျွန်တော်က ဒီကိုလိုက်လာမယ်လို့ ပြောထား သူဘယ်လိုလုပ် အိမ်ပြန်မှာလဲ"

"ဒါဖြစ်ရင် ဒီလိုလုပ်ကွာ၊ ငါက ဒီကနေ ဆေးခန်း သွားမယ်၊ အဲဒီကနေ အိမ်ပြန်မယ် .. မင်း ဖူးပွင့်ကို လိုက် ဟုတ်လား"

"ကျွန်တော် ဦးလေးကို ဆေးခန်းကိုလိုက်ပို့မှာပေါ့"

"ရပါတယ် ငါ့ဖာသာ ငါပဲ မြင်းလှည်းနဲ့သွားလို မယ်"

"ဟာ .. မဟုတ်တာ ကျွန်တော်လိုက်ပို့မယ်"

ရဲမောင်တို့ အပြင်ထွက်သည်။ အပြင်တွင်ရပ်ထား သော ကားပေါ်သို့တက်ကြစဉ် ပခုက္ကူစက်မှုဇုန်မှထုတ်သ မြင်းပျံပြိုင်ကားနီလေးတစ်စီး စခန်းအတွင်းသို့ ဝင်လာသည် တွေ့ရ၏။





ပြိုင်ကားနီလေးရပ်သွားပြီး အရပ်မြင့်မြင့်၊ အသားဖြူ ကျစ်လစ်သန်မာသော ကိုယ်နေဟန်ရှိပြီး ယောကျ်ားပီသ မောသော လူတစ်ယောက် ကားပေါ်မှဆင်းလာသည်။

သူက စူးရှအားရှိသော မျက်လုံးအစုံဖြင့် ရဲမောင်တို့ အား တစ်ချက်ကြည့်ပြီး ရုံးခန်းရှိရာ အဆောက်အဦးအတွင်း ဝင်သွားသည်။ ရဲမောင်က ကားကိုစက်နှိုးမောင်းထွက်သည်။ လယ်လမ်းအတိုင်း မောင်းခဲ့ပြီးနောက် ဆေးခန်းတစ်ခုရှေ့ ၌ ကားကိုထိုးရပ်လိုက်၏။

"မင်းသွားတော့ ရဲမောင် .. ဖူးပွင့်ကို တွေ့ဖို့က အရေး ကြီးတယ်၊ ဒီကောင်မလေး ကြောက်လန့်ပြီး တစ်ခြားကို ထွက် ပြေးထွက်သွားမှာ၊ မင်း ရအောင်လိုက်ရှာ .. ငါ ဆေးခန်းကနေ တစ်ခြား ဘယ်မှမဝင်ဘူး၊ အိမ်ကိုတန်းပြန်မယ်"

"ဒါဆိုရင် ကျွန်တော် သွားမယ် ဦးလေး"

ဦးဖိုးထောင် ကားပေါ်မှဆင်းပြီး ဆေးခန်းသို့ဝင်သည်။ ရဲမောင်က ကားကို မောင်းထွက်လိုက်၏။ သူက ဈေးပိုင်းသို့ ရောက်မောင်းခဲ့ပြီး စားသောက်ဆိုင်တစ်ခုသို့ ဝင်ကြည့်သည်။ ဖူးပွင့်ကို ရှာမတွေ့သည့်အဆုံး ဦးဖိုးထောင်၏အိမ်သို့ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် ဦးဖိုးထောင်တစ်ယောက်ထဲ ရှိနေသည်။ ဖူးပွင့်
မတွေ့ရ။

"မင်း ဖူးပွင့်ကို ရှာလို့မတွေ့ဘူး ဟုတ်လား"

"ဟုတ်တယ် . . ဦးလေး ရှာတာမှ နေရာအနှံ့ပဲ"

"ထပ်မရှာနဲ့တော့ . . သူ စောစောကပဲ ဖုံးဆက်တ
ပြန်မလာတော့ဘူးတဲ့၊ သူ့သဘောနဲ့သူ ထွက်သွားတာ လို
လည်း မရှာနဲ့တဲ့"

"ဘာအကြောင်းကြောင့် သူက ရှောင်ထွက်သွားတ
တဲ့လဲ"

"အဲဒါတော့ မပြောဘူးကွ၊ ငါ ဘာမှပြန်မမေးနိုင်ခ
ဖုံးချသွားတယ်"

ရဲမောင် ခေါင်းခါလိုက်သည်။ ဖူးပွင့်၏လုပ်ပုံကို
ဘောမကျနိုင် ဖြစ်သွားသည်။ ရင်လေးစွာ ချလိုက်သော သ
ပြင်းချသံ သူ့ထံမှ ကျယ်လောင်စွာ ပေါ်လာသည်။

"ဒီကောင်မလေး ဘာတွေရှုပ်ထားလဲ မသိဘူး၊ ရှုပ်ရ
လည်း တစ်ခြားမှာ သွားရှုပ်ပေါ့၊ အခုတော့ ဒီမှာလာရှုပ်သွ
တယ်"





"ရှုပ်တယ်တော့ မဟုတ်ဘူးပေါ့ကွာ၊ သူ့မှာလည်း ဖွင့်
ပြောလို့မရတဲ့ အကြောင်းအရာ ရှိချင်ရှိမှာပေါ့၊ ကဲ . . မိုးချုပ်
ပြီနေပြီ၊ မင်းပြန်မှ ကောင်းမယ်"

"ကျွန်တော် ပြန်တော့ ဦးလေးတစ်ယောက်ထဲ ဖြစ်နေ
မှာပေါ့"

"ဟာ . . ရပါတယ်ကွာ၊ အရင်ကတည်းက ငါတစ်
ယောက်ထဲ နေလာတာပဲ၊ ပြန် . . ပြန် မင်းမှာ နောက်ပိုင်းပြ
ဿနာတွေ ရှိသေးတယ်၊ ပြန်ရောက်ရောက်ချင်း ငါ့ကို ဖုံးဆက်
လိုက် . . ငါကလည်း တစ်ခုခုထူးခြားရင် မင်းဆီဖုံးဆက်မယ်
ဟုတ်လား"

"ဟုတ်ကဲ့ . . ဒါဆိုရင် ကျွန်တော်သွားမယ်နော်"

ဦးဖိုးထောင် ခေါင်းညိတ်ပြသည်။ ရဲမောင် အိမ်အပြင်
သို့ထွက်လိုက်၏။ အပြင်တွင် ရဲအစောင့်ကို မတွေ့ရတော့။
ဦးဖိုးထောင် ပြန်ရောက်လာသဖြင့် သူ့တာဝန်ကို ရုပ်သိမ်းလိုက်
ခြင်းဖြစ်မည်ဟု ရဲမောင်တွေးမိသည်။

ရဲမောင်က ကားပေါ်တက်ပြီး ကားစက်နှိုးမောင်းထွက်
သည်။ ကားမောင်းနေရင်း ဖူးပွင့်နှင့်ပတ်သက်သည့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာတွေ ခေါင်းထဲသို့ဝင်လာသည်။ ဖူးပွင့်ကို ဒေါသဖြစ်မိသော်လည်း သူ့ လူမှန်းသိတတ်စအရွယ်ကတည်းက နှမငယ်တစ်ယောက်အဖြစ် အတူနေထိုင်ကြီးပြင်းလာခဲ့သဖြင့် ခိုင်ခိုင်မာမာရှိနေသော သံယောဇဉ်က စိုးရိမ်စိတ်ကို လှုပ်ရှားနေစေသည်။

"ဒီကောင်မလေး ဘာတွေလျှောက်လုပ်နေတာလဲ မသိဘူး၊ ရှုပ်ရင်းရှုပ်ရင်းနဲ့ နောက်ဆုံး သူ့အရှုပ်ကို သူမရှင်းနိုင် ဖြစ်တော့မယ် ထင်ပါရဲ့"

ရင်ထဲတွင် ဖြစ်တည်စဒေါသကို ကရုဏာစိတ်က အနိုင်ယူလိုက်သည်။

"သူ့ကို ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ်ဘူး၊ ငါ ဖြစ်ထိန်းသိမ်းမှဖြစ်မယ်၊ အလုပ်တွေကို မန်နေဂျာနဲ့လွှဲထားပြီး ငါ သူ့ကိုရအောင်လိုက်ရှာမယ်"

ဆုံးဖြတ်ချက်တစ်ခုကို ချမိသည်နှင့် ရဲမောင်၏ရင်မှာ ပေါ့ပါးသွားသည်။ သူက ကားကို တောင်ဆင်းလမ်းဆီသို့ ဦးတည်လိုက်လေ၏။



## အခန်း(၇)

ဝရံတာတွင်ထွက်ရပ်ပြီး နှင်းဝေဝေအောက်တွင် လှုပ်ရှားနေသော မြို့ကွက်ကိုငေးကြည့်နေဆဲ မြင်းကွင်းထဲသို့ မြင်းပုံပြိုင်ကားနီလေး ဝင်လာသည်။ ကားနီလေးကိုတွေ့သည်နှင့် ယမန်နေ့က မြို့သစ်ရဲစခန်းတွင် တွေ့ခဲ့သည့်ကားဟု ချက်ချင်း မှတ်မိလိုက်သည်။

ရုတ်တရက်ပေါ်လာသည့် သံသယစိတ်နှင့်အတူ ရဲမောင်၏ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ကားက သူ၏ တိုက်ခန်းအောက်တည့်တည့်တွင် ရပ်သွားသည်။ ကားရပ်သွား

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ကားပေါ်မှ အရပ်မြင့်မြင့် အသားဖြူဖြူနှင့်လူ ဆင်းလာသည်။ ရဲမောင် ဝရံတာမှခွာသည်။ ကပ်လျက်ရှိ ရုံးခန်းသို့ သူဝင်လိုက်စဉ်မှာပင် အပြင်ဘက်မှ ခြေသံကိုကြားရသည်။ ခြေသံနှင့်အတူ အလုပ်သမားတစ်ယောက် အခန်းထဲသို့ဝင်လာသည်။ အလုပ်သမား၏နောက်မှ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့်လူ လိုက်လာသည်။

"ဒီမှာ ဆရာနဲ့တွေ့ချင်လို့တဲ့"

ရဲမောင်က ခေါင်းညိတ်ပြသည်။ အရပ်မြင့်မြင့်နှင့်လူအား တစ်ချက်လှမ်းကြည့်ပြီး ဧည့်ခံဆိုဖာကိုညွှန်ပြ၏။

"ထိုင်ပါဗျာ . . ကျွန်တော် ရဲမောင်ပါ"

"ကျွန်တော် စဝ်ရန်နိုင်ပါ . . လူတစ်ယောက်က ခေါ်နိုင်းလိုက်လို့ ခင်ဗျားကို လာခေါ်တာ"

စဝ်ရန်နိုင်က ရဲမောင်ညွှန်ပြသော ဆိုဖာတွင် မထိုင်ဘဲ ရပ်နေလျက်က ပြောသည်။ ရဲမောင် မျက်မှောင်မသိမသာကြုံ့သွား၏။ သူက အလုပ်သမားအား သွားနိုင်ပြီဆိုသည့်သဘောနှင့် မေးဆတ်ပြသည်။ အလုပ်သမားထွက်သွားမှ စဝ်ရန်နိုင်အား လှမ်းကြည့်လိုက်၏။





"ကျွန်တော့်ကို ဘယ်သူက ခေါ်နိုင်းလို့လဲ"

စဝ်ရန်နိုင်ပြုံးသည်။ ပြုံးရင်းမှ ကြားရောင်ပြောင်လက်နေသော ကျည်ဆန်ထိပ်ဖူးတစ်ခုကို ရဲမောင်အား လှမ်းပေးသည်။ ထိုကျည်ဆန်ထိပ်ဖူးကိုမြင်သည်နှင့် ရဲမောင်၏ရင် တထိတ်ထိတ်ခုန်လာ၏။

"ဒါက"

"ခေါ်နိုင်းတဲ့လူက ခင်ဗျားကို ဒါလေးပြလိုက်ရင် သိတယ်လို့ပြောပါတယ်"

ရဲမောင်၏မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်လာသည်။ တစ်ခဏအကြာတွင် သူက ခေါင်းကိုညင်သာစွာ ညိတ်လိုက်၏။

"ကျွန်တော် လိုက်ခဲ့ပါမယ် . . သူ အခု ဘယ်မှာလဲ၊ ကျွန်တော့်ဆီကို သူကိုယ်တိုင် ဘာဖြစ်လို့ မလိုက်တာလဲ သူက"

စဝ်ရန်နိုင်က လက်ကာပြလိုက်သည်။

"သူနဲ့တွေ့တော့ အဲဒါတွေမေးဗျာ၊ ကျွန်တော်က ခင်ဗျားကိုခေါ်တဲ့လူ . . လိုက်မယ်ဆိုရင် ကျွန်တော်နဲ့လိုက်ခဲ့"

"နေဦး . . ခင်ဗျားက"



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့် စဝ်ရန်နိုင်က ခေါင်းညိတ်ရင်းရယ်သည်။

"ဆောရီးဗျာ . . စဝ်ရန်နိုင်ဆိုတာနဲ့ ခင်ဗျား ကျွန်တော့်ကို ဘယ်သိပါ့မလဲ၊ ဒီမှာ ကျွန်တော့်သက်သေခံကတ်ပြားပါ"

စဝ်ရန်နိုင်က သားရေအိတ်နက်ကလေးနှင့် ထည့်ထားသည့် သက်သေခံကတ်ပြားကိုပြသည်။ ထိုကတ်ပြားကို မြင်သည်နှင့် ရဲမောင်၏မျက်လုံးအစုံ အရောင်ပြောင်းသွား၏။

"လေးစားပါတယ် စဝ်ရန်နိုင် . . ကျွန်တော် ခင်ဗျားခေါ်တဲ့နောက်ကို လိုက်ခဲ့ပါမယ်"

"ကျွန်တော့်ကားနဲ့လိုက်ခဲ့ပါ . . အပြန် ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"ကောင်းပါပြီ"

စဝ်ရန်နိုင် နေရာမှထသည်။ ရဲမောင်က စဝ်ရန်နိုင်နောက်သို့လိုက်၏။ အပြင်ဘက်ခန်းမကျယ်ကြီးသို့အရောက်တွင် ရဲမောင် မန်နေဂျာစားပွဲတွင် ထိုင်နေသော အောင်ဆန်းထံသို့ လျှောက်သွားသည်။

"အောင်ဆန်းရေ . . ငါအပြင်သွားမယ်၊ ငါပြောထား





တဲ့အတိုင်း ဒီရက်အတွင်း အလုပ်တွေအားလုံး မင်းတာဝန်ယူပြီးလုပ်နော်၊ ရော့ ဒီမှာ ကားသော့ စက်ရုံသွားရင် မင်းကားလိုသိမ့်မယ်"

"သွားစရာရှိတာ စိတ်ချလက်ချသွား ကိုရဲ . . နောက်ပိုင်းကိစ္စတွေကို မပူနဲ့၊ ကျွန်တော်လုပ်နေကျ အလုပ်တွေပဲ အဆင်ပြေအောင် လုပ်ထားပါ့မယ်"

ရဲမောင်က အောင်ဆန်း၏ပခုံးကို တစ်ချက်ပုတ်ပြီး စားပွဲရှေ့မှထွက်ခွာသည်။ သူက လှေကားဆီသို့ လျှောက်သွားနေသော စဝ်ရန်နိုင်နောက်သို့လိုက်၏။

စဝ်ရန်နိုင်က ရှေ့မှဦးဆောင်ပြီး တိုက်အောက်သို့ဆင်းသည်။ လှေကားဆုံးသွားသည်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်ထားသော သူ၏ကားရှိရာသို့ လျှောက်သည်။ စဝ်ရန်နိုင် ပြိုင်ကားပုပုနိမ့်နိမ့်လေးပေါ်သို့ တက်သည်။ ရှေ့ဆင့်နောက်ဆင့် ရဲမောင်ကလည်း ကားပေါ်သို့တက်သည်။

"ကျွန်တော်တို့ မနေ့က မြို့သစ်မှာတွေ့သေးတယ်နော်"

ကားကို စက်နှိုးမောင်းထွက်ရင်းမှ စဝ်ရန်နိုင်က စကားစသည်။ ရဲမောင် ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ကျွန်တော် မှတ်မိနေပါတယ်"

"ဖူးပွင့် ဦးဖိုးထောင်ဆီကို ပြန်လာသလား"

ရဲမောင် ခေါင်းခါပြသည်။

"ပြန်မလာဘူး . . ဒီကောင်မလေးက အခုလိုပဲ စိတ်ထင်ရာလုပ်တတ်တယ်၊ ဦးကောလို အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ခဏခဏအမေးခံရမှာစိုးလို့ သူတစ်ခြားကို ထွက်သွားတာနဲ့တူတယ်"

"ပြဿနာထဲက ထွက်ပြေးတာပေါ့လေ၊ ကျွန်တော်တော့ အဲသလိုမထင်ဘူး . . သူသိထားတဲ့ လျှို့ဝှက်ချက်တစ်ခု ပေါက်ကြားမှာစိုးလို့ ရှောင်သွားတာပဲ ဖြစ်လိမ့်မယ်"

"ရှောင်သွားတာ ဟုတ်လား . . နေဦး သူက ဒုစရိုက်မှုတစ်ခုခုနဲ့ ပတ်သက်နေတယ်လို့ ကိုရန်နိုင် ပြောတာလား"

"အသေအချာပေါ့ဗျာ . . သူဟာ ဒုစရိုက်မှုတစ်ခုနဲ့ ပတ်သက်နေလိမ့်မယ်။ အဲဒီဒုစရိုက်မှုက သူကျူးလွန်တာတော့ ဟုတ်ပုံမရဘူး၊ သူက ဒုစရိုက်သမားတစ်ယောက်နဲ့ ပတ်သက်နေတော့ ဒုစရိုက်မှုထဲမှာ အလိုလိုပါဝင်မိရက်သား ဖြစ်သွားတာမျိုးပေါ့"





ရဲမောင် ရင်ထိတ်ခုန်လာသည်။ ဖူးပွင့်တစ်ယောက် ကျပ်အတည်းပင် ရောက်နေပြီဆိုသည့်အတွေးက သူ့ကိုတုန်လှုပ်လာစေ၏။

"ဒုစရိုက်သမားဆိုတာက ဘယ်သူ့ကိုပြောတာလဲ"

"ထင်ရှားတဲ့လူကတော့ အောင်သူပေါ့၊ သူမရှိတော့ဘူး၊ သူ့ထက်သာတဲ့လူရဲ့လက်ချက်နဲ့ သေသွားပါပြီ။ ဒါပေမယ့် သူလုပ်ထားတဲ့ အလုပ်တွေတော့ ကျန်နေတယ်။ အဲဒါတွေ ဖူးပွင့်က သိနေတော့ အောင်သူ့နေရာကို ခင်လာတဲ့လူက ဖူးပွင့်ကိုလိုက်နေတာလို့ တွက်ဆကြည့်ရင် သိနိုင်တယ်"

"ဒါဖြစ်ရင် ဖူးပွင့်ဟာ သူ့မှာ အန္တရာယ်ရှိနေလို့ ထွက်ပြေးနေတာ ရှောင်ပုန်းနေတာပေါ့"

"လောလောဆယ်မှာတော့ ဒီလိုပဲ ယူဆလို့ရတယ်"

ထိတ်လန့်တုန်လှုပ်နေမည့် ဖူးပွင့်ကို အတွေးမှာမြင်မိသည်။ ရဲမောင်၏ရင်တွင် ဆစ်ခနဲ နာသွား၏။

"ဖူးပွင့်အနေနဲ့ သူ့မှာ အန္တရာယ်ရှိတယ်ဆိုရင် ကျွန်တော့်ကိုဖွင့်ပြောသင့်တာပေါ့၊ ဘယ်လိုအခြေအနေမျိုးကိုပဲ ရောက်နေရောက်နေ ကျွန်တော် သူ့ကို အတတ်နိုင်ဆုံး ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုတာ သူသိသင့်ပါတယ်။ ဒီကောင်မလေး ကျွန်တော့်အ
ပေါ် တော်တော်အယုံအကြည်နည်းတာပဲ”

“သူ ဘာဖြစ်လို့ ထွက်ပြေးနေသလဲ၊ သူ ဘာဖြစ်
ခင်ဗျားကို ပွင့်ပွင့်လင်းလင်း မပြောသလဲဆိုတာတော့ သူနဲ့
မှပဲ သိနိုင်မယ်ထင်တယ်”

စဝ်ရန်နိုင်၏စကားကို နားထောင်ရင်း ရဲမောင် တစ်
တစ်ရာ စဉ်းစားမိပြန်ဖြင့် ဆတ်ခနဲဖြစ်သွား၏။ သူက စဝ်
နိုင်အား ဖျပ်ခနဲလှမ်းကြည့်လိုက်သည်။

“နေဦး . . ခင်ဗျား ကျွန်တော့်ကို အခုလာခေါ်
အဲဒီကိစ္စအတွက်ပဲလား”

စဝ်ရန်နိုင် ခေါင်းညိတ်လိုက်သည်။

“သံယောဇဉ်ဦးက ဒီကိစ္စထဲမှာ ဘယ်လိုလုပ်ပါ
တာလဲ”

“သူက တာဝန်အရ ဒီကိစ္စထဲကို ဝင်ပါလာရတာ

“ဗျာ”

ရဲမောင် နားမလည်နိုင် ဖြစ်သွားသည်။ သူက ခေါ်
ကို ညင်သာစွာ ဆတ်ခါလိုက်၏။





“ကျွန်တော် နားမလည်တော့ဘူး”

“ဘာကို နားမလည်တာလဲ ကိုရဲမောင်”

“သံယောဇဉ်ဦးက တာဝန်အရ ပါလာတယ်ဆိုတာလေ
ဘာတာဝန်ရှိလို့လဲ”

စဝ်ရန်နိုင် ပြုံးသည်။

“သူ ဒီကနေထွက်သွားပြီး ဘာတွေဖြစ်နေတယ်ဆိုတာ
ား မသိဘူးထင်ပါရဲ့”

“ဟုတ်ကဲ့ . . ကျွန်တော် သူနဲ့အဆက်အသွယ် ပြတ်
ပါတယ်”

“သူက ကျွန်တော်နဲ့အတူ အမှုထမ်းနေပါတယ်၊ ကျွန်
တ့်လိုပဲ သူက အဆင်မြင့်ဂျေင့်တစ်ယောက်ပါ”

. . . .

ရင်ထဲမှာ တိုးတိတ်ညင်သာစွာ လှုပ်ခုန်နေသံကို ကိုယ့်
ာကိုယ် ပြန်ကြားနေရ၏။ မျက်နှာချင်းဆိုင် တွေ့မြင်နေ
ည့် မျက်နှာလှလှလေးကို ငေးမောလျက်ကြည့်မိသည်။
မြေ့သောခံစားချက်တစ်ရပ်က နှလုံးသား၏ဗဟိုချက်မှနေ
တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဦး"

တုန်ရင်လှိုက်လှဲသောခေါ်သံ နှုတ်မှတိုးထွက်သွား
သည်။ သံယောဇဉ်ဦး၏မျက်လုံးအစုံမှာ ရွှန်းလဲ့သောအရော
တွေ တဖျပ်ဖျပ်လက်သွား၏။ ပန်းဆီသွေးနှုတ်ခမ်းပြည့်ဖြ
လေး ညင်သာစွာ လှုပ်လာသည်။

"လာလေ . . ကိုရဲ့ အစောကြီးကတည်းက မဦး စော
နေတာ"

"ကိုရန်နိုင် လာခေါ်ခေါ်ချင်း ကိုယ် လိုက်လာခဲ့တာ"

ရဲမောင်က သံယောဇဉ်ဦးနှင့် မျက်နှာချင်းဆိုင်တွင်
ထိုင်လိုက်သည်။ သူ့မျက်လုံးအစုံမှာ သံယောဇဉ်ဦး၏မျက်
လှလှလေးတွင် မခွာတမ်းစူးစိုက်နေလျက် ရှိသည်။

"ကိုရဲ . . နေကောင်းတယ်နော်"

ရဲမောင်က ခေါင်းကိုညင်သာစွာ ညိတ်ပြလိုက်
ကြည့်၍မဝနိုင်ဟန် မျက်တောင်တစ်ခတ်အချိန်လေးမှာပင် အ
မျက်နှာလေး ပျောက်ကွယ်သွားမှာ စိုးရိမ်သည့်ဟန်ဖြင့် ရဲမော
က သံယောဇဉ်ဦးကို ကြည့်နေသည်။

"မင်းလိုမိန်းကလေးက ဒီအလုပ်မျိုး လုပ်နေတယ်





တာကြားတော့ ကိုယ့်နားကိုတောင် ကိုယ် မယုံဘူး၊ တစ်ကယ်
ပြောတာ မဦး . . ကိုယ် အရမ်းအံ့သြတာပဲ"

သံယောဇဉ်ဦး ရယ်လိုက်သည်။ ရယ်လိုက်သည့်အခါ
သူမ၏ပါးပြင်မို့မို့မှာ ပါးချိုင့်ခွက်လေး ထင်သွားသည်။ ဖွေး
သော သွားတက်စွယ်က အပြုံးကို ပို၍လှပသွားစေ၏။

"အချိန်အခါနဲ့ အခြေအနေက မဦးကို ပြောင်းလဲပေး
လိုက်တာလေ၊ သုံးနှစ်အတွင်းမှာ မဦးရဲ့အခြေအနေ အရင်ကနဲ့
ဆန့်ကျင်ဘက် ဖြစ်သွားပြီ၊ မဦးဟာ အရင်မဦး မဟုတ်တော့
ဘူး ကိုရဲရဲ့"

ရဲမောင် ခေါင်းကို အခါခါညိတ်သည်။

"ဟုတ်ပါတယ် မဦး ပြောင်းလဲနေပြီဆိုတာ ကိုယ်ယုံ
ကြည်ပါပြီ၊ ကိုယ်ကိုတိုင် အရင်ကလို မဟုတ်ဘဲ ပြောင်းလဲနေ
ပြီဆိုတော့ မဦးလည်း ပြောင်းလဲမှာပေါ့၊ ဒါက ဖြစ်သင့်တဲ့ ကိစ္စ
တစ်ခုပဲလေ"

သံယောဇဉ်ဦးက စားပွဲပေါ်တင်ထားသည့် ဓာတ်ဘူးကို
ဆွဲယူသည်။ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကို ပန်းကန်တစ်လုံးထဲ
၌ ထည့်ပြီး ရဲမောင်အားပေးသည်။ ရဲမောင်က ပန်းကန်ကို

www.burmeseclassic.com



လှမ်းယူသည်။ ရေနွေးကြမ်းကျကျ မွှေးမွှေးကို အရသာခံပြီး သောက်သည်။

"ကိုရဲကို အကူအညီတောင်းစရာရှိလို့ . . မဦးလှမ်းပြီး ဆက်သွယ်လိုက်တာ၊ မဦးတို့ချင်း အဆက်အသွယ်ရှိတယ်ဆို တာကို လူမသိစေချင်ဘူး၊ ဒီနယ်ကို မလွဲမကင်းသာ ရောက်လာ ပေမယ့် မဦး လူတွေကြားထဲကို မဝင်ချင်ဘူး"

"ဒါတွေကြောင့် မဦးက ကိုယ့်ကိုခေါ်ခိုင်းတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ကိုရဲ . . နောက်တစ်ခုက အခုကိစ္စမှာ ကိုရဲကို ပါစေချင်လို့၊ ဒီကိစ္စမှာ ဖူးပွင့်တစ်ယောက် ပါဝင်ပတ် သက်နေတယ်၊ အဲဒါကြောင့် ကိုရဲကို မိုပြီးပါစေချင်တာ"

ရဲမောင်က နောက်ကိုလှည့်ကြည့်သည်။ အခန်းတံခါး က ပိတ်ထားလျက်ရှိ၏။ အခန်းထဲတွင် သူနှင့် သံယောဇဉ်ဦး မှလွဲပြီး အခြားသူမရှိ။

"ဘာဖြစ်လို့လဲ ကိုရဲ"

"ဟို . . စဝ်ရန်နိုင်"

"အော် . . စဝ်က မဦးတို့ လွတ်လွတ်လပ်လပ် စကား





ပြောလို့ရအောင် အခန်းထဲဝင်မလာဘဲနေတာ၊ သူ ဟိုဘက်ခန်း မှာ ရှိနေပါလိမ့်မယ်"

"သူရှိနေရင် ပြောမထွက်မယ့် စကားမျိုး ကိုယ့်မှာ မရှိ ပါဘူး၊ နေဦး . . မဦး ကိုယ်ပြောစရာရှိတာတွေ ပြီးအောင်ပြော ပါရစေ"

သံယောဇဉ်ဦးက ခေါင်းညိတ်ပြပြီး ငြိမ်နေလိုက်သည်။ ရဲမောင်က ဦးဖိုးထောင်ရောက်လာသည်မှစပြီး သူတွေကြုံခဲ့ရ သည်တို့ကို ပြန်ပြောပြသည်။ သံယောဇဉ်က ဝင်မထောက်ဘဲ ရဲမောင် ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။ စကားအဆုံးတွင် သူမက သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

"တစ်ဖက်ကလူတွေ ကိုရဲရဲ့ကားထဲမှာ လျှို့ဝှက်အသံ ဖမ်းစက်ကလေး လာတပ်ထားတယ်။ ပြီးတော့ ကိုရဲကို ကားနဲ့ ဝင်တိုက်ဖို့ကြိုးစားတယ်၊ ဒါတွေကိုကြည့်ရင် ဖူးပွင့်ဟာ ကိုရဲ နဲ့ပတ်သက်နေကြောင်း တစ်ဖက်ကလူတွေ သိထားပြီးတဲ့ပုံပဲ"

"ကိုယ်လည်း အဲသလို ထင်ထားပါတယ် မဦး၊ စီးပွား ရေးသမားသက်သက်ဖြစ်တဲ့ ကိုယ့်နောက်ကို ငိုက်မဲ့ပြီးငြင်းဆိုစရာ မျိုး မရှိပါဘူး။ ဒါက ရှင်းနေတဲ့ကိစ္စပါ၊ ဒါပေမယ့် အခု ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို ခြေရာခံမယ့်လူ ရှိနေတယ်။ သူတို့လမ်းကြောင်းပေါ်က ရှုပ်နိုင်တဲ့ ကိုယ့်ကို ရှင်းပစ်ချင်တဲ့လူ ရှိနေတယ်။ အဲဒါ ကိုယ်နဲ့ ပတ်သက်နေတဲ့ ဖူးပွင့်ကြောင့်ပဲ ဖြစ်ရမယ်ဆိုတာ လွယ်လွယ်လေး စဉ်းစားကြည့်လို့ ရပါတယ်။ ကိုယ်က ဘာမှမဖြစ်ပေမယ့် ကိုယ့်လိုပဲ ဖူးပွင့်နဲ့ပတ်သက်နေတဲ့ ဦးဖိုးထောင်ရဲ့လူယုံ ဦးကောလိ အသတ်ခံလိုက်ရတယ်''

''သူတို့က ဦးကောလိကိုကျတော့သတ်ပြီး အဓိကကျတဲ့ ဦးဖိုးထောင်ကိုတော့ မသတ်ဘဲ သတိမေ့အောင်ပဲ လုပ်သွားတာကော''

''အဲဒါ အခွင့်အရေး မရလို့ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်''

''ပြောပါဦး ကိုရဲ''

''ကိုယ်တို့မသိနိုင်တဲ့တစ်ခြား အကြောင်းတစ်ခုခု ရှိဦးမှာပေါ့''

သံယောဇဉ်ဦး ပြုံးသည်။

''ဦးဖိုးထောင်ကို အသေမလုပ်တာ စဉ်းစားစရာအချက်တစ်ခုပဲ၊ တစ်ကယ်ဆို ဦးဖိုးထောင်က ကိုရဲထက်တောင် ဖူးပွင့်နဲ့ ပိုပြီးနီးစပ်နေတယ်၊ လောလောဆယ်မှာ သူက ဖူးပွင့်ကိုထိ





ထိရောက်ရောက် ကူညီနေတာ''

''မဦးတို့က ဒီကိစ္စကို ဘယ်လိုကောက်ချက်ချသလဲဆိုတာ ပြောပါဦး''

''တစ်ဖက်လူတွေက ကိုရဲကိုရော ဦးဖိုးထောင်ကိုရော သူတို့လမ်းကြောင်းပေါ်ကနေ ဖယ်ပစ်ချင်နေတာ၊ သတ်ဖြတ်တဲ့အထိ လုပ်ချင်တဲ့ဆန္ဒ ရှိချင်မှရှိမယ်၊ ဒါကြောင့် ဦးဖိုးထောင်ကို ဒဏ်ရာရရုံပဲ လုပ်လိုက်မယ်၊ ဦးကောလိကိုတော့ မတော်တဆလက်လွန်သွားတာ ဖြစ်မယ်''

သံယောဇဉ်ဦး၏စကားကို နားထောင်ရင်း ရဲမောင်ပြုံးသည်။

''နောက်တစ်မျိုး စဉ်းစားလို့ရတာ ရှိသေးတယ် မဦး''

''ကိုရဲ စဉ်းစားမိတာကို ပြောပါဦး''

''သူတို့ ဦးကောလိနဲ့ ဦးဖိုးထောင်တို့ကို လူမှားသွားတာလေ၊ ဦးဖိုးထောင်ကို ဦးကောလိလို့ထင်၊ ဦးကောလိကို ဦးဖိုးထောင်လို့ ထင်တဲ့အတွက် အခုလိုဖြစ်တာလို့ အဖြေထုတ်ကြည့်ရင် ရတာပဲ''

သံယောဇဉ်ဦး ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်လုံးအစုံမှာ ကြည်လင်တောက်ပခြင်းတွေ ပိုပြီးအရောင်လက်လာသည်။ သူမ၏နှုတ်ခမ်းပေါ်မှ အပြုံးတွေ ပို၍ပီပြင်လာသည်။

"ကိုရဲရဲ့ တွေးခေါ်ဆင်ချင်ပုံက သဘာဝကျတယ်၊ အဖြစ်မှန်နဲ့ နီးစပ်တဲ့ ဆင်ခြင်စဉ်းစားပုံပဲ၊ မဦးပြောစရာရှိတာကို ကိုရဲကို ပွင့်ပွင့်လင်းလင်း ပြောတော့မယ်နော်"

"ပြောပါဦး မဦး"

"မဦးတို့ရဲ့ဆရာက ကိုရဲကို တာဝန်တစ်ခုပေးချင်နေတယ်၊ ဘချုပ်က မဦးကို သူ့ကိုယ်စား ကိုရဲနဲ့တွေ့ပြီး တာဝန်ပေးဖို့ လွှဲအပ်လိုက်တယ်"

"အခုမှပဲ အဓိက အကြောင်းအရာကို ရောက်လာပြီလို့ ကိုယ်ထင်တယ် ဆက်ပြောပါဦး မဦး"

"အခုကိစ္စမှာ မဦးတို့နဲ့တွဲဖက်ပြီး တာဝန်ထမ်းဆောင်ပါ၊ ကိုယ်ရဲ လက်ခံမယ်ဆိုရင် လုပ်ကိုင်ခွင့်အပြည့်ရှိတဲ့ ဂျူင်အဖြစ် ယာယီသတ်မှတ်တာဝန်ပေးမယ်။ ကိုရဲ ဝင်ပါရမဲ့ကိစ္စကို ဆူးပွင့်စစ်ဆင်ရေးလို့ နာမည်ပေးထားတယ်။ ဒီစစ်ဆင်ရေးမှာ မဦးကို တာဝန်ခံ၊ ကိုရဲနဲ့ စဝ်ရန်နိုင်က တိုက်စစ်မှူးတွေ





ဖြစ်လိမ့်မယ်၊ ဘယ်လိုလဲ ကိုရဲ . . နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ချင်စိတ် ရှိသေးရဲ့လား"

"ဘယ်လိုမေးလိုက်တာလဲ မဦး၊ ကိုယ်က ဘယ်လိုလူစားမျိုး ကိုယ့်မှာ ဘယ်လိုအတွေးအခေါ်မျိုး ရှိတယ်၊ ကိုယ့်မှာ ဘယ်လိုစိတ်ဓာတ်မျိုးရှိတယ်ဆိုတာ မဦး အသိဆုံးပါ။ ဆေးအဆင့်မမှီတော့လို့ အပြင်လောကကို ရောက်လာခဲ့ပေမယ့် ကာကွယ်ရေးတာဝန်၊ တိုက်ခိုက်ရေးတာဝန်ကို ထမ်းဆောင်ချင်စိတ် အပြည့်ရှိတဲ့လူပါ၊ မဦးတို့က ကိုယ့်ကိုလိုလားနေတယ်ဆိုရင် အဲဒါ ကိုယ့်အတွက် ဆုလာဒ်ကြီးတစ်ခုလို့ပဲ သဘောထားပါတယ်"

ကြည်နူးဝမ်းသာဖြစ်သွားဟန်တို့ သံယောဇဉ်ဦး၏ မျက်နှာတွင် ထင်ထင်ရှားရှား ပေါ်လာသည်။ သူမက ကလေးတစ်ယောက်လိုပင် ရယ်မောငြီ ထိုင်နေရာမှထလိုက်သည်။

"ကိုရဲ ဒီလိုပဲပြောလိမ့်မယ်လို့ မဦး ယုံကြည်ပြီးသားပါကဲ . . အခု မဦးတို့ ဟိုဘက်ခန်းကို သွားကြရအောင်၊ ဆူးပွင့်စစ်ဆင်ရေးနဲ့ပတ်သက်ပြီး ကိုရဲ သိသင့်တာတွေအားလုံး သိသွားအောင် ပြောပြရမယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

စဝ်ရန်နိုင်က သူနှင့် သံယောဇဉ်ဦးတို့ကြားတွင် ထိုင်နေသော ရဲမောင်အား ဖျပ်ခနဲလှမ်းကြည့်သည်။

"ခင်ဗျားရဲ့ကိုယ်ရေးမှတ်တမ်းကို ကျွန်တော် သေသေချာချာဖတ်ထားပါတယ်။ ပြောရရင်တော့ ခင်ဗျားအကြောင်းကို ခင်ဗျားကိုယ်တိုင်လောက်နီးနီး ကျွန်တော် သိထားပါတယ်"

ရဲမောင်၏ကိုယ် ဆတ်ခနဲဖြစ်သွားသည်။ သူက ဒေါသငွေ့တွေပါသော အကြည့်ဖြင့် စဝ်ရန်နိုင်အား ကြည့်လိုက်၏။

"ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စတွေကို အူမချေးခါး





ကျွန်အောင် ခင်ဗျားစပ်စုထားတယ် ဆိုပါတော့"

စဝ်ရန်နိုင်က သိမ်မွေ့စွာပြုံးရင်း ခေါင်းခါသည်။

"စပ်စုတာ မဟုတ်ပါဘူး၊ ခင်ဗျားကို အရှိအတိုင်း ...င်နိုင်အောင် ကြိုးစားထားတာ၊ စိတ်မဆိုးပါနဲ့ ကိုရဲမောင် .. ခင်ဗျားနဲ့ကျွန်တော် သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုကို လက်တွဲ ...လုပ်ကိုင်ကြရမယ်၊ ကြယ်နှစ်ပွင့်အမှတ်အသားအတပ်ခံရတဲ့ ...စ္စကို လုပ်ကြရမယ်။ ကြယ်နှစ်ပွင့်ဆိုတာ ထိပ်တန်းအဆင့်ပဲ ...ထက်ပိုနိုင်တာ ကြယ်သုံးပွင့်အဆင့်ပဲ ရှိတယ်။ တာဝန်ကြီးကြီး ...စ်ခုကို လူတစ်ယောက်နဲ့ လက်တွဲဆောင်ရွက်တော့မယ်ဆိုရင် ...ီလူအကြောင်း ကျွန်တော် သိထားဖို့လိုတယ်"

ရဲမောင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြု။ ...ရန်နိုင်အား တွေတွေကြီးကြည့်နေ၏။

"ခင်ဗျားကိုသိနေမှ ကျွန်တော်ဟာ ခင်ဗျားဖြစ်နေမှ ...ဝန်တစ်ခုကို လက်တွဲပြီးလုပ်နိုင်မှာလေ၊ ခင်ဗျားဟာ အပြင် ...တကို မရောက်ခင် သံမဏိသားကျအောင် လေ့ကျင့်ခဲ့၊ ...န်သိတဲ့ အမိန့်နာခံတတ်တဲ့လူပါ၊ အခု ကျွန်တော်လုပ်နေ... ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ပါဘူး။ တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည်အတွက် လုပ်နေတာပါ၊ ကျွန်တော်တို့က အမိနိုင်ငံအတွက် အသက်ကိုတောင် ပေးလှူထားပြီးမှတော့ တစ်ခြားကိစ္စတွေ ဘာဖြစ်လို့ အရေးထားနေကြရမှာလဲ"

ရဲမောင်၏မျက်နှာပေါ်မှာ တင်းမာဟန်များ အနည်း ငယ်ပြေလျော့လာသည်။

"ခင်ဗျားဖြစ်ဖြစ် ကျွန်တော်ဖြစ်ဖြစ် တစ်ဖက်လူ ကိုယ့်လျှို့ဝှက်ချက်တွေ အားလုံးသိအောင် ကိုယ့်ကို မိမွေးတိုင်း ဖမွေးတိုင်းမြင်နိုင်အောင် စုံစမ်းတယ်ဆိုရင် ခံပြင်းမှာအမှန်ပဲ ကျွန်တော်က ကိုယ့်အတ္တအတွက် ဒီလိုလုပ်တာ မဟုတ်ပါဘူး နိုင်ငံအတွက်ပါ ခင်ဗျားဟာ တာဝန်နဲ့ပတ်သက်ပြီး စိမ်းတဲ့ မှာ မဟုတ်တာ၊ ကျွန်တော့်အနေအထားကို သဘောပေါက် လိမ့်မယ်"

ရဲမောင် သက်ပြင်းချသည်။ သက်ပြင်းချရင်းမှ ခေါင်း ပါညိတ်လိုက်၏။

"ဟုတ်ပါပြီ . . ကျွန်တော် သဘောပေါက်ပါပြီ၊ အပြင် လောကကို ရောက်နေတာကြာပြီဆိုတော့ ကျွန်တော့်စိတ် နည်းနည်းတော့ သံချေးတက်နေတယ်။ အခု ရှင်းသွားပါပြီ





ဆာရီးနော် . . စဝ်"

ရဲမောင်က နှုတ်မှ တရင်းတနှီးခေါ်လိုက်၏။ စဝ်ရန်နိုင် ၏ထံသို့တိုင်အောင် နွေးထွေးစွာစီးဆင်းသွားသည်။ စဝ်ရန်နိုင် က ရဲမောင်၏လက်မောင်းရင်းကို အားရပါးရဆုပ်ကိုင်လိုက်၏။

"ကျွန်တော်တို့နှစ်ယောက် အတူစွန့်စားကြမယ် ကိုရဲ မောင်"

"ကျွန်တော်က ဝါအရရော အသက်အရပါ ခင်ဗျား ထက်ငယ်ပါတယ် စဝ်၊ ကျွန်တော့်ကို ညီတစ်ယောက်လို သဘောထားပါ"

စဝ်ရန်နိုင် ပြုံးသည်။ သူ့ညာလက်ကို ရှေ့သို့ဆန့်ထုတ် သည်။ တံတောင်ဆစ်ကွေးကာ လက်ဖဝါးကိုဖြန့်သည်။ ရဲမောင် ကလည်း စဝ်ရန်နိုင်ကဲ့သို့ပင် လိုက်လုပ်သည်။ ထို့နောက် လက် ဖဝါးအချင်းချင်း ဖျပ်ခနဲရိုက်လိုက်၏။

"ကျွန်တော် လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ပါပြီ စဝ်"

"ကောင်းတယ် ကိုရဲ၊ နိုင်ငံချစ်စိတ်ရှိတဲ့လူဟာ ဒီလို ပဲဖြစ်ရမှာပေါ့၊ ကဲ ကိုယ်ပြောစရာရှိတာ ဆက်ပြောမယ်နော်"

"ဟုတ်ကဲ့ . . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကိုရဲ့အကြောင်း အတွင်းအပြင် သိနေတော့ ကိုရဲ့ရဲ့အားသာချက်ဟာ ဘာ၊ အားနည်းချက်က ဘာဆိုပြီး တွက်ဆရတယ်၊ အဲဒါကြောင့် စကားပလ္လင်ခံတာပါ။ အခု ကိုရဲ့ ကိုယ့်အပေါ် အမြင်ရှင်းနေပြီဆိုတော့ ပြောစရာရှိတာ မချွင်းမချန် ပြောပါ့မယ်"

ရဲမောင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ စစ်ရန်နိုင်အား ပြုံးပြီးခေါင်းညိတ်ပြသည်။

"ဆူးပွင့်စစ်ဆင်ရေးမှာ ကိုယ်တို့ ရင်ဆိုင်ရမယ့်အဖွဲ့က အနည်းဆုံးနှစ်ဖွဲ့ရှိမယ် . . ဒီထက်ပိုချင်လည်း ပိုနိုင်တယ်"

"ဟုတ်ကဲ့"

"ဒီအဖွဲ့က ဘယ်သူတွေလဲလို့ မေးရင်တော့ မသိသေးဘူးဆိုတာပဲ ပြောနိုင်မယ်။ ဒါကြောင့်လည်း ကိုယ်တို့က သူတို့ဟာ ဘယ်သူပါဆိုပြီး ဖော်ထုတ်ရမယ့် တာဝန်ကိုယူတာပေါ့"

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်"

"ကိုယ်တို့ ရင်ဆိုင်ရမယ့်အဖွဲ့တွေဟာ ထိပ်တန်းအဆင့်ရှိတဲ့အဖွဲ့တွေ၊ ဘာလုပ်လုပ် ပေါ့ဆလို့ မရဘူး . . သတိလစ်လို့ မရဘူး၊ ခြေလှမ်းတစ်လှမ်းမှားရင် တနင့်တပိုးကြီးခံရလိမ့်





မယ်"

ရဲမောင် ခေါင်းညိတ်သည်။

"မြန်မာ့သိပ္ပံအကယ်ဒမီမှာ ကွန်ပျူတာဌာနခွဲတစ်ခုရှိတယ်၊ အခုလကုန်ပိုင်းလောက်က ဒီဌာနခွဲမှာ ဖောက်ထွင်းမှုတစ်ခု ဖြစ်သွားတယ်"

"အဲဒီမှာ လုံခြုံရေးအစီအစဉ် မရှိဘူးလား"

"ဟာ . . ရှိတာပေါ့၊ ဖောက်ထွင်းဝင်တဲ့လူက လုံခြုံရေးအစီအစဉ်ကို အသာလေးဖြတ်ကျော်သွားတယ်။ ကွန်ပျူတာဌာနမှတ်တမ်းဖိုင်ကနေ အရေးကြီးဆုံး ကွန်ပျူတာဒစ်ခ်တစ်ခု ခိုးယူသွားတယ်။ ဒီဒစ်ခ်မှာ နည်းပညာဆိုင်ရာ အချက်အလက်တွေပါတယ်"

"ဟုတ်ကဲ့"

"သတင်းမှောင်ခိုဈေးကွက်မှာ ဒီကွန်ပျူတာဒစ်ခ်ကို လေလံတင်လိမ့်မယ်။ အဲဒီကိစ္စကို လျှို့လျှို့ဝှက်ဝှက်သိပ်သိပ်သည်းသည်းနဲ့ လုပ်မှာပါ။ ဒါပေမယ့် ကျွန်တော်တို့ဆီက ပညာရှင်တွေ တီထွင်ထုတ်လုပ်ထားတဲ့ နည်းပညာတွေ တစ်ခြားလူတွေရဲ့လက်ထဲ လွယ်လွယ်ကူကူ ထွက်သွားရင်"



www.burmeseclassic.com

www.burmeseclassic.com

စဝ်ရန်နိုင်က စကားကိုဆုံးအောင် မပြောဘဲ ရဲမောင်အား အဓိပ္ပါယ်ပါပါကြည့်သည်။ ရဲမောင်က စဝ်ရန်နိုင်အား တုံ့ပြန်ကြည့်ရင်း ခေါင်းညိတ်လိုက်၏။

"အခိုးခံရတဲ့နည်းပညာဟာ ဘာလဲဆိုရင်တော့ အဲဒါကို ကိုယ် မသိဘူး၊ သိခွင့်မရှိသလို သိစရာလဲ မလိုဘူး၊ ဒါပေမယ့် ကိုယ်တို့က အခိုးခံရတဲ့ပစ္စည်းကို ရှာရမယ့်လူတွေဆိုတော့ ဒီပစ္စည်းဟာ ဘယ်အရွယ်အစားလဲ၊ ဘာအရောင်လဲ . . ဘယ်လိုပုံစံလဲဆိုတာမျိုးတော့ သိထားရမှာ ဖြစ်မှာပေါ့။ ဒါကြောင့် အခိုးခံရတဲ့ပစ္စည်း ဟုတ်မဟုတ် စမ်းသပ်ရမယ်။ နည်းလမ်းတော့ရှိတယ်။ အဲဒီနည်းစနစ်ဟာ ကိုယ်တို့သိအောင် ပေးလိုက်ပါတယ်။ နည်းစနစ်က ဘယ်လိုဆိုတာ နောက်တော့ ကိုယ်ပြောပြပါ့မယ်"

ရဲမောင်က စဝ်ရန်နိုင်၏စကားကို စိတ်ဝင်တစားနားထောင်နေရင်း သူ့ဘေးမှ လှုပ်ရှားမှုကြောင့် လှည့်ကြည့်သည်။ သံယောဇဉ်ဦး နေရာမှထသွားသည်ကို တွေ့ရ၏။ တွယ်ငြိခဲ့ဖူးခဲ့သော ကြော့ရှင်းသည့်အလှတွင် တစ်ခဏမျှ ဝင်စားမိသွား၏။





"နည်းပညာ အခိုးခံရတဲ့ကိစ္စမှာ ဖူးပွင့်ပါနိုင်တယ်၊ ...ဖက်ကကြည့်ရင်လည်း လှုပ်ရှားမှုတွေထဲမှာ သူမပါပေမယ့် ...အဖွဲ့ကို ဦးဆောင်တဲ့လူဟာ သူနဲ့ပတ်သက်ဆက်နွယ်နေတယ်။ ...ဖွင့်ဟာ အဲဒီလူအပေါ် အနည်းဆုံးသံယောဇဉ်ရှိတာမျိုး ဖြစ် ...တယ်လို့ ခန့်မှန်းရတယ်"

"အဲဒီလူဆိုတာ စဝ် တစ်ခါပြောတဲ့ အောင်သူဆိုတာ ..."

စဝ်ရန်နိုင် ခေါင်းညိတ်သည်။

"ဟုတ်တယ် . . အောင်သူက သူခိုးအဖွဲ့ခေါင်းဆောင် ...ဖြင်းလို့မရတဲ့ အထောက်အထားတွေ ကိုယ်တို့မှာရှိပါတယ်။ ...ချင် အဲဒီအထောက်အထားတွေ ကိုရဲ တွေ့ရမှာပါ"

"ဟုတ်ကဲ့"

"တစ်ဖက်မှာ အောင်သူတို့နောက်ကို လိုက်နေတဲ့အဖွဲ့ ...ရှိသေးတယ်။ ဒီလူတွေက သိပ်လျှို့ဝှက်တယ်။ သူတို့ ...ရှားမှုကို ဖုံးကွယ်မှုတွေလုပ်ပြီးမှ စတာတ်တယ်။ ပြောရရင် ... အောင်သူတို့ဟာ ကြံရည်ဖန်ရည်ရှိတဲ့ သူခိုးပဲ။ အဲဒီအ ...ကဲ မပိုဘူး . . နောက်တစ်ဖွဲ့ကတော့ ပိုအဆင့်မြင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com

သာမန်သူခိုးမဟုတ်ဘူး၊ ကွန်ပျူတာကွန်ရက်ထဲကို ဝင်ဆန့် လူ၊ သူ့လက်ထဲကို နည်းပညာတွေရောက်သွားရင် ကိုယ့်တို့နိုင် အတွက် ပြန်အစားမရနိုင်တဲ့ ဆုံးရှုံးမှုတွေ ပေါ်လာနိုင်တယ်"

"ကျွန်တော်တို့ လုပ်ရှားရမယ့်ကိစ္စကို ပြောပါဦး"

"ပြောမယ်လေ . . အကြောင်းအရာတစ်ခုလုံး ကို နားလည်အောင် ရှင်းပြနေတာ၊ ပြီးရင် သိသင့်တာတွေ တစ် ပြီးတစ်ခု ပြောမယ်၊ လုပ်ကိုင်ရမှာတွေကို အသေးစိတ်ဆွေး မယ်။ ကိုရဲက စစ်ဆင်ရေးအတွေ့အကြုံရှိတဲ့လူ . . စွမ်းစွမ်း မံ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့လူဆိုတော့ ဘယ်အခြေအနေ ဘာလုပ်ရမယ်ဆိုတာ ချက်ချင်းသဘောပေါက်မှာပါ"

ခပ်ဖွဖွနင်းလျှောက်လာသည့် ခြေသံနှင့်အတူ သံယော ဇဉ်ဦး ပြန်ရောက်လာသည်။ သူမလက်ထဲတွင် လက်ဖက် နှင့် မုန့်ပန်းကန်များပါသော လင်ဗန်းတစ်ချပ် ပါလာ၏။

"ပြောစရာတွေ ကျန်နေသေးတယ် မဟုတ်လား သောက်ရင်းနဲ့ ဆက်ပြောကြတာပေါ့"

သံယောဇဉ်ဦးက ချိုမြစွာပြုံးရင်း ပြောသည်။ ပြောနေရင်းက လင်ဗန်းကို စားပွဲပေါ်ချသည်။ လက်ဖက်





ဗန်းကန်များကို ရဲမောင်နှင့် စစ်ရန်နိုင်တို့ရှေ့တွင် ချပေး၏။

"လက်ဖက်ရည်သောက် . . မုန့်စားလိုက်ကြဦး"

စစ်ရန်နိုင်က ရဲမောင်အား လှမ်းကြည့်ပြီး ခေါင်းဆတ်ပြသည်။ တစ်ပြိုင်နက်တည်းမှာပင် သူ့ရှေ့တွင်ချထားသည့် လက်ဖက်ရည်ပန်းကန်ကို မယူပြီး လက်ဖက်ရည်တစ်ငုံသောက်လိုက်သည်။

"သောက်လိုက်ဦး ကိုရဲ . . ပြီးရင် ကွန်ပျူတာဌာနက မှတ်တမ်းတင်ထားတဲ့ မှတ်တမ်းအခွေကို ကြည့်ကြမယ်"

ရဲမောင်က လက်ဖက်ရည်ပန်းကန်ကို ကောက်ကိုင်သည်။ စိတ်အားထက်သန်ခြင်းကြောင့် သူ့မျက်နှာက တည်ကြည်လေးနက်နေ၏။

. . . .

အနက်ရောင်ဝတ်စုံဝတ်ကာ သိုးမွေးခေါင်းစွပ်အနက်ဆောင်းထားသည့် လူသုံးယောက် အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ တိတ်ဆိတ်လျင်မြန်စွာ ပြေးဝင်သည်။ အခန်းထဲတွင် ကြီးမားသော ကွန်ကရစ်တိုင်ကြီးများရှိ၏။ လူသုံးယောက်က ထိုတိုင်များ အကာအကွယ်ယူပြီး ရှေ့တိုးသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းကျယ်ကြီးတစ်ဖက်တွင် သံမဏိတံခါးတပ်ဆင်ထားသော အခန်းတစ်ခန်းရှိသည်။ အခန်းရှေ့တွင် ဆက်သွယ်ရေးစက်များ တင်ထားသည့် စားပွဲတစ်လုံးရှိပြီး စားပွဲနောက်ကုလားထိုင်တွင် လူတစ်ယောက် ထိုင်နေသည်။

စားပွဲနောက်တွင် ထိုင်နေသူ ညစာကို အရသာခံပြီး စားနေ၏။ သူ့ရှေ့တွင် ပလတ်စတစ်ထမင်းဘူး၊ ဟင်းဘူးသုံးခုရှိသည်။ သူ့အာရုံက ထိုထမင်းဘူးဟင်းဘူးများဆီသို့ ရောက်နေ၏။ ဝတ်စုံနက်ဝတ်ထားသူ သုံးယောက်အနက် တစ်ယောက်က စားပွဲနောက်တွင် ရှိနေသူထံသို့ ချဉ်းကပ်သည်။ အနားကို ရောက်သည်နှင့် ညစာစားနေသူ၏ ဇက်ပိုးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

ထမင်းစားနေသူ စားပွဲပေါ် မျက်နှာအပ်လျက် ကျသွား၏။ လက်ဝါးစောင်းခုတ်ချက်တစ်ချက်ထဲနှင့် သတိလစ်မေ့မြောသွားသည်။ ဝတ်စုံနက်၏အဖော်နှစ်ယောက် မြင်ကွင်းထဲသို့ဝင်လာ သည်။ လူသုံးယောက်က သတိမေ့မြောနေသူကိုပွေ့ချီပြီး သံမဏိတံခါးရှေ့သို့ လျှောက်သည်။ သံမဏိတံခါးဘောင်နံရံတွင် အပေါ်ယံမျက်နှာပြင်၌ မှန်တစ်ချပ်တပ်ဆင်ထား





သော လေးထောင့်သေတ္တာလေး ကပ်ထားသည်။

ဝတ်စုံနက်တစ်ယောက်က သတိလစ်မေ့မြောနေသူ၏လက်တစ်ဖက်ကို ဆွဲယူပြီး သေတ္တာငယ်မှ မှန်ချပ်ပေါ်သို့ လက်ဖဝါးဖြန့်ပူးကပ်လိုက်သည်။ လေးထောင့်သေတ္တာငယ်လေးအတွင်း ဖြူဖွေးသောမီးရောင် ဖျပ်ခနဲပေါ်လာ၏။ တစ်ပြိုင်နက်တည်းပင် သံမဏိတံခါး ညင်သာစွာ ပွင့်သွားသည်။

ဝတ်စုံနက်က သူ့လူနှစ်ယောက်ကို နေခဲ့ရန်လက်ပြပြီးတံခါးပွင့်သွားသည့် အခန်းထဲသို့ ပြေးဝင်သည်။ အပြင်တွင်ကျန်ခဲ့သော ဝတ်စုံနက်နှစ်ယောက်က သတိမေ့မြောနေသူအားကြမ်းပြင်ပေါ်သို့ချသည်။ ထို့နောက် ခါးကြားတွင် ထိုးထားသည့် ပစ္စတိုကိုထုတ်လိုက်ပြီး အခန်းကျယ်ကြီး ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်သည်။

အခန်းထဲဝင်သွားသည့် ဝတ်စုံနက်က ခေါင်းဆောင်းသီးမွေးဦးထုပ်ကို ချွတ်ပစ်သည်။ ထိုအခါ ရုပ်ချောသော လူတစ်ယောက်၏မျက်နှာ ပေါ်လာသည်။

"အဲဒါ အောင်သူပဲ . . သူ့လက်ထဲမှာရှိနေတာ နည်းပညာတွေသိုလှောင်သိမ်းဆည်းထားတဲ့ ကွန်ပျူတာဒစ်ခ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က ရီမုဒ်ကွန်ထရိုးဖြင့် တီဗီကိုပိတ်လိုက်သည်။ ဖန်သားပြင်ပေါ်မှ ပုံရိပ်တွေ ဖျပ်ခနဲပျောက်သွား၏။

"သူက အခန်းထဲမှာ တီဗီကင်မရာရှိတာ မသိဘူးနဲ့ တူတယ်"

"တီဗီကင်မရာတွေ ရှိတာကို သူသိတယ်၊ အဲဒါတွေကို ဖျက်ဆီးပြီး သူအထဲထိ ဝင်လာတာ၊ အခု ရိုက်ပြနေတဲ့ ကင်မရာက လျှို့ဝှက်ကင်မရာ၊ ပိုပြီးလုံခြုံအောင် အပိုတပ်ဆင်ထားတာ အဲဒါကြောင့် ဒီကင်မရာက သူတို့ပုံတွေကို ရိုက်ယူလိုက်နိုင်တာပဲ"

စဝ်ရန်နိုင်က ရှေ့စားပွဲတွင်တင်ထားသော ပလတ်စတစ်ဖိုင်ကို လှမ်းယူသည်။ ဖိုင်ကို ရဲမောင်လက်ထဲသို့ ထည့်၏။

"ပထမဆုံးစာမျက်နှာမှာရှိတဲ့ ပုံကိုကြည့်၊ အဲဒီလူက ကိုယ်တို့ဌာနက ဓာတ်ပုံသမား၊ နတ်သမီးကမ်းပါးက အိမ်ကို ဝင်စီးတော့ အောင်သူတို့လက်ချက် မိသွားတယ်၊ သူ့တွဲဖက် အောင်ဆက်တော့ ကံကောင်းထောက်မပြီး လွတ်လာတယ်"

"အောင်ဆက် . . ဟုတ်လား၊ ဒီနာမည်ကို ကျွန်တော် ကြားဖူးသလိုပဲ"



"ကြားရင် ကြားဖူးမှာပေါ့ . . သူက ဒီနယ်ဘက်မှာ တာဝန်ကျတဲ့လူလေ"

ရဲမောင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြု၊ ဦးစားဟန်ဖြင့် မျက်မှောင်ကြုံ့ပြီး ငြိမ်နေသည်။

"ဒီကိစ္စတွေနဲ့ ဆက်စပ်နေတဲ့ နောက်ကိစ္စတစ်ခုရှိသေးတယ်၊ အဲဒါက မုန်းဆန်းကနေ သထုံတွင်းကိုသွားတဲ့ လမ်းမှာ ကိုယ်တို့လူတစ်ယောက် ရန်သူ့လက်ချက် မိသွားတာပဲ၊ အဲဒါကို မုန်းဆန်းက ထော်လာဂျီမောင်းသမား အိုက်ပီးက သတင်းပို့လို့ သိရတာ"

"ဒီအတိုင်းဆိုရင် သူတို့ရဲ့လှုပ်ရှားမှုက တော်တော်များပြီး လုပ်ရပ်တွေကလည်း တော်တော်ရက်စက်တာပဲ"

"ဟုတ်တယ် . . ကိုရဲ၊ အဲဒီကိစ္စကို ကိုယ်တို့ လက်တွဲပြီးဖြေရှင်းမယ်၊ ဒီဖိုင်က ဆူးပွင့်စစ်ဆင်ရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ စုဆောင်းထားတဲ့ဖိုင် . . လေ့လာပေတော့"

စဝ်ရန်နိုင်က စကားကိုအဆုံးသတ်ပြီး နေရာမှထသည်။ ရဲမောင်က စီးကရက်တစ်လိပ်မီးညှိပြီး မှတ်တမ်းဖိုင်ကိုလှန်သည်။ သူက အချက်အလက်များကို အာရုံစိုက်နေသဖြင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ သံယောဇဉ်ဦးကို မေ့လျော့သွား၏။ သံယောဇဉ်ဦးက ရဲမောင်အား ငေးမောလျက်ကြည့်နေသည်။

စာမျက်နှာနှစ်ဆယ်ခန့်ပါရှိသည့် မှတ်တမ်းကို လေ့လာဖတ်ရှုပြီးစဉ် ရဲမောင်က အလိုအလျောက်ပင် သံယောဇဉ်ဦးဖက်သို့လှည့်ကြည့်မိသွားသည်။ ထိုအခါ စူးစူးစိုက်စိုက် ကြည့်နေသော သံယောဇဉ်ဦး ၏မျက်ဝန်းများနှင့် အကြည့်ချင်းဆုံမိ၏။

"ဖတ်ပြီးသွားပြီလား ကိုရဲ"

သံယောဇဉ်ဦးက ကပျာကယာမျက်လွှာချရင်းမှ မေးသည်။

"ပြီးပြီ . . မဦး"

"ဒါဆိုရင် ဟိုဖက်ခန်းကိုသွားကြရအောင် ဆက်လုပ်ရမယ့်ကိစ္စကို တိုင်ပင်ကြတာပေါ့"

သံယောဇဉ်ဦး ထိုင်နေရာမှထသည်။ ရဲမောင်ပါ နေရာမှထ၏။ သူက သံယောဇဉ်ဦး ဦးဆောင်ရာနောက်သို့ လိုက်သည်။ ကျော့ရှင်းသော အလှရှင်နောက်မှလိုက်ရင်း လျှော်အသေးစားလေးတစ်ခု လှုပ်နေလေ၏။

# အခန်း(၉)

စာအိတ်ကိုဖောက်လိုက်သည်။

စာအိတ်ထဲမှ စာရွက်စက္ကူတစ်ရွက်၊ ဘာစာလုံးမှ မပါသော စာရွက်အဖြူ။

ဖူးပွင့်က စာရွက်ကိုထောင်ကြည့်သည်။ ပြီး ထိုင်ရာမှထကာ အခန်းထောင့်ရှိ လက်ဆေးဇလုံရှိရာသို့ လျှောက်သည်။ ရေအပြည့်ရှိနေသော ဇလုံထဲသို့ စာရွက်အဖြူကိုနှစ်ပြီး ပြန်ထုတ်သည်။

ရေစစ်သွားချိန်တွင် စာရွက်ပေါ်၌ စာလုံးများ၊ စာ

www.burmeseclassic.com



ကြောင်းများ ပေါ်လာသည်။ ဖူးပွင့်က စာကိုလျှင်မြန်စွာဖတ်သည်။ သူမ စာဖတ်ပြီးသွားချိန်တွင် စာရွက်ပေါ်မှ စာလုံးတွေ မှေးမှိန်ပျောက်ကွယ်သွားသည်။ သူမက စာရွက်ကို လက်ဆေးဇလုံထဲသို့ ပစ်ချလိုက်၏။

သူမ စောစောက ထိုင်ခဲ့သည့်နေရာကို ပြန်လျှောက်ရင်း ဖူးပွင့်က စားပွဲပေါ်တင်ထားသည့် ဘူးပြားလေးကို တစ်ချက်လှမ်းကြည့်၏။ စားပွဲခေါ်တွင်ရပ်ကာ ဘူးပြားလေးကို ယူကြည့်၏။ စက္ကူဘူးပြားလေးတွင် ဓာတ်ပြားငယ် တစ်ချပ်ရှိနေသည်။

"နမ့်တိန်းတောင်ကျော်တံတားဘေးမှာ မင်းကိုစောင့်ရှောက်ဖို့ ပို့ထားတဲ့လူ ရှိမယ်၊ ညနေထိ အဲဒီအိမ်မှာပဲ နေပါ၊ နေဝင်တာနဲ့ တံတားဘေးကလူ မီးသုံးချက်ခြစ်ပြီး အချက်ပြလိမ့်မယ်။ ပြီးတော့ အဆက်အသွယ်တစ်ယောက် မင်းဆီကို လာလိမ့်မယ်။ တံခါးသုံးချက်ခေါက်မယ်။ မင်းသိထားတဲ့ လျှို့ဝှက်စကားနဲ့ ဆက်သွယ်လိမ့်မယ်။ သူ့လက်ထဲကို မင်းအခုရတဲ့ ဓာတ်ပြားထည့်လိုက်ပါ။ ပထမက ရှိနေတဲ့ဓာတ်ပြားကိုတော့ သိမ်းထားပါ။ သိုသိုသိပ်သိပ်ဝှက်ပြီး လွိုင်ခေါ်ကိုလာပါ။ ကားငှား





ပြီးလာလို့ ရတယ်"

လျှို့ဝှက်မှင်ဖြင့် ရေးပို့လိုက်သည့်စာကို ပြန်စဉ်းစားကြည့်သည်။ ထို့နောက် သူမက လက်တွင်ပတ်ထားသည့် နာရီကိုကြည့်သည်။ ညနေငါးနာရီ၊ နေဝင်ရန် တစ်နာရီခန့်သာလိုတော့သည်။ စာဖြင့်ညွှန်ကြားခဲ့သည့်အတိုင်း လုပ်ရန် စိတ်ကူးဖြင့် စီစဉ်ကြည့်၏။

စားပွဲပေါ်တင်ထားသည့် ဓာတ်ပြားငယ်ကို အိတ်တစ်လုံးထဲထည့်သည်။ ပြီး စားပွဲအံဆွဲကိုဖွင့်ကာ အတွင်းမှ အိတ်ငယ်တစ်လုံးကိုထုတ်ယူသည်။ အိတ်ထဲတွင် ဓာတ်ပြားငယ်တစ်ချပ်ရှိသည်။ ဖူးပွင့်က ထိုအိတ်ကို အမိုက်ခြင်းထဲ ပစ်ထည့်ထားလိုက်၏။

လွိုင်ခေါ်ကိုသွားရန် ကြိုတင်စီစဉ်ထားမှ ဖြစ်မည်ဟု သူစဉ်းစားပြီး တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ယူကြည့်သည်။ အငှားကားဂိတ်သုံးခု၏ ဖုန်းနံပါတ်များကိုမှတ်သားပြီး ဆက်သွယ်သည်။ သူတည်းခိုနေသည့် အခန်းနှင့် အနီးဆုံးကားဂိတ်မှ ကားတစ်စီးကို ကြိုတင်ငှားရမ်း၍ ရသည်။

အချိန်ကိုကြည့်ပြီး ရေချိုးခန်းသို့ဝင်သည်။ ရေကိုစိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြေနပြေရျိုးပြီးနောက် အိမ်ရှေ့ခန်းသို့ပြန်ထွက်သည်။ ထိုအချိန်မှာပင် အမှောင်စိုးမိုးစပြုလာပြီ ဖြစ်သည်။

ဖူးပွင့်က အဝတ်အစားလဲလှယ်ဝတ်ဆင်ရန် ပြင်ဆင်ရင်း ပြတင်းပေါက်မှနေ၍ နမ့်တိန်းချောင်းကျော်တံတားဘက်သို့ကြည့်သည်။ တစ်ဖက်မှ မဆက်သွယ်သေးပါဘူးဟု တွေးပြီး ခရီးဆောင်အိတ်ထဲမှ ဘောင်းဘီတစ်ထည်နှင့် ရှပ်အင်္ကျီတစ်ထည်ကို ထုတ်ယူနေစဉ် ဖျပ်ခနဲလက်သွားသော မီးရောင်ကို တွေ့ရသည်။

မီးရောင်သုံးခါလက်သည်။ ဆက်သွယ်မည့်လူ လာတော့မှာပဲဟု ဖူးပွင့်တွေးမိ၏။ သူက ပြတင်းပေါက်တံခါးကို ပိတ်သည်။ ခရီးဆောင်အိတ်ထဲမှ ထုတ်ယူထားသော အင်္ကျီနှင့် ဘောင်းဘီကို စားပွဲပေါ်တင်လိုက်သည်။

ကုလားထိုင်နောက်မှီတွင် လျှော်ထားသော သဘက်ကို ဆွဲယူပြီး ပခုံး၊ လည်ပင်း စသည်တို့တွင် ထင်ကျန်နေသည့် ရေစက်ရေပေါက်များကို သုတ်သည်။ ထိုအချိန်မှာပင် တံခါးခေါက်သံပေါ်လာသည်။

ဖူးပွင့်က သဘက်ကို ပခုံးပေါ်တင်ကာခြုံပြီး တံခါးရှိ





ရာသို့ ခပ်သွက်သွက်လျှောက်သည်။ တံခါးအနီးတွင်ရပ်ပြီး ချောင်းကြည့်ပေါက်မှနေ၍ အပြင်ဘက်သို့ကြည့်လိုက်၏။ အပြင်ဘက်တွင် အရပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင်နှင့် လူတစ်ယောက်ကို တွေ့ရသည်။

တံခါးခေါက်သံသုံးချက်နှင့် ရပ်သွားသည်။ ဖူးပွင့်က ချောင်းကြည့်ပေါက်နားကပ်ပြီး မတိုးမကျယ် မေးသည်။

"ဘယ်သူလဲ"

"ရန်သူထဲက မဟုတ်ပါဘူး"

တံခါးချက်ကို ဖြုတ်ဖွင့်ပြီး ဖူးပွင့်နောက်ဆုတ်သည်။ အရပ်မြင့်မြင့်နှင့်လူ တံခါးကိုတွန်းဖွင့်ပြီး အခန်းထဲသို့ဝင်လာသည်။ သူက ဖူးပွင့်အား တစ်ချက်လှမ်းကြည့်ပြီး တံခါးပြန်ပိတ်သည်။

"အဆင်သင့် မဖြစ်သေးပါဘူး၊ ပစ္စည်းအပ်ပြီးတာနဲ့ သွားရမှာ မဟုတ်ဘူး"

ထိုသူက လှည့်လာပြီး ပြောမှပင် အဝတ်အစားမလဲရသေးသည့်အဖြစ်ကို သတိပြုမိသည်။ ဖူးပွင့်က ပခုံးပေါ်တင်ထားသည့် သဘက်ကို လုံခြုံအောင် လက်နှစ်ဖက်ဖြင့် ဆွဲစေ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

"အဝတ်အစားလဲဖို့ပဲ ကျန်ပါတယ်၊ စားပွဲပေါ်က ပစ္စည်းကို စစ်ဆေးကြည့်ပါဦး"

ဖူးပွင့် နေရာမှခွာသည်။ နောက်မှ ခပ်ခွာခွာလိုက်လာသူက သူမအား မျက်တောင်မခတ်ကြည့်နေကြောင်းကို သတိမပြုမိ။

"ကိုယ့်နာမည် မြဟန်ပါ . . ဖူးပွင့်"

"ဟုတ်ကဲ့ . . ဒါကို စမ်းကြည့်ပါနော်၊ ကျွန်မ အဝတ်အစားသွားလဲလိုက်မယ်"

စားပွဲပေါ်မှအိတ်ကို မြဟန်အားပေးသည်။ တစ်ဆက်တည်းပင် စားပွဲပေါ်တင်ထားသည့် ရုပ်အင်္ကျီနှင့် ဘောင်းဘီကိုယူပြီး ကပ်လျက် အိပ်ခန်းသို့ဝင်သည်။

အိပ်ခန်းထဲသို့ရောက်သည်နှင့် ပခုံးပေါ်မှသဘက်ကိုဖယ်၍ ဝတ်ဆင်မည့် အင်္ကျီကိုကိုင်သည်။ ထိုအချိန်မှာပင် နောက်နားမှကပ်ပြီးပေါ်လာသည့် အသံကျယ်ကို ကြားရ၏။

ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလျက် ဖူးပွင့်နောက်လှည့်ကြည့်သည်။ အခန်းထဲသို့လိုက်ဝင်လာပြီး သူ့နောက်နားတွင်





ကပ်ရပ်လိုက်သော မြဟန်အားတွေ့ရ၏။

"ရှင် . . ဘာလုပ်တာလဲ အပြင်ထွက်ပါ၊ ကျွန်မ အဝတ်အစားဝတ်မလို့"

မြဟန်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြု။ ခါတ်ပြားယော်ထည့်ထားသောအိတ်ကို ကြမ်းပြင်ပေါ်သို့ ချသည်။ အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် ဖူးပွင့်အား စူးစိုက်ကြည့်ပြီး ရှေ့တိုးလာ၏။

"ရှေ့မတိုးနဲ့"

မြဟန်၏မျက်လုံးထဲမှ အဓိပ္ပါယ်ကိုနားလည်နေသဖြင့် ခပ်တင်းတင်းဟန့်တားလိုက်သည်။ မြဟန်က ဟန့်တားတာကို ဂရုစိုက်ပုံမရ။ သန်မာသောလက်နှစ်ဖက်နှင့် ဖူးပွင့်၏ပခုံးကို လှမ်းကိုင်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ . . လွှတ်"

မြဟန် ခပ်တိုးတိုးရယ်ပြီး ဖူးပွင့်၏ပခုံးကို ကိုင်လှုပ်သည်။ ဖူးပွင့်က လက်ထဲတွင် ကိုင်ထားသည့် အတွင်းခံနှင့် ရုပ်အင်္ကျီတို့ကို လွှတ်ချသည်။

တစ်ဆက်တည်းပင် ပခုံးပေါ်တင်ထားသည့် မြဟန်၏


www.burmeseclassic.com

www.burmeseclassic.com

လက်နှစ်ဖက်ကို ပုတ်ထုတ်လိုက်သည်။ မြဟန်၏လက်မှ လွတ်သည်နှင့် နောက်ကို ကပျာကရာဆုတ်လိုက်၏။

"ရှင် သိပ်ယုတ်မာပါလား . . အပေးအယူကိစ္စထဲမှာ ဒါကော ပါသလား"

မြဟန် ပြုံးသည်။

"မင်းက တော်တော်စွာပါလား၊ မင်းလို သိင်လှတဲ့ မစွာတေးလေးတွေကို ငါ စိတ်ဝင်စားတယ်"

မြဟန်ရှေ့တိုးလာသည်။ ဖူးပွင့်က ဆတ်ခနဲခုန်ကန်လိုက်၏။ ထမီရင်လျားနှင့်မို့ လှုပ်ရှားရသည်မှာ မလွတ်လပ်။ သူမ၏ကန်ချက်မှာ ထိရောက်ခြင်းမရှိ။

မြဟန်က ရှောင်တိမ်း လိုက်သဖြင့် လုံချည်အနားစပြဲသွားရုံသာ အဖတ်တင်လိုက်သည်။

"မင်း မောနေပါ့မယ် ဖူးပွင့်ရယ်"

"ပစ္စည်းယူပြီး ရှင်ထွက်သွားတော့ မသွားရင် ကျွန်မကို အဆိုးမဆိုနဲ့နော်"

"မင်းလို မိန်းမချောလေးကို ဒီအခန်းထဲမှာ ထားခဲ့ပြီး ထွက်သွားရမှာ နှမြောစရာကြီး"





"ရှင် ထွက်သွားနော် . . မျက်နှာပျက်စရာတွေ မဖြစ်ခင်မှာ ထွက်သွားတာ ကောင်းလိမ့်မယ်"

"မျက်နှာပျက်မှာကို ငါက ဂရုမစိုက်ပါဘူး"

"ရှင်က ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ထင်နေတာကိုး၊ ရှင့်လိုလူနဲ့ အတွေ့ခံဖို့အတွက် ကျွန်မမှာ ဘာပြင်ဆင်မှုမှ မရှိဘူးလို့ ထင်နေသလား"

"ဘာပြင်ဆင်မှုလဲ . . တံတားဘေးကလူကို ပြောတာလား၊ သူ အစောကြီးကတည်းက အိပ်ပျော်သွားပြီ၊ မင်းကို မီးခြစ်ခြစ်ပြီး အချက်ပြလိုက်တာ ငါကိုယ်တိုင်ပါ"

"လူယုတ်မာကြီး"

ဖူးပွင့်က မြဟန်အား တရကြမ်းဝင်ရောက်တိုက်ခိုက်သည်။ မြဟန်က ဖူးပွင့်၏တိုက်ခိုက်မှုမှ လွတ်အောင်လျင်မြန်စွာ ရှောင်တိမ်းသည်။

"ယား"

မာန်သွင်းအော်ဟစ်သံနှင့်အတူ ဖူးပွင့်က မြဟန်အား ခြေစောင်းဖြင့်ကန်သည်။ မြဟန်က ရှောင်တိမ်းပြီး ဖူးပွင့်၏ ခြေထောက်ကို ဆောင့်ဆွဲလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဖူးပွင့် မဟာန်နိုင်။ ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲကျသည်။ သူမက နေရာမှထမည်အပြုတွင် သန်မာသော မြဟာန်၏လက်များက သူမအား ချုပ်ကိုင်လိုက်လေ၏။

“ငါက သေနတ်ကိုအလှကိုင်တဲ့ လူမျိုးမဟုတ်ဘူးဆိုတာ မင်းသိတယ်နော်၊ ဆိုင်လင့်ဓာတပ်ထားတဲ့ သေနတ်နဲ့ အပစ်ခံရရင် မင်း အခုလို လှနေတော့မှာ မဟုတ်ဘူး၊ မင်း အမေနဲ့ ခုအချိန်မှာ သေမလား၊ နေမလားဆိုတာ တစ်ခုခုရွေးချယ်ရမယ်။ ဒါလောက် အသက်ငယ်ငယ်နဲ့ မသေချင်ပါနဲ့၊ ဒီလောကကြီးထဲမှာ ပျော်ပျော်နေပစ်လိုက်စမ်းပါ”

ဖူးပွင့်က မြဟာန်အား မုန်းမုန်းတီးတီးနှင့် ကြည့်သည်။ မြဟာန်သည် အဲသံထိန်းပြောင်းပိုတပ်ထားသော ပစ္စတိုဖြင့်ချိန်ရွယ်ရင်းမှ ဖူးပွင့်ကိုဆွဲထူလိုက်သည်။ ဖူးပွင့် ထရပ်မိသည်နှင့် လက်တစ်ဖက်ကို နောက်ပြန်လိမ်ကာ ချုပ်ကိုင်လိုက်သည်။

“သွား”

ခုတင်ရှိရာသို့ တွန်းခေါ်သည်။ ဖူးပွင့်က ဆုတ်ကန်ကန်နှင့် လျှောက်သည်။

“ပေကပ်ကပ်မလုပ်နဲ့ ဖူးပွင့် . . မင်းလို ခပ်စွာစွာ ကောင်





မလေးတွေ ငြိမ်သွားအောင် လုပ်တဲ့နည်းတွေ ငါ့မှာ အများကြီးရှိတယ်။ ခုနေမှာ မင်းကိုလာကူမယ့်လူ မရှိဘူး၊ မင်းကိုနိုင်းတဲ့လူက သူ့အစီအစဉ်ပြီးဖို့ကိုပဲ စိတ်ဝင်စားတာ၊ မင်းကို ကယ်ဖို့ စိတ်ဝင်စားမှာ မဟုတ်ဘူး”

ခုတင်ဘေးသို့အရောက်တွင် ဖူးပွင့် တုံ့ရပ်သည်။ မြဟာန်က ဖူးပွင့်အား ဆောင့်တွန်းလိုက်၏။ ဖူးပွင့် ခုတင်ပေါ်သို့ မှောက်ကျသွားသည်။

“ငါ မင်းကို မရက်စက်ချင်ဘူး၊ အသားအနာမခံချင်နဲ့ ဖူးပွင့် . . ငါနဲ့အဆင်ပြေအောင်နေရင် မင်းသက်သာမယ်ဆိုတာ စဉ်းစားစမ်းပါ”

ဖူးပွင့် ပင့်သက်တစ်ချက်ရှိုက်လိုက်သည်။ ခုတင်ပေါ်တွင် မှောက်လျက်ဖြစ်နေရာမှ ကိုယ်ကိုလှည့်လိုက်သည်။ ခုတင်ဘေးထွင်ရပ်နေသော မြဟာန်ကိုမော့ပ်စူးစူးတစ်ချက်ကြည့်သည်။

“ရှင် သစ္စာမဲ့တာပဲ”

“ဟား . . ဟား . . ဟား . . ငါတို့လုပ်တဲ့အလုပ်က ကောင်းမှုတွေမှ မဟုတ်တာ၊ သစ္စာရှိဖို့ လိုလို့လား . . လည်သူစားတမ်း လျှင်သူ အနိုင်ယူတမ်းပဲ၊ ငါ မင်းနဲ့စကားအနိုင်လု


www.burmeseclassic.com

www.burmeseclassic.com

ပြော မနေချင်ဘူး၊ မင်းကို ရှင်းရှင်းမေးမယ် . . ဒီအလုပ်တွေကို ငွေရဖို့အတွက် မင်းလုပ်နေတာ မဟုတ်လား”

ဖူးပွင့်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြု။ သူမအား မိုးပြီးကြည့်နေသည့် မြဟန်ကို စူးရဲစွာတုံ့ပြန်ကြည့်နေသည်။

“မင်း . . အခု ဆရာတင်ထားတဲ့လူနဲ့ လမ်းခွဲလိုက်စမ်းပါ . . ငါက မင်းကို . . အင့်”

ဖူးပွင့်က ညာခြေကို ဆတ်ခနဲမြှောက်တင်ပြီး ကန်လိုက်သည်။ ရည်ရွယ်ရာကို တန်းတန်းမတ်မတ်ထိမိပြီး မြဟန်ငိုက်ကျလာ၏။

သူက ဒေါသဖြင့် ဖူးပွင့်၏မျက်နှာကို ဖြတ် ရိုက်လိုက်သည်။ ခွပ်ခနဲမြည်သံနှင့်အတူ ဖူးပွင့်၏ပါးရိုးတစ်လျှောက် ပူခနဲဖြစ်ကာသွားသည်။ သူမ၏မျက်လုံးအစုံ မှိုင်းပွင့်သွားသလို ခံစားရ၏။

“မင်းကို ငါမရက်စက်ဘူးလို့ ပြောထားတယ်နော်”

မြဟန်က ကုန်းကွကွကြီးဖြစ်နေရာမှ သူ့ကိုယ်သူ ဟန်နိုင်ရန်ကြိုးစားသည်။ ဖူးပွင့်၏ဘယ်ခြေ ဆတ်ခနဲမြှောက်တက်





သွား၏။ ဖြောင်းခနဲမြည်သံနှင့်အတူ မြဟန် ဒုတိယအကြိမ်ရှေ့ကိုငိုက်ကျလာသည်။ ဖူးပွင့်က မြဟန်၏သေနတ်ကိုင်လက်ကို ဆတ်ခနဲဖမ်းချုပ်သည်။

မြဟန်သည် ပြင်းပြင်းထန်ထန် ဝေဒနာခံစားနေရဟန်တူသည်။ သို့သော် လက်ထဲမှ ပစ္စတိုကိုမလွှတ်။ ဖူးပွင့်က မြဟန်၏လက်ထဲမှ ပစ္စတိုကိုရအောင် ကြိုးစားသည်။

သေနတ်ကို အပြန်အလှန်လုရင်း ထုတ်ခနဲမြည်သွားသံပေါ်လာသည်။ အံ့သြထိတ်လန့်သွားဟန်ဖြင့် မြဟန်မျက်လုံးပြူးသွား၏။ နှုတ်မှ နာကျင်စွာအော်လိုက်သံနှင့်အတူ ဖူးပွင့်အပေါ်သို့ မှောက်ကျလာသည်။

ဖူးပွင့်က မြဟန်ကို ဆောင့်တွန်းလိုက်သည်။ ငိုက်ကျလာသော မြဟန်၏ကိုယ် ကြမ်းပြင်ပေါ် ဝုန်းခနဲပစ်ကျသွား၏။ ကျသည့်နေရာမှ ပြန်ထမလာနိုင်တော့ဘဲ ပစ္စတိုကိုင်ထားလျက်နှင့် ငြိမ်ကျသွားသည်။

ဖူးပွင့်က ဝင်သက်တစ်ချက်ကို ပင်ပန်းကြီးစွာရှူသည်။ လှုပ်ရှားမှုမရှိတော့သည့် သူမကိုယ်ကို သူမ ငုံ့ကြည့်သည်။ ပူလောင်နာကျင်နေသော ပါးပြင်ကို လက်တစ်ဖက်ဖြင့် စမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



၏။ ပါးရိုးပေါ်မှ စေးပျစ်သောသွေးများကို စမ်းမိသည်။

"လူယုတ်မာ . . နင့်လိုလူမျိုးဟာ တစ်ခါ မဟုတ်ဘူး နှစ်ခါပြန်သေဖို့ကောင်းတယ်"

ဖူးပွင့်က ကြမ်းပြင်ပေါ်ကျနေသည့် အဝတ်အစားများကိုယူပြီး ဝတ်ဆင်လိုက်သည်။ သွေးတွေပေနေသည့် ထမီကို အဝတ်ဟောင်းထည့်သည့် ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။ ပြီး မှန်ရှေ့တွင်ရပ်ကာ သူ့ပါးပြင်ပေါ်မှ ဒဏ်ရာကိုကြည့်သည်။

ပါးရိုးပေါ်တွင် သွေးထွက်နေသော ဒဏ်ရာကိုတွေ့ရသည်။ သွေးတွေကိုသုတ်ပစ်ပြီးအိမ်ရှေ့ခန်းသို့ထွက်ခါ သူမ၏ ခရီးဆောင်အိတ်ကိုယူသည်။

အမှိုက်ခြင်းထဲ ပစ်ထည့်ထားသည့် ဓားပြားအိတ်ကို နှိုက်ယူပြီး ခရီးဆောင်အိတ်ထဲထည့်သည်။ ထို့နောက် ခရီးဆောင်အိတ်ကိုဆွဲကာ အိပ်ခန်းထဲသို့ပြန်ဝင် သည်။ မှန်ရှေ့တွင် ဒုတိယအကြိမ် ပြန်ရပ်၏။

ခရီးဆောင်အိတ်၏ ဘေးအိတ်မှ ပလတ်စတစ်ကို ထုတ်ယူပြီး ပါးရိုးရှိဒဏ်ရာပေါ်သို့ ကပ်သည်။ ပလတ်စတစ် ကပ်ထားသည့်တိုင် နုမျစ်သန့်စင်သော မျက်နှာအလှက ပျက်





သွား။ သူမသည် ကြမ်းပြင်ပေါ်မှ တစ်စောင်းလဲနေသော မြဟန်ကို ရွံရှာစက်ဆုပ်စွာ ကြည့်သည်။ ထို့နောက် ခရီးဆောင် အိတ်ကိုဆွဲပြီး အိပ်ခန်းထဲမှထွက်သည်။

အပြင်ခန်းသို့ရောက်သည်နှင့် တံခါးပေါက်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်သည်။ ပိတ်ထားသည့် တံခါးကို ချက်ဖြုတ်၍ဖွင့်ရင်း နံရံပေါ်ရှိ မီးခလုတ်ကိုပိတ်လိုက်သည်။ အခန်းထဲမှ မီးရောင်ပျောက်သွား၏။

ဖူးပွင့်က အပြင်ထွက်ပြီး တံခါးကိုပြန်ပိတ်သည်။ ခရီး ဆောင်အိတ်လွယ်လျက် လှေကားခပ်ကျဉ်းကျဉ်းမှနေ၍ အောက်သို့ဆင်းသည်။

အောက်ထပ်ညာဘက်အခန်းမှ မီးရောင်ကိုတွေ့ရသည်။ ဖူးပွင့်က မှောင်ရိပ်ကျနေသော ဘယ်ဘက်အခန်းရှေ့မှဖြတ်ပြီး လမ်းပေါ်သို့ထွက်လိုက်၏။

စိတ်လှုပ်ရှားနေသော်လည်း သူမ၏လှုပ်ရှားမှုက ပျာယာခတ်နေခြင်း မရှိ။ လမ်းမကြီးအတိုင်း တည်ငြိမ်စွာလျှောက် သည်။ ဖုံးဆက်ပြီး အစီအစဉ်လုပ်ထားသည့် အငှားကားကို မှာ တစ်လမ်းကျော်တွင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်က တစ်ဖက်လမ်းသို့ကူးရင်း ဆိုင်တစ်ဆိုင်မှ ဟန်ဘာဂါတစ်ခုနှင့် အချိုရည်တစ်ဘူးဝယ်လိုက်သည်။ စားသောက်ဖွယ်ရာများပါသည်။ ကျွတ်ကျွတ်အိတ်ကို တစ်ဖက်ကဆွဲပြီး အငှားကားဂိတ်သို့ဝင်သည်။

အငှားကားဂိတ်ရှေ့တွင် နက်ပြာရောင်ဆီဒင်တစ်စီးရပ်ထားသည်။ ဖူးပွင့်က ရုံးခန်းထဲသို့ဝင်ပြီး လှိုင်ခကိုသွားမည့်ခရီးအတွက် အငှားကားခရှင်းသည်။ ဂိတ်မှူးက ပြေစာဖြတ်ပိုင်းတစ်ခု ပြန်ပေးသည်။

"ဦးထွန်း . . ခင်ဗျား လိုက်ပို့ရမယ့် ခရီးသည်က ဒီမိန်းကလေးပဲ၊ ဒီည နှင်းတော်တော်ကျတယ်နော်၊ ခရီးဆုံးကို အန္တရာယ်ကင်းကင်းနဲ့ ရောက်အောင် မှန်မှန်ပဲမောင်းပါ"

ရုံးခန်းထဲတွင် ထိုင်နေသော အသက်ငါးဆယ်ကျော်အရွယ်ရှိ ဦးထွန်း နေရာမှထသည်။ ဖူးပွင့်၏လက်ထဲမှ ခရီးဆောင်အိတ်ကို လှမ်းယူ၏။

"လာ . . တူမ ရှေ့မှာရပ်ထားတဲ့ ဆီဒင်ကားက တူမစီးရမယ့်ကားပဲ"

ဦးထွန်းက ဖူးပွင့်အား လှမ်းပြောပြီး ရှေ့မှဦးဆောင်





လျှောက်သည်။ ဖူးပွင့်သည် ဦးထွန်းနောက်မှ လိုက်ခဲ့ပြီး ရပ်ထားသည့် ဆီဒင်ကားပေါ်သို့တက်လိုက်သည်။

ဦးထွန်းက ခရီးဆောင်အိတ်ကို နေရာချပြီး ကားမောင်းသူနေရာတွင် ဝင်ထိုင်သည်။ ကားကို စက်နှိုးပြီး ညင်သာစွာမောင်းထွက်လိုက်၏။

★

ဆန်း ကွန်ပျူတာစာစီ
၁၂၆၊ မြိတ်လမ်း၊ တောင်ဒဂုံမြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

စပ်ရန်နိုင်က သူ့ကားကို နှစ်ခန်းတွဲ နှစ်ထပ်တိုက်ရှေ့တွင် ထိုးရပ်လိုက်သည်။ တိုက်ရှေ့တွင် ရဲကားပြာတစ်စီးရပ်ထားသည်။ တိုက်ခန်းနှစ်ခန်းအလယ်ရှိ လှေခါးရင်းတွင် သားရေစွပ် တုတ်ကိုင်ထားသည့် ရဲတစ်ယောက် စောင့်နေသည်။

တိုက်ရှေ့ပလက်ဖောင်းပေါ်တွင် စပ်စုလိုသဖြင့် ရပ်နေသော ဈေးသွားဈေးပြန်များရှိနေ၏။

စပ်ရန်နိုင်က ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး ကားပေါ်မှဆင်းလိုက်သည်။ တည်ငြိမ်သော အမူအရာ





နှင့် တိုက်လှေခါးရှိရာသို့ လျှောက်ခဲ့သည်။

"ဦးမြင့်ဝေကော"

"အပေါ်ထပ်မှာပါ . . ဆရာရောက်လာရင် လွှတ်လိုက်ဖို့မှာထားပါတယ်"

စပ်ရန်နိုင်က ခေါင်းညိတ်ပြပြီး လှေခါးကျဉ်းလေးအတိုင်း အပေါ်ထပ်ကို တက်သည်။ အပေါ်ထပ်သို့ရောက်သည်နှင့် ဖွင့်ထားသည့် တံခါးမှ အခန်းထဲသို့ဝင်လိုက်သည်။

အခန်းထဲသို့ရောက်သည်နှင့် သွေးညှီနံ့ကိုရသည်။ စပ်ရန်နိုင်က အခန်းအလယ်တွင် ရပ်နေသော ဦးမြင့်ဝေရှေ့တွင် ရပ်လိုက်သည်။

"ဒီလူသတ်မှုက ခင်ဗျားလိုက်နေတဲ့ ကေ့စ်နဲ့ ဆက်စပ်မှုရှိတယ်လို့ ကျွန်တော် ထင်တယ်၊ အသတ်ခံရတဲ့လူက မြဖာန်တဲ့ . . ဆိုင်လင်ဆာတပ်ထားတဲ့ ပစ္စတိုနဲ့ကပ်ပြီး အပစ်ခံရတာ၊ ကျည်ဆန်က အဆုတ်ကိုဖောက်ထွက်သွားပုံရတယ်လို့ ဆရာဝန်က ခန့်မှန်းတယ်။ တိကျတဲ့အဖြေကိုတော့ ခွဲစိတ်ပြီးမှ သိရလိမ့်မယ်။ ကြမ်းပြင်ပေါ်မှာ အိတ်နဲ့အသေအချာထည့်ထားတဲ့ ကွန်ပျူတာဒစ်ခ်တစ်ခုတွေ့လို့ သိမ်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အနီးကပ် အပစ်ခံရတယ်ဆိုတော့ သူယုံကြည်စိတ်ချတဲ့လူက ပစ်သွားတာနဲ့တူတယ်"

"ကျွန်တော်တော့ သေနတ်လုရင်းနဲ့ ကျည်ဆန်ထွက်သွားတာလို့ ထင်တယ်။ သေနတ်က သူ့လက်ထဲမှာ သူ့လက်ညှိုးက မောင်းကွင်းထဲမှာပဲ ရှိနေတယ်။ ကျွန်တော်တို့ အထဲကို ဝင်ကြရအောင်"

ဦးမြင့်ဝေက ရှေ့မှဦးဆောင်ပြီး အိပ်ခန်းအတွင်းသို့ ဝင်သည်။ အိပ်ခန်းကြမ်းပြင်ပေါ်တွင် တစ်စောင်းလဲကျနေသည့် အလောင်းကို တွေ့ရ၏။ ကြမ်းပြင်ပေါ်တွင် ခြောက်ကပ်နေသော နီညိုရောင်သွေးကွက်တွေ တွေ့ရသည်။

စဝ်ရန်နိုင်က အလောင်းဘေးတွင် ဒူးထောက်ပြီးကြည့်သည်။ ဦးမြင့်ဝေ၏ မှန်းဆချက်က အဖြစ်မှန်နှင့် နီးစပ်ကြောင်း ဆင်ချင်မိ၏။

"ဦးမြင့်ဝေ ပြောသလို ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက် သေချာပါတယ်၊ ဒီအခန်းထဲမှာ သူနဲ့အတူ ရှိနေတဲ့ တစ်ခြားတစ်ယောက်က ဘယ်သူလဲ မသိဘူး"

"မိန်းကလေးတစ်ယောက်ပဲ . . ဒီအခန်းကို မိန်းကလေး





သေချာပါတယ်၊ ဒီအခန်းထဲမှာ သူနဲ့အတူရှိနေတဲ့ တစ်ခြားတစ်ယောက်က ဘယ်သူလဲ မသိဘူး"

"မိန်းကလေးတစ်ယောက်ပဲ . . ဒီအခန်းကို မိန်းကလေးတစ်ယောက် ရောက်နေတယ်လို့ အခန်းနီးချင်းတွေက သက်သခံတယ်။ အခန်းထဲမှာ သွေးစွန်းနေတဲ့ ထမီအဟောင်းတစ်ထည်ကိုတွေ့ရတော့ အသတ်ခံရတဲ့လူနဲ့အတူ မိန်းကလေးတစ်ယောက် ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။ အခန်းထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့တဲ့ လက္ခဏာမျိုးပေါ်နေတယ်"

စဝ်ရန်နိုင်က အခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ်လိုက်ကြည့်သည်။ ဦးမြင့်ဝေက သူစစ်ဆေးတွေ့ရှိချက်များကို တစ်ပြီးတစ်ခု ပြောပြ၏။

"ကျွန်တော် စိတ်ဝင်စားမိတာက ကွန်ပျူတာဒစ်ခ်နဲ့ သူ့အိတ်ထဲကရတဲ့ သံမဏိအပ်ချောင်းတွေပဲ"

"ဗျာ . . သံမဏိအပ်ချောင်း ဟုတ်လား"

ဦးမြင့်ဝေ ခေါင်းညိတ်သည်။

"တစ်နေ့ကဖြစ်တဲ့ လူသတ်မှုမှာ ဦးကောလိရဲ့ကိုယ်ထဲ သွင်းခဲ့တဲ့လက်နက်ဟာ သံမဏိအပ်ချောင်းမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဝေ၏ ကောက်ချက်ကို နားထောင်ရင်း စဝ်ရန်နိုင် မျက်မှောင်ကြုံ့လိုက်သည်။

"ဒီလူ့ဆီက သံမဏိအပ်ချောင်းတွေ့တာနဲ့ အမှုနှစ်ခု ကို ဆက်စပ်လိုက်တာလား ဦးမြင့်ဝေ"

ဦးမြင့်ဝေက ပြုံးပြီး ခေါင်းခါပြသည်။ သူက စဝ်ရန်နိုင်အား လက်ဟန်ပြပြီး အပြင်ခန်းသို့ခေါ်သည်။ အပြင်ဘက် ဘယ်ဘက်ခြမ်းတွင်ရှိသော ပြတင်းပေါက်အနီးတွင်ရပ်သည်။

"ဒီမှာကြည့်စမ်း . . ဟိုက ချောင်းကျော်တံတားကို တွေ့တယ်မဟုတ်လား"

စဝ်ရန်နိုင်က ပြတင်းပေါက်ဘေးတွင်ရပ်ပြီး ဦးမြင့်ဝေ ညွှန်ပြရာသို့ ကြည့်သည်။ နမ့်တိန်းချောင်းကျော်တံတားကို မြင်သည်နှင့် ခေါင်းညိတ်ပြလိုက်၏။

"တံတားပေါ်မှာ ရဲတွေစောင့်နေပါလား"

"ဟုတ်တယ် . . တံတားဘေးက ချုံထဲမှာ အလောင်းတစ်လောင်းတွေ့လို့ အဲဒီအလောင်းက ဦးကောလီ အသတ်ခံရ သလိုပဲ သံမဏိအပ်ချောင်းနဲ့ အထိုးခံရလို့ သေနေတာ"

"အော်"





"သဲလွန်စတွေကောက်ပြီး ဆက်စပ်လိုက်ရင် အဖြစ်အပျက်ကို အနီးစပ်ဆုံးတွေးလို့ရပါတယ်။ တံတားဘေးကနေ ဒီအခန်းကိုစောင့်ကြည့်နေတဲ့လူဟာ မြဟန်လက်ချက်နဲ့ သေသွားတယ်။ မြဟန်က တံတားဘေးကလူကို သတ်ပြီး ဒီအခန်းကို လာတယ်။ အခန်းထဲက မိန်းကလေးနဲ့ ပြဿနာဖြစ်ပြီး သေနတ်လုပ်ရာက ကျည်ဆန်ထွက်လို့သေတယ်။ တံတားဘေးက အလောင်းမှာ အဝေးကြည့်မှန်ပြောင်းတစ်လက်ရှိနေတာရယ် ဒီအခန်းထဲမှာ ကွန်ပျူတာဒစ်ခ်တစ်ခုတွေ့တာရယ်ကြောင့် သူတို့ဟာ အဲဒီပစ္စည်းနောက် လိုက်နေကြတဲ့လူ ဖြစ်မယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်"

စဝ်ရန်နိုင်က တစ်စုံတစ်ရာသော ဝေဖန်ချက်မပေးဘဲ ဦးမြင့်ဝေ ပြောသမျှကို နားထောင်သည်။ ဦးမြင့်ဝေက သူ ဆက်စပ်စဉ်းစားမိသမျှကို တစ်ခုပြီးတစ်ခု ပြောပြ၏။

"အဓိကကတော့ ဒီကွန်ပျူတာဒစ်ခ်ပဲ၊ ဒါက အစစ်မဟုတ်နိုင်ဘူး၊ အတုဖြစ်လိမ့်မယ်။ အစစ်အဖြစ် ပုံမှားရိုက်ထားတာ ဖြစ်မယ်၊ ဒါကြောင့် သူတို့ ပြဿနာဖြစ်ကြတာပဲ"

"တံတားဘေးက အလောင်းဆိုတာက ဘယ်သူလဲ"

www.burmeseclassic.com

"ဒီနယ်ကလူ မဟုတ်ဘူး၊ စုံစမ်းနေတုံးပဲ"

"ဒီမှာတွေ့တဲ့ ကွန်ပျူတာဒစ်ခ်ကို ကျွန်တော်ယူသွားချင်တယ်"

"ရပါတယ် စဝ် . . တရားဝင်ဖြစ်အောင်တော့ ပုံစံစာရွက်မှာ လက်မှတ်ထိုးပေးပါ"

ဦးမြင့်ဝေက စားပွဲပေါ်တင်ထားသည့် ဖိုင်ကိုလှမ်းယူပြီး ဖိုင်တွဲထားသည့် ပုံစံစာရွက်တစ်ရွက်တွင် စဝ်ရန်နိုင်အား လက်မှတ်ထိုးခိုင်းသည်။

"တဲတားဘေးက အလောင်းကိုသွားကြည့်မယ် မဟုတ်လား စဝ်"

"ဟုတ်ကဲ့ . . သွားကြည့်လိုက်ကြရအောင်"

ဦးမြင့်ဝေက စဝ်ရန်နိုင်နှင့်အတူ အခန်းထဲမှထွက်သည်။ လှေကားကျဉ်းကလေးအတိုင်း အောက်ထပ်သို့ဆင်း၏။ အောက်သို့ရောက်သည်နှင့် လမ်းမကြီးအတိုင်း ချောင်းကျော်တံတားရှိရာသို့ လျှောက်သည်။ ချောင်းဘေးတွင် ချုံပုတ်ပုပုလေးများ ရှိနေသည်။ အသတ်ခံရသူ၏အလောင်းကို လမ်းဘေးချုံတစ်ချုံကြားတွင် ရှိနေ၏။





"သေပုံသေနည်းကတော့ ဦးကောလိသေပုံသေနည်းအတိုင်းပဲ၊ နံကြားထဲကို သံမဏိအပ်နဲ့ ထိုးသွင်းခဲ့တာ၊ ဒီလူသတ်နည်းက သိပ်ရက်စက်တယ်။ သိပ်ထိရောက်တယ်၊ သိပ်မြန်တယ် . . အပ်နှုတ်လိုက်တာနဲ့ အသက်တုန်တာပဲ"

"မြဟန်ဆိုတဲ့လူဟာ လေ့ကျင့်ထားတဲ့ လူသတ်သမားတစ်ယောက်ဆိုတာ ထင်ရှားပါတယ်။ သူ့လူသတ်ပုံသတ်နည်းက သူတို့ရဲ့လျှို့ဝှက်ချက်ကို ဖော်နိုင်လိမ့်မယ် ထင်တယ်"

"ဒီရက်အတွင်း ကျွန်တော့်အပိုင်ထဲမှာ လူသတ်မှုသုံးမှုတောင် ဖြစ်သွားတယ်။ ကျွန်တော်တော့ ခေါင်းကြိမ်းနေပြီ စစ်၊ ကျွန်တော် တာဝန်ကျတဲ့နယ်မြေဟာ ရာဇဝတ်မှုကင်းတဲ့နယ်မြေ ဖြစ်စေချင်တာ အခု ကျွန်တော်မျှော်လင့်ချက်တွေ ပျက်သွားပြီ"

"ဖြစ်လာတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ အမှုမှန်ဖော်ထုတ်ဖို့ အမြန်ဆုံးကြိုးစားသင့်တာပေါ့။ အခုကိစ္စမှာ ကျွန်တော် ဦးမြင့်ဝေကို အစွမ်းကုန်ကူညီပါ့မယ်၊ ရက်ပိုင်းအတွင်းမှာ အမှုမှန်ပေါ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ အမှုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေရရင် ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် စဝ် . . ကျွန်တော် လုပ်ပိုင်ခွင့်ရှိသမျှ အစွမ်းကုန်လုပ်ပါမယ်။ ကျွန်တော့်အပိုင်ထဲမှာ ဒုစရိုက်သမားတွေ ခေါင်းထောင်လာတာကို နည်းနည်းမှ သည်းမခံနိုင်ဘူး"

စဝ်ရန်နိုင်က မြက်ခင်းပေါ်လဲကျနေသည့် အလောင်းကို အသေအချာစစ်ဆေးသည်။ အလောင်းဘေးတွင် ချထားသည့် အဝေးကြည့်မှန်ပြောင်းကိုယူပြီး မြဟာန်၏အလောင်းရှိနေသည့် တိုက်ဘက်သို့ကြည့်သည်။ ခန်းစည်းအပြာတစ်ဆင်ထားသော တိုက်ခန်းပြတင်းပေါက်ကို အနီးကပ်မြင်ရသည်။

"အော် . . တစ်ခုရှိသေးတယ်၊ မြဟာန်ရဲ့အလောင်းဘေး ကြမ်းပြင်ပေါ်မှာ ရွှေလော့ကတ်လေးတစ်ခု ကျနေတာတွေ့ရတယ်။ လော့ကတ်ပေါ်မှာ အင်္ဂလိပ်စာလုံး ဗိုင် အမှတ်အသားရှိနေတယ်"

"ဒါ မိန်းကလေးဆီက ကျကျန်ခဲ့တာ ဖြစ်မှာပေါ့၊ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်ကြ၊ ခုခံကြရင်း လော့ကတ်လေးပြုတ်ကျခဲ့တာဖြစ်မယ်။ ဒီအမှတ်အသားက တော်တော်





အရေးပါမယ်လို့ ကျွန်တော်ထင်တယ်"

"အဖြစ်အပျက်သုံးခုစလုံးဟာ အဆက်အစပ်ရှိနေတာ စဝ် အသိပဲ၊ အမှုတွေရဲ့နောက်ကွယ်မှာ လူတစ်ယောက်တော့ ရှိလိမ့်မယ်။ ခုအချိန်ထိ ကျွန်တော်တို့ တစ်ယောက်ကိုမှ ခြေရာမခံနိုင်သေးဘူး"

"ကျွန်တော်တို့က သူတို့ခြေလှမ်းအမှားကို စောင့်ကြည့်ရမှာပေါ့၊ ခြေလှမ်းတစ်ချက်မှားရင် တရားဥပဒေကွန်ရက်ထဲမှာ ကားခနဲမိမှာပါဗျာ . . မပူပါနဲ့"

စဝ်ရန်နိုင်က ဦးမြင့်ဝေ၏လက်ကို တရင်းတနှီးဆုပ်ကိုင်ရင်းပြောသည်။ ဦးမြင့်ဝေက ပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။

. . .

ပါးရိုးပေါ်မှဒဏ်ရာက တဆစ်ဆစ်ကိုက်ခဲနေသည်။ ဖူးပွင့်က အကိုက်အခဲပျောက်ဆေးပြားတစ်ပြားကို သောက်လိုက်၏။ မှန်ရှေ့တွင်ရပ်ပြီး ပါးရိုးပေါ်တွင် ကပ်ထားသည့် ပလတ်စတာကို ခွာသည်။

ကွဲနေသည့်ဒဏ်ရာက မပြောပလောက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာအနီးပတ်ဝန်းကျင်မှာ ညိုမည်းပြီး ရောင်ကိုင်းနေသည်။ ဖူးပွင့်က ဒဏ်ရာပေါ်တွင် ပလတ်စတာအသစ်တစ်ခု ကပ်သည်။ နာကျင်နေသောပါးကို လက်တစ်ဖက်ဖြင့်ကိုင်ပြီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

"ကလေးမ နိုးနေပြီကိုး၊ ခဏလေးထိုင်နေနော် ဒေါ်လေး စားစရာလုပ်ပြီး ယူလာခဲ့မယ်"

"ရပါတယ် ဒေါ်လေး . . ကျွန်မ မီးဖိုခန်းထဲလိုက်ခဲ့ပါမယ်"

တံခါးဝတွင်လာရပ်သော အမျိုးသမီးကြီးက ပြုံးပြီး ခေါင်းညိတ်ပြသည်။ သူနောက်ပြန်လှည့်သွားစဉ်က ဖူးပွင့်က နေရာချထားပြီး လိုက်သည်။ အိပ်ခန်းတစ်ခန်းဘေးမှ ဖြတ်လျှောက်ကာ မီးဖိုခန်းသို့ဝင်သည်။

ဖူးပွင့်က မီးဖိုခန်းအတွင်းရှိ စားပွဲဝိုင်းဘေးတွင် ချထားသော ဆိတ်သားရေဖုံးကြိမ်ထိုင်ခုံပေါ်တွင် ထိုင်လိုက်၏။ အမျိုးသမီးကြီးက မီးဖိုဘေးတွင် ကပ်ထားသော အိုးထဲမှ တို့ဟူးပျော့များကိုခပ်ကာ ဟင်းချိုပန်းကန်တစ်လုံးထဲ ထည့်သည်။

"ဒေါ်နန်း . . သိပ်အများကြီး မလုပ်နဲ့နော်၊ ငရုတ်သီး





လည်း မထည့်ပါနဲ့"

ဒေါ်နန်းက ခေါင်းညိတ်ပြသည်။ တို့ဟူးနွေးပန်းကန်ထဲသို့ အချိုရည်၊ မုန်ညင်းစွမ်တန် စသည်တို့ထည့်ပြီး ဇွန်းတစ်ချောင်းတပ်ကာ ယူလာသည်။

"ဒီမှာတော့ ကိတ်မုန့်တွေ ဘာတွေမရှိဘူး၊ ကလေးမစားချင်တယ်ဆိုရင် လှိုင်ခကိုမှာပေးမယ်၊ ဆရာကြီးက ကလေးမကို ဂရုစိုက်ဖို့ မှာထားတာ လိုချင်တာရှိရင် ပြောပါနော်"

ဒေါ်နန်းက တို့ဟူးပျော့ပန်းကန်ကို ဖူးပွင့်လက်ထဲသို့ထည့်သည်။ ဖူးပွင့်က ပန်းကန်ကိုလှမ်းယူပြီး ပူပူနွေးနွေးချိုချိုချဉ်ချဉ်တို့ဟူးနွေးကို ဇွန်းဖြင့်ခပ်စားသည်။ တို့ဟူးနွေးစားမိမှ သူမ၏ဝမ်းထဲတွင် အစာမရှိဘဲ ဆာလောင်နေသည်ကို သတိပြုမိ၏။

"စားလို့ချိုရဲ့လား"

ဖူးပွင့်က ဒေါ်နန်းက လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ချိုပါတယ် ဒေါ်နန်း"

"စားစား . . ဝဝစား . . စားမှ အားရှိမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းက ကွမ်းစားလွန်းသဖြင့် မဲချိတ်နေသော သွားများပေါ်အောင် ရယ်ပြရင်းမှပြောသည်။ ဖူးပွင့်က တို့ဟူးနွေးစားနေရင်းမှ ခေါင်းညိတ်လိုက်၏။

"အခုလိုကူညီတဲ့အတွက် ဒေါ်လေးတို့ကို သိပ်ကျေးဇူးတင်တာပဲ"

"ကျေးဇူးမတင်နဲ့ကွယ် . . ဆရာကြီးက ဒေါ်လေးတို့ရဲ့ ကျေးဇူးရှင်ဆိုတော့ ဆရာကြီးရဲ့ညွှန်ကြားချက်ကို ဒေါ်လေးတို့ဂရုစိုက်ရမှာပေါ့။ ဆရာကြီးက ပြောထားလို့ ရှီနော့ဒ်က လှိုင်ခကားဂိတ်ထိသွားပြီး ကလေးမကို ကြိုတာ၊ တစ်ကယ်ဆိုဆရာကြီးက ဒီအချိန်မှာ ရောက်လာရမှာ . . ဘာဖြစ်လို့ ခုထိအောင် မလာသေးတာလဲ မသိဘူး"

ဖူးပွင့်က တို့ဟူးနွေးတစ်ပန်းကန်ကုန်အောင် စားလိုက်သည်။

"ယူဦးမလား ကလေးမ"

"တော်ပြီ ဒေါ်နန်း . . ဝပြီ"

"ဒါဆိုရင်လည်း အခါးရည်သောက်"

ဒေါ်နန်းက လက်ဖက်ခြောက်လော့ပြီး ခတ်ထားသော





ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့ပေးသည်။ ဖူးပွင့်က ရေနွေးကြမ်းမှုပူမွှေးမွှေးကို တဖူးဖူးနှင့်မှုတ်သောက်သည်။

"ကိုအောင်က ဒီကို အမြဲလာသလားဟင်"

"ဆရာကြီးက ကိစ္စရှိမှ လာတာပါ၊ အလုပ်တွေအားလို့ နားချင်တဲ့အခါဆိုရင်လည်း လာပါတယ်။ ဆရာကြီး အခုတလော အလုပ်တွေသိပ်များနေတယ်နဲ့ တူတယ်"

"ကျွန်မလည်း သူနဲ့မတွေ့တာ ဆယ်ရက်လောက် ရှိနေပြီ၊ သူက လူကြုံနဲ့စာပေးလို့ လှိုင်ခကို ထွက်လာခဲ့တာ"

"ဆရာကြီးက မှာထားတာဆိုရင်တော့ သူ ဒီနေ့ရောက်အောင်လာမယ်နဲ့တူတယ်၊ ကိစ္စတွေရှိလို့ မလာနိုင်ရင်လည်း ကလေးမ ဒီမှာပဲ အေးအေးဆေးဆေးနေပေါ့၊ ဘာမှ အားနာစရာ မလိုပါဘူး"

ဖူးပွင့်က ခေါင်းညိတ်ပြလိုက်၏။ ခေါင်းအညိတ်တွင် ပါးရိုးမှကျင်ခနဲ နာသွားသဖြင့် စုတ်တစ်ချက်သပ်လိုက်သည်။

"ဒဏ်ရာက နာသလား ကလေးမ"

ဖူးပွင့်က ဒေါ်နန်းအား ခေါင်းညိတ်ပြသည်။

"အဲဒါကပ်ထားတာ ခွာလိုက်ပါ၊ ဒေါ်လေးဆေးထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ် . . အနာက တော်တော်ရောင်နေတယ်၊ အဖျားဝင်သွားရင် မကောင်းဘူးကွယ့်"

ဖူးပွင့်က ကန့်ကွက်ခြင်းမပြုသဖြင့် ဒေါ်နန်း မီးဖိုခန်းမှထွက်သည်။ ဖူးပွင့်က ရေနွေးကြမ်းသောက်ရင်း ခြံအနောက်ရှိ မုန်ညှင်းခင်းကိုကြည့်သည်။ စိမ်းမှောင်သော မုန်ညှင်းခင်းမှာ စီစီညီညီရှိနေသည်။

မုန်ညှင်းခင်းအလွန်တွင် ဝါးခြမ်းပြားဖြင့် ကာထားသော ခြံစည်းရိုးကို တွေ့ရသည်။ ခြံစည်းရိုး အနောက်ဘက်တွင် ထင်းရှူးပင်ပျိုများ ပေါက်နေသော တောင်နိမ့်နိမ့်တစ်လုံးရှိသည်။

လွိုင်ခသို့လာခဲ့ပါဆိုသည့် လျှို့ဝှက်ချက်အရ လာခဲ့ပြီးမှ မျက်နှာစိမ်းတစ်ယောက်က ကြိုထွက်ခေါ်ခဲ့သဖြင့် လွိုင်ခအနောက်ဘက်တောင်ခြေရှိ ဝမ့်မိုင်ရွာလေးသို့ ရောက်လာခဲ့သည်။ ဝမ့်မိုင်မှာ ရှမ်းနှင့် ရှမ်းတရုတ်တို့ ရောနှောနေထိုင်သော ရွာလေးတစ်ရွာဖြစ်၏။ ရှမ်းလေ့ကိုတွေ့ရသလို တရုတ်အငွေ့အသက်ကိုလည်း ခံစားရသည်။

ဒေါ်နန်းက တရုတ်သွေးအနည်းငယ်ဝါသော ရှမ်းအ





မျိုးသမီး ဖြစ်၏။

"ဆေးရပြီ ကလေးမ . . ပါးပေါ်ကဟာကို ဖြုတ်လိုက်မယ်နော်"

စကားသံနှင့်အတူ ဒေါ်နန်း အနားသို့ရောက်လာသည်။ ဖူးပွင့်က သူ့ပါးရိုးပေါ်မှ ပလတ်စတာကိုခွာလိုက်၏။

ဒေါ်နန်းက တရုတ်စာရေးထားသော ဆေးပုလင်းတစ်လုံးထဲမှ အနီရောင်ဆေးရည်များကို ဂွမ်းဖြင့်စုပ်ပြီး ဖူးပွင့်ပါးရိုးပေါ်မှ ဒဏ်ရာတွင် သုတ်လိမ်းပေးသည်။ အနည်းငယ်စပ်ပြီး အေးစိမ့်သွားသော အထိအတွေ့ကြောင့် ဖူးပွင့်ကျောတွန့်သွား၏။

"စပ်လို့လား ကွယ့်"

"နည်းနည်းပဲစပ်ပါတယ်"

"ခဏလေးနော် . . ဒီဆေးက သိပ်ကောင်းတယ်၊ ဒီလောက်အနာကို မပြောနဲ့၊ အနာကြီးကြီးကိုတောင် ပျောက်တယ်"

ဒေါ်နန်းက စကားတပြောပြောနှင့် ဆေးကို အနာပေါ်တွင် နှံ့စပ်အောင် သုတ်လိမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနာက ကွဲနေရုံမကဘူး၊ ဆောင့်မိထားတဲ့ ဒဏ်လည်း ရှိတယ်၊ ဆေးလိမ်းပြီးရင် နာနေတာတွေ ပျောက်သွားမှာပါ"

ဖူးပွင့်က ပြုံးပြီးခေါင်းညိတ်ပြသည်။ ဒေါ်နန်းက ဆေးလိမ်းပေးပြီးနောက် ဆေးပုလင်းကို သိမ်းသည်။ ထိုအချိန်လေးမှာပင် ဖူးပွင့်၏အတွေးတွေ အဝေးသို့လွင့်သွား၏။

ပျော်ရွှင်ရယ်မောနေသော အေးချမ်းစိုပြေနေသော ဘဝလေးတစ်ခု ဖရိုဖရဲဖြစ်ရသည်မှစပြီး အိမ်မှထွက်ခဲ့ရပုံ၊ ယောကျ်ားနှစ်ယောက်နှင့် ရင်းနှီးခဲ့ပုံ၊ တစ်ယောက်ကို ဘဝခရီးဖော်အဖြစ် ရွေးချယ်ရကောင်းနိုး စဉ်းစားနေစဉ် သူမကိုယ်တိုင်ပင် ပြန်မကြည့်ရဲလောက်အောင် အရှက်ကင်းမဲ့နေသော သူမ၏ဓာတ်ပုံတွေ ရောက်လာပုံတို့ကို စဉ်းစားမိသည်။

ထိုသို့ စဉ်းစားမိသည်နှင့် ရင်ထဲတွင် နာကျင်သွားရ၏။

ဘာပဲဖြစ်ဖြစ် ဓာတ်ပုံနဂ္ဂတစ်တွေ ပြန်ရဖို့အတွက် သူနိုင်းတာကို လုပ်ပေးရမှာပဲ . . .

အတွေးကိုဖြတ်လိုက်သည်။ ဖူးပွင့်တစ်ကိုယ်လုံး အင်အားကင်းမဲ့သွားသလို ခံစားလိုက်ရ၏။



## အခန်း(၁၁)

ရွှေငါးကြီးတစ်ကောင် ကူးခတ်နေသော ငါးကန်မှ ဖြာထွက်နေသည့် မီးရောင် အခန်းတစ်ခုလုံးကို ပြန့်နှံ့နေသည်။ ထိုမီးရောင်မှလွဲ၍ အခန်းထဲတွင် အခြားအလင်းရောင် မရှိ။

မှောင်ပျပျဖြစ်နေသော အခန်းထောင့်တွင် ဖော်မီကာခင်းစားပွဲကျယ်ကြီးတစ်လုံးရှိသည်။ စားပွဲနောက်တွင် ဆုံလည်ကုလားထိုင်တစ်လုံးရှိပြီး ကုလားထိုင်ပေါ်တွင် လူတစ်ယောက်ထိုင်နေသည်။ ထိုသူက စားပွဲကို ကျောပေးထားသဖြင့် မျက်နှာကို မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်တောက်နေသော အင်္ကျီကော်လံနှင့် ဆံပင်ရှည်ရှည်တို့ဖုံးအုပ်ထားသော ဦးခေါင်းကိုသာ တွေ့နေရ၏။ စားပွဲကုလားထိုင်ကြီးရှေ့ ထိုင်ခုံတွင် အသက်သုံးဆယ်အရွယ် ရုပ်ရည်သန့်ပြန့်ပြီး ကျစ်လာမာကြောသော ခန္ဓာကိုယ်နှင့် လူတစ်ယောက်ထိုင်နေသည်။

"ဘဟိန်း"

ဆုံလည်ကုလားထိုင်ပေါ်မှလူ၏အသံ ကွဲကွဲရှရှနှင့် ပေါ်လာသည်။ ထိုင်ခုံတွင်ထိုင်နေသည့် ဘဟိန်း၏ကိုယ် ဆတ်ခနဲတုန်သွား၏။ ဆုံလည်ကုလားထိုင်ပေါ်မှလူကို ကြည့်နေသော သူ့မျက်လုံးအစုံတွင် စိုးရွံ့ဟန်များထင်နေသည်။

"ဟုတ်ကဲ့ . . ဆရာကြီး"

"ကောင်မလေးကို ရှာလို့မတွေ့ဘူးလား"

"တွေ့ပါတယ် ဆရာကြီး . . ဒါပေမယ့် သူ . ."

"လွတ်သွားပြန်ပြီ မဟုတ်လား"

"သူက မြဟန်ကိုသတ်ပြီး ထွက်ပြေးသွားပါတယ် ဆရာကြီး"

"မြဟန်ကို သူက သတ်သွားတယ် ဟုတ်လား"





"ဟုတ်ပါတယ် ဆရာကြီး"

"တောက် . . ညံ့လိုက်တာကွာ၊ မိန်းကလေးတစ်ယောက်ကိုတောင် မထိန်းနိုင်ဘူးတဲ့လား၊ မင်းကောင်တွေက ဘာတွေလဲ ဘဟိန်း"

"သူက ကောင်မလေးကို လျှော့တွက်ထားမိပုံရပါတယ် အဲဒါကြောင့်"

"တော်စမ်းကွာ . . အကြောင်းတစ်ခုခု ပေါ်လာပြီဆိုရင် မင်းတို့ ဆင်ခြေပေးဖို့ပဲ တတ်တယ်၊ ဒီကောင်မလေးဟာ ခြင်းထဲက ကြက်ကွာ၊ မင်းတို့ အသုံးမကျလို့ သူလွတ်ထွက်သွားတာ၊ ပထမအကြိမ် ရဲစခန်းကနေ လစ်ထွက်သွားတော့လည်း မင်းတို့ သိတောင်မသိလိုက်ဘူး၊ သူရှိမယ့်နေရာတွေကို ငါက ညွှန်ပြပြီး ခြေရာခံခိုင်းတော့လည်း ဖမ်းခေါ်မလာနိုင်ဘူး"

"ဒီကောင်မလေးမှာ ကျွန်တော် မသိတဲ့ အရည်အချင်းတွေ ရှိနေပါတယ် ဆရာကြီး"

"အလကားကောင်တွေ ကိုယ် အသုံးမကျတာနဲ့ တစ်ဖက်လူကို အမွှန်းတင်နေတယ်၊ မင်းလူ မြဟန်က ဝါရင့်ဆိုးရွ အတွေ့အကြုံအများကြီး ရှိတဲ့လူဆို . . အခုတော့ ဘာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလဲ”

“သူ သတိတစ်ချက်လစ်သွားလို့ ခံလိုက်ရပါတယ်”

“ဒီလို ပေါ့ပေါ့ဆဆ မပြောနဲ့ ဘဟိန်း”

ဆိုလည်ကုလားထိုင် ဖျပ်ခနဲလှည့်လာသည်။ ငွေရောင် ဝတ်စုံနှင့်လူ၏မျက်နှာကို အလင်းဖျော့ဖျော့တွင် မထင်မရှား မြင်ရ၏။ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်နေသော ဒဏ်ရာကြီး တစ်ခုကြောင့် ထိုသူ့အသွင်က ကြောက်စရာကောင်းနေသည်။

“မြဟန်အကြောင်း မင်း သေသေချာချာ သိရဲ့လား”

“ကျွန်တော်”

“အေး . . မင်းမသိဘူး၊ သူက မင်းလက်အောက်က လူ မင်းခေါ်လာတဲ့လူ၊ ဒါပေမယ့် သူ့အကြောင်းကို မင်းသေ သေချာချာ မသိဘူး၊ ငါနဲ့သူက ဝေးပေမယ့် သူ့အကြောင်းကို သေသေချာချာ သိတယ်။ မြဟန်ဆိုတဲ့ကောင်က မိန်းကလေး ချောချောတွေ့ရင် အလုပ်ကိုတောင် မေ့တဲ့ကောင် . . ကောင် မလေးကို မုန်သွားယိုလို့ အခုလိုဖြစ်တာပဲ”

ဘဟိန်း မျက်နှာပျက်သွားသည်။

“ဟုတ်ပါတယ် . . ဆရာကြီး၊ သူက အဲဒီကိစ္စမှာ စည်း





ကမ်းမရှိဘူး၊ ကျွန်တော်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကို ခဏ ခဏပြောပါတယ်”

“မင်းပြောတာကို ဒီကောင် ဂရုမစိုက်လို့ အခုလိုဖြစ် သွားတာပေါ့၊ ဒီကိစ္စနဲ့ပတ်သက်လို့ မင်းမှာလည်း အပြစ်ရှိ တယ်”

“ဆရာကြီး . . ကျွန်တော်”

“ငါ့ကို ဆင်ခြေပေးဖို့ မစဉ်းစားနဲ့၊ မင်းက ငါ့ကိုယ်စား သူတို့အားလုံးကို အုပ်ချုပ်ရတာ သူတို့နဲ့ပတ်သက်ပြီး အသေး စိတ်သိနေရမယ်။ တာဝန်မကျေရင် ပြတ်ပြတ်သားသား အပြစ် ပေးတတ်ရမယ်”

“ကျွန်တော် သူ့ကို အယုံကြည်လွန်သွားမိပါတယ် ဆရာကြီး၊ ဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိပါတယ်”

“ဒါပဲပေါ့ကွာ . . နောက်ဆုံးကျ ကျွန်တော့်မှာအပြစ် ရှိပါတယ်ဆိုပြီး မျက်နှာငယ်ငယ်နဲ့ ဝန်ခံလိုက်၊ ငါကလည်း ကိုယ့်လူရင်းဆိုတော့ ခွင့်လွှတ်လိုက်နဲ့ ရည်ရွယ်ချက်တစ်ခုမှ မအောင်မြင်နိုင်ဘူး”

“ကျွန်တော် ကောင်မလေးကိုတွေ့အောင် ရှာပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး"

"ဟော . . မင်းကိုယ်တိုင် ရှာရမှာကွ၊ မင်း ဒီကနေ စိစဥ်ရုံစိစဥ်နေလို့ မဖြစ်တော့ဘူး၊ သတ်ကွင်းထဲကိုထွက် မင်းမှာ အဲသလိုထွက်ချင်စိတ်ကော ရှိသေးရဲ့လား"

ဘဟိန်း၏ကိုယ် ဆတ်ခနဲဖြစ်သွားသည်။ သူ့မျက်နှာ ထား တင်းသွား၏။

"ကျွန်တော်က တိုက်ခိုက်ရေးသမားတစ်ယောက်ပါ ဆရာကြီး အခုလို နေနေရတာထက် သတ်ကွင်းထဲကို ဝင်ရတာ ပိုသဘောကျပါတယ်။ သတ္တုတွင်းကို အုပ်ချုပ်တဲ့အလုပ်က ကျွန်တော်နဲ့ သိပ်မကိုက်ဘူး၊ ဒီမှာ တရားဝင်ခန့်ထားတဲ့ ပညာရှင်တွေ မန်နေဂျာတွေ ရှိနေတာပဲ၊ ကျွန်တော် အပြင်ထွက်ပြီး ကိုယ့်အလုပ် ကိုယ်လုပ်တာ ပိုကောင်းပါတယ်"

"အေး . . ကောင်းတယ်၊ မင်းရဲ့လက်ရွေးစင်တွေကို သွားခေါ်လိုက်"

"ဟုတ်ကဲ့ . . ဆရာကြီး"

"မန်နေဂျာကို စားသောက်ပွဲတစ်ပွဲ ပြင်ခိုင်း၊ လက်ရွေးစင်တွေကို ကျွေးမွေးပြုစုရင်း ငါကိုယ်တိုင် စကားပြောမယ်"





. . .

ခန်းမကျယ်ထဲတွင် လူနှစ်ဆယ်ခန့် စုဝေးရောက်ရှိနေသည်။ လူနှစ်ဆယ်ခန့်မှာ စားပွဲရှည်ကြီးတွင် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ ဘဟိန်းက စားပွဲ၏ညာဘက်ထိပ်တွင် ထိုင်နေသည်။ စားပွဲဘယ်ဘက်ထိပ်တွင် လူမရှိ။ လက်တန်းပါသော ကုလားထိုင်ကြီးမှာ အားနေသည်။

စားပွဲပေါ်တွင် ထမင်းဟင်းလျာတို့ကို ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်။ လူတစ်ယောက်စီ၏ရှေ့တွင် အရက်ဖန်ခွက်တစ်ခွက်စီ ချထား၏။ အရက်ပုလင်းကိုမူ စားပွဲပေါ်တွင် မတွေ့ရချေ။

စားပွဲရှည်ကြီးတွင် လူစုံထိုင်မိသည်နှင့် ဘဟိန်းက လက်ခုပ်တစ်ချက်တီးလိုက်သည်။ သူ့လက်ခုပ်သံအဆုံးတွင် အရက်ပုလင်းကိုင်ထားသော မိန်းကလေးနှစ်ယောက် အခန်းထဲသို့ဝင်လာသည်။ သူတို့က စားပွဲတစ်ဖက်တစ်ချက်တွင် နေရာယူပြီး စားပွဲတွင်ထိုင်နေသူများရှေ့ရှိ ဖန်ခွက်ထဲသို့ အရင်ငှဲ့ထည့်ပေးသည်။

"သောက်ကြဟေ့ . . ဒီညအဖို့ မင်းတို့ သုံးပက်ထက်


www.burmeseclassic.com

www.burmeseclassic.com



ပိုမသောက်ရဘူး၊ အရက်သုံးပက်သောက်ပြီးတာနဲ့ ဆရာကြီး ရောက်လာလိမ့်မယ် . . သောက်ကြ၊ မဆူနဲ့ စည်းကမ်းမပျက်နဲ့"

စားပွဲတစ်ဖက်တစ်ချက်တွင် ထိုင်နေသူတို့က သူတို့ရှေ့ရှိ ခွက်ထဲမှအရက်ကို အရသာမခံဘဲ သောက်ကြသည်။ အရက်သောက်နေစဉ် သူတို့မျက်နှာပေါ်၌ စိတ်ပျက်ဟန်များ သိသိသာသာ ထင်နေသည်။

မိန်းကလေးနှစ်ယောက်က အရက်တစ်ပက်စီထည့်ပေးပြီးနောက် ဒုတိယအကြိမ် တစ်ပက်စီထပ်ထည့်ပေးသည်။ တတိယအကြိမ် အရက်တစ်ပက်စီထည့်ပေးပြီး တစ်ခဏအကြာတွင် ချိုမြသော ခေါင်းလောင်းသံပေါ်လာသည်။ ဘဟိန်းအပါအဝင် စားပွဲတွင်ရှိနေသူများ နေရာက ထလိုက်ကြ၏။

ခန်းမကြီးတစ်ဖက်ရှိ တံခါးတစ်ချပ် ညင်သာစွာပွင့်သွားသည်။ ထိုတံခါးမှ ငွေရောင်ဝတ်စုံဝတ်ထားသော ဆံပင်ရှည်ရှည် မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်အမာရွတ်ကြီး ရှိသော သူဝင်လာသည်။

အမာရွတ်နှင့်လူက စားပွဲရှိရာသို့ တန်းတန်းမတ်မတ်





လျှောက်လာပြီး စားပွဲဘယ်ဘက်ထိပ်တွင် ရပ်သည်။ ဘဟိန်းတို့အား ရူးရူအရောင်လက်သော မျက်လုံးအစုံဖြင့် တစ်ချက်ကြည့်ပြီး အားနေသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ထိုင်ကြပါ"

အမာရွတ်နှင့်လူ၏နှုတ်မှ ကွဲရှရှနိုင်သောအသံ ပေါ်လာသည်။ ဘဟိန်းတို့တစ်တွေ ရပ်နေရာမှ အသီးသီးထိုင်လိုက်ကြ၏။

"မင်းတို့တစ်တွေ ဒီညနေ အရက်သောက်ရတာ နည်းလို့ မကျေမနပ်ဖြစ်နေကြတာနဲ့ တူတယ်၊ မဖြစ်ကြနဲ့ဟေ့ . . ဒီည ဝအောင်မသောက်ရပေမယ့် မနက်ဖြန်ကျရင် ဝအောင်သောက် . . ဘဟိန်းက မင်းတို့အတွက် အရက်ဖိုးသစ်သစ်ပေးလိမ့်မယ်"

အမာရွတ်နှင့်လူ၏ စကားကြောင့် စားပွဲတွင်ထိုင်နေသူတို့ ပြုံးသွားကြသည်။ ဘဟိန်းက သူ့လူများအား မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး အသံမထွက်ပါနဲ့ဆိုသည့်သဘောနှင့် လက်ဟန်ပြသည်။

"မင်းတို့မိတ်ဆွေ မြဟန် သေသွားပြီ၊ ဒါကို မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

သိကြရဲ့လား"

"သိပါတယ် ဆရာကြီး၊ ဆရာဘဟိန်း စောစောကပဲ ပြောထားပါတယ်"

"ဒီကောင် ဘာဖြစ်လို့ သေသလဲဆိုတာကော သိရဲ့လား"

"ကောင်မလေးကို အထင်သေးမိလို့ပါ"

အမျိုးကိုယ်စား တစ်ယောက်က ဖြေသည်။ အမာရွတ်နှင့်လူ ဟက်ခနဲ ရယ်လိုက်၏။

"အထင်သေးတာတစ်ကြောင်း အဓိကကျတာ ဒီကောင် အလုပ်ကိစ္စထဲမှာ တဏှာကိစ္စတွေ ဆွဲထည့်လို့၊ မင်းတို့တစ်တွေကို ငါ အခု တာဝန်တစ်ခုပေးမယ်၊ ဘဟိန်းက မင်းတို့အားလုံးကို ခေါင်းဆောင်လိမ့်မယ်။ ဒီကိစ္စဆောင်ရွက်ချိန်မှာ စည်းကမ်းရှိပါ၊ စည်းကမ်းမရှိရင် မင်းတို့ သေမယ်"

အမာရွတ်နှင့်လူ၏အသံ ကြည်လင်ပြတ်သားစွာပေါ်လာသည်။ ဘဟိန်းတို့တစ်တွေ ချောင်းမဟန့်ရဲ နားမချေရဲဘဲ နားထောင်နေကြ၏။

"အလုပ်ကိစ္စပြီးရင် မင်းတို့မမျှော်မှန်းမိတဲ့ အဆင်ပြေ





မှုတွေနဲ့တွေ့ရမယ်၊ မင်းတို့အားလုံး သူဌေးလေးတွေလို အခေါ်ခံရတဲ့အဖြစ်ကို ရောက်စေရမယ်။ ပေးတဲ့တာဝန်ကို တိတိကျကျလုပ်ပါ မရှုပ်ပါနဲ့၊ ကိုယ့်သဘောနဲ့ကိုယ် ဘာမှမဆုံးဖြတ်ပါနဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

ခပ်တိုးတိုးပြောလိုက်သော စကားသံတွေ စုပေါင်းပြီး ကျယ်လောင်စွာ ပေါ်လာသည်။ အမာရွတ်နှင့်လူက ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်၏။

"ခုနေမှာတော့ မင်းတို့အားလုံး တညီတညွတ်ထဲ ရှိနေတာပဲ၊ ငါ ခိုင်းတာကိုလုပ်တဲ့အခါမှာလည်း တညီတညွတ်ထဲ ရှိနေဖို့ပဲ လိုတယ်၊ သစ္စာရှိတဲ့လူ တာဝန်ကျေပြွန်တဲ့လူ အောင်မြင်တိုးတက်မယ်၊ ကဲ . . အားလုံး ညစာ စားကြ . . စားသောက်ရင်း ငါပြောတာကို နားထောင်ကြ"

အမာရွတ်နှင့်လူက သူ့ရှေ့စားပွဲပေါ်တွင် ချထားသည့် ဇွန်းနှင့်ခရင်းကို ကောက်ကိုင်လိုက်သည်။ စားပွဲတစ်ဖက်တစ်ချက်တွင် ထိုင်နေသူတို့ကလည်း ဇွန်း၊ ခရင်းတို့ကို ကိုင်လိုက်ကြ၏။ အမာရွတ်နှင့်လူက ထမင်းစစားသည်နှင့် သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



စားကြသည်။

အမာရွတ်နှင့်လူသည် ထမင်းစားရင်း သူ့အစီအစဉ်တွေကို ပြောပြသည်။ စားပွဲတစ်ဖက်တစ်ချက်တွင် ရှိနေသူတို့ ငြိမ်သက်စွာ နားထောင်နေကြ၏။

"အဲဒါပဲ . . ဘဟိန်းစကားဟာ မင်းတို့အတွက် ငါ့ရဲ့ အမိန့်ပဲ၊ မင်းတို့တစ်တွေ သူ့စကားကို တသွေမတိမ်းနားထောင်ကြရမယ်"

"ကျွန်တော်တို့ ဆရာကြီးရဲ့အမိန့်အတိုင်း ဆရာဘဟိန်းရဲ့စကားကို နားထောင်ပါ့မယ်"

အမာရွတ်နှင့်လူ ကျေနပ်သွားဟန် ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူက စကားဆက်မပြောတော့ဘဲ အစားအသောက်ကို အာရုံပြုစားသည်။ စားသောက်နေစဉ် ညင်သာသောအသံတစ်သံ ပေါ်လာသည်။

အမာရွတ်နှင့်လူက သူ့ခါးတွင်ချိတ်ထားသည့် စကားပြောစက်ကိုဖြုတ်ပြီး နားထောင်လိုက်၏။ တစ်ခဏမျှ နားထောင်ပြီးနောက် သူက စကားပြောစက်ကို ပိတ်လိုက်သည်။

"ဟိုညက ကောင်မလေး ကားငှားပြီး လှိုင်ခကိုသွားတယ်လို့ သတင်းရတယ်၊ မင်းတို့တစ်တွေ လှိုင်ခကနေစပြီး လှုပ်ရှားသွားကြပေတော့၊ ကောင်မလေးကိုရဖို့ သိပ်အရေးကြီးတယ် . . အနာအကျင်မရှိ မှဲ့ကစ်ပေါက်မစွန်းဘဲရဖို့ အရေးကြီးတယ် မှတ်ထားကြ"

အမာရွတ်နှင့်လူက အစားအသောက်ကို လက်စသတ်လိုက်သည်။ ဘဟိန်းတို့မှာ အစားအသောက်တို့ကို အားရပါးရ စားသောက်နေကြဆဲ ဖြစ်၏။

* *







www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

စဝ်ရန်နိုင်က စာရေးစက္ကူတွင် သတင်းပို့လိုက်သည့် အချက်အလက်များကို အကြမ်းရေးသည်။

အကြောင်းအရာ ပြည့်စုံသည်နှင့် သူက တယ်လီတိုက်တစ်လုံးဖြင့် သတင်းပို့နေ သော သံယောဇဉ်ဦးရှေ့တွင် စာရွက်ကိုချပေးလိုက်သည်။

"ဒီသတင်း ပို့ပေးပါဦး မဦး"

သံယောဇဉ်ဦးက ခေါင်းညိတ်ပြသည်။ သူက နောက်ဆက်တွဲအဖြစ် စဝ်ရန်နိုင် စာရွက်ပေါ်တွင် အကြမ်းရေးထား





သည့် သတင်းကိုပို့သည်။ သတင်းပို့အပြီးတွင် ပုဂ္ဂိုလ်ရေးဖိုင်ဘက်မှ အောင်သူ၊ မြဟန်တို့၏ ကိုယ်ရေးရာဇဝင် ရှာဖွေပေးရန် တောင်းဆိုလိုက်သည်။

"သူတို့ သတင်းပြန်ပို့တာကို နည်းနည်းတော့ စောင့်ရမယ်ထင်တယ်"

"စောင့်ဖို့ ညွှန်ကြားချက် မလာသေးဘူး စဝ်"

သံယောဇဉ်က စဝ်ရန်နိုင်အား ပြောနေစဉ် တယ်လီတိုက်ကွန်ပျူတာမျက်နှာပြင်တွင် အသင့်စောင့်ဆိုသည့် စာလုံးပေါ်လာ၏။

ပုဂ္ဂိုလ်ရေးဖိုင်ဘက်မှ သူလိုချင်သည့်လူတွေနှင့် ပတ်သက်သည့်ဖိုင်ကို ရှာနေပြီဟု သိလိုက်သည်။

စဝ်ရန်နိုင်က ကုလားထိုင်တစ်လုံးဆွဲပြီး သံယောဇဉ်ဦး၏ဘေးတစ်ဖက်တွင် ဝင်ထိုင်လိုက်သည်။

"ကိုရဲ . . ပြန်လာသေးသလား မဦး"

"မလာသေးဘူး . . ဦးလေးဖိုးထောင်ဆီကို ဆက်သွားမယ်လို့ ပြောသွားတယ်၊ ဘာဖြစ်လို့ စဝ်"

"သူ့ကို ပြစရာတစ်ခုရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဦးက မျက်မှောင်ကြုံပြီးကြည့်လာသည်။

"ပြစရာ . . ဟုတ်လား စဝ်"

စဝ်ရန်နိုင်က ခေါင်းညိတ်ပြသည်။ သူက သံယောဇဉ်ဦးအား လော့ကတ်လေးတစ်ခု ထုတ်ပြလိုက်သည်။

"ဒါလေး ပြချင်လို့"

"ဟယ်"

"ဘာဖြစ်လို့လဲ မဦး"

"ဒါ . . ကိုရဲရဲ့ ပစ္စည်းလေး"

"ကိုရဲရဲ့ပစ္စည်း ဟုတ်လား . . သေချာရဲ့လား မဦး"

"အိုး သိပ်သေချာတာပေါ့၊ ဒီလော့ကတ်ကို ကိုရဲက ဖူးပွင့်အတွက် အမှတ်တရ လုပ်ပေးထားတာ၊ ဖူးပွင့်အသက်ဆယ့်ငါးနှစ်ပြည့်မွေးနေ့မှာ ပေးခဲ့တာ၊ ဗိုင်စာလုံးအောက်နားမှာအစင်းလေးပါနေတာတောင် မဦး သေသေချာချာ မှတ်မိတယ်"

စဝ်ရန်နိုင်က တစ်စုံတစ်ရာ ပြောမည်ပြုသည်။ သို့သော် အစိမ်းရောင်ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ပေါ်လာသည့် စာလုံးများကြောင့် မပြောဖြစ်တော့ဘဲ သံယောဇဉ်ဦးအား





မျက်ရိပ်ပြလိုက်၏။ သံယောဇဉ်ဦးက ကွန်ပျူတာဘက်သို့ လှည့်သွားသည်။

သူက ကွန်ပျူတာပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်ပြီး ဘေးတွင် ရှိသော တယ်လီဖုံးကို စဝ်ရန်နိုင်အား လှမ်းပေးသည်။

"ရန်နိုင်ပါ"

"စဝ် . . အချက်အလက်တွေ အသေးစိတ်ကွန်ပျူတာကနေပို့မယ်၊ အခု ကျွန်မက အကြမ်းဖျင်းပြောပြမယ်"

တစ်ဖက်မှ စကားပြောနေသူမှာ ပုဂ္ဂိုလ်ရေးဖိုင်အဖွဲ့ အုပ်ချုပ်ရေးမှူးဒေါ်မြရီဟု သိလိုက်သည်။

"ဟုတ်ကဲ့ မမြ . . ကျွန်တော် နားထောင်နေပါတယ်"

"အောင်သူဆိုတဲ့လူက ကွန်ပျူတာပညာရှင်တစ်ယောက်ပဲ . . အမျိုးသားကွန်ပျူတာဘဏ်ကနေ လျှို့ဝှက်ချက်အချက်အလက်တွေပါတဲ့ ဒစ်ခ်တစ်ခု ခိုးယူထွက်ပြေးသွားတယ်လို့ ယူဆရတယ်"

တစ်ဖက်မှ အောင်သူနှင့်ပတ်သက်သော အကြောင်းအရာများကို ပြောပြနေသည်။

စဝ်ရန်နိုင်က အရေးကြီးသည့် အကြောင်းအရာများကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးသည်မှအစ ပြောသမျှကို နား ထောင်သည်။ တစ်ဖက်မှ ပြောသမျှကို နားထောင်ရင်း အောင်သူ၏ရုပ်လုံးပီပီပေါ်လာသည်။

အောင်သူ့အကြောင်းကို အကြမ်းဖျင်း ပြောပြီးနောက် တစ်ဖက်မှ မြဟန်အကြောင်း အရာကို ဆက်ပြောသည်။

"မြဟန်ဆိုတာ အဖျက်သမားတစ်ယောက်ပဲ၊ (. . .) သင်တန်းတက်ခဲ့တယ်၊ အဖျက်အမှောင်သမားတွေအတွက် ရှင်းလင်းသုတ်သင်ရေးတာဝန်တွေကို ထမ်းဆောင်ခဲ့တယ်"

"အောင်သူကော . . မြဟန်ကော သေသွားကြပါပြီ မြဟန်သေတာ ရက်ပိုင်းပဲရှိပါသေးတယ်"

"အဲဒီသတင်းအချက်အလက် ကျွန်မတို့ဆီကို ရောက်နေပါပြီ၊ နောက်ဆက်တွဲသတင်းအချက်အလက်ထဲမှာလည်း ဒီအကြောင်း ပါပါလိမ့်မယ်"

"မြဟန်ရဲ့တွဲဖော်တွဲဖက်တွေအကြောင်း သိပါရစေ"

"သူ့ရဲ့တွဲဖက်တွေစာရင်းကို သီးသန့်ပို့ပေးမယ်၊ သူနဲ့ အပတ်သက်ဆုံးလူကတော့ ဘဟိန်းပဲ၊ ဘဟိန်းဆိုတာ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့က အလိုရှိနေတဲ့လူပါ"





တစ်ဖက်မှ ဘဟိန်းနှင့်ပတ်သက်သော အကြောင်းအရာကို အကျဉ်းမျှသာပြောသည်။ စစ်ရန်နိုင်က ပြန်လှန်မေးခွန်းမေးပြီး မှတ်သားလိုက်၏။

"ကျေးဇူးတင်ပါတယ် မမြ . . ဒါလောက်ဆိုရင် တော်တော်ပြည့်စုံပြီလို့ ပြောရင်ရပါတယ်"

"သတင်းပို့ချက်ကို ဆက်ပြီးကြည့်ပါဦး . . အချက်အလက်တွေ ပိုပြီးပြည့်စုံပါလိမ့်မယ်၊ သူတို့ရဲ့လုပ်ရပ်တစ်ခုစီကို ဖော်ပြထားပါတယ်"

"ဟုတ်ကဲ့ မမြ"

"ဒါပဲနော်"

"ဟုတ်ကဲ့ . . ကျေးဇူး"

စစ်ရန်နိုင်က ဖုံးကိုချလိုက်သည်။ ပြီး ကွန်ပျူတာကို လှမ်းကြည့်၏။ ကွန်ပျူတာမျက်နှာပြင်တွင် ပုဂ္ဂိုလ်ရေးဖိုင်ဘဏ်မှ မှတ်တမ်းတင်ထားသည့် စာကြောင်းများ ဆက်ကာဆက်ကာ ပေါ်လာသည်။

စစ်ရန်နိုင်က စာကြောင်းများကို သွက်သွက်လက်လက်ဖတ်သည်။ သံယောဇဉ်ဦးက အရေးကြီးသည့် အချက်



www.burmeseclassic.com

www.burmeseclassic.com



အလက်များကို ရေးမှတ်နေ၏။

သတင်းပို့ချက်များ ပြီးဆုံးသွားသောအခါတွင် စဝ်ရန်နိုင် သက်ပြင်းရှည်ကြီးတစ်ချက်ချသည်။

သံယောဇဉ်ဦး တည်ခင်းထားသော လက်ဖက်ရည်တစ်ခွက်ကိုသောက်သည်။ လက်ဖက်ရည်သောက်ရင်း စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

"သတင်းအချက်အလက်ထဲမှာ အောင်သူနှင့် အဆက်အသွယ်ရှိတယ်ဆိုတဲ့ မိန်းကလေးဟာ ဖူးပွင့်ဖြစ်မယ်။ သူနဲ့သူငယ်ချင်းလို ညီအစ်ကိုလို ရင်းနှီးတဲ့လူဆိုတာကိုတော့ ရှာရမှာပဲ . . ဖိုးတာဆိုတဲ့ နာမည်ကို မှတ်ထားပါ မဦး"

. . .

ပိုင်စာလုံးထင်းထင်းကြီး ပေါ်နေသော လော့ကတ်ကို ကိုင်ထားသည့် ရဲမောင်၏လက် တဆတ်ဆတ်တုန်နေသည်။ လော့ကတ်ကို မျက်မှောင်ကြုံပြီးကြည့်နေသော သူ့မျက်လုံးအစုံမှာ ရီဝေညို့မှိုင်းနေ၏။

"ဒါ . . ဟိုအခန်းက ရခဲ့တာနော် စဝ်"

"ဟုတ်တယ် ကိုရဲ . . ဒီလော့ကတ်ဟာ ကိုရဲ့က ဖူးပွင့်





ကို မွေးနေ့လက်ဆောင်ပေးတဲ့ ပစ္စည်းဆိုတာ မဦးပြောပြလို့ ကိုယ်သိပြီးပါပြီ"

ရဲမောင် သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် . . စဝ် . . ဒါ ကျွန်တော် သူ့ကို အမှတ်တရပေးတဲ့ လော့ကတ်၊ ကျွန်တော့်နာမည် အတိုကောက်ကို အမှတ်တရဖြစ်အောင် ထည့်ထားတာ"

"ဒီလော့ကတ်ကို လူသတ်ခံရတဲ့ အခန်းကရတာဆိုတော့ ဒီလူသတ်မှုဟာ ဖူးပွင့်နဲ့ပတ်သက်နေတယ်ဆိုတဲ့သဘောပဲ . . မြဟန်နဲ့တွေ့ခဲ့တယ်။ ပြဿနာဖြစ်ခဲ့တယ်ဆိုတဲ့ မိန်းကလေးဟာ သူပဲ ဖြစ်လိမ့်မယ်"

ရဲမောင် ခေါင်းဆတ်ခါလိုက်သည်။ သူ့မျက်လုံးအစုံမှာ ပို၍ရီဝေမှိုင်းညို့သွား၏။

"ဒီကောင်မလေး ဘာတွေလျှောက်လုပ်နေသလဲ မသိဘူး၊ အခုဆိုရင် သူ ရဲစခန်းကနေ ထွက်သွားတာဟာ တစ်နေရာမှာ ပုန်းခိုပြီး မြဟန်နဲ့တွေ့ဖို့ ဖြစ်လိမ့်မယ်"

"မြဟန်အသတ်ခံရတဲ့ညက မိန်းကလေးတစ်ယောက်အငှားကားနဲ့ လှိုင်ခကိုထွက်သွားတယ်လို့ သတင်းရတယ်၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဖူးပွင့်ပဲ ဖြစ်မယ် ထင်တယ်"

"လှိုင်ခကို လှမ်းပြီးစုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ်"

"ကိုယ် လှိုင်ခဌာနခွဲက တာဝန်ခံနဲ့ စကားပြောပြီးပြီ၊ တာဝန်ခံက ဖူးပွင့်ကိုသိတယ်၊ အောင်သူ့ကိုသွားပြီး ရှင်းလင်းခဲ့တဲ့လူပဲ သူ့နာမည်က အောင်ဆက်တဲ့"

"အောင်ဆက်"

ရဲမောင်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ဘာဖြစ်လို့လဲ ကိုရဲ"

"ဒီနာမည်ကို ကျွန်တော် ကြားဖူးသလို ဒီလူကို ကျွန်တော်သိနေသလိုပဲ"

"ဟုတ်လား . . နည်းနည်းပြန်စဉ်းစားကြည့်ပေါ့၊ အဖြေပေါ်လာပါလိမ့်မယ်"

ရဲမောင်က ခေါင်းမော့ပြီး စဉ်းစားသည်။ တစ်ခဏမျှငြိမ်နေပြီးနောက် ပင့်သက်တစ်ချက်ရှိုက်လိုက်၏။

"ကျွန်တော်သိတယ် . . သိတယ်ဆိုတာလောက်ပဲ ပြောနိုင်တယ်၊ ကျန်တာတွေကို မမှတ်မိဘူး၊ အကြောင်းတစ်ခု





ခုခု တိုက်ဆိုင်လာရင်တော့ ဒီအကြောင်းကို ကျွန်တော်ပြောနိုင်လိမ့်မယ် ထင်တယ်"

စဝ်ရန်နိုင်က ရဲမောင်၏ပခုံးကို ညင်သာစွာဆုပ်ကိုင်လိုက်သည်။

"ထားလိုက် ကိုရဲ . . စဉ်းစားလို့ မရသေးတာကို အပင်ပန်းမခံနဲ့၊ တစ်ခါတစ်လေမှာ အကြောင်းအရာတစ်ခုကို သိနေရဲ့သားနဲ့ ပြန်မဖော်နိုင်တာရှိတယ်၊ အဲဒါကို ဖော်ချင်လို့ စဉ်းစားလေ စဉ်းစားလို့မရလေ ဖြစ်တတ်တယ်"

ရဲမောင်က ခေါင်းညိတ်ပြသည်။ နှုတ်မှ တစ်စုံတစ်ရာတုံ့ပြန်ပြောဆိုခြင်းမပြု၊ သူ့အမူအရာကိုကြည့်ရုံနှင့် စိတ်ထဲတွင်ကျေမနပ်ဖြစ်နေကြောင်း စဝ်ရန်နိုင် သိလိုက်၏။

"နေဦး . . စောစောကပြောနေတဲ့ စကားကို ပြန်ဆက်ရမယ်၊ လှိုင်ခတာဝန်ခံက ဖူးပွင့်နဲ့ပတ်သက်ပြီး သေသေချာချာစုံစမ်းပေးပါ့မယ်လို့ အကြောင်းပြန်တယ်၊ ဟိုညက အငှားကားနဲ့ရောက်လာတဲ့ မိန်းကလေး ထူးထူးခြားခြား ပျောက်ဆုံးနေတယ်"

"ပျောက်ဆုံးနေတယ် . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင် ခေါင်းညိတ်သည်။

"ပျောက်ဆုံးတယ်ဆိုတာ ပုန်းနေတာ ဖြစ်မယ်၊ ဒီတော့ ကိုယ်တို့ တစ်ခုလုပ်ကြရအောင်"

ရဲမောင်က စဝ်ရန်နိုင် ဆက်ပြောမည့်စကားကို ခေါင်းမော့ပြီး နားထောင်သည်။

"ကိုယ်တို့ လွှိုင်ခကိုသွားမယ်၊ ထင်ထင်ရှားရှားသွားလို့တော့ မဖြစ်ဘူး . . မထင်မရှားသွားရမယ်"

"ကျွန်တော် တစ်ခုပြောပါရစေ စဝ်"

"ပြောလေ . . ကိုရဲ"

"လွှိုင်ခကို ကျွန်တော်တစ်ယောက်ထဲ သွားပါရစေ"

"တစ်ယောက်ထဲ ဟုတ်လား . . ဘာဖြစ်လို့လဲ"

"တစ်ယောက်ထဲဆိုတော့ ပိုပြီးလျှို့ဝှက်လို့ ရတယ်၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့ ဒီနယ်က ကျွန်တော့်နယ်ပဲ"

စဝ်ရန်နိုင် တစ်ခဏမျှငြိမ်သွားသည်။ ပြီးနောက် ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ် . . ကိုရဲ အဲဒီသွားတော့ ကိုယ် ဒီမှာ လုပ်စရာရှိတာ လုပ်ရတာပေါ့၊ ခရီးစဉ်နဲ့ပတ်သက်လို့တော့





အထူးလျှို့ဝှက်ပါနော်"

"စိတ်ချပါ စဝ်"

ရဲမောင်က ခပ်တိုးတိုးပြောသည်။ သူ့အသံက တိုးသော်လည်း နိုင်မာသည်။ ထို့အတူ သူ့မျက်နှာမှာလည်း ထူးထူးခြားခြားတည်ငြိမ်နေလေ၏။

★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ခွေးဟောင်သံများကို အဆက်မပြတ်ကြားရသည်။ ဟင်းရွက်များကို ရေဆေးနေသော ဒေါ်နန်းက ဆတ်ခနဲခေါင်း ထောင်ကြည့်သည်။ ဒေါ်နန်း၏အမူအရာကြောင့် ဖူးပွင့်မှာ ခွေးဟောင်သံကို အာရုံစိုက်မိသွား၏။

"ဆရာကြီးတို့ လာပြီထင်တယ်"

"ရှင်"

"ရွာလယ်လမ်းမှာ ခွေးဟောင်သံကြားရတာ ရွာထဲကို လူစိမ်းတွေဝင်လာလို့ပေါ့၊ ဒီရက်မှာ အစိုးရလူတွေ ဒီဘက်ကို





လာတာ မရှိဘူး၊ လာနိုင်တဲ့လူဆိုလို့ ဆရာကြီးတို့ဘဲ ရှိတယ်လေ"

ခွေးဟောင်သံတွေ တဖြည်းဖြည်းနီးလာသည်။ ဒေါ်နန်းက ဟင်းရွက်ဆေးနေသည့် အလုပ်ကိုရပ်လိုက်သည်။ ရေရှိနေသည့်လက်ကို လက်သုတ်ပဝါဖြင့် အသေအချာသုတ်ပြီး အိမ်ရှေ့ခန်းသို့ထွက်သည်။ ဖူးပွင့်က ဒေါ်နန်း၏နောက်သို့ လိုက်ခဲ့၏။

"အိမ်ရှေ့ကို ထွက်ကြည့်လိုက်ပါ ကလေးမ"

ဒေါ်နန်းက ရေနွေးဓာတ်ဘူးများကို ဖွင့်ကြည့်ရင်းမှ ပြောသည်။ ဖူးပွင့် ခေါင်းညိတ်ပြပြီး အိမ်ရှေ့သို့ထွက်သည်။ ထိုအခါ ခြံဝင်းထဲသို့ လူငါးယောက်ဝင်လာသည်ကို တွေ့ရသည်။

ကျားသစ်ကွက်ဝတ်စုံဝတ်လျက် တောစီးဖိနပ်တွေစီးထားသော လူငါးယောက်အနက် ရှေ့ဆုံးမှလာနေသူမှာ အောင်ဆက်ဖြစ်နေသဖြင့် ဖူးပွင့်ဝမ်းသာသွားသည်။

"ကို . . ကိုအောင် . . ဆက်"

ဝမ်းသာအားရနှင့် ကိုအောင်ဟု အဖျားဆွတ်ခေါ်မိပြီးမှ ရှက်စိတ်ကြောင့် နာမည်အပြည့်အစုံဖြစ်အောင် ဆက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အောင်ဆက်က ဖူးပွင့်၏မျက်နှာကို ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့် လှမ်းကြည့်သည်။

"ဖူး . . နေကောင်းတယ်နော်"

ဖူးပွင့်က ခေါင်းညိတ်ပြလိုက်သည်။

"လူကတော့ နေကောင်းပါတယ်"

"လူနေကောင်းတယ် စိတ်နေမကောင်းဘူးပေါ့ ဟုတ်လား . . ကိုယ် အလုပ်တွေသိပ်များနေလို့ ချက်ချင်း မလာနိုင်တာပါ၊ ဖူးကို ဂရုမစိုက်လို့ မဟုတ်ပါဘူး . . ရှိနေခဲ့ကှ ဖူးတို့ဒီရွာရောက်အောင် ညတွင်းချင်း ခေါ်လာခဲ့တာ မဟုတ်လား"

ဖူးပွင့်က ခေါင်းညိတ်ပြသည်။

"ကိုယ်က ခိုင်းလိုက်လို့လာခေါ်တယ်ဆိုတာကိုဒော သူက ပြောပြရဲ့လား"

"ပြောပြပါတယ် ကို . . ကိုအောင်"

တစ်ခါက အောင်သူ့အား ကိုအောင်ဟု ခေါ်ခဲ့ဖူးသည်ကို သတိရသည်။ သူမှ မရှိတော့ဘဲလေ။ မလွဲမကင်းသာ ပတ်သက်ရတော့မည့် နောက်တစ်ယောက်၏နာမည်ကို အဖျားဆွတ်ခေါ်ခြင်းက ပြစ်မှုကျူးလွန်ရာမကျနိုင်ဟု သူမ စဉ်း





စားမိသည်။

"ကိုယ် အခု ဖူးကိုလာခေါ်တာ၊ ဒီမှာ ခဏနားမယ် ထမင်းစားမယ်၊ ပြီးရင် ဒီကနေသွားကြမယ် . . ဒေါ်နန်းကော ။"

"အိမ်ထဲမှာရှိပါတယ်"

အောင်ဆက်က သူနှင့်ပါလာသူများအား မျက်ရိပ်ပြပြီး အိမ်ထဲသို့လှမ်းဝင်သည်။ အောင်ဆက်၏နောက်လိုက်လေးယောက်မှာ အိမ်ထဲသို့မဝင်ဘဲ အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်လိုက်ကြသည်။

"ဒေါ်နန်းရေ"

"ဟော . . ဆရာကြီး လာပါ . . ခွေးဟောင်သံကြားတော့ ဆရာကြီးတို့လာတာပဲ ဖြစ်မယ်လို့ ကျွန်မ ထင်လိုက်ပါတယ်၊ အဲဒါကြောင့် ဒီမှာ စားစရာလုပ်နေတာ"

"ဟား . . ဟား . . ဒေါ်နန်းက တကယ်အလိုက်သိတာပဲ၊ ရှိနေခဲ့ကော ဘယ်သွားလဲ"

"သူ့အလုပ်က တစ်နေ့တစ်နေ့ လျှောက်လည်ဖို့ပဲရှိတာ လျှောက်လည်နေမှာပေါ့၊ ထိုင်ပါ ဆရာကြီး ဟို အပြင်က လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မခေါ်ဘူးလား"

"သူတို့ မောလို့ထိုင်နေတာ ထိုင်ပါစေ . . ရေနွေးကြမ်းပဲ ပို့ပေးလိုက်ပါ၊ ပြီးရင် ကျွန်တော်တို့ ထမင်းစားဖို့ ထမင်းချက်စမ်းပါ"

"ဆရာကြီးလာမယ်ဆိုတာသိလို့ ကျွန်မ ထမင်းပေါင်းထားပါတယ်၊ ဟင်းတွေလည်း ချက်ပြီးပြီ . . ရေနွေးကြမ်းသောက်နေပါရှင်၊ ကျွန်မ စားစရာတွေ ပြီးအောင်ပြင်လိုက်ပါမယ်"

အောင်ဆက်က ခေါင်းညိတ်ပြသည်။ ဒေါ်နန်း မီးဖိုခန်းသို့ ပြန်ဝင်သွား၏။

"အောင်သူက သိပ်မိုက်လုံးကြီးတဲ့ ဖူး . . ဒီကောင်"

အောင်ဆက်က စကားစလိုက်စဉ်မှာပင် ဖူးပွင့်က လက်ကာပြသည်။

"ဒါတွေ ပြောမနေပါနဲ့တော့ ကိုအောင်"

"ကိုယ်တို့က ယေ်သူငယ်ချင်းတွေ မဟုတ်လား၊ သူ့အတွက် စိတ်ထဲမှာ မကောင်းလို့ပါ၊ သူက သူ့အသက်လောက်တန်ဖိုးမရှိတဲ့ပစ္စည်းကို မက်လွန်းတာကြောင့် အခုလိုဖြစ်ရတာ





ဒီပစ္စည်းပြပြီး သူတောင်းတဲ့ အခွင့်အရေးတွေက များလွန်းတယ်"

"ဒါတွေကို ဖူးသိပါတယ် ကိုအောင် . . အခု ဘာဆက်လုပ်မလဲ၊ အဲဒါကိုပဲ ပြောပါ"

"ကိုယ် ဖူးကိုခေါ်သွားမယ်လေ၊ ဆရာကြီးက အောင်သူရဲ့လျှို့ဝှက်ချက်တွေကို သိတယ်၊ အောင်သူက သူခိုးယူလာတဲ့ နည်းပညာဓာတ်ပြားကို ဖူးလက်ထဲ အပ်ထားလိမ့်မယ်လို့ ယူဆတယ်၊ အဲဒါကြောင့်"

"အဲဒါကြောင့် အောင်သူက ဖူးကို အကြပ်ကိုင်ခဲ့တဲ့ ဓာတ်ပုံဖလင်တွေကို ရအောင်ယူပြီး ဖူးကိုထပ်ဆင့်အကြပ်ကိုင်မယ် ဒီလိုမဟုတ်လား"

အောင်ဆက် သက်ပြင်းချလိုက်သည်။

"ဒါ . . ကိုယ့်အစီအစဉ် မဟုတ်ပါဘူး ဖူးရယ် . . သူတို့က စီစဉ်ထားတာပါ၊ ကိုယ်ပြောပြီးပြီကော . . ကိုယ်ကိုတိုင်လည်း သူ့လက်ခုပ်ထဲက ရေဖြစ်နေတယ်၊ သူပြုသမျှ နုရမယ့်ဘဝကို ရောက်နေတယ်၊ ဒါကြောင့် သူတို့နိုင်းသမျှ ခေါ်သမျှကို လုပ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး . . အဲဒီဆရာကြီးဆိုတာက ဘယ်သူလဲ"

အောင်ဆက် ခေါင်းဆတ်ခါသည်။

"ကိုယ် မသိဘူး . . သူဘယ်သူ ဘယ်ဝါဆိုတာ၊ သူ ဘယ်မှာရှိတယ်ဆိုတာ ကိုယ်မသိဘူး၊ သူက ကိုယ့်ကို ခိုင်းစရာရှိရင် ဖုန်းနဲ့ခိုင်းတယ်၊ ပေးစရာရှိရင် တစ်နည်းနည်းနဲ့ ကိုယ့်လက်ထဲရောက်အောင် ပို့ပေးတယ်၊ ကိုယ်က အဲဒီလူကို ခြေရာခံနိုင်ဖို့ကြိုးစားခဲ့တာကြာပြီ . . ဒါပေမယ့် သူ့အရိပ်ကိုတောင် ဖမ်းလို့မမိဘူး"

"ဒါဆိုရင် သူခိုင်းသမျှကိုလုပ်၊ သူစီမံသမျှကို တစ်ဖက်သတ်ခံနေရမှာပေါ့"

အောင်ဆက်က သက်ပြင်းရှည်ကြီးချရင်း ခေါင်းညိတ်သည်။ သူ့မျက်နှာတွင် ခံပြင်းဟန်တွေ ထင်ထင်ရှားရှား ပေါ်နေ၏။

"ဟုတ်တယ် ဖူး . . ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခါတစ်ခါ ကိုယ့်ကိုကိုယ်တောင် ခွင့်မလွှတ်နိုင်အောင် ဖြစ်ရတယ်၊ ကိုယ်သာ အပြစ်မရှိခဲ့ရင် ကိုယ် ပြစ်မှုကျူးလွန်ခဲ့တဲ့ အထောက်အထားတွေ ဆရာကြီးလက်ထဲကို ရောက်နေမှာ မဟုတ်ဘူး၊ အဲဒါ





ဆိုရင် သူ့ကို ဂရုစိုက်စရာတောင် မလိုဘူး"

ဖူးပွင့်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမပြု၊ နံရံတစ်နေရာကို မျက်မှောင်ကြုတ်ပြီးကြည့်နေသည်။

"ဆရာကြီး ထမင်းပွဲပြင်ပြီးပြီ စားဖို့ကြွပါ"

ဒေါ်နန်း၏စကားသံက အောင်ဆက်တို့အား လှုပ်နှိုးလိုက်သကဲ့သို့ရှိသည်။ အောင်ဆက်က ဖူးပွင့်အား လှမ်းကြည့်လိုက်၏။ ဖူးပွင့်တစ်ယောက် မလှုပ်မယှက်နှင့် ထိုင်မြဲထိုင်နေသဖြင့် သူက ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ထမင်းစားကြမယ် ဖူး"

ဖူးပွင့် ဆတ်ခနဲဖြစ်သွားရာက ခေါင်းညိတ်ပြသည်။ အောင်ဆက် ထအရပ်တွင် သူမလည်း ထိုင်နေရာမှ ထလိုက်သည်။

"ဒေါ်နန်းရေ . . အပြင်က ကောင်တွေကို ခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့ရှင့်"

ဒေါ်နန်း အိမ်တံခါးပေါက်ရှိရာသို့ ထွက်သွားသည်။ အောင်ဆက်က ဖူးပွင့်နှင့်အတူ အခန်းတစ်ဖက်တွင်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲဆီသို့ လျှောက်ခဲ့၏။

ထမင်းစားပွဲတွင် အငွေ့တထောင်းထောင်းထနေသော ထမင်းပေါင်းနှင့် ဟင်းငါးမျိုးခန့်ကို ဖွယ်ဖွယ်ရာရာပြင်ဆင်ထားသည်။ အောင်ဆက်က စားပွဲထိပ်ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဖူးပွင့်ကို သူနှင့်ကပ်လျက်တွင်ရှိသော ကုလားထိုင်တွင် ထိုင်ရန် လက်ဟန်ပြလိုက်၏။

"ဟင်းတွေကတော့ အကြော်ကော၊ အကင်ကော၊ အချက်ကော စုံနေတာပဲ၊ ဒီအထဲမှာ ဖူးရဲ့လက်ရာများ ပါသေးရဲ့လား"

ဖူးပွင့်က မရွှင်ပြသောမျက်နှာနှင့် ခေါင်းခါလိုက်သည်။

"ဖူး . . ဒါတွေကို စိတ်မဝင်စားနိုင်ဘူး ကိုအောင်၊ တစ်နေ့တစ်နေ့ ဘာလုပ်ရမယ်ဆိုတာတွေးပြီး စိတ်ညစ်နေရတယ်၊ ကိုအောင်သူ့ရဲ့လက်ကလွတ်လို့ ဝမ်းသာမယ်တောင် မကြံသေးဘူး၊ ဆရာကြီးဆိုတဲ့လူယုတ်မာလက်ထဲကို ရောက်ရပြန်ပြီ"

အောင်ဆက်က ဖူးပွင့်လက်တစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။





"ဒီလူရဲ့လက်ထဲကလွတ်အောင် ကိုယ်အစွမ်းကုန်ကြိုးစားပါ့မယ် ဖူး . . စိတ်ဓာတ်မကျပါနဲ့"

"သူ့လက်ထဲက မလွတ်ခင်မှာတော့ သူပြုသမျှနေရဦးမယ်ပေါ့ . . ဟုတ်လား"

အောင်ဆက် အံတင်းတင်းကြိတ်လိုက်သည်။ ဖူးပွင့်၏လက်ကို ခပ်တင်းတင်းဖျစ်ညှစ်သည်။ အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် ဖူးပွင့်ကို စူးစိုက်ကြည့်နေ၏။ စူးစိုက်ကြည့်နေသော အောင်ဆက်၏မျက်လုံးအစုံမှ အင်အားတစ်ရပ်ကို ရသလိုရှိသည်။ ထိုအကြည့်ကြောင့် ဖူးပွင့်၏ရင်မှာ နွေးထွေးသွားလေ၏။

. . .

"ဒီနေရာက ဘာလဲဟင် . . ခြံဝင်းအကျယ်ကြီးပဲ"

ဖူးပွင့်က ရှေ့တူရူရှိ သစ်ပင်နိမ့်နိမ့်များဖြင့် စိမ်းမြနေသော ခြံဝင်းကိုကြည့်ရင်းမေးသည်။

"စိုက်ပျိုးမွေးမြူရေးခြံလေ . . ခြံထက်ဝက်က မက်မန်းကျန်တဲ့တစ်ဝက်က ပန်းသီးပင်တွေ စိုက်ထားတယ်၊ ပိုင်ရှင်ကဦးလွင်တဲ့ . . သူကလည်း ကျားကြီးရဲ့အချုပ်အကိုင် ခံထားရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူပဲ"

ဖူးပွင့် မျက်မှောင်လေး မသိမသာကြုံ့သည်။

"ကျားကြီးဆိုတာ . . က"

"ဆရာကြီးလေ . . ကိုယ်တို့ကို အသုံးချနေတဲ့လူပေါ့ သူက ဖုံးဆက်ပြီး အမိန့်ပေးတဲ့အခါ သူ့ကိုယ်သူ ကျားကြီးလို့ ဆုတ်ပြောတယ်"

"သူက ဒီခြံပိုင်ရှင်ကို နိုင်အောင်ကိုင်ထားပြီး ခိုင်းနေတာပေါ့ ဟုတ်လား"

"ဟုတ်တယ် . . ဖူး ကိုယ် ဒီကိုခဏခဏရောက်ဖူးတယ်၊ ကျားကြီးခိုင်းတဲ့ကိစ္စတွေကို ဒီကနေပြီး လုပ်ပေးဖူးတယ် ကျားကြီးရဲ့အမိန့်နဲ့ဆိုတော့ ဦးလွင်က ကိုယ်တို့ကို လက်ခံထားရတာပေါ့"

ခြံဝင်းအတွင်းသို့ဝင်ခဲ့သည်။ စိမ်းစိုသော သီးပင်တန်းများရှေ့တွင် ကျောက်သားဖြစ်ဆောက်လုပ်ထားသည့် အိမ်တစ်လုံးကိုတွေ့ရသည်။ အိမ်ရှေ့တွင် ပန်းခင်းလေးတစ်ခင်းရှိပြီး အိမ်အနောက်ဘက် ပေသုံးဆယ်ခန့်အကွာတွင် အနိုင်အမာဆောက်လုပ်ထားသော အိမ်တန်းများကို တွေ့ရသည်။





"ဦးလွင်ဆိုတဲ့လူက ဒီနေရာမှာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို စနစ်တကျလုပ်နေပုံရတယ် ဟုတ်ရဲ့လား ကိုအောင်"

အောင်ဆက် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် ဖူး . . ဒီလူက အလုပ်ကို စနစ်တကျလုပ်တတ်တဲ့လူပဲ၊ သူသာ ပြစ်မှုတစ်ခုကို အမှတ်မထင် ကျူးလွန်မိပြီး အဲဒီကိစ္စနဲ့ပတ်သက်လို့ သက်သေခံအထောက်အထားတွေရထားတဲ့ ကျားကြီးကသာ အကျပ်ကိုင်တာမျိုးမရှိရင် အောင်မြင်ပြီး စိတ်ချမ်းသာတဲ့ လုပ်ငန်းပိုင်ရှင်တစ်ယောက်ဖြစ်မှာ ခုတော့ သူက အပြစ်ကျူးလွန်မိခဲ့တာတွေရှိလို့ ကျားကြီးခိုင်းသမျှကို စိတ်ဆင်းရဲကိုယ်ဆင်းရဲ လုပ်နေရတယ်"

"သူက ဘာပြစ်မှု ကျူးလွန်ခဲ့လို့လဲ ဟင်"

"ဟာ . . အဲဒါတော့ ကိုယ်က ဘယ်သိမှာလဲ၊ ဦးလွင်ရဲ့လျှို့ဝှက်ချက်ကို ကျားကြီးတစ်ယောက်ပဲ သိတယ်၊ ပြစ်မှုနဲ့ပတ်သက်တဲ့ အထောက်အထားတွေလည်း သူ့လက်ထဲမှာ ရှိနေတယ်"

ကျောက်သားတိုက်ရှေ့တွင် ရပ်မိကြသည်။ တံခါးမခေါက်ရ၊ လူခေါ်ခေါင်းလောင်း မနှိပ်ရဘဲ အိမ်တံခါးပွင့်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ပိန်ပိန်ကိုင်းကိုင်းနှင့် လူမမာပုံပေါက်နေသော လူတစ်ယောက် တံခါးဘေးတွင် ရပ်နေသည်ကိုတွေ့ရ၏။

"ကိုပိန် . . ဦးလွင်ကော"

"ရှိပါတယ် . . သူဒွေးက ခင်ဗျားတို့ကို ဧည့်ခန်းကနေစောင့်နေပါတယ်"

အောင်ဆက်က ရှေ့မှဦးဆောင်ပြီး အိမ်ထဲသို့ဝင်သည်။ ဖူးပွင့်နှင့်အောင်ဆက်၏ လူလေးယောက်တို့ပါ အိမ်ထဲသို့ဝင်သည်။ ဧည့်ခန်းသို့အရောက်တွင် ထိုလေးယောက်က တံခါးတစ်ဖက်တစ်ချက်တွင် နှစ်ယောက်စီခွဲကာ ရပ်လိုက်ကြ၏။

အခန်းထဲတွင် အသားနီစပ်စပ်၊ ဝဝဖိုင့်ဖိုင့်နှင့်လူတစ်ယောက်ထိုင်နေသည်။ သူက ဆံပင်တိုတိုကပ်ကပ်လေး ညှပ်ထားသည့် ဦးခေါင်းကိုပွတ်ပြီး အောင်ဆက်တို့အား လှမ်းကြည့်သည်။

"လာ . . ကိုအောင်ဆက် ဒီမနက်ပဲ ဆရာကျားကြီးဆီက ဖုန်းလာလို့ ကျွန်တော် ခင်ဗျားတို့ကို စောင့်နေတာ"

"သူက ကျွန်တော်တို့လာမယ်ဆိုတာကိုပဲ ပြောသလားဦးလွင်"





"ဘယ်ကမလဲ ခင်ဗျားတို့ ဘာလုပ်ရမယ်ဆိုတာကိုပါ ညွှန်ကြားထားတယ်၊ ဟောဒီမှာ သူ့စကားကို ကျွန်တော် စာနဲ့ရေးမှတ်ထားပါတယ်"

အောင်ဆက်က ဦးလွင်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင်ဝင်ထိုင်သည်။ ဖူးပွင့်ကို သူ့ဘေးထိုင်ခုံတွင်ထိုင်ရန် လက်ဟန်ပြသည်။ တစ်ဆက်တည်းပင် သူက ဦးလွင် လှမ်းပေးလာသည့် စာရွက်ကိုယူကာ စာရွက်ပေါ်တွင် ရေးမှတ်ထားသည့်စာကိုဖတ်သည်။

**အောင်ဆက် . . .**

ကောင်မလေးဆီမှာ ငါလိုချင်တဲ့ နည်းပညာဆိုင်ရာမှတ်တမ်းစာတပ်ပြားရှိတယ်၊ အောင်သူ့လက်ထဲကနေ သူရထားတာ အဲဒါကို ရအောင်တောင်းပေး၊ ငါလိုချင်တာရရင် မင်းတို့ကို အချုပ်အချယ်မရှိ လွတ်လပ်ခွင့်ပေးမယ်၊ မောင်လွင့်ခြံကိုရောက်တာနဲ့ ငါဖုန်းဆက်မှာကို စောင့်ပါ။

ကျားကြီး

အောင်ဆက်က စာဖတ်အပြီးတွင် အပြောင်းအလဲများရှာပေါ်နေသည်။ စာဖတ်အပြီး၌ သူက မဲ့ပြုံးပြုံးပြီး ခေါင်းခါလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလူက တော်တော်ညံ့တာပဲ၊ ဖူးဟာ ကိုအောင်သူ့ရဲ့ သားကောင်ပါ၊ ဒီလျှို့ဝှက်ချက်တွေကို ဖူး ဘယ်လိုလုပ်သိနိုင်မှာလဲ ကိုအောင်သူက ဖူးကိုပြောပါ့မလား"

"ဒီလိုဆင်ခြေပေးရုံနဲ့ ဆရာကျားကြီးက ခွင့်လွှတ်မှာမဟုတ်ဘူး၊ သူက ဒါရအောင်လုပ်ပေးပါဆိုရင် ဒါရအောင်လုပ်ပေးမှ ဖြစ်မယ်၊ မင်းက အဲဒီပစ္စည်း မရခဲ့ဘူးဆိုရင်တော့ ဘယ်မှာရှိနိုင်မလဲဆိုတာ စဉ်းစား၊ ပြီးတော့ ရအောင်ရှာပေးလိုက်၊ ဒါဆိုရင် မင်းကော ကျုပ်တို့ကော အချုပ်အချယ်ခံထားရတဲ့အဖြစ်က လွတ်လိမ့်မယ်"

ဖူးပွင့်၏ကိုယ် ဆတ်ခနဲဖြစ်သွားသည်။ သူမက ဦးလွင်အား ဖျပ်ခနဲလှမ်းကြည့်လိုက်၏။ သဘောကောင်းပုံ၊ ကြောက်တတ်ပုံရသော ဦးလွင်မှာ ဖူးပွင့်အား မျှော်လင့်တကြီးနိုင်သော အကြည့်ဖြင့် ကြည့်နေသည်။

"ကျွန်မ ဒါတွေကို မသိဘူး၊ စဉ်းလည်း မစဉ်းစားတတ်ဘူး၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဆက်စပ်စဉ်းစားရင်း အခုမှပဲ ကျွန်မ အဖြေကိုသိလာတယ်"

"မင်း ဘာတွေသိတာလဲ မဟုတ်တာတွေ မစဉ်းစားနဲ့





ကလေးမ . . မင်းကြောင့် ကျုပ်တို့အားလုံး ဒုက္ခရောက်သွားနိုင်တယ် . . ကျုပ်တို့က"

"တော်တော့ ဦးလွင်"

အောင်ဆက်၏ မာကြောခက်ထန်သော ပြောလိုက်သံပေါ်လာသည်။ ကြောက်တတ်ပုံရသော ဦးလွင်မှာ မျက်လုံးဝိုင်းသွား၏။ အောင်ဆက်က သူ့လူတစ်ယောက်အား လှမ်းကြည့်ပြီး လက်ဟန်ပြလိုက်သည်။

ထိုသူက နေရာမှခွာထွက်လာပြီး ဦးလွင်ထိုင်နေရာအနီးတွင် ရပ်လိုက်သည်။ မည်သည့်အချိန်က ထုတ်ယူလိုက်မှန်းမသိသော ပစ္စတိုတစ်လက်ဖြင့် ဦးလွင်အား ချိန်ရွယ်လိုက်၏။

"ဦးလွင် . . သူနဲ့လိုက်သွားပါ"

"ဟင် . . ခင်ဗျား ဒါ ဘာလုပ်တာလဲ"

"ခင်ဗျားတာဝန်က ကျွန်တော်တို့ကို ဒီမှာလက်ခံထားဖို့ပဲ၊ ကျားကြီးခိုင်းတဲ့ကိစ္စမှာ ဝင်စွက်စရာအကြောင်းမရှိဘူး၊ ခင်ဗျားသွားပြီးနားတော့ . . ဟေ့ . . သူ့ကိုခေါ်ထုတ်သွားကွာ သူ့အိပ်ခန်းထဲပို့ပြီး မင်းနဲ့နောက်တစ်ယောက် သွားစောင့်နေလိုက်"


www.burmeseclassic.com

www.burmeseclassic.com

အောင်ဆက်၏လူက ဦးလွင်အား အခန်းထဲမှခေါ်ထုတ်သည်။ သူနှင့်အတူ နောက်တစ်ယောက်ပါ ဦးလွင်အား ခေါ်ထုတ်ရာသို့ လိုက်ပါသွားသည်။

"ဖူး"

ဦးလွင်ထွက်သွားသည်နှင့် အောင်ဆက်က ဖူးပွင့်ဘက်သို့လှည့်လိုက်၏။ ဖူးပွင့်က အောင်ဆက်အာ မဲ့ပြုံးပြုံးပြီး ကြည့်သည်။

"ဖူး . . ဘာဖြစ်တာလဲ၊ ကိုယ့်ကို ဘယ်လိုလုပ်ကြည့်နေတာလဲ"

"ရှင့်ကို သဘောကျလို့ပါ၊ ရှင်က ညီအစ်ကိုလိုချစ်တဲ့လူကို သစ္စာဖောက်တယ် . . ပြီးတော့ ဒီလောကမှာ မရှိတဲ့ ကျားကြီးဆိုတဲ့လူရဲ့အမိန့်ကို နာခံရဟန်ဆောင်တယ်၊ ဒီမှာ ကိုအောင် . . ဖူးက ဦးနှောက်မရှိတဲ့လူ မဟုတ်ပါဘူး"

"ဟော့ . . ဖူး မင်းဘာတွေပြောနေတာလဲ၊ ကိုယ်က မင်းကိုချစ်လွန်းလို့ အခုလိုဘဝမျိုးကို ရောက်နေတယ်ဆိုတာ မင်း မသိဘူးလား"

"ဖူးမှာ ဦးနှောက်ရှိတယ်လို့ ပြောပြီးပြီလေ၊ ကိုအောင်





က ကျားကြီးဆိုတဲ့နာမည်ကိုသုံးပြီး သူ့လက်ထဲမှာ ဖူးရဲ့ မဖွယ်မရာပုံတွေရှိတယ်လို့ ပြောတယ်၊ တစ်ကယ်တော့ ဒီပုံတွေဟာ အောင်သူဆိုတဲ့ လူယုတ်မာနဲ့အတူ ပါသွားပြီ၊ ကိုအောင်က ဖူးကို အသုံးချချင်လို့ လုပ်ဇာတ်တစ်ခု ဖန်တီးတယ်ဆိုတာ ဖူးစဉ်းစားမိပြီ"

ဖူးပွင့်၏စကားက အောင်ဆက်၏အရှိက်ကိုထိုးလိုက်သကဲ့သို့ရှိသည်။ အောင်ဆက် ဘာမှမပြောနိုင်တော့ဘဲ ဖူးပွင့်ကို မျက်လုံးပြူးပြီး ကြည့်နေလေသည်။

★


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

"မင်းမှားနေပြီ ဖူး . . အရမ်းကိုမှားနေပြီ၊ ကိုယ်နဲ့ပတ်သက်ပြီး မင်းထင်တာတွေ အရမ်းကိုမှားနေပြီ၊ ကိုယ်က မင်းကို အသုံးချဖို့ ဘယ်တုံးကမှ မစဉ်းစားမိခဲ့ပါဘူး။ မင်းကို အကျပ်ကိုင်ချင်တဲ့ ရည်ရွယ်ချက်လည်း ကိုယ့်မှာ မရှိပါဘူး၊ ကိုယ်က"

"တော်ပါတော့ရှင် . . ဖူးဆိုတဲ့ မိန်းကလေးက ခပ်တုံးတုံးခပ်အအ မဟုတ်ပါဘူး"

အောင်ဆက်က ဖူးပွင့်၏မျက်နှာကို အတန်ကြာအောင် စူးစိုက်ကြည့်နေသည်။ ပြီးနောက် သူက အခန်းထဲတွင်ရှိသော





လူနှစ်ယောက်ကို အပြင်ထွက်ရန် လက်ဟန်ပြလိုက်သည်။ ထိုသူနှစ်ယောက် ချက်ချင်းပင် အပြင်ထွက်သည်။ အပြင်ရောက်သည်နှင့် တံခါးကိုအပြင်မှနေ၍ ပိတ်လိုက်၏။

"ကိုယ် မင်းကို ပြောပြမယ် ဖူး"

"မပြောနဲ့ ရှင် ဘာမှမပြောနဲ့"

အောင်ဆက် ဖျပ်ခနဲရှေ့တိုးလာသည်။ ဖူးပွင့်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၏။ မျက်နှာထားတင်းတင်းနှင့် တုံ့ပြန်ကြည့်နေသော ဖူးပွင့်၏အကြည့်စူးစူးကြောင့် ခေါင်းတစ်ချက်ဆတ်ခါသည်။ တစ်ဆက်တည်းပင် ဖူးပွင့်၏လက်မောင်းကို ဆတ်ခနဲလှမ်းကိုင်လိုက်၏။

"နားထောင်စမ်း . . ဖူး မင်းမကြားချင်ပေမယ့် ကိုယ်ကတော့ ပြောစရာရှိတာကို ပြောရလိမ့်မယ်၊ ကိုယ် လုပ်ဇာတ်တစ်ခု ဖန်တီးခဲ့တယ်။ မရှိတဲ့ ကျားကြီးဆိုတဲ့လူကို ရှိသယောင် လုပ်ပြီး မင်းကိုအကျပ်ကိုင်တဲ့ပုံစံမျိုးဖြစ်အောင် အကွက်ဆင်ခဲ့တယ်။ အဲဒါ မင်းကို အသုံးချချင်လို့ မဟုတ်ဘူး၊ မင်းကို ကယ်တင်ချင်လို့"

ဖူးပွင့်ရယ်လိုက်သည်။ သူမ၏ရယ်သံက အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင်ပျံ့လွင့်သွား၏။

"တစ်နည်းနဲ့မရလို့ ရှင်က နောက်တစ်နည်းပြောင်းပြီး ကြိုးစားဦးမလို့လား မရဘူး၊ ကျွန်မက ရှင့်ရုပ်လုံးကို ဖော်မိသွားပြီ၊ ရှင်ဟာ လိမ်ညာလှည့်ဖျားတတ်တဲ့ ယောကျ်ား၊ ကောက်ကျစ်စဉ်းလဲတဲ့ ယောကျ်ား၊ ရှင်ဟာ . . "

"တော်တော့ ဖူး . . မင်းပြောတဲ့စကားလုံးတွေရဲ့ဒဏ်ကို ကိုယ်မခံနိုင်ဘူး၊ မင်းထင်ရာမြင်ရာတွေးပြီး လျှောက်ပြောနေတာတွေဟာ ကိုယ့်မေတ္တာကို စော်ကားနေတာနဲ့ အတူတူဘဲ၊ မင်းကြောင့် ကိုယ်က အခုလိုအခြေအနေမျိုးကို ရောက်ရတယ်ဆိုတာ နားလည်ပါ ဖူး"

ဖူးပွင့်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြု၊ အောင်ဆက်အား ရင်ဆိုင်ကြည့်ရင်း မဲ့ပြုံးပြုံးသည်။

"အောင်သူက မင်းကို ထောင်ချောက်ဆင်ပြီး အကျပ်ကိုင်တယ်၊ မင်း သူ့ကိုဇွတ်ငြင်းဆန်မိတာနဲ့ အရှက်ကွဲမယ်၊ အဲဒါကြောင့် မင်းက သူခေါ်ရာကိုလိုက်ရတယ်၊ မင်း မသိသေးတာက အောင်သူဟာ နည်းပညာလျှို့ဝှက်ချက်တွေ ရောင်းစားဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်၊ သူ့နောက်ကို ဥပဒေဘက်တော်





သားတွေက လိုက်နေသလို ဒုစရိုက်သမားတွေကလည်း လိုက်နေတယ်၊ ဒီအချိန်မှာ သူ့ကိုအမိဖမ်းနိုင်ဖို့ ကိုယ့်ပခုံးပေါ်ကို တာဝန်ကျရောက်လာတယ်။ အဲဒါကို အောင်သူက သိသွားတယ် ဒီတော့ သူက ကိုယ့်ကို မင်းရဲ့ခတ်ပုံတွေပြတယ်၊ တကယ်လို့ ကိုယ်က သူ့ကိုဖမ်းရင် သူက မင်းရဲ့လျှို့ဝှက်ချက်တွေ လူသိအောင်လုပ်မယ်လို့ ခြိမ်းခြောက်တယ်"

"အို . . အမိပွါယ်မရှိလိုက်တာ၊ ကျွန်မကိစ္စအတွက် ရှင်က ဘာဖြစ်လို့ဝင်ပြီး ဒုက္ခခံရတာလဲ"

"မေတ္တာလေ မင်း ဘယ်တုံးကမှ တန်ဖိုးမထားခဲ့တဲ့ ကိုယ့်မေတ္တာကြောင့်ပေါ့ . . ကိုယ် မင်းကိုသိပ်ချစ်တယ် ဖူး၊ မင်း တစ်ခုခုဖြစ်မှာကို ကိုယ် မကြည့်ချင် မမြင်ချင် မကြားချင်ဘူး၊ ဒါကြောင့် အောင်သူ့ကို ကိုယ်ရှင်းပစ်လိုက်တယ်"

ဖူးပွင့်က အောင်ဆက်၏မျက်နှာကို အတန်ကြာအောင် ကြည့်သည်။ အောင်ဆက်၏မျက်လုံးအစုံမှ မေတ္တာအငွေ့အသက်တွေကို ရလိုက်သလို ခံစားရ၏။

"မင်း သဘောပေါက်ပြီနော်"

"ဒါနဲ့ပဲ ရှင်က ကျွန်မကိုဆက်ပြီး အကျပ်ကိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲလား၊ ဘာအဓိပ္ပါယ်နဲ့ အဲသလိုလုပ်တာလဲ"

ဖူးပွင့်ထံမှ တုံ့ပြန်မှုရရှိလာခြင်းသည် ကောင်းသော အလားအလာဟု အောင်ဆက်စိတ်တွင် မှတ်ထင်မိ၏။ ဖူးပွင့်ကို စူးစိုက်ကြည့်နေသော မျက်လုံးအစုံရှိဝေနေလျက်နှင့် သူက အသာအယာပြုံးသည်။

"အဲဒါက ဆရာကြီးဆိုတဲ့လူနဲ့ ပတ်သက်နေတယ်"

"လာပြန်ပြီလား ဆရာကြီး . . အစက ဆရာကြီးရဲ့ အမိန့်အရ လုပ်ရတာ၊ ဆရာကြီးက ခိုင်းလို့လုပ်ရတာ ဘာညာ ပြောတယ်။ နောက်တော့ ဆရာကြီး မဟုတ်တော့ဘူး ကျားကြီး ဖြစ်သွားတယ်။ အဖြစ်အပျက်ကို ဟာကွက်မရှိအောင် စဉ်းစား ထားရမယ်၊ ဆရာကြီးလို့ပြောလိုပြော ကျားကြီးလို့ပြောတဲ့လူ က ရှင့်စိတ်ကူးထဲမှာ ဘာရှိတယ်ဆိုတာ ကျွန်မ သိနေပြီးပြီပဲ၊ ဘာဖြစ်လို့ အခုတစ်ခါ ထပ်ပြီး ဆရာကြီးလုပ်လာရပြန်တာလဲ"

အောင်ဆက် အပြုံးမပျက်ပင် ခေါင်းခါသည်။

"အခုပြောမယ့် ဆရာကြီးဆိုတာက တစ်ကယ်ရှိပါ တယ်၊ သူ ဘယ်သူဘယ်ဝါဆိုတာတော့ ကိုယ်မသိသေးဘူး သူ့နောက်ကို လိုက်လာရင်း သူ့ကိုဖော်ထုတ်ဖို့ကြိုးစားရင်းက





သူဟာ အောင်သူ ရလာတဲ့ နည်းပညာစာတ်ပြားနောက်ကို လိုက်နေတယ်ဆိုတာ သိလာတယ်။ အောင်သူ ကိုယ်တိုင်က လည်း အဲဒီကိစ္စကိုသိလို့ ကိုယ်နဲ့တိုင်ပင်ခဲ့သေးတယ်။ ဒီကောင် က မရိုးသားဘူး . . ကိုယ့်ကို တစ်ပတ်ရိုက်ဖို့ ကြိုးစားတယ်"

"သူ့အကြောင်းကို ထားလိုက်စမ်းပါ၊ ဆရာကြီးဆိုတာ ကိုပဲ ပြောပါ"

အောင်ဆက် ခေါင်းညိတ်ပြပြီး စကားဆက်၏။

"ဆရာကြီးက အောင်သူမရှိတော့တဲ့နောက် မင်းကို အပိုင်ကိုင်မလို့ မြှဟန်က သူ့လူပေါ့၊ ဆရာကြီးက မြှဟန်ထက် ပိုဆိုးတဲ့လူကို မင်းဆီလွှတ်တော့မယ်ဆိုတာမြင်လို့ ကိုယ်က မင်းကို ခေါ်ထုတ်ခဲ့တာ"

"ဒါက တကယ်ပဲနော်"

"တကယ်ပေါ့ . . ကိုယ် အမှန်တွေကို ပြောနေတာပါ ဖူး . . ကိုယ် အခုပြောနေတာတွေဟာ အမှန်တွေချည်းပဲဆိုတာ ကိုယ် မေတ္တာတရားကို တိုင်တည်ပြီးပြောပါတယ်။ နောက်ထပ် အမှန်တရားတစ်ခုကို ကိုယ်ထပ်ပြောမယ်၊ ဖူးရဲ့အကူအညီရ လို့ပဲဖြစ်ဖြစ် တစ်ခြားနည်းနဲ့ပဲဖြစ်ဖြစ် နည်းပညာဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပြားကို ကိုယ်ရအောင်ရှာယူမယ်။ အဲဒါကိုရောင်းစားမယ် ပြီးတာနဲ့ ပြည်ပကိုထွက်ပြီး ဇာတ်မြုပ်နေမယ်၊ ကိုယ်က ခြေလှမ်းမှားသွားခဲ့ပြီးပြီ၊ ဒီခြေလှမ်းအမှားကို ရပ်လို့မရတော့ဘူး"

ဖူးပွင့်၏မျက်နှာတွင် အပြောင်းအလဲတွေ ပေါ်လာသည်။ သူမက စူးလက်တောက်ပသော မျက်လုံးအစုံဖြင့် အောင်ဆက်ကို လှမ်းကြည့်လိုက်သည်။

"ကိုအောင်က အဲဒီအမှားတွေထဲ ဖူးကိုဆွဲခေါ်သွားမယ် ပေါ့ ဟုတ်လား"

အောင်ဆက်တ ဖူးပွင့်၏လက်မောင်းကို ညင်သာစွာ လှမ်းကိုင်လိုက်၏။ ကြင်နာသော အငွေ့အသက်တွေ လက်နှစ်ဖက်မှတစ်ဆင့် ဖူးပွင့်၏ကိုယ်အတွင်းသို့ စီးဝင်သွား၏။ ရင်ထဲမှ လှုပ်လှုပ်ရှားရှား ခံစားချက်ကြောင့် ဖူးပွင့်၏နှုတ်ခမ်းအစုံ တဆတ်ဆတ်တုန်လာသည်။

"ကိုယ် မင်းကို အမှားတောထဲကို ဆွဲမခေါ်ပါဘူး၊ သာယာတဲ့ဘဝ၊ ကြည်နူးစရာကောင်းတဲ့ဘဝ၊ အရာရာပြည့်စုံကြွယ်ဝတဲ့ဘဝတစ်ခုထဲ ရောက်အောင် ခေါ်သွားမှာပါ၊ ခြောက်သွေ့နေတဲ့ မင်းဘဝကို ကိုယ့်မေတ္တာနဲ့ သာယာအေးချမ်းအောင်





ဖန်တီးပေးမှာပါ။ ကိုယ် မင်းကိုချစ်တာဟာ အကျိုးအမြတ်တစ်ခုကြောင့် မဟုတ်ပါဘူး"

"ဒါဆိုရင် နည်းပညာဆိုင်ရာဓာတ်ပြားကိစ္စမှာ ကိုအောင်ဝင်မပါတော့ဘူးပေါ့"

အောင်ဆက် ခေါင်းဆတ်ခါလိုက်သည်။

"ကိုယ်က ရှင်းအောင်ပြောနေတာတောင် မင်းစိတ်ထဲမှာ မရှင်းသေးဘူးလား ဖူး၊ နည်းပညာဆိုင်ရာဓာတ်ပြားက ကိုယ့်မျှော်လင့်ချက်တစ်ခုပဲ၊ ဒါကိုရရင် ကိုယ်တို့ တစ်နေရာမှာ ဘဝသစ်တစ်ခု စနိုင်မယ်၊ စတာတောင် ချို့ချို့ငဲ့ငဲ့နဲ့ မဟုတ်ဘူး . . ပြည့်ပြည့်စုံစုံနဲ့ နေနိုင်မှာ၊ ကိုယ် မင်းကိုပြောခဲ့တာ အခုကိစ္စတွေပေါ်မှ မဟုတ်ပါဘူး၊ ကြာပါပြီ။ အဲဒီအချစ်အတွက် ဘဝတစ်ခုတည်ဆောက်တဲ့နေရာမှာ လက်ချည်းသက်သက်နဲ့ ဘာမှလုပ်လို့မရဘူး၊ ငွေရှိမှဖြစ်မယ်။ ဒါကြောင့် ငွေရမယ့် အလုပ်ကို လိုက်လုပ်ရမှာ ဖူး သဘောပေါက်ပြီနော်၊ မင်းအနေနဲ့ ကိုယ့်အပေါ် နားလည်မှုအပြည့်ထားပြီး ကူညီဖို့တော့ လိုတယ်၊ အောင်သူနဲ့သွားလာတုံးက ထူးထူးခြားခြားဖြစ်ခဲ့တာ တွေကို ကိုယ့်ကိုပြန်ပြောပြပါ၊ မင်းက နားလည်မှုရှိရှိနဲ့ ကူညီ



www.burmeseclassic.com

www.burmeseclassic.com



မှ ကိုယ့်ကိစ္စတွေ အောင်မြင်မယ် ဖူး"

. . . . .

တောင်ကုန်းပေါ်မှကြည့်လျှင် အနိမ့်ပိုင်းတွင် တည်ရှိနေသော ဝမ့်မိုင်ရွာကို အပေါ်စီးမှမြင်နေရ၏။ ရဲမောင်က ပခုံးတွင် သိုင်းလွယ်ထားသော ရိုင်ဖယ်ကိုဖြုတ်သည်။

ရိုင်ဖယ်ပေါ်တွင် တပ်ဆင်ထားသည့် တယ်လီမှန်ပြောင်းဖြင့် ဝမ့်မိုင်ရွာဘက်သို့ လှမ်းကြည့်သည်။ ရွာဖက်သို့ အတန်ကြာအောင်ကြည့်သည်။ ထို့နောက် အနားတွင်ရှိနေသော သံယောဇဉ်ဦးဘက်သို့ လှည့်လိုက်သည်။

"ရွာထဲမှာ ထူးခြားတဲ့လှုပ်ရှားမှု မရှိဘူး မဦး"

"သူတို့ မလှုပ်ရှားသေးဘဲ ငြိမ်နေတာဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် မဦးတို့ ရွာထဲကိုဝင်မယ်"

"ခဏနေဦး . . မဦး အခြေအနေကို ခဏလေးစောင့်ကြည့်ပြီးမှ ရွာထဲကိုဝင်တာကောင်းမယ်၊ အခုလိုငြိမ်နေတာကို သိပ်မကြိုက်ဘူး"

"စောင့်ကြည့်ချင်ရင်လည်း စောင့်ကြည့်နေ၊ မဦးတော့ သိပ်ထူးမယ် မထင်ဘူး"





ရဲမောင်က တယ်လီမှန်ပြောင်းဖြင့် ရွာဘက်သို့ ဆက်ကြည့်သည်။ သံယောဇဉ်ဦးက ရဲမောင်အား လှမ်းကြည့်အကဲခတ်ရင်း သစ်ပင်တစ်ပင်အောက်တွင် ထိုင်လိုက်သည်။

"ထူးခြားတာတွေ့သလား ကိုရဲ"

"အင်း . . ဘာမှမတွေ့တာဟာ နည်းနည်းထူးခြားနေတယ်"

သံယောဇဉ်ဦးက သူထိုင်နေသော သစ်ပင်ပင်စည်ပေါ်ရှိ အမှတ်အသားတစ်ခုကို မြင်သည်နှင့် ထိုင်နေရာမှဖျပ်ခနဲ ထရပ်လိုက်သည်။

"ကိုရဲ"

"ဘာဖြစ်လို့လဲ မဦး"

"မဦးတို့လူတစ်ယောက် ဒီနေရာကို ရောက်တဲ့အမှတ်အသားတွေ့ရတယ်၊ ဒီအမှတ်အသားက ကျွန်မတို့လူတစ်ယောက် ဒီပတ်ဝန်းကျင်မှာရှိတယ်၊ အတွင်းလူ သစ္စာဖောက်တစ်ယောက်လည်း သူနဲ့အတူ ရှိနေတယ်ဆိုတဲ့ သင်္ကေတပဲ"

သံယောဇဉ်ဦးက သစ်ပင်ပေါ်မှ အမှတ်အသားကို ညွှန်ပြရင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မဦးပြောတဲ့အတိုင်း ရွာထဲကိုဝင်ကြတာပေါ့ သူတို့ရွာကိုဖြတ်တာဆိုရင် ရွာထဲမှာလည်း အမှတ်အသား လုပ်ထားတာရှိနိုင်တယ်"

"နည်းလမ်းအတိုင်းဆိုရင်တော့ အမှတ်အသားလုပ်ထားတဲ့လူဟာ နောက်ထပ်အမှတ်အသားတွေကို ဆက်လုပ်သွားရမယ်၊ အခြေအနေပေးရင် လျှို့ဝှက်စာနဲ့ သတင်းပေးတာမျိုးလုပ်ရမယ်၊ ဒါဟာ လမ်းစတစ်ခုပဲ . . မဦးတို့ လှုပ်ရှားကြရအောင်"

ရဲမောင်သည် သံယောဇဉ်ဦးနှင့်အတူ တောင်ကုန်းပေါ်မှဆင်းသည်။ မြက်ခင်းသာရှိသော ကွင်းပြင်ကိုဖြတ်ပြီး ရွာထဲသို့ဝင်သည်။ ရွာထဲသို့အရောက်တွင် ခွေးဟောင်သံ၊ မောင်းထောင်းသံ၊ ကလေးငိုသံစသည့် အသံတို့ကိုကြားရသည်။

"ရွာလယ်လမ်းမှာ အမှတ်အသားတစ်ခု တွေ့ရတယ် ကိုရဲ"

"အဓိပ္ပါယ်က ဘာလဲ မဦး"

"ရွာထိပ်ကို ညွှန်တယ်၊ ပုံပြထားတဲ့အတိုင်းဆိုရင် တစ်ဖက်ရွာထိပ်ပဲ"





"အဲဒီကို သွားကြတာပေါ့"

ရွာလယ်လမ်းရှိ ချယ်ရီပင်တစ်ပင်မှ ဓားဖြင့်ထစ်ထားသည့် အမှတ်အသားကို ရဲမောင်က မှတ်မိအောင်ကြည့်သည်။ ပင်စည်ပေါ်ရှိ ဓားရာမှ လမ်းညွှန်အမှတ်အသားတစ်ခုဟု မထင်ရ။ အကြောင်းမသိသူကြည့်လျှင် လမ်းသွားလမ်းလာတစ်ယောက်က ဓားသရမ်းသွားသည့်ပုံမျိုး ပေါ်နေသည်။

"သစ်ပင်မရှိတဲ့နေရာဆို မြေပေါ်မှာ အမှတ်အသား လုပ်ရမှာပေါ့နော် မဦး"

သံယောဇဉ်ဦးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . ကိုရဲ အနီးဆုံးတစ်နေရာ၊ လမ်းသွားရှင်းမြင်နိုင်တဲ့နေရာမှာ အသုံးပြုနေကျ သင်္ကေတနဲ့ အမှတ်အသားလုပ်ရတယ်၊ ထိပ်မှာ ကြက်ခြေခတ်ထားတဲ့ မျဉ်းတစ်ကြောင်းဆိုရင် ဘာအဓိပ္ပါယ်၊ မျဉ်းနှစ်ကြောင်းပြိုင်ပြီး အလယ်ခေါင်မှာ ကြက်ခြေခတ်အမှတ်အသားပါရင် အဓိပ္ပါယ်ဟာ ဘာဆိုတာ မဦးတို့ သင်ထားရတယ်။ အခုအမှတ်အသားတွေ လုပ်ပြသွားတဲ့ ကျွန်မတို့လူဟာ တစ်ယောက်ထဲသွားနေတာ မဟုတ်ဘူး၊ သူနဲ့အတူ သစ္စာဖောက်ပါ ပါနေတယ်၊ ဒါကြောင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ အကြောင်းသိရန်သူ ရှိနေတယ်ဆိုတာ လမ်းညွှန်အမှတ် အသားမှာ ပြထားတယ်"

"ဒါဆိုရင် သူက ဒီအမှတ်အသားတွေကို ခိုးကြောင်ခိုး ဖွက် လုပ်ရမှာပေါ့"

"ဟုတ်တယ် ကိုရဲ"

ရှာလယ်လမ်းကိုအဖြတ်တွင် ခွေးတစ်ကောင်က စူးစူး ဝါးဝါးထိုးဟောင်သည်။

"ဟိုမှာ အမှတ်အသားတွေပြန်ပြီ ကိုရဲ"

"ဘာတဲ့လဲ မဦး"

"ဒီအိမ်ကိုဝင်မယ်ဆိုတဲ့ သဘောပဲ"

ရဲမောင်က ခြံဝင်းကျယ်ကျယ်အတွင်းရှိ မြေအုတ်ဖြင့် ဆောက်ထားသည့်အိမ်ကို လှမ်းကြည့်သည်။

အိမ်ရှေ့ကွပ်ပျစ် ပေါ်တွင် အသက်သုံးဆယ်ကျော် အရွယ် အသားနီစပ်စပ် အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

ရဲမောင်က ခြံတံခါးကိုတွန်းဖွင့်ပြီး အတွင်းသို့ဝင်သည်။ တံခါးတွင် တပ်ဆင်ထားသည့် ဝါးခလောက်သံကြောင့် ကွပ်





ပျစ်ပေါ်ထိုင်နေသူ ကပျာကယာ အောက်ဆင်းသည်။

"ဆရာတို့က ဘာဖြစ်လို့ နောက်ကျနေတာလဲ၊ ဆရာ ကြီးတို့ထွက်သွားတာ တော်တော်ကြာပြီ၊ ကောင်မလေးကိုပါ တစ်ခါထဲ ခေါ်သွားတယ်"

"ကောင်မလေးက ဘာပြဿနာမှ မရှာဘူးလား"

"ဘာလို့ ပြဿနာရှာရမှာလဲ ဆရာရဲ့ . . ကျွန်တော် တို့က သူ့ကို ကယ်ထားတာပဲ၊ လှိုင်ခကိုရောက်လာတော့ ကျွန်တော်ပဲ သူ့ကိုသွားစောင့်ပြီး ခေါ်ခဲ့ရတယ်။ ဒီရောက်တော့ လည်း သူ့ကို သေသေချာချာ စောင့်ကြည့်ထားပါတယ်"

"ဆရာကြီးနောက်ကို သူလိုလိုချင်ချင် လိုက်သွားတာ လား"

"ဆရာကြီးက သူ့ကိုကယ်ထားတာပဲ၊ ဆရာကြီးခေါ် တော့ လိုက်သွားတာပေါ့၊ ခုလောက်ဆို သူတို့ ဦးလွင်ရဲခြံကို ရောက်နေလောက်ပြီ"

"ကျွန်တော်တို့လည်း အဲဒီကိုလိုက်သွားမှာပဲ၊ လူချင်း ကွဲသွားမှာစိုးလို့ ဒီကိုအရင်ဝင်တာ . . ခရီးပန်းလာလို့ ခဏ တော့ နားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ရှီနောင် အားတုံ့အားနာဖြစ်သွားဟန် သူ့နဖူးကို သူ့လက်ဝါးဖြင့်ရိုက်သည်။

"ဟာ . . မေ့လို့ ကျွန်တော် ခေါ်ခဲ့ဖို့ မေ့သွားတယ်၊ အိမ်ထဲကိုကြွပါ . . ထမင်းစားမယ်ဆိုရင်လည်း လုပ်ကိုင်ပေးဖို့ပြောလိုက်မယ်"

ရဲမောင် ခေါင်းခါသည်။

"ထမင်းမစားတော့ပါဘူး . . ရေနွေးကြမ်းသောက်ရင်း ခဏနားမယ်၊ ဆရာကြီးတို့နောက်ကိုလိုက်မယ် အိမ်ထဲဝင်မထိုင်ပါဘူး . . အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာပဲ ထိုင်မယ် ရတယ် မဟုတ်လား"

"ဟာ . . ရပါတယ် ဆရာ၊ ရပါတယ် ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ရှီနောင်က ရှေ့မှဦးဆောင်ပြီး အိမ်ဘက်သို့လျှောက်သည်။ ရဲမောင်နှင့် သံယောဇဉ်ဦးတို့က နောက်မှလိုက်သည်။ အိမ်ရှေ့သို့အရောက်တွင် ရှီနောင်က ရဲမောင်တို့အား အိမ်ရှေ့ကွပ်ပျစ်တွင် နေရာချပေးသည်။

"ခဏလေးနော် . . ဆရာ၊ ကျွန်တော် အခါးရည် စီစဉ်





လိုက်မယ်"

ရှီနောင် အိမ်ထဲသို့ဝင်သွားသည်။ ရဲမောင်တို့က ကွပ်ပျစ်ပေါ်ထိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်သည်။ ကွပ်ပျစ်မှာ ချယ်ရီပင်တစ်ပင်ကို ပတ်ဝိုင်းထားခြင်းဖြစ်သည်။ ပင်စည်လုံးပတ်ကြီးမားသော ချယ်ရီပင်တွင် အမှတ်အသားတစ်ခုကို တွေ့ရသည်။

အမှတ်အသားကိုမြင်သည်နှင့် သံယောဇဉ်ဦးက ကွပ်ပျစ်အောက်သို့ ဖျပ်ခနဲငုံ့ကြည့်သည်။ ကွပ်ပျစ်အောက်ထောက်တိုင်တွင် သံချက်ပေါ်၌ချိတ်ထားသော စာရွက်တစ်ရွက်ကို တွေ့ရသည်။ သံယောဇဉ်ဦးက စာရွက်ကိုဖျပ်ခနဲ လှမ်းယူလိုက်၏။

"ဒါ . . လျှို့ဝှက်စာပဲ"

"ဘာတွေရေးထားသလဲ မဦး"

"ကောင်မလေးကိုခေါ်ပြီး စိုက်ပျိုးမွေးမြူရေးခြံအရောက်သွားမယ့်အကြောင်း ရေးထားတယ်"

ရှီနောင် ပြန်ထွက်လာသည်။ သူ့လက်ထဲတွင် ရေနွေးကြမ်းခတ်ဘူးနှင့် ပန်းကန်များပါသော လင်ဗန်းတစ်ချပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထား၏။

"အခါးရေသောက်ပါ ဆရာ . . ပြီးတော့ စိတ်တိုင်းကျ နားပါ"

"ရပါတယ် ကျွန်တော်တို့ ရေနွေးကြမ်းတစ်ခွက်စီ သောက်ပြီး ခရီးဆက်မှာပါ"

ရှီနောင့်က ပန်းကန်များထဲသို့ ရေနွေးကြမ်းငှဲ့ပြီး ရဲမောင်တို့ရှေ့တွင် ချပေးသည်။ ရဲမောင်တို့က ရေနွေးကြမ်းကို အချိန်ဆွဲပြီး သောက်နေကြလေ၏။

★





## အခန်း(၁၅)

ရဟတ်ယာဉ်တစ်စီး၏စက်သံကို ကြားရသည်။

ရဲမောင်က ကောင်းကင်ပေါ်သို့ မော့်ကြည့်သည်။ တစ်ဆက်တည်းပင် သံယောဇဉ်ဦး၏လက်ကိုဆွဲကာ ချုံကွယ်တစ်ခုသို့တိုးဝင်လိုက်သည်။

"ဦးလွင်ရဲ့စိုက်ပျိုးမွေးမြူရေးခြံနဲ့နီးမှ အနှောင့်အယှက်တွေ့ရမြန်ပြီ၊ ဒီရဟတ်ယာဉ်ဟာ ပြင်ပက ရဟတ်ယာဉ်ပဲ ဖြစ်ရမယ် . . ခေါင်းလေးတောင် မပြူလိုက်နဲ့နော် မဦး"

"အင်းပါ . . မပြူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဦးက ချုံအကွယ်မှနေ၍ အပြင်ဘက်သို့ မသိမသာကြည့်သည်။ ဝေါခနဲမြည်သံနှင့်အတူ ဖြတ်ပျံသွားသည့် ရဟတ်ယာဉ်ကြောင့် အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များ သစ်ကိုင်းခက်လက်တွေ တဖျပ်ဖျပ်လှုပ်ရှားသွားသည်။ လေအဟုန်က ချုံအကွယ်သို့တိုင် တိုးဝင်လာသည်။

ရဟတ်ယာဉ်စက်သံ တဖြည်းဖြည်းဝေးပြီး ပျောက်ကွယ်သွားသည်။ ရဲမောင်က ချုံအကွယ်တွင် ငြိမ်ဝပ်နေသော သံယောဇဉ်ဦး၏ပခုံးကို လှမ်းပုတ်လိုက်၏။

"သွားပါပြီ"

"နိမ့်နိမ့်လေးပျံလာတော့ လန့်သွားတာပဲ"

"ဒီရဟတ်ယာဉ်က ဖူးပွင့်ကိုခေါ်သွားတဲ့လူတွေနဲ့ အဆက်အစပ်ရှိလိမ့်မယ်၊ စိုက်ပျိုးရေးခြံက သိပ်မဝေးတော့ဘူး ကိုယ်တို့ ခပ်သွက်သွက်သွားကြရအောင်"

"ဟိုမှာ တစ်ခုခုဖြစ်တော့မယ် ထင်လို့လား ကိုရဲ"

"အသေအချာပေါ့"

"ဘာအထောက်အထား တွေ့လို့လဲဟင်"

"အထောက်အထားတစ်ခုခုကြောင့် မဟုတ်ဘူး၊ ကိုယ့်





စိတ်ထဲက သိနေတာ၊ အသွေးထဲအသားထဲကကို သိနေတာ၊ ဆဋ္ဌမအာရုံလို့ပြောရမှာပေါ့ . . ဒါမျိုး အရင်ကလည်း ဖြစ်ဖူးတယ် မဦး"

ချုံအကွယ်မှထွက်လိုက်ကြသည်။ သစ်ပင်မရှိ၊ ချုံပုတ်တွေမရှိဘဲ ရှင်းနေသော မြက်ခင်းပြင်ကို ခပ်သွက်သွက်ဖြတ်သည်။ မြက်ခင်းပြင်ကိုကျော်လွန်သည်နှင့် တစ်ဖက်ရှိ တောင်ကုန်းပေါ်သို့ အပြေးအလွှားတက်သည်။

တောင်ကုန်းပြေပြေတွင် ထင်းရှူးပင်တွေ စေ့စေ့သိပ်သိပ်ပေါက်နေသည်။ အပင်ချင်းနီးကပ်သဖြင့် ထင်းရှူးပင်များမှာ အပေါ်သို့လုတက်ရင်း အပင်မြင့်မြင့်ကြီးတွေ ဖြစ်နေ၏။

ရဲမောင်သည် တောင်ကုန်းပေါ်သို့ပြေးတက်ရင်းမှ မကြာခဏဆိုသလိုပင် သံယောဇဉ်ဦးကို စောင့်ခေါ်သည်။

"မဦး မောနေပြီလား"

သံယောဇဉ်ဦးက ရဲမောင်အား ရွှန်းရွှန်းလက်လက်နိုင်သော မျက်လုံးအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်ပြီးနောက် အသာအယာပြုံးသည်။

"မဦးဟာ အရင်တုံးက မဦး မဟုတ်တော့ဘူးလေ



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲရဲ"

သူ အစိုးရိမ်ပိုနေသည့်အဖြစ်ကို သတိပြုမိပြီး ရဲမောင်ရယ်သည်။

"ဆောရီး . . မဦးရဲ့လက်ရှိဘဝကို ကိုယ်မေ့သွားလို့"

"မမေ့နဲ့တော့လေ . . ဒီလိုပဲ မေ့နေရင် တကယ့်အရေးထဲကျတော့ အမှားအယွင်းတွေ ဖြစ်ကုန်မှာပေါ့၊ ကိုရဲက အတွေ့အကြုံရင့်ကျက်တဲ့လူလေ . . အခုလိုကိစ္စအသေးအမွှားလေးတွေမှာ မဦးက ပြန်ပြီး သတိပေးနေရဦးမှာလား"

ရဲမောင်က ရယ်မောပြီး သံယောဇဉ်ဦး၏ပခုံးကိုဖက်လိုက်သည်။ စူးစိုက်ကြည့်နေသော မျက်လုံးအစုံမှ သံယောဇဉ်အငွေ့အသက်တွေ သံယောဇဉ်ဦးထံသို့ တိုးဝင်နေသည်ကို တွေ့ရှိရသည်။

"ကိုရဲ . . ဟိုမှာကြည့်"

ရဲမောင်က သံယောဇဉ်ဦး ညွှန်ပြရာသို့ လှမ်းကြည့်သည်။ တောင်ကုန်းအောက်ဘက် မြေနိမ့်လွင်ပြင်မှ စိုက်ပျိုးရေးခြံကို လှမ်းမြင်ရသည်။

"အဲဒါ ဦးလွင်ရဲ့စိုက်ပျိုးခြံပဲ"





သံယောဇဉ်ဦးကို သူမ၏ခရီးဆောင်အိတ်ထဲမှ မှန်ပြောင်းတစ်လက်ကိုထုတ်ပြီး ရဲမောင်အား လှမ်းပေးသည်။ ရဲမောင်က မှန်ပြောင်းဖြင့် စိုက်ပျိုးရေးခြံဘက်သို့ကြည့်သည်။

"မဦး"

"ဘာလဲ ကိုရဲ . . ဘာမြင်လို့လဲ"

"သူတို့ တော်တော်လှုပ်လှုပ်ရှရှ ဖြစ်နေကြတယ်၊ အဲဒီအထဲမှာ မဦးမှတ်မိတဲ့လူ ရှိသလား၊ သေသေချာချာ ကြည့်နော်"

မဦးက မှန်ပြောင်းဖြင့် ကြည့်သည်။ ကြည့်နေရင်းမှ သူမ၏နှုတ်မှ တအံ့တသြရေရွတ်လိုက်သည်။

"ဟင် . . သူက ဒီကိုရောက်နေတာကိုး"

"ဘယ်သူလဲ မဦး"

"ကိုအောင်ဆက်တဲ့ သူက မဦးတို့ရဲ့လူလေ"

"လမ်းမှာ အမှတ်အသားတွေ လုပ်ခဲ့တာ သူပဲနဲ့တူတယ်"

"မဦးလည်း အဲသလိုပဲထင်တယ်၊ ကိုရဲ ဒီကနေ စောင့်ကြည့်နေ . . မဦး ခြံထဲကိုဝင်မယ်"

"မဦးတစ်ယောက်ထဲသွားလို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် . . အောင်ဆက်က မဦးတို့လူလေ၊ ဒီအသိုင်းအဝိုင်းမျိုးထဲကို မဦး ဝင်ရောက်တတ်ပါတယ်၊ တစ်ယောက်ထဲဆိုတော့ ကြံလို့ဖန်လို့ပိုကောင်းတယ်၊ ရှောင်ရတိမ်းရလည်းလွယ်တယ်၊ တစ်ခုခုဖြစ်ရင်လည်း နောက်မှာ ကိုရဲရှိနေတယ်ဆိုတော့ လှုပ်ရှားရတာ အားရှိတယ်၊ နောက်ကြောင်းလုံတယ်"

ရဲမောင်က သံယောဇဉ်ဦးကို တွေတွေဝေဝေနှင့် ကြည့်သည်။ ပြီးနောက် ခေါင်းညိတ်လိုက်၏။

"အိုကေ . . လှုပ်ရှားတော့၊ ကိုယ် ဒီကနေ အခြေအနေကြည့်နေမယ်"

သံယောဇဉ်ဦးက သူ၏ခရီးဆောင်အိတ်ကို ရဲမောင်အား ပေးသည်။ တောင်ကုန်းပေါ်မှနေ၍ စိုက်ပျိုးရေးခြံသို့ ခြေလွတ်လက်လွတ် ပြေးဆင်းသည်။

ရဲမောင်က ခရီးဆောင်အိတ်ကို ချုံတစ်ချုံကြားသို့ ထည့်ဝှက်သည်။ မှန်ပြောင်းအပိုတပ်ထားသည့် ရိုင်ဖယ်ကို ဘေးတွင်ချပြီး အဝေးကြည့်မှန်ပြောင်းဖြင့် သံယောဇဉ်ဦး ပြေးထွက်သွားရာလမ်းကြောင်းအတိုင်း ကြည့်သည်။ သံယောဇဉ်ဦး ခြံထဲကိုဝင်သွားသည်။





ခြံရှေ့ပိုင်းရှိ တိုက်ပုပုလေးရှေ့သို့အရောက်တွင် အတွင်းမှထွက်လာသော ဖူးပွင့်တို့နှင့် မျက်နှာချင်းဆိုင်မိသွားသည်။ ဖူးပွင့်နှင့်အတူ ရှိနေသော အောင်ဆက်က သံယောဇဉ်ဦးကို တစ်စုံတစ်ရာလှမ်းမေးသည်။

တစ်ခဏမျှ အပြန်အလှန်စကား ဖွေပြောကြပြီးနောက် အောင်ဆက် ရယ်မောလိုက်တာကို တွေ့ရ၏။

အပြန်အလှန်စကားပြောရင်းမှ အောင်ဆက်က ဖူးပွင့်၏လက်မောင်းကိုဆွဲပြီး နောက်ဆုတ်သည်။ သူတို့နောက်ဆုတ်သွားစဉ် အိမ်အတွင်းမှ အစိမ်းရောင်ဝတ်စုံဝတ်ထားသူနှစ်ယောက်ပြေးထွက်လာပြီး သံယောဇဉ်ဦးကို တိုက်ခိုက်သည်။

ရဲမောင်က ဘေးတွင်ချထားသည့် ရိုင်ဖယ်ကိုဖျပ်ခနဲကောက်ကိုင်လိုက်သည်။ ရိုင်ဖယ်တွင်တပ်ဆင်ထားသော မှန်ပြောင်းအကူအညီဖြင့် အစိမ်းရောင်ဝတ်ဆင်ထားသူနှစ်ယောက်နှင့် သံယောဇဉ်ဦးတို့ တိုက်ခိုက်နေပုံကိုကြည့်သည်။

သံယောဇဉ်ဦးက ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်နေသော ယောက်ျားကြီးနှစ်ယောက်ကို လျင်မြန်သွက်လက်စွာ တုံ့ပြန်တိုက်ခိုက်နေသည်။ ရဲမောင်က ရိုင်ဖယ်ကို ပင့်ချိန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဦး နေရာမှ ရိပ်ခနဲခုန်ထွက်ပြီး အစိမ်းရောင်ဝတ်ဆင်ထားသည့် ရန်သူ့နံကြားကို ခတ်ကန်သည်။ ပြင်းထန်သောကန်ချက်ကြောင့် ထိုသူမှောက်ကျသွား၏။ သံယောဇဉ်ဦးက ဒုတိယလူကို လှည့်ပြီးရင်ဆိုင်သည်။

ဝေါခနဲဖြတ်ပျံလာသော ရဟတ်ယာဉ်တစ်စီး၏ စက်သံကိုကြားရသည်။ တစ်ဆက်တည်းပင် စက်သေနတ်သံကိုကြားရပြီး သံယောဇဉ်ဦးနှင့် တိုက်ခိုက်နေသူ နောက်သို့မြောက်ခနဲလွင့်ကျသွားသည်။ သံယောဇဉ်ဦး နေရာမှ ရိပ်ခနဲခုန်ထွက်ပြီး သစ်ပင်များကြားသို့ ပြေးဝင်သည်။

နောက်ဆုတ်ရပ်နေသော အောင်ဆက်နှင့် ဖူးပွင့်တို့ လှုပ်ရှားလာသည်။ သူတို့နှစ်ယောက်က သံယောဇဉ်ဦးနှင့် မရှေးမနှောင်းပင် သစ်ပင်တွေကြားသို့ ပြေးဝင်သည်။

အိမ်ထဲမှ လက်နက်ကိုင်ထားသူသုံးယောက် ပြေးထွက်လာသည်။ ရဟတ်ယာဉ် ခြံပေါ်မှဖြတ်ပျံစဉ် မောင်းပြန်သေနတ်များဖြင့် လှမ်းပစ်သည်။ ရဟတ်ယာဉ်ပေါ်မှ စက်သေနတ်ပြင်းဆွဲသံ ပတ်ဝန်းကျင်တစ်ခုလုံးကို တုန်ခါသွားစေသည်။

. . .





ပေါက်ကွဲသံတွေ အဆက်မပြတ် ပေါ်ထွက်လာသည်။ ခြံအတွင်းရှိ အဆောက်အဦး မီးဟုန်းဟုန်းတောက်လောင်နေသည်ကို တွေ့ရ၏။

ရဲမောင်က ရိုင်ဖယ်ဖြင့် ရဟတ်ယာဉ်ဆီသို့ မြှောက်ချိန်လိုက်သည်။ အပိုမှန်ပြောင်းမှနေ၍ ရဟတ်ယာဉ်ပေါ်တွင်ရှိနေသူသုံးယောက်ကို ထင်ထင်ရှားရှား မြင်နေရသည်။

မှန်ပြောင်းဖြင့်မြင်နေရသူသုံးယောက်ကို စေ့စေ့စပ်စပ်ကြည့်ရင်း မျက်မှောင်ကြုံ့သွားသည်။ သူ့အကြည့်က စက်သေနတ်သမား၏ဘေးတွင် ထိုင်နေသော အသက်ငါးဆယ်အရွယ်လူကြီး၏ ညာဘက်နားတွင် စူးစိုက်ငြိတွယ်သွားသည်။

နားကိုကြည့်နေချိန်က စက္ကန့်ပိုင်းလေးမျှသာ ဖြစ်သော်လည်း မြင်ကွင်းက ရဲမောင်၏အသွေးထဲအသားထဲသို့တိုင် စူးနစ်စွာ စွဲထင်သွားသည်။

ရဟတ်ယာဉ်တစ်ပတ်လှည့်ထွက်သွား၏။ ရဲမောင်က မြှောက်ချိန်ထားသည့် ရိုင်ဖယ်ကို ပြန်ချသည်။ ရဟတ်ယာဉ် ပြန်လှည့်လာနိုးနှင့် စောင့်ကြည့်သည်။

ရဟတ်ယာဉ် ပြန်လှည့်မလာတော့။ ကြားနေရသည့်



www.burmeseclassic.com

www.burmeseclassic.com



စက်သံကြောင့် တစ်နေရာတွင် ဆင်းသက်သည်ဟု ရဲမောင် ခန့်မှန်းသည်။ စိုက်ပျိုးရေးခြံထဲသို့ ရောက်နေသော သံယောဇဉ် အတွက် စိုးရိမ်စိတ်ဝင်လာပြီး သူ နေရာမှထသည်။ မောင်းပြန် ရိုင်ဖယ်ကို အသင့်ကိုင်ပြီး တောင်ကုန်းအောက်သို့ ပြေးဆင်း သည်။

စိုက်ပျိုးရေးခြံထဲသို့ ရဲမောင်ဝင်လိုက်စဉ် လှုပ်လှုပ်ရှား ရှား ဆူဆူညံညံ အသံဗလံများကို ကြားရသည်။ ရဲမောင်က သစ်ပင်တစ်ပင်အကွယ်မှနေ၍ လှုပ်လှုပ်ရှားရှား ဆူဆူညံညံ ဖြစ်နေသည့်နေရာကို လှမ်းကြည့်သည်။

မီးလောင်နေသော အဆောက်အဦးကို မီးငြိမ်းသတ် ရန် ကြိုးစားနေသော သူတို့အားတွေ့ရ၏။ ရဲမောင်က ထိုသူ တို့အား အသေအချာ အကဲခတ်သည်။ မီးငြိမ်းသတ်နေသူတို့ သည် ခြံအလုပ်သမားများသာဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

အနီးပတ်ဝန်းကျင်တွင် လက်နက်ကိုင်တစ်ယောက်မှ မရှိ။ အောင်ဆက်နှင့် သူ့လူများကို မတွေ့ရသလို သံယောဇဉ် ဦးကိုလည်း မတွေ့ရ။

ရဲမောင်က မီးငြိမ်းသတ်နေသူများဘေးမှ ဖြတ်လျှောက်





သည်။ မီးကို အာရုံစိုက်နေသဖြင့် ထိုသူတို့က ရဲမောင်အား သတိမပြုမိ။

အိမ်တန်းလျားနှစ်ခုနောက်ဘက်သို့ အရောက်တွင် သစ်ပင်တွေကြားထဲမှ ဖြတ်လျှောက်လာနေသူ နှစ်ယောက်ကို တွေ့ရသည်။

ရဲမောင်က သေနတ်ကိုပစ်ခတ်ရန် အသင့်ကိုင်ပြီး ထိုသူနှစ်ယောက်အရှေ့ဘက်သို့ ကြိုပြေးသည်။ တစ်ဖက်မှ လာနေသူနှစ်ယောက်က ရဲမောင်ကိုတွေ့သည်နှင့် တုံ့ခနဲရပ် သွား၏။

“ကိုရဲ . . မဦးတို့ပါ”

အောင်ဆက်နှင့်အတူ ယှဉ်ပြီးရပ်နေသော သံယောဇဉ် က အသံပြုသည်။ ရဲမောင်က ခေါင်းညိတ်ပြပြီး အနားသို့တိုး ကပ်သည်။

ရဲမောင်က ခေါင်းညိတ်ပြပြီး အနားသို့တိုးကပ်သည်။ သူ့မျက်လုံးအစုံက သံယောဇဉ်ဦး၏လက်ထဲမှ ပစ္စတိုကိုင် လက်ကိုလည်းကောင်း၊ နောက်ပစ်ထားသော အောင်ဆက် ၏လက်နှစ်ဖက် လက်ထိပ်အခတ်ခံထားရသည့် အဖြစ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း သတိပြုမိလိုက်၏။

"သူက မဦးတို့လူဆို"

"အရင်က ဟုတ်တယ် . . အခု မဟုတ်တော့ဘူး၊ မဦးတို့ကို လမ်းညွှန်ခဲ့တဲ့လူက တစ်ယောက်၊ သစ္စာဖောက်ကတော့ သူပေါ့"

"တောက်"

ရဲမောင်က အောင်ဆက်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ မခံမရပ်နိုင်ဖြစ်နေဟန်နှင့် အောင်ဆက်၏မျက်နှာ တင်းမာခက်ထန်နေ၏။

"ဖူးပွင့်ကို ဖမ်းခေါ်ခဲ့တာ သူလေ . . အောင်သူရဲ့ကိုယ်ရေးမှတ်တမ်းထဲက ဖိုးတာ ဆိုတာပေါ့၊ သူ့ကိုယ်ရေးမှတ်တမ်းထဲမှာ အောင်ဆက်ဆိုတဲ့နာမည်ပဲ ပါတယ်၊ ဖိုးတာကို မှတ်တမ်းတင်ထားတာ မပါဘူး"

"နေပါဦး မဦးက ဘယ်လိုလုပ်ပြီး အောင်ဆက်က ဖိုးတာပဲလို့ သိနေတာလဲ"

"သူ့ကိုယ်ပေါ်ကရတဲ့ အထောက်အထားတွေကြောင့်ပါ၊ သူက သူ့လူတွေရဲ့အကူအညီနဲ့ မဦးကိုရှင်းဖို့ကြိုးစားတယ်





အဲဒါ သူဟာ သစ္စာဖောက်ပဲလို့ ကြေညာလိုက်တာပေါ့၊ မဦးသူ့ကို အမိဖမ်းပြီး စစ်ဆေးကြည့်လိုက်တဲ့အခါ သူ့လျှို့ဝှက်ချက်တွေ ပေါ်လာတာပဲ"

ရဲမောင်က သံယောဇဉ်ဦး၏စကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။ သံယောဇဉ်ဦး၏စကားအဆုံးတွင် တစ်စုံတစ်ရာကို သတိရဟန်နှင့် ဖျပ်ခနဲ မော့်ကြည့်သည်။

"ဖူးပွင့်က သူနဲ့အတူ ထွက်ပြေးသွားတာ မဟုတ်လား အခု ဖူးပွင့်ကော"

"သူ တစ်နေရာမှာ ပုန်းနေတာဖြစ်မှာပေါ့၊ မဦးက အောင်ဆက်ကိုဝင်ပြီး တိုက်ခိုက်တုံးက သူရှိနေတယ်၊ မဦးတို့ အပြန်အလှန်တိုက်ခိုက်နေချိန်မှာပဲ သူထွက်ပြေးသွားတယ်၊ သေးကင်းတဲ့တစ်နေရာမှာ ရှောင်နေတာဖြစ်မယ်ဆိုပြီး မဦးတို့ဘက်မှာ ရှာကြည့်သေးတယ်၊ သူ့အရိပ်အယောင်ကိုတောင် မတွေ့ရဘူး"

"ဒါဆိုရင်တော့ မီးသတ်နေတဲ့ လူတွေကြားထဲကို သူရောက်နေတာဖြစ်ရမယ်၊ ကိုယ်တို့ အဲဒီကိုသွားကြရအောင် ဒီခြံပိုင်ရှင်နဲ့လည်း တွေ့ဖို့လိုတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဦး ခေါင်းညိတ်ပြသည်။

"ခြံရှင်နဲ့တွေ့မှ ဖြစ်မှာပေါ့၊ မဦးတို့ ဒီမှာ နားပြီး လာခေါ်မယ့်လူကို စောင့်ရမယ်။ ဟိုဘက်မှာ မီးလောင်နေတာ တော်တော်များသလား ကိုရဲ"

"အဆောက်အဦးတစ်ခုထဲပါ . . နောက်က အိမ်တန်းလျားတွေ မီးနဲ့လွတ်ပါတယ်"

ရဲမောင်က ရဟတ်ယာဉ်ဖြင့်လာရောက် သောင်းကျန်းသွားခဲ့သူတို့အကြောင်းကို ပြောမည်ပြုသည်။ သို့သော် အနားတွင် အောင်ဆက်ရှိနေသဖြင့် မပြောဖြစ်တော့။

သံယောဇဉ်ဦးက အောက်ဆက်ပခုံးကို တစ်ချက်ပုတ်ပြီး မီးလောင်နေသည့် ဘက်သို့သွားရန် လက်ဟန်ပြသည်။ အောင်ဆက်က ပေကပ်ကပ်အမူအရာနှင့် သံယောဇဉ်ဦး ညွှန်ပြရာဘက်သို့ လျှောက် သည်။

"ဖူးပွင့်ကို မင်း ဘာနဲ့ဖျားယောင်းသွေးဆောင်တာလဲ အောင်ဆက် . . မင်းတို့ ဖူးပွင့်ကို ဘာလုပ်ထားကြသလဲ"

အောင်ဆက်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ မျက်နှာကို တစ်ဖက်သို့လှည့်လိုက်သည်။





"မင်းက ငါ့မေးတာကို မဖြေဘူးလား"

အောင်ဆက်က မဲ့ပြုံးပြုံးသည်။ နှုတ်မှမူ တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မရှိပေ။

"ကောင်းပြီလေ . . မင်းလိုကောင်မျိုး ပါးစပ်ပွင့်လာအောင်လုပ်တဲ့နည်းတွေ ငါ့မှာရှိပါတယ်"

အောင်ဆက် ရယ်လိုက်သည်။

"မင်းက ဘာမို့လို့ မင်းမေးသမျှကို ငါဖြေရမှာလဲ"

"ငါက ဘာကောင်မှ မဟုတ်ပါဘူး၊ ဒါပေမယ့် လောလောဆယ်မှာ မင်းဟာ ငါ့အကျဉ်းသားဖြစ်နေတယ်၊ ငါ မင်းကိုကြိုက်သလိုလုပ်လို့ရတယ် . . သဘောပေါက်ရဲ့လား"

အောင်ဆက်က ရဲမောင်အား ပမာမခန့်နိုင်သော အကြည့်ဖြင့်ကြည့်သည်။ ရဲမောင်က အောင်ဆက်၏ပခုံးကို ချုပ်ခနဲဆုပ်ကိုင်လိုက်၏။

"ငါမေးတာကို မင်းမဖြေဘူးလား"

ပခုံးကိုချုပ်ကိုင်ထားသည့် ရဲမောင်၏လက် ပို၍တင်းကျပ်သွားသည်။ အောင်ဆက်၏ကိုယ် ဆတ်ခနဲတုန်သွား၏။

"မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို ဘာမှမလုပ်သေးဘူ ကိုင်ရုံပဲ ကိုင်ထားတာ ဒီမှာကြည့် နည်းနည်းအားထည့်ပြမယ်"

"အား"

"ဘယ်လိုလဲ အောင်ဆက်"

"မလုပ်ပါနဲ့ ကျွန်တော် သိသမျှ ပြောပြပါ့မယ်"

"ကဲ . . ပြော"

"ဖူးပွင့်ကို ဒုက္ခပေးတာ အောင်သူပါ၊ သူက ဖူးပွင့်ရဲ့ ညစ်ညမ်းဓာတ်ပုံနဂ္ဂတစ်တွေကိုင်ထားပြီး"

"တိတ်စမ်း . . မဟုတ်တာ မပြောနဲ့"

"အား . . အား မလုပ်ပါနဲ့၊ ကျွန်တော်ပြောတာကို ဆုံးအောင်နားထောင်ပါ"

"ပြော . . မဟုတ်တာတွေဆိုရင်တော့ မင်းခြေထော လက်တွေကို ငါတစ်စစီ ချိုးပစ်မယ် . . ငါက မင်းထက် အဆ တစ်ရာလောက် ကြမ်းတမ်းတဲ့ လူတစ်ယောက်ကို ရင်ခွဲပြီးသတ် ရမှာ ဝန်မလေးတဲ့လူတွေနဲ့ တိုက်ခိုက်ခဲ့တဲ့ကောင်ကွ"

"ကျွန်တော် မဟုတ်တာ မပြောပါဘူး၊ အမှန်တွေပဲ ပြောပါမယ် . . အောင်သူက ဓာတ်ပုံတွေပြပြီး ဖူးပွင့်ကို ထောင်





ခြောက်ဆင်တယ်၊ သူ့အလုပ်မှာ ဖူးပွင့်ကိုအသုံးချတယ်၊ သူက နည်းပညာဆိုင်ရာ ဓာတ်ပြားကိုခိုးတော့ ဖူးပွင့် ကူညီခဲ့ရတယ်၊ ကျွန်တော်လည်း ဖူးပွင့်ကြောင့် ဒီလူယုတ်မာကို ကူညီခဲ့ရဖူးပါ တယ်၊ ဖူးပွင့်ကိုကယ်တင်ချင်တာနဲ့ လုပ်ဖော်ကိုင်ဖက်တွေအ ပေါ် သစ္စာဖောက်ခဲ့ရတယ်"

အောင်ဆက်က သူနှင့်ဖူးပွင့် ပတ်သက်ခဲ့ပုံ၊ သူက ဖူး ပွင့်အား ဆက်ပြီး အသုံးချခဲ့ပုံတို့ကို စီကာစဉ်ကာ ပြောပြ လေသည်။

★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မျက်နှာပေါ်တွင် အမာရွတ်ကြီးရှိနေသူအား စေ့စေ့စပ်စပ်ကြည့်ရင်း ဖူးပွင့်ပြုံးသည်။ အမာရွတ်နှင့်လူက ဖူးပွင့်ကို မျက်နှာထားတင်းတင်းနှင့် တုံ့ပြန်ကြည့်သည်။

"ဖူးကို အဲသလိုကြီးမကြည့်ပါနဲ့ ဦးလေးရဲ့ . . အခုကိစ္စမှာ ဖူးလုပ်ချင်လို့လုပ်တာ တစ်ခုမှ မရှိပါဘူး၊ ဦးလေးခိုင်းသမျှ လုပ်ရတာပါ . . ဒီလိုလုပ်ရင်းနဲ့ အောင်ဆက်ရဲ့ထောင်ချောက်ထဲ အမိခံရတာတော့ ဖူးလည်း မတတ်နိုင်ဘူးလေ"

"အောင်ဆက်ဆိုတဲ့ကောင်ရဲ့ လက်ထဲကနေ မင်းရုန်း





မထွက်နိုင်တာကိုပဲ ငါ မကျေနပ်တာ၊ မင်းမှာ ဒါလောက်လေးတောင် အစွမ်းအစ မရှိဘူးလား၊ ဒါလောက်လေးတောင် ဝရိယာယ်မလုပ်တတ်ဘူးလား၊ မင်းလုပ်ချင်ရင် အောင်ဆက်ဆိုတဲ့ကောင်ကို ဟောဒီလိုဆွဲမွှေ့ပစ်လို့ ရပါတယ်"

ဖူးပွင့် သက်ပြင်းချသည်။ ခေါင်းကိုခပ်လေးလေးကြီး ခါလိုက်သည်။

"ဦးက ဖါးစပ်နဲ့ပြောတာဆိုတော့ လွယ်တာပေါ့၊ လက်တွေ့မှာတော့ မလွယ်ဘူး ဦး . . အောင်ဆက်က သိပ်ဖါးတယ်၊ စကားလေးတစ်လုံးမှားတာနဲ့ ဖူးဟာ ဦးနဲ့ပတ်သက်နေတယ်၊ ဖူးကိုယ်တိုင်လည်း ဒီဓာတ်ပြားနောက်ကို လိုက်နေတယ်၊ အောင်သူက ဓာတ်ပုံတွေဖန်တီးပြီး အကျပ်ကိုင်တာ မဟုတ်ဘဲ ဖူးက အောင်သူ့ကိုချဉ်းကပ်ချင်လို့ သူ့လက်ထဲရောက်ဓာတ်ပုံတွေ ရောက်အောင် အကွက်ဆင်၊ အောင်သူ စိတ်လှုပ်ရှားသွားအောင် ဆွဲဆောင်မယ့် ဓာတ်ပုံတွေပြနဲ့ . . လုပ်ကိုင်ခဲ့တာတွေအားလုံး ရိပ်မိသွားလိမ့်မယ်။ သူ့လိုလူက နည်းနည်းလေး သံသယဝင်တာနဲ့ အမှန်တရားပေါ်လာအောင် စုံစမ်းနိုင်တဲ့လူမျိုး ဦးရဲ့"

"ကဲ . . ထားပါတော့ အခုဆို ဒီကောင်လည်း နလံ



www.burmeseclassic.com

www.burmeseclassic.com



မထူနိုင်တော့ပါဘူး၊ သူက ခါတ်ပြားနဲ့ပတ်သက်ပြီး ဘာသဲလွန်စမှ မရှာဘူးဆိုတာ တကယ်ပဲလား"

"တကယ်ပေါ့ ဦးရဲ့ . . ဖူး အောင်ဆက်အနားမှာနေတာ အဲဒါကိုသိချင်တာလဲ တစ်ကြောင်းပါတယ်၊ နေဦး . . ဦးကဖူးကို မကျေနပ်တဲ့စကားတွေ ပြောလာတော့လည်း ဖူးကလည်း မကျေနပ်တာကို ပြောရဦးမယ်"

"အောင်မယ် . . မင်းက ငါ့ကို မကျေနပ်ဘူး ဟုတ်လား ပြောပါဦး ဘာကို မကျေနပ်တာလဲ"

"ကိုရဲကို ဒီကိစ္စထဲ ဆွဲထည့်လာတာလေ"

"စင်ရန်နိုင်နဲ့အတူ သံယောဇဉ်ဦးပါ ပါလာတယ်ဆိုတဲ့သတင်း . . မင်းပဲယူလာတာ မဟုတ်လား၊ ငါ့အစီအစဉ်ကရဲမောင်ကို တည်ကြက်လုပ်ပြီး လွှမ်းလွှဲပေးမလို့၊ မြဟန်ဆိုတဲ့ကောင်က ငါ့အစီအစဉ်ပျက်အောင် စလုပ်တယ်၊ ပထမဆုံး ဦးကောလိကို သတ်ပစ်တယ်၊ ပြီးတော့ မင်းကို အနိုင်ကျင့်ဖို့ကြိုးစားတယ်၊ တကယ်တော့သူ့အလုပ်က မင်းကို အယောင်ပြပြီး လုပ်ရှားရမယ်၊ ပြီးတော့ စင်ရန်နိုင်တို့ တစ်ခြားကိုရောက်အောင် ဆွဲခေါ်သွား..ရမယ်၊ အခုတော့ ငါစီစဉ်သလို ဖြစ်မလာဘူး"

"ကဲ . . အခု အဲဒါတွေ အကုန်ဖြစ်သွားခဲ့ပြီးပြီ၊ ဖူးတို့ ဘာဆက်လုပ်မလဲ"

"ငါတို့ လှုပ်ရှားမှုတွေ ခဏရပ်ထားရမှာပေါ့၊ မင်း ဒီမှာ တစ်ပတ်ဆယ်ရက်ခိုနေ . . ပြီးရင် မင်းကို ရန်ကုန်ပို့ပေးမယ် ငါကတော့ ဒီနဲ့ မြို့သစ်ကို ကူးသန်းနေမယ်။ မြို့သစ်က ဦးဖိုးထောင်ဟာ ဒီသတ္တုတွင်းပိုင်ရှင်ဆိုတာ ဘယ်သူမှမသိပါဘူး၊ ဒီမျက်နှာနဲ့ ငါ မြို့သစ်ကိုသွားရင်လည်း ဟိုကလူတွေ ငါ့ကို ဦးဖိုးထောင်ဆိုတာ မသိနိုင်ပါဘူး၊ ဒီတော့ ငါက လှုပ်ရှားသွားလာရလွယ်တယ်၊ မလွယ်တာက မင်း . . လူတိုင်းသိနေတဲ့မင်းက ဒီမှာပုန်းခိုနေမှ ဖြစ်မှာ"

ဖူးပွင့်၏မျက်နှာတွင် အပြောင်းအလဲတွေ ပေါ်သွားသည်။ သူက ခေါင်းကိုညင်သာစွာ ညိတ်လိုက်ပြီး . . .

"ဦးက ဖူးရဲ့ကျေးဇူးရှင်လေ . . ဦးခိုင်းသလို ဖူးလုပ်ပါ့မယ်၊ ကိစ္စပြီးသွားရင် ဖူးအတွက် ရပ်တည်မှုတစ်ခုရအောင် လုပ်ပေးရမယ်နော်၊ ကိုရဲ ဖူးကို မစဉ်းစားမိခဲ့တာ မှားလေပြင်းလို့ နောင်တရတဲ့အဖြစ်မျိုးကိုရောက်မှ ဖူး ကျေနပ်မယ်"







www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . ငါဘယ်လောက် ညာဏ်များတယ်ဆိုတာ မင်း သိတယ် မဟုတ်လား၊ ရဲမောင် နောင်တရရုံမကဘူး မင်း ခြေရင်းမှာ ဝပ်စင်းလာစေရမယ်"

ဖူးပွင့်၏မျက်လုံးအစုံ အရောင်တဖျပ်ဖျပ်လက်သွားသည်။

"ဦး တကယ်ပြောတာနော်"

"ဟ . . တကယ်ပြောတာပေါ့၊ တစ်ခုတော့ရှိတယ်နော် . . ကိစ္စပြီးသွားရင် ဖိုးထောင်ဆိုတာ ရှိတော့မှာ မဟုတ်ဘူး၊ ငါက ပုံပြောင်းပြီး တစ်ခြားကိုထွက်သွားမှာ၊ အဲဒီအကြောင်း ဘယ်သူမှ မသိအောင် မင်းထိန်းသိမ်းပေးရမယ်"

"ဟင် . . ဦးက ထွက်သွားမယ် ဟုတ်လား"

"အေး"

"ဒီသတ္တုတွင်းကို ဘယ်လိုလုပ်မလဲ"

"ထားပစ်ခဲ့မှာပေါ့ . . ဒီအလုပ် လုပ်မိလို့ ငါ့ဘဝပျက်ရတာ၊ အကျိုးမရှိတဲ့အလုပ်ကို ဘာဖြစ်လို့ ဆက်လုပ်မှာလဲ၊ ဒီမှာ ဖူး . . အောင်သူရလာတဲ့ နည်းပညာစာတ်ပြား ငါ့လက်ထဲရောက်ဖို့ နီးစပ်နေပြီ၊ ရပြီဆိုတာနဲ့ လက်လွှဲလိုက်ရုံပဲ၊ အဲဒီ





အခါကျရင် ဘဏ်စာရင်းမှာ ငါ့နာမည်နဲ့အပ်ထားတဲ့ငွေတွေ နိုင်ငံကြီးသုံးလေးခုမှာ ရှိနေလိမ့်မယ်။ ဒီငွေတွေနဲ့ ငါဘာဝယ်မလဲ . . ဝယ်ချင်တာ ဝယ်လို့ရတယ်၊ ကဲ . . ဘာလိုသေးသလဲ"

ဖူးပွင့်က ပင့်သက်တစ်ချက်ရှိုက်သည်။ မျက်နှာကို ရုပ်ဖျက်ပြုပြင်ထားသော ဦးဖိုးထောင်အား တစ်ချက်လှမ်းကြည့်၏။

"ဦးကိုယ်စား ဖူးစိတ်မောလိုက်တာ . . ဦးက တစ်ယောက်ထဲသမားပဲ . . ဘာဖြစ်လို့ ငွေတွေ ဒါလောက်အများကြီး လိုချင်နေတာလဲ"

ဦးဖိုးထောင် ရယ်လိုက်သည်။

"တစ်ယောက်ထဲသမားကနေ နှစ်ယောက်သုံးယောက် လေးယောက် စသဖြင့် အခွေအရံတွေ အများကြီးဖြစ်လာမှာပေါ့ . . မင်းက လိုချင်တာတစ်ခုပဲသိတဲ့ တဖောက်ကန်းမလေးပါ . . ငါ့အစီအစဉ်တွေကို စဉ်းစားမိမှာတောင် မဟုတ်ဘူး"

"ခေါင်းရှုပ်လို့ မစဉ်းစားချင်ပါဘူးနော် . . ဦးထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိသေးသလား"

"မရှိတော့ပါဘူး . . ဘာဖြစ်လို့ မေးတာလဲ"

"ဖူး သွားနားချင်လို့"

"သွား . . သွား အေးအေးဆေးဆေးတာ နားဟော့ သူ့ကို သူ့အတွက် ပြင်ဆင်ထားတဲ့ အခန်းရောက်အောင် လိုက်ပို့လိုက်"

ဦးဖိုးထောင်က ဖူးပွင့်အားပြောရင်းမှ မနီးမဝေးတွင် ရပ်နေသူတစ်ယောက်ကို လှမ်းခိုင်းလိုက်သည်။ ဖူးပွင့် နေရာမှ ထွက်ခွာစဉ် ထိုသူ ဖူးပွင့်နောက်သို့ လိုက်သွားသည်။

ဖူးပွင့် ထွက်သွားသည်နှင့် ဦးဖိုးထောင်က လက်ခုပ်တစ်ချက်တီးလိုက်သည်။ အခန်းအပြင်ဘက်မှ ဘဟိန်း အခန်းထဲသို့ဝင်လာသည်။

"တံခါးပိတ်လိုက်ဟေ့"

ဘဟိန်းက အခန်းတံခါးကိုပိတ်ပြီး ဦးဖိုးထောင်ရှိရာသို့ လျှောက်လာသည်။

"ငါ ကောင်မလေးကို မက်လုံးတွေပေးပြီး ချွေးသိပ်ထားတယ်၊ သူ့ကို အခန်းထဲက အပြင်မထွက်စေနဲ့"





"ဆရာကြီးက သူ့ကို ရှင်းပစ်မလို့ဆို၊ အခုအချိန်က ရှင်းလို့အကောင်းဆုံး မဟုတ်လား"

ဦးဖိုးထောင် ရယ်သည်။

"ငါ စိတ်ပြောင်းသွားပြီကွ"

"ဗျာ . . စိတ်ပြောင်းသွားပြီ ဟုတ်လား"

"အေး . . သူ့ကို မရှင်းတော့ဘူး၊ ဒီကောင်မလေးက သူ့ကိုယ်သူ သိပ်ပါးနပ်တယ် ထင်နေပေမယ့် တကယ်တော့ သိပ်တုံးတဲ့ ကောင်မလေး၊ ငါ လှည့်ကွက်တွေ အဆင့်ဆင့်လုပ်လိုက်လို့ သူမျက်စိလည်နေပြီ၊ ငါ့ကို သူ့ရဲ့ကယ်တင်ရှင်လို့ စိတ်ထဲမှာ စွဲမှတ်နေပြီ၊ အရင်တုံးက ခါတ်ပြားရဖို့အတွက် သူ ကူညီနိုင်လိမ့်မယ်ဆိုပြီး ငါ သူ့ကိုလွှတ်ထားတာ၊ ခုတစ်ခါ အောင်မြင်မှုတွေရလာမဲ့ ငါ့အတွက် အဖော်လုပ်ဖို့ သူ့ကိုချမ်းသာခွင့်ပေးရမလဲ . . မင်း သဘောပေါက်တယ် မဟုတ်လား"

ဘဟိန်း ခေါင်းညိတ်သည်။ သူ့မျက်လုံးထဲတွင် ကြောက်ရွံ့လေးစားဟန်များ ထင်ထင်ရှားရှားပေါ်နေ၏။

"ဒီကောင်မလေးဟာ ယောက်ျားတစ်ယောက်က သူ့ကို မချစ်ဘူးဆိုပြီး စိတ်ဆင်းရဲတာနဲ့ ထင်ရာလျှောက်လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တုံး ငါ့တွေပြီး ထိန်းသိမ်းထားခဲ့တယ်။ ငါ့အလုပ်တွေမှာ ခရီးသွားဟာန်လွှဲခိုင်းခဲ့တယ်၊ ဒီအတွက် သူ့ဟာ ငါ့ကို အလုပ်အကျွေးပြုသင့်တာပေါ့ မဟုတ်လား"

စကားပြောရင်း ဦးဖိုးထောင် ရယ်သည်။ ဘဟိန်းသည် ဦးဖိုးထောင်နှင့်အတူ လိုက်မရယ်ဘဲ ခေါင်းသာတွင်တွင် ညိတ်နေလေသည်။

. . .

စင်ရန်နိုင်က လှိုင်ခမြို့လယ်ခေါင်ရှိ သုံးထပ်တိုက်တစ်တိုက်ရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။ ကားပေါ်မှဆင်းသည်နှင့် သူ တတိယထပ်သို့ လှမ်းကြည့်သည်။ တိုက်ခန်းရှေ့ဝရံတာတွင် အနီရောင်အကျီတစ်ထည် လှမ်းထားသည်ကိုတွေ့ရ၏။

စင်ရန်နိုင်၏မျက်လုံးအစုံ အရောင်တဖျပ်ဖျပ် လက်သွားသည်။ သူက တိုက်လှေကားဆီသို့ လျှောက်ခဲ့ပြီး အပေါ်ထပ်ကို ခပ်သွက်သွက်တက်သည်။ တတိယထပ်သို့အရောက်တွင် ညာဘက်တိုက်ခန်းတံခါးကို ညင်သာစွာခေါက်သည်။

တံခါးခေါက်လိုက်သည်နှင့် မရှေးမနှောင်း အတွင်း





ဘက်မှ ချက်ဖြုတ်သံကိုကြားရသည်။ တံခါးပွင့်အသွားတွင် အခန်းထဲ၌ရပ်နေသော ရဲမောင်ကို တွေ့ရ၏။

"တံခါးခေါက်သံကြားတာနဲ့ တံခါးလာဖွင့်ပေးတာ အန္တရာယ်ကိုဖိတ်ခေါ်တာနဲ့ မတူဘူးလား . . တံခါးက ခေါက်နေတာ ဘယ်သူလဲဆိုတာတောင် မကြည့်တော့ဘူးလား ကိုရဲ"

ရဲမောင် ရယ်လိုက်သည်။ စင်ရန်နိုင် အခန်းထဲသို့ဝင်လိုက်သည်နှင့် သူက တံခါးပြန်ပိတ်သည်။

"တံခါးဘေးမှာ ဘဲလ်ရှိနေရဲ့သားနဲ့ တံခါးခေါက်တယ်ဆိုတော့ ဒါဟာ စင်ပဲဆိုတာ သိလိုက်တယ်လေ၊ တံခါးခေါက်တာလည်း သုံးချက်ဆက်တိုက် နှစ်ခါခေါက်တယ်ဆိုတော့ အားစရာမှ မရှိတာ"

ရဲမောင်၏စကားအဆုံးတွင် စင်ရန်နိုင်ပါ လိုက်ရယ်သည်။

"ကိုရဲက တော်တော်စေ့စပ်သေချာတာပဲ ဒီကိုပြန်ရောက်ရောက်ချင်း ကိုယ့်ကို ဆက်သွယ်တာ၊ ဝရံတာမှာ အနီရောင်အကျီလှန်းထားပြီး အဆင်သင့်ရှိကြောင်း အချက်ပြထားတာတွေကိုကြည့်ပြီး ကိုရဲကို တော်တော်သဘောကျသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"စဝ်က အခုလို ချီးကျူးတာကြားရတော့ ဝမ်းသာစရာပေါ့၊ ဝမ်းမသာစရာအကြောင်းတစ်ခုတော့ ဒီမှာ ရှိနေတယ် စဝ်ရေ"

"ဘာလဲဟင် . . ပြောပါဦး"

"မဦးပါ . . လမ်းမှာကတည်းက ဖျားလာတာ၊ အောင်ဆက်ကို အချုပ်ထဲထည့်ပြီး မဦးကို ဆေးခန်းဆက်ပြရတယ်"

"ဒါကြောင့် ဖုံးထဲမှာ သူ့အသံ မကြားရတာကိုး အဖျားက ခုထိ မကျသေးဘူးလား"

"ကိုယ်ပူကျနေပါပြီ . . စောစောလေးကမှ သူအိပ်ပျော်သွားတယ်"

"အိပ်ပါစေ . . ကိုယ်တို့နှစ်ယောက် အစီအစဉ်လုပ်ကြတိုင်ပင်ကြတာပေါ့၊ ကိုရဲ ဖုံးထဲကပြောပြတာတွေကိုတော့ သိပြီးပါပြီ၊ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိသေးတယ်ဆိုတာက ဘာလဲ"

စဝ်ရန်နိုင် ဧည့်ခန်းထဲက ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ရင်းမှ မေးသည်။ ရဲမောင်ပြောမည့် စကားကိုစောင့်ရင်း စီးကရက်တစ်လိပ် မီးညှိလိုက်၏။





"စိုက်ပျိုးရေးခြံကို လာပစ်တဲ့ ရဟတ်ယာဉ်ပေါ်က လူတစ်ယောက်ကို ကျွန်တော် သိတယ် စဝ်"

စဝ်ရန်နိုင် မျက်လုံးအစုံ အရောင်တဖျပ်ဖျပ်လက်သွားသည်။ သူ့မျက်လုံးအစုံတွင် စိတ်ဝင်စားဟန်များ သိသိသာသာ ပေါ်နေ၏။

"အဲဒီလူက ဘယ်သူလဲ ကိုရဲ"

"ဦးဖိုးထောင်ပါ . . ကျွန်တော် ရဟတ်ယာဉ်ကို သေနတ်နဲ့ချိန်ရင်း အပိုမှန်ပြောင်းကနေကြည့်တာ၊ မျက်နှာပေါ်မှာ အမာရွတ်ကြီးပေါ်နေအောင် ရုပ်ဖျက်ထားတဲ့ လူတစ်ယောက်ကိုတွေ့တယ်။ သူက ရုပ်ဖျက်ထားပေမယ့် နားရွက်မှာရှိတဲ့ နားသီးလေးကိုတော့ ဖုံးကွယ်လို့ မရဘူး"

"နားသီးတစ်ခုထဲနဲ့ အဲဒီလူဟာ ဦးဖိုးထောင်လို့ ပြောလို့မရဘူးလေ"

"ကျွန်တော်တွေ့တဲ့လူက ဦးဖိုးထောင်ပါ၊ သူ့ညာဖက်နားမှာ နားသီးရှိတယ်၊ ပြီးတော့ နားရွက်အဖျားကလိမ်ပြီး ညိုမဲနေတယ်။ တစ်ခြားလူတစ်ယောက်က ဦးဖိုးထောင်နဲ့ ဒီလောက်တိုက်တိုက်ဆိုင်ဆိုင် လာတူနေမလား၊ စဝ် စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ"

"ဒါဆိုရင်တော့ ကိုရဲတွေ့တာ သူပဲဒိုတာ သေချာလောက်ပါပြီ"

"ဒီပြဿနာကြီးတစ်ခုလုံးဟာ သူဖန်တီးတဲ့ ပြဿနာဆိုတာ ကျွန်တော် ပြောရဲပါတယ်၊ ဦးဖိုးထောင်ဟာ ဖေဖေ့မိတ်ဆွေတစ်ယောက်ပါ၊ သူ့အကြောင်း ကျွန်တော်ကောင်းကောင်းသိပါတယ်၊ သူက အကျိုးရှိမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ နောက်မတွန့်တဲ့လူမျိုး၊ သူက အောင်ဆက်တို့ကို ဝင်ရှင်းပြီး ဖူးပွင့်ကို ခေါ်သွားတယ်လို့ ကျွန်တော်ထင်တယ်"

"ဒီလိုဆိုရင် သူ့လှုပ်ရှားမှုကို စောင့်ကြည့်ခိုင်းရတော့မှာပေါ့ . . သူတောပစ်ထွက်တယ်ဆိုတာ အဲဒီကိစ္စမျိုးတွေ သွားလုပ်တာပဲဖြစ်ရမယ်"

"ဟုတ်တယ် စစ် . . အကြောင်းသိလာမှ သူ့လှုပ်ရှားမှုတွေကို တစ်ခုပြီးတစ်ခု ပုံဖော်မိလာတယ်"

စစ်ရန်နိုင် ထိုင်နေရာမှ ထလိုက်သည်။

"ကိုရဲ . . မဦးကို စောင့်ရင်း ဒီမှာနေခဲ့၊ ကိုယ် အပြင်ထွက်ပြီး အစီအစဉ်လုပ်မယ်"





"ကောင်းပြီ စစ် . . ကျွန်တော်နေခဲ့ပါ့မယ်"

"အရေးကြီးဆုံးက အခိုးခံရတဲ့ နည်းပညာဆိုင်ရာ ကွန်ပျူတာဒစ်ခ်ပဲ၊ အဲဒါကို ရနိုင်ဖို့အတွက် ဦးဖိုးထောင်ကို မတို့မထိဘဲ ထားရမယ်၊ အဲဒီအတွက် အစီအစဉ်လုပ်ပြီးတာနဲ့ ကိုယ်ပြန်လာခဲ့မယ် ဟုတ်လား"

"ဟုတ်ကဲ့ . . စစ်"

စစ်ရန်နိုင်က ရဲမောင်၏ပခုံးကို တစ်ချက်ပုတ်ပြီး အခန်းအပြင်သို့ထွက်သည်။ ရဲမောင်က စစ်ရန်နိုင်ဖွင့်သွားသည့် တံခါးကိုပြန်ပိတ်သည်။

ထိုအချိန်မှာပင် အခန်းထဲမှ ညည်းသံသဲ့သဲ့ကို ကြားရသည်။ ရဲမောင်က သံယောဇဉ်ဦးရှိနေသော အိပ်ခန်းအတွင်းသို့ဝင်သည်။

ခုတင်ပေါ်တွင် စောင်ခြုံပြီးအိပ်ပျော်နေသော သံယောဇဉ်ဦးနှုတ်မှ ညည်းသံသဲ့သဲ့ကို ကြားရသည်။ ရဲမောင် ခုတင်ဘေးသို့ရောက်သွားစဉ် မပီမသပြောဆိုလိုက်သော စကားသံကိုကြားရ၏။

"မဦး . . ခဦး"



www.burmeseclassic.com

www.burmeseclassic.com



ရဲမောင်က ခပ်တိုးတိုးခေါ်သည်။ သံယောဇဉ်ဦးထံမှ တုံ့ပြန်သံကို မကြားရ။ မပီမသရေရွတ်နေသော စကားသံပင် ပျောက်သွားသည်။

ပြန်အိပ်ပျော်သွားသော သံယောဇဉ်ဦးကိုကြည့်ရင်း ကုလားထိုင်တစ်လုံးဆွဲကာ ခုတင်ဘေးတွင် ထိုင်လိုက်သည်။ လက်ဖဝါးဖြင့် သူမ၏နဖူးပြင်ကို အသာအယာထိစမ်း၏။ သာမန်ထက်များစွာ ပို၍ပူသော အပူရှိန်ကို သူမထံမှရသည်။

"ဟင် . . ဘာလဲ . . ဘာလဲ"

အထိတ်တလန့်မေးသံနှင့်အတူ သူမ၏မျက်လုံးအစုံ ဖျပ်ခနဲပွင့်လာသည်။ ရဲမောင်က သူမ၏ပခုံးကို အသာအယာ ကိုင်လိုက်၏။

"လန့်သွားသလား မဦး . . ကိုယ် အနားမှာရှိနေတယ်လေ . . အိပ်လိုက် . . အိပ်လိုက်"

"ကို . . ကိုရဲ"

"မဦး ဘာလိုချင်လို့လဲ"

"အိပ်မက်ဆိုးတွေ မက်နေတယ် ကိုရဲ ဘယ်မှာမသွားပါနဲ့နော်"





"မသွားပါဘူး ကိုယ် ဒီမှာပဲ ထိုင်နေမယ်၊ မဦး အိပ်လိုက်နော်"

သံယောဇဉ်ဦး၏မျက်လုံးအစုံမှ မျက်ရည်ပူများစီးကျနေသည်ကိုတွေ့ရ၏။ ရဲမောင်က သူမ၏မျက်လုံးထောင့်မှ မျက်ရည်များကို သုတ်ပေးလိုက်သည်။

အပူရှိန်တွေ တငွေ့ငွေ့ထွက်နေသည့် လက်တစ်ဖက်က ရဲမောင်၏လက်ကို လာရောက်ဆုပ်ကိုင်သည်။

ပူလောင်သော်လည်း နူးညံ့အိစက်သော လက်ဖဝါးကို ညင်သာစွာဆုပ်ကိုင်ရင်း ရဲမောင်က သူမကို ငုံ့ကြည့်သည်။ မျက်လုံးလေးအဝိုင်းသားနှင့် ကြည့်နေသော သူမ၏အသွင်မှာ ကရုဏာသက်ဖွယ်ကောင်းနေသည်ဟု စိတ်ကထင်မိ၏။

"မဦး . . အိပ်လိုက်လေ"

"မအိပ်ချင်ဘူး . . မဦးကို စကားပြောပါလား ကိုရဲ ငယ်ငယ်တုံးက အကြောင်းတွေကို ပြောပါနော်"

အဖျားအရှိန်ကြောင့် နွမ်းနယ်နေသော မျက်နှာကို ကြင်နာစွာကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

ဆွတ်ပျံ့လွင့်မောဖွယ်ကောင်းသော ငယ်စဉ်ကအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



များကို ပြန်စဉ်းစားရင်း သံယောဇဉ်ဦးကို ပြောပြသည်။

နှမ်းနယ်နေသော မျက်နှာတွင် အပြုံးရိပ်လေးများ ထင်လာသည်ကို တွေ့ရ၏။ သူမကြားအောင် ပြောပြနေရင်းမှ ရဲမောင်၏စိတ်အာရုံ ငယ်စဉ်ဘဝဆီသို့ ပြန်ရောက်သွားသည်။ လွမ်းဆွေ့ဆွေ့ခံစားချက်များ ရင်ထဲသို့ တိုးဝင်လာ၏။

ကိုယ့်ကိုကိုယ် သတိထားမိပြီး ပြောပြနေသည့်စကားကိုရပ်ကာ သံယောဇဉ်ဦးအား ကြည့်သည်။ မျက်ခွံတွေက ဖော့ပိတ်လျက် အိပ်ပျော်နေသည်ကို တွေ့ရ၏။

ရဲမောင်မှာ အပြစ်ကင်းသန့်စင်သော မျက်နှာလှလှလေးကို ငေးကြည့်ရင်း ငြိမ်သက်စွာ ထိုင်နေလေသည်။

★



အခန်း(၁၅)

ဦးဖိုးထောင်က သူ့ရှေ့တွင် ထိုင်နေသူနှစ်ယောက်ကို စူးရှအရောင်လက်နေသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်သည်။

ဦးဖိုးထောင်၏အကြည့်ကြောင့် ထိုလူနှစ်ယောက် အနေရခက်သွားဟန်ရှိ၏။

"ဖေဝင်း"

"ဟုတ်ကဲ့ ဆရာကြီး"

ဦးဖိုးထောင်၏ခေါ်သံကြောင့် ထိုင်နေသူနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနက် လှုပ်ထွားပြီး တုတ်ခိုင်သန်မာသော ဖေဝင်းက ရိုကျိုးဟန်ဖြင့် ထူးသံပြုရင်း ခါးကိုမတ်လိုက်သည်။

"မင်းနဲ့ အောင်မင်းကို ငါသိပ်အားကိုးတယ်ဆိုတာ မင်းသိတယ်နော်၊ အားကိုးလို့လည်း သတ္တုတွင်းလမ်းခွဲမှာ ကျော်စွာဆိုတဲ့ကောင်ကို လက်လွန်ခြေလွန်လုပ်လိုက်တာ ငါခွင့်လွှတ်ပြီး အရေးအကြီးဆုံးကိစ္စတစ်ခုကို ခိုင်းခဲ့တယ်၊ ဒါပေမယ့် မင်းတို့ ဒီကိစ္စကိုလည်း အဆင်ပြေအောင် လုပ်မလာနိုင်ဘူး"

"ဒါက ဒီလိုရှိပါတယ် ဆရာကြီး"

"ပြောစမ်းကွာ . . ငါက ဆင်ခြေတက်တတ်တာကို လက်မခံတဲ့ကောင်၊ ဒါပေမယ့် မင်းတို့ဟာ ငါ့တပည့်ရင်းတွေဖြစ်တဲ့အတွက် မင်းပြောတာကို နားထောင်လိုက်မယ် ကဲပြော"

ဖေဝင်း ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ကျွန်တော်တို့ အောင်သူ လှုပ်ရှားသွားလာခဲ့တဲ့ နေရာကို လိုက်ကြည့်တယ်၊ သူ့အဆက်အသွယ်တွေနဲ့ တွေ့ကြည့်တယ်၊ သူ့လက်ထဲမှာ လျှို့ဝှက်ပစ္စည်းတစ်ခု ရှိနေတယ်ဆိုတာ သိရပေမယ့် အဲဒီပစ္စည်းကို ဘယ်နေရာမှာ ထားမယ်ဆိုတာ





ခန့်မှန်းလို့မရဘူး၊ ကျွန်တော်တို့ အောင်သူနဲ့ပတ်သက်တဲ့နေရာမှန်သမျှမှာ ရှာကြည့်ပြီးပါပြီ၊ လျှို့ဝှက်ပစ္စည်းက ဘာမှန်းမသိတော့ ကျွန်တော်တို့ ရမ်းသမ်းပြီးရှာရတာ အဆင်မပြေပါဘူး"

ဦးဖိုးထောင် တွေခနဲဖြစ်သွားသည်။ သူက ဖေဝင်းနှင့် အောင်မင်းတို့အား မျက်မှောင်ကြုံ့ပြီး ကြည့်သည်။

"ငါ မင်းတို့ကို အဲဒီလျှို့ဝှက်ပစ္စည်းက ဘာဆိုတာ မပြောလိုက်ဘူးလား"

ဖေဝင်းနှင့် အောင်မင်းတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ခေါင်းဆတ်ခါလိုက်ကြသည်။

"ဆရာကြီးက လျှို့ဝှက်ပစ္စည်းတစ်ခု သိပ်အဖိုးတန်တယ်ဆိုတာပဲ ပြောလိုက်တယ်၊ အဲဒီပစ္စည်းက ဘာဆိုတာ မပြောလိုက်ပါဘူး"

ဦးဖိုးထောင်က စုတ်တစ်ချက်သတ်ပြီး ခေါင်းဆတ်ခါသည်။

"ဆောရီးကွာ . . ငါက မင်းတို့ကို ဒီအကြောင်းပြောပြီးပြီလို့ဘဲ ထင်နေတယ်၊ မင်းတို့ကလည်း ဒါလောက်ပဲ တုံး



www.burmeseclassic.com

www.burmeseclassic.com



ရသလား ဘာမှန်းမသိတဲ့ပစ္စည်းကို လိုက်ရှာရတယ်လို့၊ မင်းတို့ရှာရမှာက ကွန်ပျူတာဒစ်ခ် တစ်ခုကွ၊ အဲဒီအထဲမှာ ဘာပါသလဲ မမေးနဲ့ ငါလည်း မသိဘူး၊ အောင်သူနဲ့ပတ်သက်တဲ့နေရာတွေမှာ ကွန်ပျူတာဒစ်ခ်တွေ့ရင် သိမ်းယူခဲ့၊ တွေ့သမျှသိမ်းယူခဲ့နော်. . ဒီရောက်မှ ငါလိုချင်တာ ဟုတ်မဟုတ် စစ်ဆေးယူမယ်"

"ဒါဆိုရင် ကျွန်တော်တို့ တစ်ခေါက်ပြန်သွားရမယ်ပေါ့ . . ဟုတ်လား ဆရာကြီး"

"အေး . . ဟုတ်တယ် မင်းတို့သွားရမယ်၊ ဟာ . . နေဦး . . နေဦး ငါစဉ်းစားမိတာက တစ်ခုရှိတယ်၊ မင်းတို့ နတ်သမီးကမ်းပါးကိုသွား . . တောင်ကုန်းပေါ်မှာ အိမ်အိုကြီးတစ်လုံးရှိတယ်။ အောင်သူက အဲဒီနေရာမှာ ရက်အတော်ကြာကြာ နိုနေခဲ့တယ်ကွ၊ အဲဒီကနေထွက်ပြေးပြီး သူနဲ့ ဖူးပွင့် လမ်းခွဲလိုက်တာဆိုတော့ သူက ခတ်ပြားအသေးလေးဖြစ်တဲ့ ကွန်ပျူတာဒစ်ခ်ကို အဲဒီနေရာမှာ ဝှက်ခဲ့တာ ဖြစ်ချင်ဖြစ်မယ်"

"ဒါဆိုရင် ကျွန်တော်တို့ အခုပဲ အဲဒီနေရာကိုသွားလိုက်မယ် ဆရာကြီး"





"ကောင်းတယ် မြန်မြန်သွားကွာ၊ အဲဒီနေရာမှာ တစ်လက်မစာနေရာတောင် မချန်ဘဲရှာကြ၊ ငါကတော့ ငါတို့လိုချင်တဲ့ပစ္စည်း အဲဒီနေရာမှာရှိမယ်လို့ သေချာပေါက်တွက်ထားတယ်"

"ကျွန်တော်တို့ ဆရာကြီးလိုချင်တာကို ရအောင်ရှာခဲ့ပါ့မယ်"

ဦးဖိုးထောင်က ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်သည်။

"မင်းတို့က ငါ့တပည့်ရင်းတွေ မင်းတို့ကို ငါယုံတယ်၊ အားလည်းကိုးတယ် . . ငါ အရင်ကလည်း ပြောပြီးပြီ၊ ခုတစ်ခါထပ်ပြောမယ် . . ငါက အကြောင်းရှိလို့ တစ်ခြားလူတွေကို အရေးပေးဆက်ဆံတာမျိုး ရှိချင်ရှိမယ်၊ မင်းတို့ထက်ပိုပြီး အားကိုးတဲ့ ပုံစံမျိုး ပြချင်ပြမယ်။ ဒါပေမယ့် ငါ တကယ်အားကိုးတာက မင်းတို့ပဲ၊ တကယ်အရေးပေးမှာလည်း မင်းတို့ကိုပဲဆိုတာ နားလည်ထားပါ။ ငါတို့ကို အရေးမပေးဘူး တစ်ခြားလူတွေကို အရေးပေးတယ်ဆိုတဲ့ အတွေးနဲ့ ငါ့အပေါ် တစ်မျိုးမမြင်နဲ့"

"ဟုတ်ကဲ့ ဆရာကြီး . . ကျွန်တော်တို့အပေါ် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသဘောထားတယ်ဆိုတာ သိနေပြီးသားဆိုတော့ ဆရာကြီးအပေါ် တစ်မျိုးမမြင်ပါဘူး စိတ်ချပါ"

အောင်မင်းက သွက်သွက်လက်လက် ဝင်ပြောလိုက်သည်။ အောင်မင်း၏စကားကို အကြားတွင် ဦးဖိုးထောင် ပြုံးသွား၏။

"မင်းတို့ အခုလုပ်ရမယ့် အလုပ်နဲ့ ပတ်သက်ပြီး ရှင်းပြီနော်"

"ဟုတ်ကဲ့ ရှင်းပါပြီ ဆရာကြီး"

"မင်းတို့ ဟိုကိုရောက်တာနဲ့ ငါ့ကိုဆက်သွယ်ပါ၊ မင်းတို့တွေ့မြင်တာတွေ မှတ်သားပြီး ငါ့ကိုသတင်းပို့၊ ငါ ဒီကနေပြီး လိုအပ်တာတွေ ညွှန်ကြားမယ်"

"ဟုတ်ကဲ့"

"မင်းတို့ ရေလမ်းခရီးကနေ သွားရမှာဆိုတော့ စပိဘုတ် ယူသွား . . တစ်ဖက်မှာ ငါတို့နောက်ကို လိုက်နေတဲ့ ရန်သူတွေရှိတယ်၊ အဓိကကျတဲ့လူက စဝ်ရန်နိုင်ပဲ . . မင်းတို့လက်ချက်နဲ့ သေသွားတဲ့ ကျော်စွာတို့အဖွဲ့ကလူ၊ သူတို့က အချိန်မရွေး မင်းတို့ကို ခြေရာခံမိသွားနိုင်တယ်။ ဒီတော့ သိသိ





သိပ်သိပ်လှုပ်ရှားပါ၊ သတိမပြတ်ပါစေနဲ့"

ဖေဝင်းက ခပ်ကြွားကြွားအမူအရာနှင့် ရင်ကော့လိုက်သည်။ သူ့မျက်နှာတွင် အရေးမထားဟန် ထိမထင်ဟန်တွေ ထင်ထင်ရှားရှားပေါ်နေ၏။

"အဲဒီအတွက်တော့ စိတ်မပူပါနဲ့ . . ကျော်စွာတို့လိုလူတွေ ဘယ်လိုလှုပ်ရှားတတ်တယ်၊ သူတို့ရဲ့အနေအထား ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်၊ သူတို့က ကျွန်တော်တို့ကို ခြေရာမခံနိုင်ခင် ကျွန်တော်တို့က သူတို့ကို ရှင်းပစ်နိုင်မှာပါ"

ဦးဖိုးထောင်က ပြုံးပြီးခေါင်းညိတ်ပြသည်။ ဖေဝင်းနှင့် အောင်မင်းတို့နှစ်ယောက် ထိုင်နေရာမှထလိုက်၏။

"ကျွန်တော်တို့သွားမယ် ဆရာကြီး"

"အေး . . ငါက အောင်မြင်တဲ့အသံပဲ ကြားချင်တယ်ရော့ . . ဒီမှာ မင်းတို့အတွက် အသုံးစရိတ်ယူသွား၊ ငါလိုချင်တာ ရလာရင် မင်းတို့အတွက် တစ်သက်စာဖူလုံအောင် ပေးမယ် ကြားလား . . ကဲ သွားကြတော့"

ဖေဝင်းတို့က ဦးဖိုးထောင်ပေးသည့်ငွေကို လက်ခံယူ



www.burmeseclassic.com

www.burmeseclassic.com

ပြီး အခန်းထဲမှ ထွက်သွားကြသည်။ သူတို့ထွက်အသွားမှာပင် အပြင်ဘက်မှ လူတစ်ယောက် အခန်းထဲသို့ဝင်လာသည်။

"ဘာလဲဟေ့"

"ဟိုကောင်မလေး သောင်းကျန်းနေပြီ ဆရာကြီး၊ သူ့ကိုချုပ်နှောင်ထားရမလား . . ခုချက်ချင်း တံခါးဖွင့်ပေး သူအပြင်ထွက်မယ်နဲ့ အော်ဟစ်နေတယ်"

ဦးဖိုးထောင် ရယ်လိုက်၏။

"သူက သောင်းကျန်းလာပြီဆိုတော့ ငါကလည်း ပြန်သောင်းကျန်းရတာပေါ့၊ ငါ သူ့အခြေအနေကို လိုက်ကြည့်ပါမယ်"

ဦးဖိုးထောင် ထိုင်နေရာမှထလိုက်သည်။

"ဆရာကြီး . . သူနဲ့မျက်နှာချင်းဆိုင်လို့ ဖြစ်ပါ့မလား"

"အခြေအနေကြည့်တာပေါ့ . . မျက်နှာချင်းဆိုင်သင့်ရင်ဆိုင်မယ်၊ မျက်နှာချင်းဆိုင် မဆိုင်သင့်ရင်လည်း သူ့အခြေအနေကို အကွယ်ကနေပဲ ကြည့်တာပေါ့"

ဦးဖိုးထောင်က ပြောပြောဆိုဆို အခန်းတံခါးဆီသို့ လျှောက်လာသည်။





သတင်းလာပို့သူက ဦးဖိုးထောင်နောက်မှ လိုက်ခဲ့လေ၏။

. . . .

မြင်းသုံးကောင်နှင့် လူသုံးယောက် . . .

တောင်ခြေလမ်းအတိုင်း ခရီးနှင်နေသည်။ တောင်ခြေလှည်းလမ်းအတိုင်း မြင်းသုံးကောင်ကိုစီး၍ ခရီးနှင်လာသူတို့မှာ စစ်ရန်နိုင်၊ ရဲမောင်နှင့် သံယောဇဉ်ဦးတို့ပင် ဖြစ်သည်။

စစ်ရန်နိုင်၏မြင်းက ရှေ့မှဦးဆောင်ပြီးပြေးနေသည်။ ရဲမောင်နှင့် သံယောဇဉ်ဦးတို့က မြင်းကို ဘေးခြင်းယှဉ်စီးပြီး လိုက်လာကြသည်။

လှည်းလမ်းမှာ တောင်ခြေကိုကွေ့ပတ်လိုက်၊ ကုန်းမို့မို့လေးများကို ဖြတ်ကျော်လိုက်၊ တောင်နှစ်လုံးကြား လျှိုအတွင်းမှ ဖြတ်သန်းလိုက်နှင့် ရှိနေသည်။

တောင်းကုန်းတစ်ခုကို ကျော်မိသည်နှင့် လှည်းလမ်းက မြောက်ဘက်သို့ကွေ့သွားသည်။

ရဲမောင်က လမ်းကွေ့ကို မြင်သည်နှင့် လေတစ်ချက်ချွန်လိုက်၏။ လေချွန်သံကြောင့် ရှေ့မှသွားနေသော စစ်ရန်နိုင်က

www.burmeseclassic.com



မြင်းကို တုန့်ခနဲရပ်လိုက်သည်။

"တောင်ဘက်ကိုသွားမယ်ရမယ် စဝ်"

စဝ်ရန်နိုင်က ရဲမောင်ညွှန်ပြသည့် တောင်ဘက်သို့ ကြည့်သည်။ လှည်းလမ်းကွေ့သွားရာ၏ ဆန့်ကျင်ဘက်ဖြစ်သော တောင်ဘက်တွင် ဝါးတောကြီးတစ်တောကို တွေ့ရသည်။

"ဝါးတောထဲက ဖြတ်ရမှာလား"

"ဟုတ်တယ် စဝ် . . ဝါးတောရဲ့ဟိုဘက်မှာ တောင်တစ်လုံးခံနေတယ်၊ တောင်တစ်ဖက်မှာ ကားလမ်းရှိတယ်၊ တောင်ခြေရောက်တာနဲ့ ကျွန်တော်တို့ မြင်းတွေကိုထားခဲ့ပြီး တောင်ပေါ်ကိုတက်မယ်။ မဦးက မြင်းတွေဆွဲပြီး တောင်ခြေက နေပတ်ပြီး ကားလမ်းကိုရောက်အောင် သွားရမယ်"

"ဝါးတောကို ဘယ်လောက်ကြာကြာ ဖြတ်ရမှာလဲ ကိုရဲ . . ဒီဝါးတောထဲ ဖြတ်ဖူးသလား"

ရဲမောင် ခေါင်းညိတ်ပြသည်။

"ဖြတ်ဖူးတယ် . . ဆယ်မိနစ်လောက်သွားတာနဲ့ ဝါးတောတစ်ဖက် တောင်ခြေကိုရောက်မယ်"

"အိုကေ . . ဒီတစ်ခါတော့ ကိုရဲ ရှေ့ကနေလမ်းပြပေ





တော့"

ရဲမောင်က ခေါင်းညိတ်ပြပြီး မြင်းကိုဖနောင့်ဖြင့်တို့ပြီး ဇက်ကြိုးကိုဆွဲလှည့်လိုက်သည်။ မြင်းက ဝါးတောထဲသို့ ပြေးဝင်သည်။ စဝ်ရန်နိုင်နှင့် သံယောဇဉ်ဦးတို့က မြင်းကိုလှည့်ပြီး ရဲမောင်နောက်သို့လိုက်သည်။

ဝါးတောမှာ အပင်ချင်းထိစပ်မတတ် ပိတ်ဆီးနေသဖြင့် ရဲမောင်က မြင်းတစ်စီးသွားသာရုံ ကျယ်သောနေရာများကို ရှာပြီးကွေ့ပတ်သွားနေရ၏။ စဝ်ရန်နိုင်တို့မှာ လမ်းရှာရခြင်းမရှိဘဲ ရဲမောင်သွားရာနောက်သို့ လိုက်သည်။

"မဦး"

စဝ်ရန်နိုင်က သူ့ရှေ့တွင်ရှိသော သံယောဇဉ်ဦးကို လှမ်းခေါ်သည်။ သံယောဇဉ်ဦးက နောက်သို့ခေါင်းငဲ့ပြီးကြည့်သည်။

"တောင်ခြေကိုရောက်တဲ့အခါ ကားလမ်းဘက်ကို ဘယ်လိုသွားရမယ်ဆိုတာ ကိုရဲ သေသေချာချာ ပြောထားရဲ့လား"

သံယောဇဉ် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲ့ မြေပုံချပြီး ပြောပြထားပါတယ်၊ အရေးကြီးတဲ့နေရာတွေ၊ နေရာအမှတ်အသားတွေကိုလည်း ပြောပြထားပါတယ်၊ လမ်းမမှားနိုင်ပါဘူး"

"ကိုယ်က မဦး လမ်းမှားမှာစိုးလို့ မေးနေတာပါ"

သံယောဇဉ်ဦးက စဝ်ရန်နိုင်ဘက်သို့ လှည့်ပြုံးပြီး ခေါင်းခါပြသည်။

"မဦးက ဒီနယ်မြေမှာ မွေးဖွားကြီးပြင်းလာခဲ့သူလေ နယ်မြေကျွမ်းပြီးသားပါ"

"မဦးက ဒီအရပ်သူဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ဒီတောဒီတောင်ထဲကိုတော့ ရောက်ဖူးတယ် မထင်လို့"

"ဒီဝါးတောကြီးကို မသိပေမယ့် နတ်သမီးကမ်းပါးကိုတော့ မဦးသိတယ်လေ၊ တောင်ခြေအတိုင်းပတ်သွားရင် နတ်သမီးကမ်းပါးနဲ့မှ လွဲမှမလွဲနိုင်တာ၊ ဒါကြောင့် မဦး လမ်းမပျောက်နိုင်ဘူးလို့ ပြောတာပေါ့"

သံယောဇဉ်ဦး၏စကားအဆုံးတွင် စဝ်ရန်နိုင် ခေါင်းညိတ်လိုက်သည်။ ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်သည်နှင့် ဝါးတောအပြင်ဘက်သို့ ထွက်နေပြီဖြစ်ကြောင်း သိ





လိုက်သည်။

ဝါးတောအပြင်သို့ရောက်သည်နှင့် တစ်ဖက်တွင် ပိတ်ကာနေသော တောင်ခြေမြင့်မြင့်ကြီးကို တွေ့ရသည်။ ရဲမောင်က တောင်ခြေတွင် တုံ့ခနဲရပ်ပြီး မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

"မဦးနဲ့ ဒီနေရာမှာ လမ်းခွဲကြမှာလား"

ရဲမောင်နှင့် မရှေးမနှောင်း မြင်းပေါ်မှခုန်ဆင်းလိုက်သော စဝ်ရန်နိုင်က မေးသည်။

"ရှေ့နား နည်းနည်းရောက်အောင်သွားရမယ်၊ ကျွန်တော်က လမ်းရှာရမှာမို့ မြင်းပေါ်က ဆင်းလိုက်တာ"

"ကိုယ်လည်း ကိုရဲ့နဲ့အတူ လျှောက်မယ်လေ"

ရဲမောင်က မြင်းကိုဆွဲပြီး တောင်ခြေမှပတ်လျှောက်သည်။ စဝ်ရန်နိုင်ကလည်း သူ့မြင်းကိုဆွဲပြီး နောက်မှလိုက်၏။ ငါးမိနစ်ခန့်သွားမိသည်နှင့် ရှေ့မှသွားနေသော ရဲမောင်က လက်တစ်ဖက်မြှောက်ပြသည်။

"ဒီနေရာပဲ စဝ် . . ကျွန်တော်တို့ ဒီကနေ တောင်ပေါ်ကိုတက်ကြမယ်"

စဝ်ရန်နိုင်က ခေါင်းညိတ်ပြပြီး သံယောဇဉ်ဦးအနား



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာသည့်ထိစောင့်ကာ သူ့မြင်းဇက်ကြိုးကို လှမ်းပေးသည်။ တစ်ဆက်တည်းပင် ရဲမောင်ကလည်း သူ့မြင်းဇက်ကြိုးကို သံယောဇဉ်အား လှမ်းပေးလိုက်သည်။

"မဦး ကိုယ်ပြောတာကို မှတ်မိတယ်နော်၊ တောင်ခြေအတိုင်း ပတ်ပြီးတော့သွား"

"မဦး မှတ်မိပါတယ် ကိုရဲ"

"လမ်းမှာတွေ့ရမဲ့ အမှတ်အသားတွေကိုကော မှတ်မိရဲ့လား"

သံယောဇဉ်ဦး ခေါင်းညိတ်လိုက်သည်။

"မှတ်မိပါတယ် သစ်ယားပင်ကြီးတစ်ပင်ရယ် ဖိုခနောက်ဆိုင်ပေါက်နေတဲ့ ထင်းရှူးပင်သုံးပင်လွန်ရင် ကားလမ်းကိုရောက်ပြီ ဟုတ်တယ် မဟုတ်လား"

ရဲမောင် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် . . . မဦး ဖြည်းဖြည်းနဲ့မှန်မှန်သာသွား စက်ကိုလည်း ဖွင့်ထား၊ ကိုယ်တို့နောက်ကျလို့ ကားလမ်းဘေးက စောင့်ရမယ်ဆိုရင်လည်း တောအုပ်ထဲကနေ မထွက်ဘဲနဲ့ စောင့် ဟုတ်ပြီလား"





သံယောဇဉ်ဦး ခေါင်းညိတ်ပြသည်။

သံယောဇဉ်ဦးက မြင်းနှစ်ကောင်ကိုဆွဲပြီး ထွက်သွားသည်။ စစ်ရန်နိုင်နှင့် ရဲမောင်တို့က ရှေ့တွင်ပိတ်ကာနေသော တောင်ပေါ်သို့ စတက်သည်။ ရဲမောင်က မှန်ပြောင်းအပိုတပ်ဆင်ထားသော ရိုင်ဖယ်ကိုကိုင်ပြီး လိုက်သည်။ စစ်ရန်နိုင်က ပစ္စတိုနှစ်လက်ကို ခါးကြားတွင် ထိုးထား၏။

"နတ်သမီးကမ်းပါးက လူအသွားအလာမရှိတဲ့ နေရာနော် ကိုရဲ"

"လောလောဆယ်မှာတော့ လူအသွားလာ မရှိသလောက်ပါပဲ၊ နတ်သမီးကမ်းပါးမှာ အဆောက်အဦးပျက်ကြီးတစ်လုံးရှိနေတော့ ဒုစရိုက်သမားတွေ ဝင်ထွက်သွားလာတတ်လို့ အရပ်သားတွေ ဝေးဝေးကနေ ရှောင်ကွင်းသွားတတ်ကြပါတယ်"

"ဒီနေရာက အလိုလိုနေရင်း ဒုစရိုက်နယ်မြေ ဖြစ်နေတာပေါ့၊ အဲဒါကိုတော့ ကိုယ် သိပ်သဘောမကျဘူး၊ ဦးမြင့်ဝေကတော့ နယ်မြေရှင်းလင်းရေးလုပ်မယ် ပြောတာပဲ၊ တစ်လောက် ရှင်းလင်းရေးလုပ်လိုက်ရင် ဒုစရိုက်သမားတွေရှင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသာယာသွားမှာ သေချာတယ်"

"အများအားဖြင့်တော့ ကျွန်တော်တို့နယ်မြေက အေးချမ်းသာယာပါတယ်၊ ဒုစရိုက်သမားတွေ ထလှုပ်ရှားလာတယ်ဆိုလည်း ခဏပါပဲ၊ ဒီနယ်မြေမှာ အမြစ်တွယ်နေတဲ့ ဒုစရိုက်မှုမျိုးတော့ မရှိပါဘူး"

စကားတပြောပြောနှင့် လျှောက်ခဲ့ရင်း တောင်ထိပ်ပေါ်သို့ရောက်သည်။ တောင်ထိပ်ပေါ်မှနေ၍ အဆောက်အဦးဟောင်းကြီးတစ်ခုကို တွေ့ရသည်။

ထိုအဆောက်အဦးအဟောင်းကြီးကိုမြင်သည်နှင့် နတ်သမီးကမ်းပါးဘက်မှ အိမ်ဟောင်းကြီးဖြစ်ကြောင်း သိလိုက်လေသည်။

★



## အခန်း(၁၈)

အိမ်အတွင်းမှ စကားပြောသံသဲ့သဲ့ကို ကြားရသည်။ စဝ်ရန်နိုင်က ရဲမောင်အား လက်တို့ပြီး ချုံအကွယ်တစ်ခုသို့ ဝင်လိုက်၏။

"စကားပြောသံ ကြားရတယ်"

"ဟုတ်တယ် စဝ် .. ဒုစရိုက်အဖွဲ့အစည်းတစ်ခုခုကကောင်တွေ လာစတည်းချနေတာလား မသိဘူး"

"ဘာပဲဖြစ်ဖြစ် အခွင့်သာရင်သာသလို ဝင်ရှင်းတာပေါ့၊ ဒီအနားက ရွာသူရွာသားတွေဆိုရင်လဲ ပြန်ခိုင်းလိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှတ်"

အိမ်အတွင်းမှ စကားပြောသံပိုပြီး ကျယ်လာသည်။ စဝ်ရန်နိုင်က သစ်ပင်ကိုညွှန်ပြရင်း

"ကိုယ်အပင်ပေါ်တက်မယ် . . ကိုရဲ ဒီကနေပဲ စောင့်ကြည့်ပါ"

ရဲမောင် ခေါင်းညိတ်ပြသည်။ စဝ်ရန်နိုင်က အဆောက်အဦးဟောင်းကြီးဘက်သို့ ကိုင်းကျနေသည့် သစ်ပင်ပေါ်သို့ လျှင်မြန်သွက်လက်စွာ တက်သွားသည်။

စဝ်ရန်နိုင် အပင်ပေါ်သို့အရောက်တွင် အိမ်အတွင်းမှ လူနှစ်ယောက်ထွက်လာသည်။ ထိုသူနှစ်ယောက်မှာ ဖေဝင်းနှင့် အောင်မင်းတို့ပင် ဖြစ်၏။

"ရှာတာ တစ်အိမ်လုံးနှံ့နေပြီ၊ ဘယ်မှာမှ မတွေ့ဘူး၊ ငါတော့ပြောင်ရှင်းနေတဲ့အခန်းကို တစ်ခေါက်ပြန်ရှာချင်တယ် အဲဒီအခန်းက လူနေသွားတဲ့အခန်းဆိုတာ သိသာတယ်။ အောင်သူက ပစ္စည်းဝှက်ရင်း သူနေတဲ့နေရာပတ်ဝန်းကျင်မှာပဲ နေရာကောင်းကောင်းရှာပြီး ဝှက်မှာပေါ့"

"နောက်တစ်ခေါက်ဝင်ရှာချင်တယ်ဆိုလဲ ဝင်ရှာကြ





မယ်လေ .. ဒီကွန်ပျူတာဒစ်ခ်ကို ရှာတွေ့ပြီး ဆရာကြီးလက်ထဲအပ်နိုင်ရင် ပွဲပေါက်တိုးမှာနော်၊ အခုပဲကြည့် လမ်းစရိတ်ဆိုပြီးပေးလိုက်တာ မနည်းဘူး၊ ဆရာကြီးက အဲဒီပစ္စည်းကိုအရမ်းလိုချင်နေတာ သိပ်သိသာတယ် သူလိုချင်တာရှာပေးနိုင်ရင် ဆုကောင်းကောင်းချမှာ သေချာတယ်"

"ငါလဲ အဲဒါကိုသိလို့ ကြိုးစားပမ်းစားရှာနေတာပေါ့ လာ အထဲကို ပြန်ဝင်မယ်"

ဖေဝင်းနှင့် အောင်မင်းတို့ အိမ်ထဲသို့ပြန်ဝင်သွားကြသည်။ စဝ်ရန်နိုင်မှာ အပင်ပေါ်မှနေ၍ အောက်သို့ပြန်ဆင်းလာသည်။ သူက ရဲမောင်ဘေးသို့ဝင်လိုက်ပြီး ..

"သူတို့နဲ့ ကိုယ်တို့ ရည်ရွယ်ချက်ချင်းတူနေပြီ၊ သူတို့ရှာတွေ့မတွေ့ စောင့်ကြည့်ရအောင်၊ သူတို့အရင်ရှာတွေ့သွားရင်လဲ အပင်ပန်းမခံရတော့ဘူးပေါ့"

ရဲမောင်က စဝ်ရန်နိုင်ဆိုလိုရင်ကို နားလည်သဘောပေါက်ဟန် ခေါင်းညိတ်လိုက်သည်။

"သူတို့အခြေနေကိုကြည့်ပြီးမှ ကျွန်တော်တို့လှုပ်ရှားမယ် .. ဒီလိုမဟုတ်လား စဝ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . အဲဒါကိုပြောချင်လို့ ကိုယ် သစ်ပင်ပေါ်ကနေပြန်ဆင်းလာတာ၊ ကိုယ် သစ်ပင်ပေါ်ကနေ အိမ်ထဲကိုဝင်မယ် ကိုရဲ အပြင်ကနေ အခြေအနေကြည့် လှုပ်ရှားပါ"

"အိုကေ . . စဝ် . . ကျွန်တော့်အတွက် စိတ်ချပါ"

"စိတ်ချပါတယ် . . ကိုရဲကို စိတ်ချပြီးသားပါ၊ ကဲကိုယ်သွားမယ်"

စဝ်ရန်နိုင်က သစ်ပင်ပေါ်သို့ ဒုတိယအကြိမ်ပြန်တက်သွားသည်။ ရဲမောင်က ချုံအကွယ်မှနေ၍ တယ်လီမှန်ပြောင်းတက်ထားသော ရိုင်ဖယ်ကိုဘေးတွင်ချကာ အိမ်ဘက်သို့ကြည့်သည်။ အိမ်အိုကြီးအတွင်းဘက်မှ လှုပ်ရှားသံ၊ စကားပြောသံများကို ကြားနေရ၏။

ရဲမောင်က သည်းခံစောင့်ဆိုင်းတတ်အောင် လေ့ကျင့်ထားသူပီပီ အိမ်ထဲတွင် သွားလာလှုပ်ရှားနေသော ဖေဝင်းတို့ကို စိတ်ရှည်လက်ရှည်နှင့်စောင့်သည်။ မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဖေဝင်းနှင့် အောင်မင်းတို့ အိမ်ထဲမှထွက်လာကြသည်။

"ဒီနေ့အဖို့တော့ ဒါလောက်နဲ့ပဲ ကျေနပ်လိုက်ကြရအောင် မိုက်လဲဆာပြီ၊ ရှာရလွန်းလို့ ခေါင်းတွေလဲမူးနေပြီ၊





မြို့ကိုတစ်ခေါက်ပြန်ပြီးနားမယ် .. မနက်ဖြန်မှပဲ ပြန်လာကြရအောင်"

"အေး .. ကောင်းတယ်၊ မြို့မှာပဲ အေးအေးဆေးဆေး သွားနှပ်ပြီး ဘယ်နေရာတွေထပ်ရှာရမလဲဆိုတာ စဉ်းစားတာပေါ့"

ဖေဝင်းတို့နှစ်ယောက် အိမ်ညာဘက်သို့ထွက်သွားကြသည်။ ရဲမောင်က ရိုင်ဖယ်ကိုဆွဲပြီး ချုံထဲမှတိုးထွက်သည်။ သူကခြေသံလုံလုံနင်းပြီး အိမ်ဘေးသို့ပြေးကပ်သည်။ အိမ်ဘေးမှနေ၍ ဖေဝင်းတို့ထွက်သွားရာသို့ လှမ်းကြည့်သည်။

ဖေဝင်းတို့နှစ်ယောက် ကုန်းစောင်းအတိုင်း အောက်ဖက်သို့ဆင်းသွားသည်ကိုတွေ့ရ၏။ ဖေဝင်းတို့မြင်ကွင်းမှကွယ်ပျောက်သွားချိန်တွင် ရဲမောင်က ရှေ့ကိုတိုးပြီးကြည့်သည်။

အောက်ဘက်တွင် ချောင်းတစ်ချောင်းရှိသည်။ ချောင်းထဲတွင် စပိဘုတ်တစ်စီးရပ်ထားလျက်ရှိ၏။ ဖေဝင်းနှင့် အောင်မင်းတို့က စပိဘုတ်ပေါ်သို့တက်ပြီး စက်နှိုးမောင်းထွက်သွားသည်။

ရဲမောင်က နောက်ကြောင်းပြန်လှည့်သည်။ သူ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့အရောက်တွင် အပေါ်ထပ်မှ လေချွန်သံကိုကြားရ၏။ ရဲမောင်က မျက်ကနဲမော့ကြည့်လိုက်၏။ ဝရံတာတွင်ရပ်နေသော စဝ်ရန်နိုင်အား တွေ့ရသည်။

"အပေါ်ကိုတက်ခဲ့ ကိုရဲ"

ရဲမောင် အိမ်ထဲသို့ဝင်လိုက်သည်။ အပေါ်ထပ်တက်သည့်လှေကားဆီသို့ ဦးတည်နေသော လမ်းတစ်လျှောက်တွင် ဖုံတွေကင်းနေသောလည်း ဘေးတစ်ဖက်တစ်ချက်တွင် ဖုံတွေတက်နေသည်ကို တွေ့ရသည်။

ရဲမောင်က လှေကားကျယ်ကြီးအတိုင်း အပေါ်သို့ခပ်သွက်သွက်တက်သည်။ လှေကားထိပ်သို့အရောက်တွင် အသင့်စောင့်နေသော စဝ်ရန်နိုင်အားတွေ့ရသည်။

"ဒီကောင်တွေ တစ်အိမ်လုံးပြောင်းဆန်အောင်ရှာသွားတယ်၊ သူတို့ရှာပြီးသားနေရာကိုပဲ ဆက်ရှာရမှာပဲ။ အောင်သူက ပစ္စည်းဝှက်ဖို့ လုံခြုံပြီးလွယ်ကူတဲ့နေရာကိုရှာမှာပဲ။ လက်လှမ်းမှီပြီး လှမ်းကြည့်လို့မြင်နိုင်တဲ့ နေရာမျိုးမှာ ထားမယ်လို့ကိုယ်ထင်တယ်"

အပေါ်ထပ်သို့လျှောက်ကြည့်ရင်း ပြောင်ရှင်းသပ်ရပ်





နေသော အခန်းတစ်ခန်းကိုတွေ့ရသည်။

"ဒီအခန်းက အောင်သူတို့နေသွားတဲ့အခန်း ဖြစ်မယ်ထင်တယ်"

"ဟုတ်မယ် ကိုရဲ . . တစ်အိမ်လုံးမှာ ဒီအခန်းက အသန့်ရှင်းဆုံးဆိုတော့ သူတို့ဒီအခန်းမှာနေသွားတာ ဖြစ်မယ်။ ဒီအခန်းထဲမှာ ရှာကြရအောင်"

စဝ်ရန်နိုင်နှင့် ရဲမောင်တို့အခန်းတစ်ခုလုံးကို လှည့်ပတ်ပြီးရှာသည်။ အခန်းထဲတွင် ပရိဘောဂကဟူ၍မရှိ။ အခန်းထောင့်တွင် ထင်ရှူးသေတ္တာတစ်လုံးရှိသည်။ ထင်ရှူးသေတ္တာမှာ အဖုံးမရှိတော့ဘဲ ဟင်းလင်းပွင့်နေသည်။

ရဲမောင်က ထင်းရှူးသေတ္တာချထားရာသို့ လျှောက်သွားသည်။ ဟင်းလင်းပွင့်နေသော ထင်းရှူးသေတ္တာအတွင်းသို့တစ်ချက်ငုံ့ကြည့်သည်။ ထင်းရှူးသေတ္တာအတွင်းမှာ ပွစာကျဲနေသော အမှိုက်သရိုက်များကိုတွေ့ရသည်။

သူက အမှိုက်သရိုက်များကို ရိုင်ဖယ်သေနတ်ပြောင်းဖြင့် ထိုးမွှေကြည့်သည်။ ဖေးဝင်တို့ရှာဖွေသွားသဖြင့်အမှိုက်သရိုက်တွေ ပွနေခြင်းဖြစ်မည်ဟု တွေးမိသည်နှင့် ရိုင်ဖယ်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို အမှိုက်တွေကြားမှပြန်ထုတ်လိုက်၏။ လက်ထဲတွင်ကိုင်ထားသောရိုင်ဖယ်ကို ပခုံးတွင်သိုင်းလွယ်ကာ ထင်းရှူးသေတ္တာကို မကြည့်သည်။

ထင်းရှူးသေတ္တာအောက်ကြမ်းပြင်မှာ ဂျီးအထပ်ထပ်တက်နေသည်ကိုတွေ့ရ၏။

ရဲမောင် ထင်းရှူးသေတ္တာတစ်လုံးနှင့် အလုပ်ရှုပ်နေစဉ် စစ်ရန်နိုင်က အခန်းနံရံကိုခေါက်ကြည့်၊ တန်းများပေါ် လက်ဖြင့်စမ်းကြည့်၊ ထုတ်တန်းပေါ်တက်ကြည့်နှင့် ရှာဖွေနေသည်။

"အခြေအနေ ဘယ်လိုလဲ ကိုရဲ"

"ဒီအခန်းထဲမှာ ရှာစရာနေရာ သိပ်မရှိဘူး စစ်၊ အောင်သူက စေတ်ပြားကို လွယ်ကူတဲ့နေရာမှာ မထားဘဲ မလွယ်တဲ့နေရာမှာ ဝှက်ထားခဲ့တယ်နဲ့တူတယ်"

"ဒါဆိုလဲ ကိုယ်တို့မလွယ်တဲ့နေရာကို ရှာကြည့်ကြတာပေါ့"

ရဲမောင်က ဟိုဟိုသည်သည်ကြည့်ရင်း အခန်းတစ်ဖက်ရှိ ပြတင်းပေါက်ကျယ်ကြီးကို သတိပြုမိလိုက်၏။ သူကပြတင်းပေါက်ရှိရာသို့ လျှောက်သွားသည်။ ပိတ်ထားသည့် ပြတင်း





ပေါက်ကို ဖွင့်ပြီး အပြင်ဘက်သို့ကြည့်လိုက်၏။

ပြတင်းပေါက်မှာ အခန်းကြမ်းပြင်နှင့် ကပ်လျက်မှ အပေါ်အတော်မြင့်မြင့်ထိရောက်အောင် ဖောက်ထားသော ပြတင်းပေါက်ကြီးဖြစ်သည်။

"ကျွန်တော်သာ အောင်သူဆိုရင် ဒီပြတင်းပေါက်ဘောင်မှာထိုင်ပြီး အပြင်ဘက်ကိုကြည့်မှာပဲ၊ ပြတင်းပေါက်ပျဉ်ချပ်တွေကွာတဲ့နေရာက ကွာနေတော့ တံခါးရွက်ကို မဖွင့်ဘဲနဲ့ ထိုင်ကြည့်လို့ရတယ်"

ပြတင်းပေါက်မှာ အခန်းနံရံနှစ်ခုဆုံရာတွင်ရှိနေသဖြင့် ကန့်လန့်ဖြတ်နေသော နံရံကိုမှီထိုင်နေလျှင် ပြတင်းပေါက်ဘောင်တွင်ထိုင်လျက်သားဖြစ်ကြောင်း သတိပြုမိ၏။

"ကိုရဲ .. အဲဒီဘောင်မှာထိုင်ကြည့်စမ်း"

စစ်ရန်နိုင်က တစ်စုံတစ်ရာတွေးမိဟန်ဖြင့် လှမ်းပြီးခိုင်းသည်။ ရဲမောင်က ပြတင်းပေါက်ဘောင်တွင်ကပ်ပြီး ကန့်လန့်ဖြတ်နံရံကိုမှီကာ ထိုင်သည်။

"အောင်သူ အဲဒီမှာထိုင်ရင် သူ့အတွက် တန်ဖိုးကြီးတဲ့ပစ္စည်းကို သူ့ရှေ့မှာထားမှာပဲ၊ အနည်းဆုံး သူကြည့်လို့မြင်နေ



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့နေရာမှာ ထားလိမ့်မယ်"

ရဲမောင်က စဝ်ရန်နိုင်ထင်မြင်ချက်ကို လက်ခံဟန် ခေါင်းညိတ်ပြသည်။ သူက ထိုင်နေရာမှ တစ်ဖက်နံရံကိုလည်းကောင်း၊ မျက်နှာကြက်၊ ထုတ်တန်းများကိုလည်းကောင်း ကြည့်သည်။

လူတစ်ရပ်ခန့်မြင့်သည့် နေရာများကို သတိထားပြီး ကြည့်နေစဉ် စဝ်ရန်နိုင်က ရဲမောင်ထိုင်နေရာသို့ လျှောက်လာသည်။

ရဲမောင်ရှိရာသို့ မရောက်ခင် စဝ်ရန်နိုင်၏မျက်နှာမှာ ထူးခြားသည့်ဟန်တွေ ထင်သွားသည်။

သူက မျက်မှောင်ကြုံ့လိုက်ပြီး နင်းထားသော ကြမ်းခင်းကို ခြေထောက်ဖြင့် ဖိကြည့်သည်။ ကြမ်းခင်းပျဉ်လှုပ်သွားသည်ကို သတိပြုမိသဖြင့် ထိုနေရာတွင် ဒူးထောက်ထိုင်ချလိုက်၏။

"ဘာလဲ စဝ်"

"ဒီပျဉ်ချပ်က နည်းနည်းလှုပ်နေသလားလို့"

စဝ်ရန်နိုင်သည် သူစောစောက နင်းထားသည့် ပျဉ်ချပ်ကို လက်ဖြင့်ကိုင်ကာ လှုပ်ကြည့်သည်။

"ဟုတ်တယ် ဒီပျဉ်ချပ်က လှုပ်နေတယ် ကိုရဲ"

"အဲဒီပျဉ်ချပ်က ကျွန်တော်ထိုင်နေတဲ့နေရာကဆိုရင် တန်းနေတာပဲ ခွာကြည့်ကြရအောင် စဝ်"

စဝ်ရန်နိုင် ခေါင်းညိတ်ပြပြီး ပျဉ်ချပ်ကိုခွာရန် ကြိုးစားသည်။ ပျဉ်ချပ်က လှုပ်နေသော်လည်း အလွယ်တကူ မကွာသဖြင့် ခါးတွင်ချိတ်ထားသော အိတ်ထဲမှ [illegible] ပျဉ်ချပ်ကို ကလန့်သည်။ ထိုအခါ ပျဉ်ချပ်မှာ [illegible]။

စဝ်ရန်နိုင်အနီးသို့ ရောက်လာသော ရဲမောင်က ပျဉ်ချပ် အောက်ဘက်သို့ကြည့်သည်။ ထိုအခါ ပျဉ်ချပ်[illegible]တန်း ပေါ်မှ ပလတ်စတစ်အိတ်အပျော့တစ်ခုကို တွေ့ရကြောင်း ဆွဲယူသည်။

"တွေ့ပြီ စဝ်"

ရဲမောင်က ပလတ်စတစ်အိတ်လေးထဲမှ [illegible] ဒစ်ခ်ကိုထုတ်ယူလိုက်သည်။ ကွန်ပျူတာ[illegible] မြင်သည်နှင့် စဝ်ရန်နိုင်၏မျက်လုံးအစုံ [illegible]သည်။




www.burmeseclassic.com

www.burmeseclassic.com

• • •

ရဲမောင်က သူ့လက်ထဲမှ ဓာတ်ပြားငယ်ကို စဝ်ရန်နိုင် လက်တွင်အပ်ပြီး ကြွတက်နေသော ပျဉ်ချပ်အောက်သို့ကြည့်သည်။ ပျဉ်ချပ်အောက်တွင် ဘာမှ ထပ်မတွေ့ရ။

“ဘာရှိဦးမယ်ထင်လို့ ကြည့်နေတာလဲ ကိုရဲ”

“အောင်သူ ဉာဏ်များပြီး အတုနဲ့အစစ်နှစ်ခုကို တစ်နေရာစီ ခွဲထားတာများ ရှိမလားလို့ ရှာကြည့်နေတာပါ”

“အပေါ်ယံအမှတ်အသားအရတော့ ဒါဟာ အစစ်ပဲ၊ မြို့ကိုရောက်မှ ထပ်စမ်းကြည့်တာပေါ့၊ ပျဉ်ချပ်ကို နေရာတကျ ချထားပြီးရင် သွားကြမယ်”

စဝ်ရန်နိုင်က ပျဉ်ချပ်ကြားတွင် ထိုးသွင်းထားသည့် ဓားကိုဆွဲထုတ်လိုက်သည်။ ရဲမောင်က ပျဉ်ချပ်ကို ခြေထောက်ဖြင့် ဖိနင်းသည်။ ပျဉ်ချပ်နေသားတကျ ဖြစ်သွားသည်နှင့် ဖွင့်ထားသည့် ပြတင်းပေါက်ကို ပြန်ပိတ်သည်။

“ဒီဓာတ်ပြားပြန်တွေ့တာ အောင်ဆက်ရဲ့ကျေးဇူးလို့ ပြောရမယ်၊ သူက သူ့ထင်မြင်ချက်ကို ပြောခဲ့လို့ ကိုယ်တို့ ဒီပစ္စည်းကိုရှာတွေ့တာ”





“စဝ်ကိုယ်တိုင်ကလည်း ဦးနှောက်ကောင်းလို့ပါ”

“ဟား . . ဟား . . အဲသလိုမြှောက်ကြစတမ်းဆို ကိုရဲရဲ့စိတ်ကူးကြောင့်လို့ ပြောရမှာပေါ့၊ ကိုရဲသာ ပြတင်းပေါက်ကိုစိတ်မဝင်စားရင် ပြတင်းပေါက်သေးမှာ အောင်သူထိုင်ခဲ့လိမ့်မယ်ဆိုတာ မပြောခဲ့ရင် ကိုယ် ဒီကြမ်းပြင်ကို ဘယ်စိတ်ဝင်စားမိပါ့မလဲ”

စဝ်ရန်နိုင်တို့က အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ပြီးနောက် အပြင်သို့ထွက်သည်။ နှစ်ယောက်အတူ အောက်ထပ်သို့ဆင်းပြီး အိမ်အပြင်သို့ ထွက်သည်။

“ခုလောက်ဆို မဦး ကားလမ်းပေါ်ကနေ တမျှော်မျှော် ဖြစ်နေတော့မယ်၊ ကားလမ်းက ဘယ်ဘက်မှာလဲ”

“ဒီဘက်ကိုလာ စဝ် . . အိမ်ဘယ်ဘက်ခြမ်းမှာ ကားလမ်းရှိတယ်၊ မဦး တောင်ခြေကနေ စောင့်နေမှာ၊ ကျွန်တော်တို့ ဖြက်လမ်းကနေ တောင်အောက်ကို ဆင်းကြတာပေါ့”

ရဲမောင်က ရှေ့မှဦးဆောင်ပြီး အိမ်ကြီး၏အောက်ဘက်သို့ထွက်သည်။ အိမ်ဘယ်ဘက်တွင် အောက်သို့ဆင်းသည့် အုတ်လှေကားထစ်များကို တွေ့ရ၏။ လှေကားထစ်များအဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွင် ကားရပ်နားရန် ပြုလုပ်ထားသည့် မြေကွက်လပ်ကို တွေ့ရသည်။ ထိုမြေကွက်လပ်မှာ တောင်အောက်မှ ကွေ့ပတ်တက်လာသော ကားလမ်းအဆုံးပင် ဖြစ်၏။

"ကားလမ်းက တောင်အောက်ကိုကွေ့ပတ်ပြီး ဆင်းသွားတာ ကျွန်တော်တို့ ဒီတည့်တည့်မှာ ဖြတ်ဆင်းမယ်"

ရဲမောင်က အောက်တည့်တည့်သို့ ညွှန်ပြပြီးပြောသည်။ စဝ်ရန်နိုင် ခေါင်းညိတ်ပြပြီး ရဲမောင်နှင့်အတူ တောင်အောက်သို့ ဆင်းသည်။

တောင်ဆင်းလမ်းတစ်လျှောက်တွင် ထင်းရှူးတောကိုဖြတ်ရသည်။ မြေပြင်ပေါ်တွင် ထင်းရှူးရွက်ခြောက်များ အထပ်ထပ်ကျနေသဖြင့် ခြေမချော်အောင် သတိထားပြီးဆင်းရ၏။

"စောစောကတွေ့တဲ့လူနှစ်ယောက် မနက်ဖြန်ပြန်လာမယ်လို့ပြောသွားတယ် ကျွန်တော်ကြားတယ် စဝ်"

စဝ်ရန်နိုင်က ပြုံးပြီးခေါင်းဆတ်ခါသည်။

"သူတို့ပြန်လာဖြစ်မှာ မဟုတ်ပါဘူး၊ ဒီညပဲ အချုပ်ခန်းထဲကို ရောက်သွားကြမှာပါ"

"တာဝန်တစ်ခုတော့ ပြီးပြီပေါ့နော်၊ ဖူးပွင့်ကိုရှာဖို့ပဲ





လိုတော့တယ်၊ ကျွန်တော် ကိစ္စအားလုံးပြီးတဲ့အထိ စဝ်နဲ့လိုက်ပါရစေ"

"ဟာ . . လိုက်ရမှာပေါ့ ကိုရဲရဲ့ အကူအညီကို အများကြီးလိုတယ်၊ ကိစ္စပြီးဖို့ဆိုတာက ကိုရဲ မပါဘဲနဲ့ မဖြစ်ဘူး ကိုယ်တို့က . . "

ရဲမောင်က လက်တစ်ဖက်မြှောက်ပြလိုက်သဖြင့် စဝ်ရန်နိုင်၏စကား တစ်ပိုင်းတစ်စနှင့် ပြတ်သွားသည်။

"ဘာလဲ ကိုရဲ"

"ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားလို့"

"ဘယ်လို"

"ရှေ့မှာ အန္တရာယ်တစ်ခုခု ရှိနေသလို ခံစားရတယ်၊ ကျွန်တော်တို့ လမ်းခွဲပြီး ဆင်းကြရအောင် စဝ်၊ တောင်ခြေကားလမ်းက ဒီအောက်တည့်တည့်မှာပါ"

စဝ်ရန်နိုင်က ရဲမောင်အား မျက်မှောင်ကြုတ်လျက် ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ရဲမောင်က ရိုင်ဖယ်ကိုအသင့်ကိုင်ပြီး ဘယ်ဘက်သို့ခွဲထွက်သည်။

ဖီးဖြူပြင်ပုပုနိမ့်နိမ့်များ၊ ငါးအူသီးချုံများကို ကိုးမှေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းပြီး တောင်အောက်သို့ဆင်းသည်။ သူ့မျက်လုံးအစုံက အောက်ဘက်ဆီသို့ မပြတ်အကဲခတ်ကြည့်ရှုလာ၏။

တောင်ခြေသို့ရောက်ခါနီးတွင် ကားလမ်းတစ်နေရာ၌ ရပ်ထားသော ဒိုင်နာကားတစ်စီးကို တွေ့ရသည်။

တစ်ဆက်တည်းပင် ကားရပ်ထားရာနှင့် မျဉ်းဖြောင့်တစ်တန်းတည်းကျနေသည့် သစ်ပင်တစ်ပင်အောက်တွင် လက်နက်ကိုင်တစ်ယောက်ကို ရပ်နေလျက် တွေ့ရသည်။

"ဒီလူတွေက ဘယ်သူတွေလဲ၊ သူတို့ ဒီကိုရောက်နေတယ်ဆိုတော့ မဦး တစ်ခြားမှာ သွားနေနေလိမ့်မယ် ထင်တယ်"

ရဲမောင်က တောင်ပူစာလေးတစ်ခုဘေးတွင် မှောက်ချလိုက်သည်။ ရိုင်ဖယ်တွင်တပ်ဆင်ထားသော တယ်လီမှန်ပြောင်းမှတစ်ဆင့် အောက်ဘက်မြင်ကွင်းကို ကြည့်သည်။

ကားလမ်းနှင့် ခဲတစ်ပစ်သာသာခန့်ဝေးသည့်နေရာတွင် မြင်းသုံးကောင်ကိုတွေ့ရသည်။ မြင်းသုံးကောင်ရှိနေရာအနီးရှိ သစ်ပင်တစ်ပင်အောက်တွင် လက်ပြန်ကြိုးအတုပ်ခံထားရသော သံယောဇဉ်ဦး ရှိသည်။ သူမ၏ဘေးတွင် အူဇီစက်သေနတ်ကိုင်ထားသော လူတစ်ယောက်ကို တွေ့ရ၏။





ရဲမောင်က ရိုင်ဖယ်တွင် အသံတိတ်ပြောင်းပိုက်ကို တပ်ဆင်လိုက်သည်။ ပြီး မှန်ပြောင်းမှတဆင့် အောက်ဘက်သို့ ကြည့်ပြန်သည်။ ကားနှစ်တန်းတည်းကျသော သစ်ပင်အောက်တွင်ရှိနေသူထံသို့ စစ်ရန်နိုင် ပြေးကပ်လိုက်သည်ကို တွေ့ရသည်။

စစ်ရန်နိုင်အနားသို့အရောက်တွင် ထိုသူလှည့်အကြည့်မှာတွေ့သွား၏။ ထိုသူက လက်ထဲမှသေနတ်ကို ဖျပ်ခနဲမြှောက်ချိန်သည်။

သူ သေနတ်ကိုင်မြှောက်လိုက်ချိန်မှာပင် စစ်ရန်နိုင်၏ မရှင်းပစ္စတိုမှ ကျည်ဆန်တွေ ပြေးထွက်သွား၏။ သေနတ်သမား တွန့်လိမ်ပြီး ခွေကျသွားသည်။

ရဲမောင်က သံယောဇဉ်ဦးတို့ရှိနေရာသို့ ရိုင်ဖယ်ပြောင်းကိုရွှေ့သည်။ သေနတ်သံအကြားတွင် သံယောဇဉ်ဦးအားမလှူ သစ်ပင်ဘေးသို့ ပြေးအကပ်တွင် ရဲမောင်က ရိုင်ဖယ်ဖြင့်ချိန်ရွယ်ပစ်ခတ်လိုက်၏။

ထိုသူ သေနတ်တစ်ခြား လူတစ်ခြားလွင့်ထွက်သွားစဉ် ရဲမောင်က နေရာမှထပြီး တောင်အောက်သို့ တစ်ဟုန်ထိုးပြေးဆင်းသည်။ သံယောဇဉ်ဦးရှိနေရာသို့ ရောက်ခါနီးတွင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်မှပြေးလာသူအား တွေ့ရ၏။ ရဲမောင်က ထင်းရှူးပင်တစ်ပင်ဘေးသို့ ပြေးကပ်ပြီး ထိုသူ့သေနတ်ကိုင်လက်ကို ချိန်ရွယ်ပစ်ခတ်လိုက်သည်။

ခပ်အုပ်အုပ်မြည်သွားသံနှင့်အတူ သေနတ်သမား၏လက်ထဲမှ သေနတ်လွင့်ထွက်သွားသည်။ သေနတ်သမားက ထိတ်လန့်နာကျင်စွာ အော်ဟစ်ပြီး သွေးချင်းချင်းနီသွားသောညာလက်ကို ဘယ်လက်ဖြင့် အုပ်ကိုင်လိုက်သည်။ ထိုအချိန်မှာပင် စစ်ရန်နိုင် ထိုသူ့အနားသို့ရောက်လာပြီး ချုပ်ကိုင်လိုက်သည်။

ရဲမောင် နေရာမှပြေးထွက်သည်။ သစ်ပင်အောက်တွင် လက်ပြန်ကြိုးအတုပ်ခံထားရသော သံယောဇဉ်ဦးအား ဆွဲထူသည်။ ပြီး လက်နှစ်ဖက်တွင် ချည်နှောင်ထားသောကြိုးကို ဖြည်ပေးလိုက်၏။

"ဘယ်လိုဖြစ်တာလဲ မဦး"

"မဦး ဒီနေရာကနေ စောင့်နေတုန်း သူတို့ရောက်လာပြီး ချုပ်နှောင်ထားတာပဲ"

"သူတို့အားလုံး ဘယ်နှစ်ယောက်လဲ မဦး"





"မဦးတွေ့တာတော့ သုံးယောက်ပဲ"

"ဒါဆိုရင် ကိစ္စပြတ်ပြီပေါ့"

ရဲမောင်က သံယောဇဉ်ဦးနှင့် မနီးမဝေးတွင်ကျနေသော အူဇီသေနတ်ကို ကောက်ယူလိုက်သည်။ စစ်ရန်နိုင်က လက်တစ်ဖက်တွင် ဒဏ်ရာရထားသောလူဆိုးကို ဆွဲခေါ်ပြီး ရောက်လာသည်။

"နှစ်ကောင်တော့ ကြွသွားပြီ၊ သူ့ကို ဖမ်းခေါ်သွားရမယ်၊ မဦးနဲ့ကိုရဲ သူနဲ့သူ့အဖော်တွေကို ကားနဲ့တင်ခေါ်သွား ကိုယ်က မြင်းတွေနဲ့လိုက်လာခဲ့မယ်"

★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

တောတိုးသံက တစ်ချက်တစ်ချက်ကျယ်လောင်စွာပေါ်ထွက်သွားသည်။ သစ်ကိုင်းခြောက်နှင့်မီးသံ ရွက်ခြောက်များကို နင်းမိသဖြင့် ဂျိုးဂျိုးဂွျတ်ဂွျတ်မြည်သံများ ပေါ်ထွက်လာတတ်၏။ အသံဗလံတွေ ပေါ်ထွက်လာတိုင်း ရှေ့မှသွားနေသော ရဲမောင် တုန့်ခနဲရပ်လိုက်သည်။ သွားကြားမှလေထွက်သောအသံဖြင့် သူက ရှူးကနဲအသံပြုတတ်သည်။

ရဲမောင်နောက်မှ လိုက်လာသူ စုစုပေါင်းဆယ်ယောက်မျှရှိသည်။ ဆယ်ယောက်စလုံး အနက်ရောင်သားရေဝတ်စုံကို





ဝတ်ဆင်ထားသည်။ ဆယ်ယောက်ထဲတွင် အချိုးကျလှပသော ခန္ဓာကိုယ်ပိုင်ရှင်တစ်ယောက်ပါနေသည်ကို ကြယ်ရောင်အလင်းဖြင့် တွေ့ရ၏။

တောင်ကုန်းတစ်ခုကိုကျော်ပြီးအဆင်းတွင် မီးရောင်လင်းနေသော နေရာတစ်ခုကိုတွေ့ရသည်။ မီးရောင်တွေဟိုတစ်ကွက်ဒီတစ်ကွက် လင်းနေသည့်နေရာမှာ ဦးဖိုးထောင်၏ သတ္တုတွင်းပင်ဖြစ်၏။

သတ္တုတွင်း၏ပင်မအဆောက်အဦးကို လှမ်းမြင်ရသည်နှင့် ရဲမောင်က ခြေလှမ်းကိုရပ်တန့်လိုက်သည်။ နောက်မှလိုက်လာသူများ သူ့အနားသို့ရောက်လာကြ၏။

"အားလုံး နာရီတိုက်ကြရအောင်၊ အခု မနက်လေးနာရီတိတိ၊ အလင်းရောင်ပေါ်လာဖို့ နောက်တစ်နာရီလိုသေးတယ်၊ ဒီကလူတွေရှိနေတဲ့နေရာဟာ ဟိုမီးလင်နေတဲ့အဆောက်ဦးပဲ အဲဒီနေရာကို ကျွန်တော်တို့ ဖြန့်ဝိုင်းပြီးဆင်းမယ်"

ရဲမောင်က စကားကိုခပ်အုပ်အုပ်ပြောပြီး သူ့အနားတွင် ပတ်ဝိုင်းနေသူတို့အား လှမ်းကြည့်သည်။ ပတ်ဝန်းကျင်မှာ ကြယ်ရောင်အလင်းသာရှိသဖြင့် မျက်နှာတွေကို ထင်ထင်ရှားရှား မ

www.burmeseclassic.com



မြင်ရ၏။ သို့သော် အားလုံးက အာရုံစိုက်နေကြောင်း သိသာနေသည်။

"မိုးမလင်းခင် တိုက်ပွဲစမယ်၊ မိုးလင်းခါနီးအချိန်ဟာ အိပ်လို့ကောင်းတဲ့အချိန် . . ဒီအချိန်မှာ သူတို့ကိုအပိုင်သိမ်းနိုင်ဖို့လိုတယ်။ အခု ဒီကနေဆင်းပြီး အဆောက်အဦးနဲ့ အနီးဆုံးကိုချဉ်းကပ်မယ်။ ကျွန်တော်တို့ ဒီဘက်ကနေ မြင်းခွာပုံဝိုင်းမယ်။ တစ်ဖက်က စပ်ရန်နိုင်တို့က မြင်းခွာပုံဝိုင်းလိမ့်မယ်။ ရန်သူကိုတွေ့အောင်ရှာ .. အမြန်ဆုံးလှုပ်ရှား .. ပြီးရင် ချက်ချင်းကိုယ်ရောင်ဖျောက် .. ဟုတ်ပြီနော် မေးစရာရှိသေးလား"

"မရှိပါဘူး"

"ဒါဆိုရင် လှုပ်ရှားမှုစမယ်၊ ကိုယ်စီပါတဲ့စကားပြောစက်တွေကို ဖွင့်ထားပါ၊ အဓိကပစ်မှတ်က ဦးဖိုးထောင် သူ့ကိုအရှင်လိုချင်တယ် .. ကဲ သွားကြမယ်"

လူဆယ်ရောက် ဘယ်ညာခွဲပြီးထွက်သွားသည်။ ရဲမောင်က သူနှင့်အနီးဆုံးတွင်ရှိသော သံယောဇဉ်ဦးကိုလက်တို့ပြီး မီးရောင်ပေါ်ထွက်နေသည့် အဆောက်အဦးရှိရာသို့ ဦးတည်ထွက်ခဲ့သည်။





အဆောက်အဦးနှင့် ပေနှစ်ဆယ်ခန့်အကွာသို့ အရောက်တွင် လူတစ်ရပ်မကမြင့်သော သံဇကာအကာအရံကို တွေ့ရသည်။ ရဲမောင်က ချုံတစ်ခုမှ အကိုင်းတစ်ကိုင်းကိုချိုးပြီး သံဇကာအကာအရံရှိရာသို့ ပစ်ထဲ့လိုက်သည်။ သစ်ကိုင်းအတိုလေး သံဇကာကို အထိတွင် ဖျန်းကနဲမီးပွင့်သွားသည်ကို တွေ့ရ၏။

ရဲမောင်က ခါးတွင်ချိတ်ထားသော ဆက်သွယ်ရေးစက်ကို ဖြုတ်ယူသည်။

"လင်းယုန်အားလုံး နားထောင်ပါ . . လင်းယုန်အားလုံး နားထောင်ပါ .. သံဇကာအနားမကပ်နဲ့ ဓာတ်အားလွှတ်ထားတယ်၊ လင်းယုန်အားလုံး အကြောင်းပြန်ပါ"

"သုံးကြားတယ် .. လေးကြားတယ် .. ငါးကြားတယ် ခြောက်ကြားတယ် .. ခုနစ်ကြားတယ် .. ရှစ်ကြားတယ် .. ကိုးကြားတယ်"

"လင်းယုန်အားလုံး အသင့်စောင့် . . ဒါပဲ"

ရဲမောင်က ဆက်သွယ်ရေးစက်ကို ပြန်မသိမ်းသေးဘဲ မီးလင်းနေသည့် အဆောက်အဦးဘက်သို့ လှမ်းကြည့်သည်။ အဆောက်အဦးပတ်ဝန်းကျင်မှာ လှုပ်ရှားမှုမရှိ ငြိမ်သက်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရ၏။

"လင်းယုန်မှ ကျားသစ် . . လင်းယုန်မှကျားသစ် လင်းယုန်မှ ကျားသစ်ကိုခေါ်နေတယ် .. အကြောင်းပြန်"

"ကျားသစ်မှ လင်းယုန်ကြားတယ်"

"သံဇကာအကာမှာ ဓာတ်အားလွှတ်ထားတယ်၊ ကျားသစ်အားလုံး သတိထားပါ"

"ကျားသစ်ခြောက် ဓာတ်အားဖြတ်တောက်ဖို့ ဝင်သွားပြီ .. သတင်းစောင့်ပါ ဒါပဲ"

ရဲမောင်က ဆက်သွယ်ရေးစက်ကို ခါးတွင်ပြန်ချိတ်ထားလိုက်သည်။ ချုံပုပုလေးဘေးတွင် သံယောဇဉ်ဦးနှင့်အတူ ယှဉ်ပြီးထိုင်လိုက်သည်။

"စပ်က . . သူ့ဘက်ကတစ်ယောက်ကို အထဲလွှတ်လိုက်ပြီး၊ သံဇကာက ဓာတ်အားစီးနေသည်ကို ဖြတ်တောက်ပေးလိမ့်မယ်"

"ကိုရဲတို့ အပြန်အလှန်ပြောနေတာကို မဦးကြားပါတယ်"

ရဲမောင်က အဝေးကြည့်မှန်ပြောင်းဖြင့် အဆောက်အဦး





ရှိရာသို့ကြည့်သည်။ အဆောက်အဦးအမိုးပေါ်မှ အစောင့်ကိုမြင်လိုက်ရ၏။ သူကအဖွဲ့ဝင်အားလုံးကို အကြောင်းကြားမည့်ဆဲဆဲ ဆက်သွယ်ရေးစက် အသံမြည်လာသည်။

"လင်းယုန်နဲ့ ကျားသစ်အားလုံး . . သံဇကာကိုဖြတ်လို့ရပြီ"

"ကျေးဇူး .. ကျားသစ်၊ လင်းယုန်အားလုံး သံဇကာကိုဖြတ်ဝင်မယ်"

ရဲမောင်က အိတ်ငယ်တွေပြည့်နေသော ဝေ(စ်)ကုတ်ထဲမှ ပလာယာတစ်လက်ကိုထုတ်သည်။ ပလာယာဖြင့် သံဇကာကို လူတစ်ယောက်ဝင်သာရုံ ဖြတ်ဖောက်၏။ အပေါက်ပေါ်လာသည်နှင့် သူက သံယောဇဉ်ဦးကို ခေါ်ပြီး သံဇကာပေါက်မှအတွင်းသို့ဝင်သည်။

"ရှေ့မှာ အုတ်ဘောင်လေးရှိတယ်တွေ့လား .. မဦးအဲဒီကိုသွားမယ်"

ရဲမောင်က ခါးကိုင်းပြီး ပြေးထွက်သည်။ သံယောဇဉ်ဦးက ရဲမောင်နှင့်ဘေးခြင်းယှဉ်ပြီးလိုက်၏။ အုတ်ဘောင်ရှိရာသို့အရောက်တွင် အုတ်ဘောင်ကို အကာအကွယ်ယူကာ ထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဒီအုတ်ဘောင်က ဒီနေရာမှာ ဘာဖြစ်လို့ ရှိနေတာလဲ မသိဘူး၊ ဘာကြောင့်ပဲဖြစ်ဖြစ် လောလောဆယ်တော့ ကိုယ်တို့အတွက် ကာဘာဖြစ်တယ်"

ရဲမောင်သည် အုတ်ဘောင်နောက်တွင် ထိုင်နေရာမှ အဆောက်အဦးဘက်သို့ ခေါင်းပြူပြီးကြည့်သည်။ အဆောက်အဦး ပတ်ဝန်းကျင်မှာ လှုပ်ရှားမှုမရှိ။ အမိုးပေါ်မှအစောင့်မှာပုံမှန်အတိုင်း ခေါက်တုန့်ခေါက်ပြန်လျှောက်နေသည်ကို တွေ့ရ၏။

ဆက်သွယ်ရေးစက်မှ တိုးညှင်းသောအသံ ပေါ်လာသည်။ ရဲမောင်က စက်ကိုဖြုတ်ကိုင်လိုက်၏။

"ကိုရဲ .. အပေါ်ကအစောင့်ကိုရှင်းပါ၊ ဒီဘက်မှာရှိတဲ့ အစောင့်တွေကို ကိုယ်တို့ရှင်းလိုက်ပြီ၊ ပြီးရင်ဝင်မယ်"

"အိုကေ .. စပ်"

ရဲမောင်က လက်တွင်ပတ်ထားသည့်နာရီကို ကြည့်သည်။ ဒိုင်ခွက်မှမီးတုတ်ပေါ်လာပြီး လေးနာရီခွဲသို့ ညွှန်ပြနေသော နာရီလက်တံကို တွေ့ရသည်။ သူက တယ်လီမှန်ပြောင်း တပ်ရိုင်ဖယ်ကိုကောက်ကိုင်ပြီး အသံထိန်းပြောင်းပိုတပ်သည်။





ပြီး အမိုးပြားပြားပေါ်တွင် သေနတ်ထမ်းပြီးလျှောက်နေသော အစောင့်ဆီသို့ ပင့်ချိန်လိုက်သည်။

တယ်လီမှန်ပြောင်းရှိ ကြက်ခြေခတ်အမှတ်အသားကို လမ်းလျှောက်နေသော အစောင့်၏ဦးခေါင်းတည့်တည့်သို့ရွှေ့ပြီး ရိုင်ဖယ်မောင်းကို ဖိညှစ်လိုက်သည်။ တိုးတိုးအုပ်အုပ်ပေါက်ကွဲသံနှင့်အတူ ရိုင်ဖယ် ဆက်ခနဲခါသွားသည်။ အမိုးပေါ်တွင် လမ်းလျှောက်နေသောအစောင့်မှာ ဆောင့်တွန်းခံလိုက်ရသလို ဘေးတစ်ဖက်သို့ လွင့်သွား၏။

"ကျားသစ် .. ကျားသစ် .. လင်းယုန်ခေါ်တယ်"

အစောင့်ကိုရှင်းပြီးသည်နှင့် ရဲမောင်က စပ်ရန်နိုင်အား ဆက်သွယ်ရေးစက်မှတဆင့်ခေါ်သည်။

"ပြောပါ ..လင်းယုန်"

"အစောင့်ကိုရှင်းပြီး"

"အိုကေ .. ဝင်မယ်၊ ကျားသစ်နဲ့လင်းယုန်အားလုံးပစ်မှတ်ကိုဝင်ရှင်းမယ်"

ရဲမောင်က နေရာမှမထသေး။ အဆောက်အဦးအမိုးပေါ်မှအစောင့်ကို ပစ်ခတ်ရှင်းလင်းစဉ် တယ်လီမှန်ပြောင်းမှ ရိုပ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲတွေ့လိုက်သည့်အရာကို လိုက်ရှာသည်။ အမိုးအတွင်းဘက် မှောင်ရိပ်တွင် ရပ်ထားသော ရဟတ်ယာဉ်တစ်စီးကို တွေ့လိုက်ရ၏။

"မဦး"

"ရှင် .. ကိုရဲ"

"မဦး ဒီမှာနေခဲ့ .. ကိုယ်တို့ ပစ်မှတ်ကိုဝင်ရှင်းပြီဆိုတာနဲ့ အဆောက်အဦးအမိုးပေါ်က ရဟတ်ယဉ်ကို ဒီကနေလှမ်းပစ်၊ ရဟတ်ယာဉ်ပျက်စီးသွားအောင် စိတ်တိုင်းကျပစ်"

ရဲမောင်က ရိုင်ဖယ်ကို သံယောဇဉ်ဦးလက်ထဲထည့်ပေးသည်။ သံယောဇဉ်ဦးက ရိုင်ဖယ်မှ မှန်ပြောင်းဖြင့် အဆောက်အဦးအမိုးပေါ်သို့ ကြည့်သည်။

"ဟုတ်ပြီ . . မဦးတွေ့ပြီ"

"ဒါဆိုရင် စောင့်ပြီးရှင်းတော့ .. ကိုယ်တို့ဆီက ပစ်သံခတ်သံပေါ်လာမှ ရှင်းနော်၊ တစ်ယောက်ယောက်က ရဟတ်ယာဉ်နဲ့ထွက်ပြေးဖို့ကြိုးစားတာတွေ့ရင် ပစ်ခတ်သံကြားကြားမကြားကြား ရှင်း . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ . . ကိုရဲ"





ရဲမောင်က သံယောဇဉ်ဦး၏ပခုံးကို တစ်ချက်ဖျစ်ညှစ်ဆုပ်ကိုင်သည်။ ပြီး မီးလင်းနေသည့် အဆောက်အဦးရှိရာသို့ ပြေးထွက်ခဲ့၏။

အဆောက်အဦးဘေးမှောင်ရိပ်ထဲသို့ဝင်ပြီး ရှေ့ဝင်ပေါက်ဆီသို့ လှမ်းကြည့်သည်။ ဝင်ပေါက်တွင် လူနှစ်ယောက်ရှိနေသည်။ သေနတ်တွေဘေးချပြီး အေးအေးလူလူ စကားပြောနေသည်ကိုတွေ့ရ၏။ ရဲမောင်က မှောင်ရိပ်ခိုပြီး ထိုသူနှစ်ယောက်ရှိရာသို့ တရွေ့ရွေ့ချဉ်းကပ်သည်။

ထိုင်နေသူနှစ်ယောက်နှင့် ဆယ်ပေခန့်အကွာသို့အရောက်တွင် အိမ်နံရံအကွယ်မရှိတော့သဖြင့် တုန့်ကနဲရပ်သည်။ ပစ္စတိုက ခါးကြားတွင်အသေအချာထိုးပြီး ခါးပေါ်ရှိအိတ်ထဲမှ ရှမ်းဓားမြှောင်ကို ဆွဲထုတ်သည်။ အလယ်တွင် မြှောင်းကြောင်းပါသော ဓားမြှောင်မှာ လက်တံတွင် စီးစီးပိုးပိုး ရှိနေ၏။

ရဲမောင်က အစောင့်နှစ်ယောက်ကို တစ်ပြိုင်နက်ထဲဝင်ရှင်းရန် ပြင်ဆင်နေစဉ် တစ်ဖက်မှောင်ရိပ်ထဲမှ ရိပ်ခနဲပြေးထွက်လာသော လူတစ်ယောက်ကိုတွေ့ရသည်။ အနက်ရောင်သားရေပြောင်ဝတ်စုံကို မြင်လျှင်မြင်ချင်း ရဲမောင်က နေရာမှနှုတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဘက်မှပြေးလာသူနှင့် ရဲမောင်တို့နှစ်ယောက်စလုံး အစောင့်များရှိရာသို့ ပြိုင်တူရောက်သွားသည်။ နှစ်ယောက်စလုံးလက်ထဲမှဓားဖြင့် အစောင့်တွေကို ရှင်းပစ်၏။

"ကိုရဲ"

"အော် .. စပ်ကိုး .. ကျွန်တော်တို့ ဝင်ကြရအောင်"

"အိုကေ .. ဝင်မယ်"

စပ်ရန်နိုင်က ရှေ့ဝင်ပေါက်တံခါးကိုဖွင့်ပြီး အတွင်းသို့ လှစ်ခနဲပြေးဝင်သည်။ ရဲမောင်ကလည်း ဓားကိုသိမ်း၊ ပစ္စတိုကိုကိုင်ပြီး နောက်မှလိုက်ဝင်သည်။ အတွင်းသို့ရောက်သည်နှင့် တစ်ယောက်တစ်နေရာခွဲပြီး ပြေးထွက်၏။

ရဲမောင်သည် ပြေးရင်းလွှားရင်းနှင့် သူ၏ပစ္စတိုတွင် အသံထိန်းပြောင်းပိုကိုတပ်လိုက်သည်။ စင်္ကြံလမ်းတစ်ခုသို့အဝင်တွင် ရှေ့မှလာနေသူတစ်ယောက်ကိုတွေ့ရသဖြင့် သေနတ်ဖြင့် ထိုးပစ်လိုက်သည်။ အသံထိန်းပြောင်းပိုကြောင့် ခပ်အုပ်အုပ်သာပေါ်ထွက်သော ပေါက်ကွဲသံအဆုံး တစ်ဖက်လူ ခွေကနဲလဲကျသွားသည်။

ရဲမောင် ရှေ့ဆက်ပြေးသည်။ လမ်းချိုးတွေ တွေ့တိုင်း





ချိုးကွေ့သည်။ ဒုတိယလူကို ကွေ့ချိုးတစ်ခုတွင် ဘွားခနဲတွေ့လိုက်သည်။ တစ်ဘက်လူ အံ့အားသင့်သွားခိုက်တွင် ရဲမောင်က ထိုသူ၏သေနတ်ကိုင်လက်ကို ခြေစောင်းဖြင့်ဆတ်ကန်သည်။

ထိုသူလက်မှသေနတ် လွင့်ထွက်အသွားတွင် ခြေတစ်ချက်ဆောင့်ခုန်ကာ ထိုသူ၏ရင်ဘတ်တည့်တည့်ကို ဖနောင့်ဖြင့် ပေါက်ချလိုက်သည်။ ထိုသူ ကြမ်းပြင်ပေါ်သို့ ဗိုင်းခနဲကျ၏။

ရဲမောင် နေရာမှအခွာတွင် သေနတ်သံတစ်ချက် ဒိုင်းခနဲမြည်လျက်ပေါ်လာသည်။ ရဲမောင်က ကိုယ်ကို ကြမ်းပြင်ပေါ်လှိမ့်ချလိုက်၏။ တစ်ချက်တည်းပင် သေနတ်သမားသူ့လက်ထဲမှပစ္စတိုဖြင့် လှမ်းပစ်သည်။

အဆောက်အဦးအတွင်းဘက်နေရာ အတော်များများမှပစ်သံခတ်သံတွေပေါ်ထွက်လာသည်။ ရဲမောင်က တစ်ခန်းဝင်တစ်ခန်းထွက် ပြေးလွှားလှုပ်ရှား၏။ အော်သံဟစ်သံတွေပိုပြီး ကျယ်လောင်လာသည်။

ထိုအသံအားလုံးကို အဆောက်အဦးပေါ်ဘက်မှပေါက်ကွဲသံကြီးက ဖုံးလွှမ်းသွား၏။ ကျယ်လောင်မြည်ဟီးသွားသော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသံမှာ သံယောဇဉ်ဦး၏လက်ချက်ကြောင့်ရဟတ်ယာဉ် ပျက်စီးသွားခြင်းဟု ရဲမောင်နားလည်လိုက်သည်။

"ကိုရဲ"

ခပ်လှမ်းလှမ်းမှ အော်ခေါ်သံကိုကြားရသည်။ ရဲမောင် ဖျတ်ကနဲလှမ်းကြည့်လိုက်၏။ ဦးဖိုးထောင်၏ လက်ထဲတွင် ယက်ကန်ယက်ကန်ဖြင့်ပါသွားသော ဖူးပွင့်အားလှမ်းမြင်ရသည်။

"မပြေးနဲ့ . . ရပ်"

ဦးဖိုထောင်က နောက်သို့လှည့်ပြီး သေနတ်ဖြင့်လှမ်းပစ်သည်။ ရဲမောင် နံရံတစ်ဖက်သို့ပြေးကပ်လိုက်၏။ သေနတ်ကျည်ဆန်က ဆန့်ကျင်ဘက်နံရံထဲသို့ ဖောက်ဝင်သွားသည်။

"မပြေးနဲ့"

"ဒိုင်း .. ဒိုင်း"

ရဲမောင် နေရာမှမခွာနိုင်၊ ဦးဖိုးထောင်က ဖူးပွင့်ကိုဆွဲခေါ်ပြီး အခန်းတစ်ခန်းထဲသို့ဝင်သွားသည်။ ထိုအခါကျမှ ရဲမောင်က နေရာမှပြေးထွက်ပြီး ဦးဖိုးထောင်တို့နောက်သို့ လိုက်သည်။





"စပ် . . စပ် ဦးဖိုးထောင်ကို ကျွန်တော်တွေ့ပြီ၊ သူ့နောက်လိုက်နေတယ် . . ဖူးပွင့်ကို ဆွဲခေါ်သွားတယ်"

"ကိုရဲ ဆက်လိုက် .. ကိုယ် ဒီမှာရှင်းမယ်"

ရဲမောင်က ဦးဖိုးထောင်တို့ဝင်သွားသည့် အခန်းကိုလိုက်ဝင်သည်။ အခန်းမှာ ဆယ်ပေပတ်လည်ခန့်ရှိသည်။ သူဝင်ခဲ့သည့် တံခါးပေါက်မှလွဲ၍ အခြားအပေါက်မှမရှိသဖြင့် ရဲမောင် မျက်မှောင်ကြုံ့သွားသည်။ သူက အခန်းတစ်လုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ ထိုအခါ နံရံတစ်နေရာတွင် ညှပ်နေသော မိန်းမကိုင်လက်ကိုင်ပဝါအစလေးကို တွေ့ရသည်။

နံရံမှထွက်နေသော လက်ကိုင်ပဝါစကိုမြင်သည်နှင့် ထိုနံရံနေရာမှ လျှို့ဝှက်တံခါးပေါက်ဖြစ်ကြောင်း သိလိုက်သည်။ သူက တံခါးရှိမည်ထင်သည့်နေရာကို ပခုံးစောင်းဖြင့် ပြေးတိုက်သည်။ ဝုန်းခနဲမြည်သံနှင့်အတူ တံခါးရွက်ကျိုးပျက်ပြီး ရဲမောင်၏ခန္ဓာကိုယ်တစ်ဖက်ခန်းထဲသို့ ဒလိမ့်ခေါက်ကွေးကျသွားသည်။

"ဟား .. ဟား .. ဟုတ်လိုက်လေကွာ၊ မင်းက ကျွားရှေ့မှောက်လာပြီး ချော်လဲတာကိုး၊ လက်ထဲက သေနတ်ကိုချ



www.burmeseclassic.com

www.burmeseclassic.com



လိုက် ရဲမောင် .. လက်နှစ်ဖက်ကိုခေါင်းပေါ်တင်ပြီး နေရာက
နေ ဖြည်းဖြည်းခြင်းထ"

ဦးဖိုးထောင်၏အသံကိုကြားရသည်။ ရဲမောင်က လက်ထဲမှသေနတ်ကို ကြမ်းပြင်ပေါ်ပစ်ချပြီး လက်နှစ်ဖက် ခေါင်းပေါ်တင်လျက် နေရာမှထသည်။ ထိုအခါ ဖူးပွင့်အား လက်တစ်ဖြင့်ချုပ်ကိုင်ပြီး ကျန်လက်တစ်ဖက်ဖြင့်ချုပ်ကိုင်ပြီး ကျန်လက်တစ်ဖက်တွင် ကိုင်ထားသောပစ္စတိုဖြင့် သူ့အားချိန်ရွယ်ထားသည့်သူအား ချိန်ရွယ်ထားသည့် ဦးဖိုးထောင်ကိုတွေ့ရသည်။

"ဦးလေး .. စိတ်လျှော့လိုက်ပါတော့၊ ဒီစခန်းတစ်ခုလုံးကို ပြည်သူ့ရဲတွေက စီးလိုက်ပြီ .. ပြေးလို့ မလွတ်နိုင်တော့တဲ့အတူတူ အသာတကြည် အဖမ်းခံပါ"

ရဲမောင်၏စကားအဆုံးတွင် ဦးဖိုးထောင်ရယ်သည်။ သူ့ရယ်သံမှာ ခြောက်ကပ်အက်ကွဲနေကြောင်း ရဲမောင် သတိပြုမိသည်။

"ဖိုးထောင်ဟာ သေပြီးတာတောင်အလျှော့မပေးတက်တဲ့ကောင်ကွ .. မင်းလူတွေ ဒီစခန်းကိုရမယ်၊ ငါ့ကိုတော့ မရဘူး .. မင်းတို့ ရဟတ်ယာဉ်ကို ဖျတ်စီးလိုက်တာနဲ့ ဒီကနေထွက်





လို့မရဘူး ထင်နေလား"

"ဒီမှာ လှိုဏ်ခေါင်းရှိတယ် ကိုရဲ .. သူ ဒီကနေမြို့သစ်ကိုရောက်အောင် သွားလိမ့်မယ်"

"တိတ်စမ်း .. နင်ဝင်မပြောနဲ့၊ ငါ နင့်ကိုခေါ်ပြီး ဒီကနေထွက်မယ် .. လျှို့ဝှက်လှုံခြုံတဲ့တစ်နေရာမှ နင့်ကိုငါ့ မယားအဖြစ် သိမ်းပိုက်မယ် သိလား"

ဖူးပွင့်၏မျက်လုံးအစုံ မီးဝင်းဝင်းတောက်သွားသည်။ သူမက ဦးဖိုးထောင်၏ပေါင်ခွဆုံကို ဒူးဖြင့်လှည့်တိုက်ပြီး ဆောင့်တွန်းသည်။ အားကနဲအော်သံနှင့်အတူ ဦးဖိုးထောင် နောက်သို့လှန်သွားခိုက် ရဲမောင်ရှိရာသို့ ပြေးထွက်ခဲ့သည်။

"ဖူးပွင့် ဘေးကိုရှောင်ထွက် .. ဘေးကို"

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံနှင့်အတူ ရဲမောင်ထံသို့ ပြေးဝင်လာသော ဖူးပွင့်၏ခါးကော့သွားသည်။ သူမက ရှေ့ဆက်တိုးရန်ကြိုးစားရင်း ကြမ်းပြင်ပေါ်သို့ တစ်စောင်းလဲကျသွားသည်။

"ဖူးပွင့်"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ငြိမ်နေစမ်း ရဲမောင် .. လက်ကို ခေါင်းပေါ်ပြန်တင်ထား .. တင်လေ"

ဦးဖိုးထောင်က လက်တစ်ဖက်ဖြင့် ဗိုက်ကိုဖိနှိပ်ရင်းမှ ရဲမောင်အား ပစ္စတိုဖြင့်ချိန်ရွယ်အမိန့်ပေးသည်။ ရဲမောင် လက်နှစ်ဖက်ကို ခေါင်းပေါ်တင်လိုက်သည်။

"ဟား .. ဟား .. ဟုတ်ပြီ၊ အခု မင်းသေရတော့မယ်"

"ဒိုင်း .. ဒိုင်း"

"အား"

သေနတ်သံနှစ်ချက်ဆက်တိုက် ပေါ်လာသည်။ အံ့အားတသင့်နှင့် မျက်လုံးကြီးပြူးပြီး ဦးဖိုးထောင် ရှေ့ကိုဝုန်းခနဲပြိုကျသည်။ ရဲမောင်ကကြမ်းပြင်ပေါ်တစ်ပတ်လှိမ့်ပြီး သူ့သေနတ်ကို ကောက်ယူလိုက်သည်။

"သူ့ကို မဦး ထိန်းထားမယ်၊ ဖူးပွင့်ကိုကြည့်ပါ ကိုရဲ"

နောက်ပါးမှ သံယောဇဉ်ဦး၏အသံကိုကြားရသည်။ ယမ်းငွေ့ဝေနေဆဲ ပစ္စတိုတစ်လက်ကိုင်ထားသော သံယောဇဉ်ဦးအား တစ်ချက်ကြည့်ပြီး ရဲမောင်က ဖူးပွင့်၏ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။





"ဖူးပွင့် .. ဖူးပွင့်"

ကျောတစ်ပြင်လုံးတွင် သွေးတွေစိုရွှဲနေသော ဖူးပွင့်ကို ပွေ့ထူလိုက်သည်။ ဖူးပွင့်က ဝေဒနာခံစားရသဖြင့် ရဲမောင်ကို မျက်လွှာပင့်ကြည့်သည်။ ကြည့်နေရင်းက သူမ၏မျက်နှာ တဖြည်းဖြည်းပြုံးလာ၏။

"ကိုကို"

"ဖူးပွင့် .. စကားမပြောနဲ့"

"ကိုကို့ရင်ခွင်ထဲမှာ သေရမှာ ဖူးပွင့်ပျော်တယ် .. ဖူးပွင့်လေ"

ဖူးပွင့် ဇက်ကျိုးကျသွားသည်။ ရဲမောင်၏ ရင်တစ်ပြင်လုံး သွက်သွက်ခါမတတ် လှုပ်ရှားသွား၏။

"ဖူးပွင့်"

ထိခိုက်ကြေကွဲစွာခေါ်မိသည်။ ဖူးပွင့် မကြည့်တော့။ ဖူးပွင့်မထူးတော့။ ရဲမောင်၏မျက်လုံးအစုံမှာ မျက်ရည်တွေ ပြည့်အိုင်လာ၏။

"သူ့အသက်မရှိတော့ဘူး ကိုရဲ"

အနားသို့ရောက်လာသော သံယောဇဉ်ဦးကို မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရင်ခွင်ထဲမှဖူးပွင့်အား ကြမ်းပြင်ပေါ်သို့ အသာအယာချလိုက်သည်။ သံယောဇဉ်ဦး၏လက်ကို အားပြုပြီး နေရာမှ အထတွင် ကြမ်းပြင်ပေါ် မှောက်ခုံကြီးအသက်ပျောက်နေသော ဦးဖိုးထောင်အား တွေ့ရ၏။

"ဟိုမှာစပ် .. လာနေပြီ ကိုရဲ"

ရဲမောင် ဖြည်းညင်းစွာလှည့်ကြည့်သည်။ အောင်ပွဲခံရပြီဆိုသည့် အထိမ်းအမှတ်နှင့် လက်မထောင်ပြသော စပ်ရန်နိုင်ကိုတွေ့ရ၏။

"ကိုရဲ .. စိတ်ထိန်းနော်၊ ဖူးပွင့် မိုက်တွင်းနက်လွန်းလို့ အခုလိုဖြစ်ရတာ၊ သူ့ကြမ္မာ သူဖန်တီးတာ .. စိတ်ကိုနိုင်အောင်ထိန်းပါ ကိုရဲရယ်"

သံယောဇဉ်ဦး၏ နွေးထွေးသောလက်ဖဝါးလေးကိုတင်းတင်းဆုပ်ကိုင်မိသည်။ အော် .. ပန်းရိုင်းလေးတစ်ပွင့်ကြွေလွင့်ခဲ့ပြီလေ။

ပြီးပါပြီ

ဇော်ထက်အောင်

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com